# ကောရိန္သုဩဝါဒစာဒုတိယစောင်

ကောရိန္သုအသင်းတော်ထံသို့ရေးပို့ခဲ့သော
ရှင်ပေါလု၏ဒုတိယမြောက်စာစောင်ကို  ဆင်ခြင်နှလုံးသွင်းလေ့လာခြင်း


**အက်ဖ်၊ ဝိန်း မက် လီယိုဒ်**
**(F. Wayne Mac Leod)**



**Light To My Path Book Distribution**
Sydney Mines, NS CANADA B1V 1Y5

# မာတိကာ


စကားဦး ------------------------------------------------- ၁

ကောရိန္သုဩဝါစာကို နိဒါန်းပျိုးခြင်း ------------------------- ၅

၁။ ဆင်းရဲခြင်းဒုက္ခ၌ ကျွန်ုပ်တို့၏သက်သာခြင်း ------------- ၉

၂။ အစီအစဉ်များပြောင်းလဲခြင်း ------------------------- ၂၁

၃။ ထိခိုက်နာကျင်ဖွယ်စာတစ်စောင် ---------------------- ၃၅

၄။ မှောက်လှန်သူများနှင့် သံတမန်များ ------------------ ၄၉

၅။ တမန်တော်၏ စိတ်ချယုံကြည်မှု ---------------------- ၅၉

၆။ ဖုံးကွယ်မထားသော မျက်နှာများကဘုန်းတော်ကို ထင်ဟပ်ခြင်း ---------------------------------- ၇၁

၇။ သတင်းကောင်းတရားတော်၏အမှုတော်မြတ် ------------ ၇၉

၈။ ပြင်းထန်စွာ နင်းခြေခံရသော်လည်း ကျိုးပဲ့ပျက်ဆီးခြင်း သို့မရောက် ---------------------------------- ၈၉

၉။ ယာယီတဲဖြစ်သော၍မြေအိမ် ------------------------ ၁၀၃

၁၀။ သခင်ခရစ်တော်၏ သံတမန်များ --------------------- ၁၁၃

၁၁။ အမှုတော်ဆောင်သူချင်း ------------------------------ ၁၂၇

၁၂။ ထိုသူတို့အထဲမှထွက်ပါ ------------------------------- ၁၄၅

၁၃။ ခက်ထန်ကြမ်းတမ်းသောစာတစ်စောင်------------------ ၁၅၃

၁၄။ စွန့်ကြဲပေးကမ်းခြင်းကျေးဇူးတော် -------------------- ၁၆၇

၁၅။ အလှူလက်ဆောင်ကို စီမံခန့်ခွဲခြင်း ------------------- ၁၇၇

၁၆။ စွန့်ကြဲပေးကမ်းခြင်း၏ကောင်းကြီးမင်္ဂလာများ ----------- ၁၈၉

၁၇။ ပေါလုလူကြောက်လား ------------------------------- ၂၀၃
၁၈။ သခင်ဘုရား၌ ဂုဏ်ယူဝါကြွားခြင်း --------------------- ၂၁၇
၁၉။ အကြီးဆုံးသောတမန်တော်များ၏တိုက်ခိုက်ခြင်း ---------- ၂၂၉
၂၀။ အနည်းငယ်သောလောကီဝါကြွားခြင်း ------------------- ၂၄၁
၂၁။ ကိုယ်၌စူးသောဆူး ------------------------------------ ၂၅၃
၂၂။ သင်တို့၌ ဝန်ထုပ်ဝန်ပိုးမဖြစ်လို ----------------------- ၂၆၅
၂၃။ စုံလင်ခြင်းအတွက်ရည်မှန်းခြင်း ------------------------ ၂၇၅

## စကားဦး

ကောရိန္သုအသင်းသားများထံသို့ ရှင်ပေါလုရေးသားပေးပို့ခဲ့သော ဒုတိယစာစောင်သည် ပထမစာစောင်၏နောက်ဆက်တွဲဖြစ်သည်။ ဤ (ကောရိန္သုသြဝါဒ) ပထမစာစောင်တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့၏အသင်းတော်အတွင်း၌ ဖြစ်ပျက်နေသောပြဿနာများကြောင့် ပြစ်တင်မောင်းမဲခဲ့သည်။ သူတို့သည်သတင်းကောင်းတရားတော်ကို ကြဲဖြန့်ခြင်းအမှု၌ အဆီးအတားအနှောက်အယှက်မဖြစ်မည့်အကြောင်း ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းကြဖို့ ရှင်ပေါလုကအလေးအနက် တိုက်တွန်းခဲ့သည်။ လူအချို့က ဤပထမစာစောင်၏ ခက်ထန်မာကျောမှုကို အထင်လွဲခဲ့ကြသည်။ ဤဒုတိယစာစောင်တွင် ရှင်ပေါလုကမိမိ၏ရည်ရွယ်ချက်ကိုအဓိပ္ပါယ်ကောက်လွဲခဲ့ကြသောသူများနှင့် ပြန်လည်သင့်မြတ်ခြင်းကို ပြုလုပ်ဖို့ ကြိုးစားခဲ့သည်။

ဤဒုတိယစာစောင်ရှိ ရှင်ပေါလု၏ဒုတိယရည်ရွယ်ချက်မှာ ကိုယ်ကိုကိုယ် တမန်တော်များဟု ကြွေးကြော်ကြသည့် မှားယွင်းသော ဆရာများ၏ လှည့်စား ခြင်းကို ခံနေရသောသူများကို သွန်သင်ပေးဖို့ဖြစ်သည်။ ဤမှားယွင်းသော ဆရာများသည် ရှင်ပေါလု၏လုပ်ပိုင်ခွင့်အာဏာကို လျှော့ချ၍ ရှင်ပေါလု၏ အမှုတော်လုပ်ငန်းကို ထိခိုက်နစ်နာစေဖို့ ကြိုးစားခဲ့ကြသည်။ ဤသို့ပြုလုပ်ရာတွင် သူတို့သည် ကောရိန္သုအသင်းသားများကို လှည့်ဖြားခဲ့ကြသည်။

ရှင်ပေါလုသည် ဤဒုတိယစာစောင်တွင် သတင်းကောင်းတရားဟောခြင်းအမှုတော်အကြောင်းကို အကျယ်တဝင့်ပြောပြထားသည်။ ကောရိန္သုမြို့ရှိ မှားယွင်းသောပရောဖက်များသည် ဆိုးဝါးသောပုံဥပမာများကို

တည်ဆောက်နေခဲ့ကြသည်။ ထိုကြောင့် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သခင်ခရစ်တော်၏ စစ်မှန်သောသံတမန်များဖြစ်ကြဖို့ စိန်ခေါ်ခဲ့သည်။ လောကီသားများထံ၌ သခင်ခရစ်တော်၏ဘုန်းတော်ကို ထင်ရှားပြသကြဖို့ ရှင်ပေါလုက သူတို့ကိုအသိပေးခဲ့သည်။ သူတို့၏မြေခန္ဓာများသည် ယာယီသာဖြစ်ပြီး၊ ထိုခန္ဓာများကို သခင်ဘုရား၏အမှုတော်အတွက် ပေးအပ်လျှင်ဘုန်းအသရေနှင့် ပြည့်စုံသောခန္ဓာသည် သူတို့ကိုကောင်းကင်ဘုံ၌ စောင့်စားနေမည်ဖြစ်ကြောင်းကို သတိရနေကြဖို့ စိန်ခေါ်ခဲ့သည်။ သူတို့ပိုင်သောအရာခပ်သိမ်းကို သခင်ဘုရားအားပေးအပ်၍ ကျေးဇူးတော်၌ ပြောင်မြောက် ကြဖို့ဆင့်ခေါ်သည်။

ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအတွက် အရာအားလုံးလွယ်ကူခဲ့လိမ့်မည်ဟု ကတိမပေးခဲ့ပါ။ အမှန်ဆိုရလျှင် သခင်ဘုရားအတွက်ကြောင့် လူအချို့မှာ ဒုက္ခရောက်နေခဲ့ကြပြီးဖြစ်သည်။ ရှင်ပေါလုက ဤပုဂ္ဂိုလ်များကို ဤခက်ခဲခြင်းအချိန်၌ နှစ်သိမ့်ပေးလို၍ သခင်ယေရှုကိုငင်းတို့၏မျှော်လင့်ချက်အဖြစ်နှင့် စူးစိုက်ထားကြစေလိုခဲ့သည်။

ကောရိန္သုဩဝါဒစာစောင်သည် သခင်ဘုရားကိုအမှုတော်မြတ်၌ ဂုဏ်တင့်စေလိုသောသူများအတွက် အမှုတော်လက်စွဲကျမ်းတစ်ကျမ်းဖြစ်သည်။ ကောရိန္သုအသင်းသားများထံသို့ ရေးသားပေးပို့ခဲ့သော ဤဒုတိယစာစောင်တွင် ပုဂ္ဂိုလ်ရေးဆက်ဆံရေးများ၌ ရုန်းကန်နေရခြင်းများ၊ အမှုဆောင်အချင်းချင်းကြား၌ အထင်လွဲမှားမှုများ၊ မှားယွင်းသောစိတ်ရင်းစိတ်ထားများ၊ ရုပ်ပိုင်းဆိုင်ရာဆင်းရဲဒုက္ခများ၊ မသေချာမရေရာမှုများ၊ လောကီစုံစမ်းနှောက်ယှက်ခြင်းများစသည် အရာအားလုံးကို လိပ်မူရေးသားထားသည်။ သခင်ဘုရားထံ၌ အချိန်ပြည့်သော်လည်းကောင်း၊ အချိန်ပိုင်းသော်

လည်းကောင်း အစေခံလိုသောသူများသည် ဤစာစောင်ရှိ အခြေခံစည်းမျဉ်း ဥပဒေသများကို ကောင်းမွန်စွာ သင်ကြားတတ်မြောက်ထားရမည်ဖြစ်သည်။

အခန်းတစ်ခန်းစီ၏အစ၌ရည်ညွှန်းထားသော ကျမ်းချက်များကို ဖတ်ရှုဖို့အချိန်ယူပါ။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာ၏နေရာကိုအစားထိုးဖို့မဟုတ်ပါ။ သမ္မာကျမ်းစာကို ရှင်းလင်းလာစေဖို့ဖြစ်သည်။ ကောရိန္သုဩဝါဒစာဒုတိယစောင်၌ ကျွန်ုပ်မခြုံငုံမိသောအရာများစွာရှိနေကြောင်းကို ကျွန်ုပ်သတိပြုမိပါသည်။ အလွန်ပြောင်မြောက်လှသော ဤစာစောင်၌တွေ့ရသည့် သမ္မာတရားများနှင့် ၎င်းတို့၏လက်တွေ့ရယူကျင့်သုံးစရာ အချက်များအားလုံးကို မည်သူကမျှပြည့်ပြည့်ဝဝသုံးသပ်ရေးသားနိုင်မည်မဟုတ်ပါ။ အပေါ်ယံသဘောကိုသာ ကျွန်ုပ်ခြုံငုံသုံးသပ်နိုင်သည်ဟု မျှော်လင့်ပါသည်။ ထိုသို့ဖြစ်သောကြောင့် ဤကျမ်းစောင်မှဖေါ်ပြပေးထားသော သမ္မာတရားများ၏လက်တွေ့ကျင့်သုံးရန်အချက်များတွင် စာဖတ်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းကိုရှာကြံကြရမည်ဖြစ်သည်။ ဤစာအုပ်၌ ကျွန်ုပ်ရည်ညွှန်းဖေါ်ပြထားသော အခြေခံစည်းမျဉ်းဥပဒေသများကို သန့်ရှင်းသောဝိညာဉ်တော်က သင့်အသက်တာ၌ အသုံးပြုမည့်အကြောင်းမှာ ကျွန်ုပ်၏ဆုတောင်းချက်ဖြစ်သည်။ ဤစာအုပ်သည် သမ္မာကျမ်းစာထဲသို့ သင့်ကိုဦးဆောင်သွားရန်အတွက်လည်းကောင်း၊ သမ္မာကျမ်းစာ၏လက်တွေ့ရယူကျင့်သုံးရန်အချက်များကို သင့်ရဲ့ကိုယ်တွေ့ဘဝအခြေအနေများနှင့် ဆက်စပ်ပေးရန်အတွက်လည်းကောင်း၊ ဘုရားသခင်၏လက်ထဲမှ တန်ဆာပလာတစ်ခု သာဖြစ်သည်။ ဤစာအုပ်ကို သင့်အသက်တာ၌ ထိုသို့ကောင်းကြီးပေးရန် ဘုရားသခင်နှစ်သက်ခြင်းရှိပါစေသော်. . . ။

အက်ဖ် ဝိန်း မက်လီယိုဒ်

## *ကောရိန္သုဩဝါဒစာဒုတိယစောင်ကို နိဒါန်းပျိုးခြင်း*

---

**ရေးသားပြုစုသူ**

ကောရိန္သုဩဝါဒစာဒုတိယစောင်ကို ရေးသားပြုစုသူမှာ တမန်တော်ရှင်ပေါလုဖြစ်ပြီး တိမောသေနှင့်အတူတကွရေးသားပြုစုခဲ့သည် (၂ကော ၁း၁)။ ရှင်ပေါလုက စာစောင်ကိုရေးသားပြုစုခဲ့ပြီး၊ တိမောသေက ပါဝင်သောအရာများကို သိရှိထား၍ ရှင်ပေါလုရေးသားချက်များကို အပြည့်အဝသဘောတူခဲ့သည်မှာကျမ်းဘောင်အသွားအလာအားဖြင့်သိသာထင်ရှားနေပါသည်။

**နောက်ခံအခြေအနေ**

ကောရိန္သုအသင်းတော်ထံသို့ ရေးသားပေးပို့ခဲ့သည့် ကောရိန္သုဩဝါဒစာပထမစောင်တွင် အသင်းတော်၌ဖြစ်ပျက်နေသော ကိုယ်ကျင့်တရားဖောက်ပြန်မှု၊ စိတ်ဝမ်းကွဲမှု၊ အလွဲသုံးစားပြုလုပ်မှုများအား မကွယ်မဝှက်နှင့် အခိုင်အမာပြောဆိုထားသည့် မှတ်တမ်းများကို ကျွန်ုပ်တို့တွေ့ရသည်။ ၂ကော ၇း၈တွင် ကောရိန္သုအသင်းသားများအား ဝမ်းနည်းကြေကွဲစေခဲ့သော စာတစ်စောင်အကြောင်းကို ရှင်ပေါလုပြောပြထားသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့်ယုံကြည်သူများသည် ရှင်ပေါလု၏စာကို ကောင်းကောင်းမွန်မွန်လက်မခံခဲ့ကြကြောင်းကျွန်ုပ်တို့နားလည်ရသည်။ အမှန်ဆိုရလျှင် ၂ကော ၁၂း၂၁နှင့် ၁၃း၂တို့တွင် ပထမစာစောင်၌ မိမိလိပ်မူရေးသားခဲ့သော အပြစ်ဒုစရိုက်များမှနောင်တရကြဖို့ မြောက်မြားစွာက ငြင်းဆန်ခဲ့ကြကြောင်း ရှင်ပေါလုသိရှိသတိပြုမိခဲ့သည်။

ရှင်ပေါလုသည် ကောရိန္သုမြို့ရှိအသင်းတော်ကို သွားရောက်လည်ပတ်ခဲ့သော် လည်းထိုလည်ပတ်မှုသည် ကောင်းသောလည်ပတ်မှုတစ်ခုဖြစ်ပုံမပေါ်ခဲ့ပါ။ ၂ကော ၂း၁တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည် ၄င်းတို့ထံ လာရောက်မလည်ပတ်ရခြင်းမှာ “ဝမ်းနည်းခြင်းလည်ပတ်မှု”ကို နောက်တစ်ခါ မဖြစ်စေလိုသောကြောင့်ဖြစ်သည်ဟု ပြောခဲ့သည်။ ထိုလည်ပတ်မှုသည် ဝမ်းနည်းနာကျင်ဖွယ်ဖြစ်ရခြင်းအကြောင်းအရင်းအချို့ကို ဤစာစောင်တွင် လိပ်မူပြောဆိုထားသည်။ ပထမစာစောင်၌ ရှင်ပေါလုဖေါ်ပြပြောဆိုသည့် အပြစ်ဒုစရိုက်များမှ နောင်တရဖို့ လူအချို့က ငြင်းဆန်ခဲ့ကြကြောင်းကို ကျွန်ုပ်တို့ဖေါ်ပြခဲ့ပြီးဖြစ်သည် (၂ကော ၁၂း၂၁၊ ၁၃း၂)။ ထို့အပြင်အသင်းတော်၌ တမန်တော်တစ်ပါးအဖြစ်နှင့် ရှင်ပေါလု၌ရှိသောအခွင့်အာဏာကို မေးခွန်းထုတ်ခဲ့သောသူများလည်းရှိခဲ့သည်။ ထိုပုဂ္ဂိုလ်များက ရှင်ပေါလု၏စာသည် “လေးလံသောစာ၊ တန်ခိုးနှင့်ပြည့်စုံသောစာ” ဖြစ်သည်ဟုဆိုကြသော်လည်း လူချင်းတွေ့သောအခါတွင်မူ ဆွဲဆောင်မှုမရှိသောသူဖြစ်သည်ဟု ပြောဆိုခဲ့ကြသည် (၂ကော ၁၀း၁၀)။ အခြားသူများက ရှင်ပေါလုသည် အခြားတမန်တော်များထက်ပို၍ နိမ့်ကျသည်ဟု မှတ်ယူခဲ့ကြသည် (၂ကော ၁၁း၇-၉)။ ရှင်ပေါလုသည် မိမိတို့ကောရိန္သုအသင်းတော်အား အခြားအသင်းတော်များထက် နိမ့်ကျသကဲ့သို့ ဆက်ဆံနေသည်ဟု မှတ်ယူသူအချို့လည်းရှိနေသေးသည် (၂ကော ၁၂း၁၃)။

ဤစာစောင်တွင် ရှင်ပေါလုက မိမိ၏တမန်တော်အရိုက်အရာနှင့် ဆင့်ခေါ်ခြင်းကို ခုခံကာကွယ်ပြောဆိုရေးသားရန်အတွက်အချိန်တော်တော်များများကို အသုံးပြုထားသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်သည် မိမိကိုတမန်တော်တစ်ပါးဖြစ်လာဖို့ ဆင့်ခေါ်ခဲ့ပြီးသူတို့သည် မိမိတမန်တော်ဖြစ်ခြင်း၏ သက်သေအထောက်အထားများဖြစ်ကြောင်း၊ မိမိတမန်တော်ဖြစ်ခြင်းအားဖြင့် လူအမြောက်အမြားအသက်တာပြောင်းလဲ၍

သွန်သင်လေ့ကျင့်ပေးခြင်းကို ခံကြရကြောင်း အသိပေးခဲ့သည်။ ရှင်ပေါလုက အသင်းတော်ကို အလိုတော်နှင့်ညီသော အသက်တာရှင်သန်ပုံဖြင့် ရှေ့ဆက်ရှင်သန်ကြရန်၊ အထူးသဖြင့်၄င်းတို့ပိုင်ဆိုင်သကဲ့သို့ မပိုင်ဆိုင်သောသူများထံ၌ ၄င်းတို့၏ချမ်းသာကြွယ်ဝမှုကို ပေးကမ်းဝေငှကြရန် ခွန်အားပေးခဲ့သည်။

## ယနေ့အတွက်ဤကျမ်းစောင်အရေးပါပုံ

အသင်းတော်၌အခြားယုံကြည်သူနှင့် ပြဿနာမဖြစ်ခဲ့ဖူးသော ယုံကြည်သူဟူ၍ များများစားစားမရှိပါ။ ကျွန်ုပ်တို့တည်းသာပြဿနာရှိသောသူ မဟုတ်ကြောင်းကို သိရခြင်းသည် ခွန်အားရစရာပင်ဖြစ်သည်။ ရှင်ပေါလု၏ အမှုတော်လုပ်ငန်းကို မေးခွန်းထုတ်ခဲ့ကြသည်။ ရှင်ပေါလုကိုလည်းကောင်း၊ ရှင်ပေါလု၏အမှုတော်လုပ်ငန်းကိုလည်းကောင်း၊ ရှင်ပေါလု၏ပင်ကိုစရိုက်ကို လည်းကောင်း သဘောမကျသောသူများ ကောရိန္သုမြို့၌ရှိခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့နှင့်အခြားယုံကြည်သူများကြား၌ ရှိနေသော ပြဿနာအားမည်သို့ဖြေရှင်းရမည့်အကြောင်း အံ့ဖွယ်ပုံဥပမာတစ်ခုကို ရှင်ပေါလုက ကျွန်ုပ်တို့အား ပေးထားသည်။

ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ ကောင်းကျိုးအတွက်ကျွန်ုပ်တို့ပွင့်ပွင့်လင်းလင်းပြောဆိုဖို့လိုအပ်သောအချိန်များရှိသကဲ့သို့ ကျွန်ုပ်ကင်းကင်းကွာကွာနေဖို့လိုအပ်သောအချိန်များလည်းရှိသည်။ သို့သော်ထိုသို့ပြုလုပ်ခဲ့သော အချိန်များတွင် ရှင်ပေါလုသည် အသင်းတော်အတွက်လည်းကောင်း၊ မိမိကို ဆန့်ကျင်ကြသောသူများအတွက်လည်းကောင်း အမြဲစိုးရိမ်ပူပန်နေခဲ့ပါသည်။ ရှင်ပေါလု၏ နှလုံးသားသည် သူတို့အတွက်သော်လည်းကောင်း၊ ကျိုးပဲ့ပျက်စီးနေသောသူတို့၏ဆက်ဆံရေးများအတွက်လည်းကောင်း ကြေကွဲခဲ့ရသည်။ သို့သော်သူသည် မိမိကိုလည်းကောင်း၊ မိမိ၏အမှုတော်လုပ်ငန်းကို လည်းကောင်း ဆန့်ကျင်နေခဲ့သောသူများနှင့် ပြန်လည်သင့်မြတ်ခြင်းကို ရှာကြံ၍

ထိုသူတို့၏ကောင်းကျိုးကို ရေးရှုခဲ့သည်။ ဤကျမ်းစောင်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ ဆက်ဆံရေးပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသော သူများအားလုံးအတွက် အထောက်အကူဖြစ်စေပါသည်။

ကောရိန္သုဩဝါဒစာဒုတိယစောင်သည် ကျွန်ုပ်တို့၏အလယ်၌ရှိနေသောအပြစ်ဒုစရိုက်ကို လျစ်လျူရှုရန်မှာ ကျွန်ုပ်တို့အတွက်အလွန်လွယ်ကူသည့်အဖြစ်ကိုလည်း သတိပေးသောကျမ်းဖြစ်သည်။ ဤကျမ်းတစ်လျှောက်လုံးတွင် တမန်တော်ကြီးသည် ကောရိန္သုအသင်းသားများအား အပြစ်ဒုစရိုက်သည် နိုင်ငံတော်၏ အမှုတော်လုပ်ငန်းကို မနှောက်ယှက်ဖို့ ထိုအပြစ်ဒုစရိုက်ကို ပေါ့ပေါ့တန်တန်မထားဘဲ၊ အလျင်အမြန်ကိုင်တွယ်ဖြေရှင်းရမည့်အကြောင်း စိန်ခေါ်ခဲ့သည်။

ဤစာစောင်တွင် ရှင်ပေါလုကယုံကြည်သူများ၏ ခွန်အားဗလအတွက်စစ်မှန်သောအရင်းအမြစ်ကို ထုတ်ဖော်ပြသပေးခဲ့သည်။ ရှင်ပေါလု၏ ဂုဏ်ယူဝါကြွားခြင်းသည် မိမိ၌မဟုတ်သကဲ့သို့ မိမိ၏ခွန်အားဗလတွင်လည်း မဟုတ်ခဲ့ပါ။ အသက်တာရှိဘုရားသခင်ထာဝရဘုရား၏ အမှုတော်လုပ်ငန်း၌သာဖြစ်သည်။ သခင်ဘုရားသည် မိမိအပေါ်၌ယုံကြည်ကိုးစားသော သာမန်ယုံကြည်သူများကို အသုံးပြုရန်မည်သို့လိုလားမှုရှိနေသည်ကို ရှင်ပေါလုက ကျွန်ုပ်တို့ကို ပြသပေးသည်။

ကောရိန္သုဩဝါဒစာဒုတိယစောင်တွင် စစ်မှန်သောဝိညာဉ်ရေးရာ အမှုတော်လုပ်ငန်း၏ သဘောသဘာဝကို ရှင်ပေါလုကထုတ်ဖော်ပြသပေးထားသည်။ ဤအမှုတော်လုပ်ငန်းသည် လောကီတန်ခိုးအာဏာနှင့်ချမ်းသာကြွယ်ဝခြင်းတို့ကို စိတ်ဝင်စားသော အမှုတော်လုပ်ငန်းမဟုတ်ဘဲ၊ စိတ်နှလုံးနှိမ့်ချခြင်း၊ အတ္တစိတ်ကင်းမဲ့ခြင်းတို့ဖြင့် လုပ်ဆောင်ရသောအမှုတော်ဖြစ်သည်။ ဤအချက်သည်ကျွန်ုပ်တို့၏ ခေတ်ကာလ၌ အမြဲလိုလိုသတိပေးရသည့်အချက်ဖြစ်သည်။

# ၁
# ဆင်းရဲခြင်းဒုက္ခ၌ ကျွန်ုပ်တို့၏သက်သာခြင်း

၂ကော ၁း၁-၁၁ ကိုဖတ်ရှုပါ။

ကောရိန္သုသြဝါဒစာ ဒုတိယစောင်အားရေးသားပြုစုခဲ့သူနှင့် စပ်လျဉ်း၍မေးခွန်းထုတ်စရာမရှိပါ။ ရှင်ပေါလုက အခန်းငယ် ၁တွင် သူ့ကိုယ်သူ ဤစာစောင်အားရေးသားပြုစုခဲ့သူအဖြစ် ဖေါ်ပြခဲ့သည်။ ရှင်ပေါလုက သူ့ကိုယ်သူဘုရားသခင်၏အလိုတော်အားဖြင့် သခင်ယေရှုခရစ်၏တမန်တော်ဖြစ်ကြောင်းမိတ်ဆက်ခဲ့သည်ကို သတိပြုပါ။ သူသည်မိမိ၏ဆင့်ခေါ်ခြင်းကိုလည်းကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ရှိ မိမိ၏အရိုက်အရာကိုလည်းကောင်း ရှင်းရှင်းလင်းလင်းသိရှိနားလည်ထားသည်။ ရှင်ပေါလုသည် ဤအမှုတော်လုပ်ငန်းတွင် ယုံကြည်စိတ်ချမှုရှိခဲ့၍ ဘုရားသခင်ဘုန်းတော်အတွက် ကိုယ့်ကိုကိုယ်အကြွင်းမဲ့ပေးအပ်ထားခဲ့သည်။ သူတမန်တော်တစ်ပါးဖြစ်သည့်အားလျော်စွာ လုပ်ပိုင်ခွင့်အာဏာကို ရရှိထားသည်။ သူပြောဆိုသောအရာများကို သခင်ဘုရားထံမှလာသောအရာများသဖွယ်မှတ်ယူ၍ ဂရုတစိုက်စဉ်းစားသုံးသပ်ရန် လိုအပ်သည်။

ဤစာစောင်သည် သခင်ဘုရား၌ညီအစ်ကိုတစ်ဦးဖြစ်သော တိမောသေထံမှလည်း ရောက်ရှိလာခဲ့ပါသည်။ သူတို့သည် ကောရိန္သုမြို့ရှိအသင်းတော်ထံသို့လည်းကောင်း၊ ယနေ့ခေတ်တွင် ဂရိနိုင်ငံဟုသိထားကြသော အခါယပြည်တစ်ဝိုက်မှအသင်းတော်များထံသို့လည်းကောင်း အတူတကွရေးသားပေးပို့ခဲ့

ကြသည်။ ဤစာစောင်ကို ထိုဒေသတစ်ဝိုက်မှ အသင်းတော်များ၌ လက်ဆင့်ကမ်းဖတ်ရှုကြဖို့ ရှင်ပေါလုမျှော်လင့်ထားသည်ကို သတိပြုပါ။

ရှင်ပေါလုက ယုံကြည်သူတို့ကို ခမည်းတော်ဘုရားနှင့် သခင်ယေရှုထံမှလာသော ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းတို့ဖြင့် နှုတ်ခွန်းဆက်ခဲ့သည်။ ကျေးဇူးတော်ဆိုသည်မှာ မထိုက်မတန်ဘဲရရှိသောဘုရားသခင်၏ မျက်နှာသာပေးမှုဖြစ်သည်။ ဤယုံကြည်သူများသည် မထိုက်တန်သောဤဂရုဏာတော်ကို အသက်တာ၌ ခံစားကြရမည့်အရေးမှာ ရှင်ပေါလု၏စိတ်ဆန္ဒဖြစ်သည်။ သူတို့၏အလယ်၌ ရင်ဆိုင်ရုန်းကန်နေရသည့်အရာများကို ထောက်ရှုလျှင် ဤအရာသည်အခွံသက်သက်သာရှိသော ကောင်းကြီးမင်္ဂလာတစ်ပါးမဟုတ်ပါ။ ဤယုံကြည်သူများသည် ဘုရားသခင်ထံမှ မထိုက်တန်သောမျက်နှာသာပေးမှုကိုလိုအပ်နေကြသည်။ ဘုရားသခင်ထံမှ ငြိမ်သက်ခြင်းကိုလည်း သူတို့ခံစားကြဖို့ရှင်ပေါလုဆန္ဒရှိခဲ့သည်။ ဤငြိမ်သက်ခြင်းသည် ဘုရားသခင်နှင့် သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုမှရောက်လာသည်။ ဤငြိမ်သက်ခြင်းသည် ဘုရားသခင်နှင့်ဆက်ဆံပေါင်းသင်းခြင်း၌ ရှင်သန်ခြင်း၊ အသက်တာ၏ခပ်သိမ်းသောအခြေအနေများ၌ ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့်ထိန်းချုပ်ခြင်းတို့ကို သိရှိနားလည်ခြင်းမှရောက်လာသည်။ ဤသည်မှာမိမိ၏စာဖတ်ပရိသတ်ကြီးအတွက်ထားရှိသော ရှင်ပေါလု၏စိတ်ဆန္ဒဖြစ်သည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက သခင်ယေရှု၏ခမည်းတော်ဘုရားသခင်ထံ၌ ချီးမွမ်းခြင်းကို ပေးကမ်းခြင်းဖြင့် အစပြုခဲ့သည်။ သူသည်ဘုရားသခင်ကို သနားခြင်းဂရုဏာ၏အဘ၊ သက်သာခြင်းအမျိုးမျိုးတို့၏အရှင်ဖြစ်ခြင်းအတွက် အထူးချီးမွမ်းခဲ့သည်ကို သတိပြုပါ။ ဤအချက်အားဖြင့် ကျွန်ုပ်တို့ဆင်းရဲခြင်းဒုက္ခကိုဘယ်သောအခါတွင်မျှ ရင်ဆိုင်ခံစားဖို့မလိုပါဟု မဆိုလိုပါ။ အခန်းငယ် ၄ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်

သည် မိမိ၏သားသမီးများကို ၎င်းတို့၏အခက်အခဲပြဿနာများ၌ နှစ်သိမ့်ပေး၍သက်သာခြင်းကို ရောက်စေကြောင်း အသိပေးခဲ့သည်။ ဆင်းရဲဒုက္ခသည် ဘဝ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သခင်ယေရှုဤလောက၌ နေထိုင်ရှင်သန်ခဲ့စဉ်၌ပင် ဆင်းရဲဒုက္ခကိုကြုံတွေ့ခံစားခဲ့ရသည်။

ဆင်းရဲဒုက္ခသည် အပြစ်ကြောင့်ကျိန်ဆဲခြင်းခံရသော ဤလောကကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ကျွန်ုပ်တို့၌သနားခြင်းဂရုဏာနှင့်ပြည့်တော်မူသောဘုရားသခင်ရှိနေပါသည်။ ဂရုဏာတရား၏အရှင်ဖြစ်သည့်အားလျော်စွာ ဘုရားသခင်သည် ကျွန်ုပ်တို့၏နာကျင်ထိခိုက်မှုများနှင့် ခံစားမှုများကို နားလည်သဘောပေါက်နေပါသည်။ ကျွန်ုပ်တို့၌အပြစ်ရှိကြသော်လည်း သူသည် ကျွန်ုပ်တို့ကိုချစ်ခြင်း၊ ဂရုဏာသက်ခြင်းတို့နှင့်အတူ ကျွန်ုပ်တို့ နှင့်အတူ ငိုကြွေး၍ကျွန်ုပ်တို့နှင့်အတူ ဝမ်းမြောက်နေပါသည် (ယောဟန် ၁၁း၃၃-၃၆)။

ရှင်ပေါလုပြောဆိုထားချက်အရ ဘုရားသခင်သည် ကျွန်ုပ်တို့မချိမဆန့်ခံစားရချိန်၌ ကျွန်ုပ်တို့နှင့်အတူရှိပေးသော သက်သာခြင်းတို့၏အရှင်လည်းဖြစ်သည်။ ဘုရားသခင်၏မျက်မှောက်ပြုခြင်းက စိတ်ပူပန်ခြင်းများကို ပြေပျောက်စေ၍ ကျွန်ုပ်တို့အားယုံကြည်စိတ်ချမှုကိုပေးသည်။ ကျွန်ုပ်တို့ခံစားနေရသောအရာကို ဘုရားသခင်ကလည်း ခံစားပေးကြောင်း ရှင်ပေါလုက ပြောပြထားသည်။ ကျွန်ုပ်တို့ဒုက္ခရောက်သောအချိန်၌ ကျွန်ုပ်တို့ကိုလက်ကမ်းကူညီခြင်းကို သူအလွန်နှစ်သက်အားရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အခက်အခဲဒုက္ခများကို ဖယ်ရှားပေးမည်မဟုတ်သော်လည်း၊ ကျွန်ုပ်တို့၏စစ်ကြောစုံစမ်းခြင်းများ၌ ဘုရားသခင်၏အံ့ဖွယ်မျက်မှောက်တော်ကို သေချာခံစားနိုင်ကြပါသည်။ ကျွန်ုပ်တို့၏ ဒုက္ခဝေဒနာများခံရစဉ်တစ်လျှောက်လုံးတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွန်အားသစ်များပေး၍ တိုက်တွန်းပါလိမ့်မည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အလားတူနှစ်သိမ့်ခြင်းနှင့်အတူ

အခြားသူများကို နှစ်သိမ့်ပေးနိုင်ကြမည့်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့ကြုံတွေ့ရသော ဆင်းရဲဒုက္ခများ၌ ကျွန်ုပ်တို့ကိုနှစ်သိမ့်ပေးကြောင်း အခန်းငယ် ၄တွင် ရှင်ပေါလုကကျွန်ုပ်တို့ကို အသိပေးထားသည်။ မကြာသေးမီနှစ်များတွင် စစ်ကြောစုံစမ်းခြင်းများစွာကို ရင်ဆိုင်ရဖို့ သခင်ဘုရားက ကျွန်ုပ်ကို အခွင့်ကောင်းပေးခဲ့သည်။ ဤအတွေ့အကြုံအားဖြင့် ကျွန်ုပ်သည် အခြားသူများ တွေ့ကြုံခဲ့ရမည့်အရာများအပေါ်၌ ပို၍သဘောပေါက်လာခဲ့ရသည်။ ကျွန်ုပ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသောအလားတူပြဿနာများကို ရင်ဆိုင်ကြုံတွေ့ နေရသော သူများအတွက် ပို၍လေးနက်သော ဂရုဏာတရားနှင့် ခံစားချက်တို့ဖြင့် ကျွန်ုပ် ရေးနိုင်၊ ပြောနိုင်လာခဲ့သည်။ ကျွန်ုပ်သည်ဦးနှောက်ဗဟုသုတသက်သက်ဖြင့်မဟုတ်ဘဲ အတွေ့အကြုံမှရေးပြောခဲ့သည်။ လူတို့ရင်ဆိုင်ဖြတ်သန်း နေရသောအရာများကို ကျွန်ုပ်ပို၍လွယ်ကူစွာ နားလည်လာသည်။ အကြောင်းမှာထိုကဲ့သို့သောခက်ခဲနာကျင်မှုအချို့ကို ရင်ဆိုင်ကြုံတွေ့ဖို့ အခွင့်ကောင်းကျွန်ုပ်၌ ရှိခဲ့သောကြောင့်ဖြစ်သည်။ ဆင်းရဲဒုက္ခကိုကြုံတွေ့ဖို့ အခွင့်ကောင်းတစ်ခုနှင့်အတူ သာ၍ကြီးမားသော တာဝန်တစ်ခုလည်း လိုက်ပါလာသည်။ သာ၍ကြီးမားသော သနားခြင်းဂရုဏာဖြင့် အမှုတော်အတွက် ပြင်ဆင်မွမ်းမံပေးရန် ဘုရားသခင်က ဤအတွေ့အကြုံများကို ကျွန်ုပ်တို့အားကြုံတွေ့စေခြင်းဖြစ်သည်။ ဘုရားသခင်၏နှစ်သိမ့်ခြင်းနှင့် သက်သာစေခြင်းကို ရရှိခံစားခဲ့ကြသောကျွန်ုပ်တို့သည်အနီးအနားမှ ဒုက္ခရောက်နေသောသူများထံ၌ အလားတူနှစ်သိမ့်ခြင်းကို ပေးကြဖို့ ဆင့်ခေါ်ခြင်းခံကြရသည်။ ဆင်းရဲဒုက္ခတွေ့ခြင်းနှင့် ဘုရားသခင်၏ နှစ်သိမ့်ခြင်းကို ကြုံတွေ့ခံစားခြင်း၏အဓိပ္ပါယ်ကို နားလည်ဖို့ဘုရားသခင်က သင့်ကိုသွန်သင်ပေးနေပါသည်။ ထိုသို့အားဖြင့် သင်သည်အနီးအနားမှ လူတို့ကိုပို၍ ထိရောက်

စွာပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။

သခင်ယေရှုကိုယ်တိုင်လည်း ဆင်းရဲဒုက္ခကိုခံစားခဲ့ရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အပြစ်ဒုစရိုက်နှင့်ပြည့်နေသည့် ဤလောကကြီးတွင် ဖြောင့်မတ်ခြင်းအတွက်ကြောင့် ဆင်းရဲဒုက္ခကြုံတွေ့ရမည့်အကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကိုအခိုင်အမာပြောပြထားသည် (ငယ် ၅)။ ဘုရားသခင်၏ကတိတော်မှာ သခင်ခရစ်တော်၌ ပို၍ဒုက္ခရောက်လေလေကျွန်ုပ်တို့၏ သက်သာခြင်းမှာလည်းပို၍ကြီးလေလေဖြစ်မည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့ဆင်းရဲဒုက္ခရောက်ချိန်၌ဘုရားသခင်သည်ကျွန်ုပ်တို့ကို စွန့်ပစ်သွားမည်မဟုတ်ပါ။ နှစ်သိမ့်သက်သာစေခြင်းဆိုသည်မှာ နာကျင်မှုနှင့်ဆင်းရဲဒုက္ခ မရှိခြင်းကိုမဆိုလိုပါ။ နှစ်သိမ့်သက်သာစေခြင်းဆိုသည်မှာ ထိုအရာများကိုရင်ဆိုင်ဖို့ ခွန်အားဖြစ်သည်။ စစ်ကြောစုံစမ်းခြင်းသည် ဆက်လက်၍ရှိနေမည်ဖြစ်သော်လည်း၊ ဘုရားသခင်၏နှစ်သိမ့်သက်သာစေခြင်းသည် အဆုံးတိုင်တည်ကြည်ဖို့ ကျွန်ုပ်တို့ကို ခွန်အားသစ်များသွန်းလောင်းပေးသည်။ ကျွန်ုပ်တို့၏လမ်းခရီး၌ ရောက်ရှိလာသောစစ်ကြောစုံစမ်းခြင်းများ၏အနိုင်ပိုင်းခြင်းကို ကျွန်ုပ်တို့ခံဖို့မလိုအပ်ပါ။ ဘုရားသခင်၏နှစ်သိမ့်သက်သာစေခြင်းသည် ကျွန်ုပ်တို့ကိုဝမ်းမြောက်ရွှင်မြူးနေသော အောင်နိုင်သူများဖြစ်လာကြဖို့ လိုအပ်သော အရာအားလုံးကို ပေးပါလိမ့်မည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား တမန်တော်ကြီးများပင် အသက်တာ၌ ဒုက္ခဝေဒနာများကို ကြုံတွေ့ခံစားခဲ့ကြရကြောင်းအသိပေးခဲ့သည် (ငယ် ၆)။ သူတို့သည် ထိုဒုက္ခဝေဒနာများကို ထွေးပိုက်ခဲ့ကြပြီး ထိုအရာသည်တစ်စိတ်တစ်ပိုင်းအားဖြင့် ကောရိန္သုအသင်းသားများအတွက်ဖြစ်ကြောင်းကိုနားလည်းသဘောပေါက်ခဲ့ကြသည်။ တမန်တော်ကြီးများသည် မိမိတို့ကြုံတွေ့ရသောစစ်ကြောစုံစမ်းခြင်းများအားဖြင့် ကောရိန္သုအသင်းသားများထံ၌

ပို၍ထိရောက်စွာ အမှုတော်ဆောင်နိုင်၍ သူတို့ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းများ၌ ခွန်အားပေးတိုက်တွန်းနိုင်ဖို့ ပြင်ဆင်မွမ်းမံခြင်းကို ခံခဲ့ကြရသည်။ ဘုရားသခင်သည် ရှင်ပေါလုနှင့်တိမောသေတို့ကို နှစ်သိမ့်သက်သာစေခဲ့သည်။ ထိုသို့အားဖြင့် သူတို့သည်အလားတူ နှစ်သိမ့်သက်သာခြင်းကို ကောရိန္သုမြို့နှင့် အခြားဒေသမှယုံကြည်သူများအား ပေးနိုင်ကြမည်ဖြစ်သည်။ သူတို့သည် ထိခိုက်နာကျင်ခြင်းနှင့် စစ်ကြောစုံစမ်းခြင်းများအလယ်၌ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် ခွန်အားဗလကို သက်သေခံနိုင်ခဲ့ကြပါလိမ့်မည်။

အခန်းငယ် ၆ တွင် နှစ်သိမ့်သက်သာစေခြင်းသည် သည်းခံခြင်းကို ဖြစ်စေကြောင်းကိုလည်း သတိပြုပါ။ သည်းခံခြင်းသည် ဖိအားတစ်ခုအောက်၌ အပတ်တကုတ်ကြိုးစားအားထုတ်ခြင်း (သို့) တည်မြဲနေနိုင်ခြင်းအစွမ်းအစ ဖြစ်သည်။ တစ်စုံတစ်ယောက်ကို ကျွန်ုပ်တို့နှစ်သိမ့်အားပေးသောအခါ ဘုရားသခင်သည် ထိုဖိအားဖြင့် မိမိရည်ရွယ်ထားသောအရာကို အထမမြောက်စေမချင်းသူတို့ကို ထိုဖိအားအောက်၌ဆက်လက်မြဲမြံနေကြရန် ကျွန်ုပ်တို့ခွန်အားပေးတိုက်တွန်းကြသည်။ ဤအချင်းအရာအားဖြင့် သူတို့မှာ အားသစ်သွန်းလောင်းခြင်းကို ခံကြရသည်။

ကျွန်ုပ်တို့ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းများမှ ကျွန်ုပ်တို့အလျင်အမြန်ထွက်ပြေးမသွားသင့်ပါ။ ထိုသို့ထွက်ပြေးမည့်အစား အဆုံးတိုင်တည်ကြည်နိုင်ဖို့ သည်းခံခြင်းကိုပေးသနားရန် ဘုရားသခင်ထံ၌တောင်းလျှောက်ကြရမည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ထိုအတွေ့အကြုံမှ သင်ယူသင့်သည့် အရာအားလုံးကို သင်ယူနိုင်ခဲ့ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ရင်ဆိုင်ရသော ဆင်းရဲဒုက္ခများ၌ ကျွန်ုပ်တို့ကိုပုံသွင်းထုဆစ်ဖို့မှာ ဘုရားသခင်၏စိတ်ဆန္ဒဖြစ်သည်။ အိုးထိန်းသည်ပမာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိပြုလုပ်လို

သော အိုးတန်ဆာဖြစ်လာဖို့ ကျွန်ုပ်တို့ကိုပုံသွင်းဖန်တီးရန် အသက်တည်းဟူသောရွှံ့စေးပေါ်၌ ဖိအားများဖြင့်ဖိသိပ်ပါသည်။ ဤဖိအားအောက်၌ရှိနေရခြင်းသည် လွယ်ကူသောအရာမဟုတ်သော်လည်း ထိုသို့ရှိနေရခြင်းသည် ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက်ဖြစ်သည်။ ထိုသို့ရှိနေခြင်းဖြင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်ပို၍သဏ္ဍာန်တူလာကြမည်ဖြစ်သည်။ ကောရိန္သုအသင်းသားများသည်လည်း တမန်တော်တို့၏ဒုက္ခဝေဒနာကို ဝေမျှခံစားကြသည်နှင့်အမျှ သူတို့သည်တမန်တော်တို့၏ သက်သာခြင်းကိုလည်း ဝေမျှခံစားကြရမည့်အကြောင်း ရှင်ပေါလုစိတ်ချလျက်ရှိနေခဲ့သည် (ငယ် ၇)။

အခန်းငယ် ၈ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား တမန်တော်ကြီးများသည် အာရှပြည်၌သခင်ခရစ်တော်အဖို့ မည်သို့ဒုက္ခဝေဒနာခံစားခဲ့ရကြောင်းကို အသိပေးခဲ့သည်။ ထိုအရပ်ရှိ သာသနာလုပ်ငန်း၌သူတို့ကြုံတွေ့ခဲ့ရသောဖိအားများနှင့် စိတ်ဖိစီးမှုများသည် လူ့ခံနိုင်ရည်စွမ်း၏ တစ်ဖက်ကိုကျော်လွန်နေခဲ့သည်။ မိမိတို့အသက်အတွက် စိုးရိမ်ကြောက်ရွံ့ခဲ့ကြရသည်။ မိမိတို့အဆုံးတိုင်တည်ကြည်နိုင်ပါ့မလားဟု တွေးတောခဲ့ကြသည်။ သူတို့၏စိတ်နှလုံး၌ သေမိန့်ကိုခံစားခဲ့ကြပြီး၊ စိတ်နှလုံးအပိုင်းပိုင်းကျိုးကြေ၍ လူ့အနေဖြင့် နောက်ဆုံးအဆင့်သို့သူတို့ရောက်ရှိခဲ့ကြသည်။ သူတို့၏ လူ့စွမ်းဆောင်ခံနိုင်မှုမှာ အဆုံးသို့ရောက်ခဲ့သည်။ သင်သည်လည်း သင့်အသက်တာ၌ ဤအခြေအနေမျိုးကို ကြုံကောင်းကြုံခဲ့ရပေလိမ့်မည်။

အခန်းငယ် ၉၌ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပြောပြသောအရာကို သတိပြုပါ။ ဤကဲ့သို့သော မျှော်လင့်ချက်ပျက်သုဉ်းခြင်းအခြေအနေမျိုးကို ဘုရားသခင်ကခွင့်ပြုရာတွင် အလွန်အရေးကြီးသောအကြောင်းအရင်းတစ်ခုရှိကြောင်း ရှင်ပေါလုသဘောပေါက်ခဲ့သည်။ သူတို့သည်ကိုယ့်ကို

ကိုယ် မမှီခိုမအားထားဘဲ၊ ဘုရားသခင်ကို မှီခိုအားထားလာကြဖို့ ဘုရားသခင်သည် ဤအခြေအနေများကို ခွင့်ပြုရခြင်းဖြစ်သည်။

စစ်ကြောစုံစမ်းခြင်းကို ကျွန်ုပ်ကိုယ်တိုင်ရင်ဆိုင်ရသောအချိန်များတွင် ကျွန်ုပ်၏ကျန်းမာရေးကို တိုက်ခိုက်ခံရဖို့ ဘုရားသခင်ကခွင့်ပြုခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ၌ ကျွန်ုပ်သည် စိတ်ဓါတ်ကျခြင်းအချိန်ကို အမှန်ဖြတ်သန်းခဲ့ရသည်။ ကျွန်ုပ်၏အမှုတော်လုပ်ငန်းမှ အစိတ်အပိုင်းကြီးကြီးမားမားကို ဆုံးရှုံးခဲ့သည်။ အလွန်ရင်းနှီးသောဆက်ဆံရေးများ၌လည်း စမ်းသပ်ခံခဲ့ရသည်။ ဤအချိန်ကာလတွင် ဘုရားသခင်ကကျွန်ုပ်၏ဇာတိပကတိ၌ယုံကြည်စိတ်ချနေမှုကို ရိုက်ချိုးနေခဲ့ပါသည်။ ဤခက်ခဲကြမ်းတမ်းသောအတွေ့အကြုံကို ကျွန်ုပ်ဖြတ်သန်းကျော်လွှားဖို့ဆိုလျှင် ကျွန်ုပ်သည်ဘုရားသခင်အပေါ်၌ ယုံကြည်ကိုးစားခြင်းအကြောင်း သင်ယူသွားရမည်ဖြစ်သည်။ အကြောင်းမှာကျွန်ုပ်၌ကာယခွန်အား၊ စိတ်ဓါတ်ခွန်အားနှင့် ဝိညာဉ်ခွန်အားပင် မရှိတော့သောကြောင့်ဖြစ်သည်။ ဤသည်မှာ ရှင်ပေါလုကကောရိန္သုအသင်းသားများအား ဤနေရာ၌ပြောပြနေသောအရာဖြစ်သည်။ သေသောသူကိုပင် ရှင်ပြန်ထမြောက်စေနိုင်သော ဘုရားသခင်ကို ယုံကြည်ကိုးစားရန်သင်ယူဖို့ သူသည် ဤအဖြစ်မျိုးကို အာရှ ပြည်၌ကြုံတွေ့ခဲ့ရကြောင်းပြောပြနေပါသည်(ငယ် ၉)။

ရှင်ပေါလုသည် ထိုအချိန်အခါကို ပြန်မြင်ယောင်၍အလွန်ပြင်းထန်သောဒုက္ခဝေဒနာနှင့်သေခြင်းတို့မှ သူ့ကိုရွေးနှုတ်ကယ်တင်ခဲ့သော ဘုရားသခင်၏ ကျေးဇူးတော်ကို နောင်တွင် သက်သေခံနိုင်ခဲ့မည်ဖြစ်သည်။ ဤစစ်ကြောစုံစမ်းခြင်းကာလ၌မိမိနှင့် မိမိ၏လုပ်ဖော်ကိုင်ဖက်များအား ခွန်အားပေးရာ၌လည်းကောင်း၊ ထိုစစ်ကြောစုံစမ်းခြင်းမှ မိမိတို့ကိုရွေးနှုတ်ကယ်တင်ရာ၌လည်းကောင်း ဘုရားသခင်သစ္စာရှိခဲ့သည့်အကြောင်းကို ကောရိန္သုအသင်း

သားများအား ရေးသားပြောပြခဲ့သည်။ ထို့ကြောင့် ရှင်ပေါလုတွင် ဘုရားသခင်၏ရွေးနှုတ်နိုင်စွမ်းသော တန်ခိုးတော်အပေါ်၌ အသစ်သော ယုံကြည်စိတ်ချမှုများရှိနေခဲ့သည်။ သူသည်အလွန် ပြင်းထန်သော အခြေအနေများ၌ ဘုရားသခင်၏သစ္စာရှိမှုကို ကြုံတွေ့ခံစားခဲ့ရသည်။ ဤအတွေ့အကြုံက ရှင်ပေါလုအားအနာဂတ်၌ ဖြစ်ပေါ်လာမည့်အရာများကို ရင်ဆိုင်နိုင်ရန် သာ၍ ကြီးမားသောစိတ်ချမှုကို ပေးခဲ့သည်။ ထို့အပြင် ဤအတွေ့အကြုံသည် ကောရိန္သုမြို့ရှိ ယုံကြည်သူများအတွက်လည်း အံ့ဖွယ်သက်သေခံချက်တစ်ခုဖြစ်ခဲ့သည်။ သစ္စာရှိသောဘုရားသခင်ကိုသာ၍ ကြီးမားသောယုံကြည်ကိုးစားခြင်းနှင့်အတူ သူတို့ရင်ဆိုင်ရသောစစ်ကြော စုံစမ်းခြင်းများနှင့် ဒုက္ခဝေဒနာများကို မားမားရင်ဆိုင်နိုင်ရန် ဘုရားသခင်က သူတို့ကို စွမ်းဆောင်ပေးခဲ့ပါလိမ့်မည်။

သာသနာလုပ်ငန်း၌ ဒုက္ခဝေဒနာများစွာကို သူနှင့်အတူလုပ်ဖော်ကိုင်ဖက်များက ဆက်လက်၍ရင်ဆိုင်ကြုံတွေ့နေကြသည့်အလျောက် ကောရိန္သုအသင်းသားများကို ဆုတောင်းခြင်းဖြင့် ကူညီကြဖို့ရှင်ပေါလုတောင်းဆိုခဲ့သည်။ စစ်ကြောစုံစမ်းခြင်းများ နောက်ထပ်ရောက်လာကြမည့်အဖြစ်ကို ရှင်ပေါလုမျှော်လင့်နေခဲ့သည်။ အမှုတော်လုပ်ငန်း၌အရာအားလုံး လွယ်ကူချောမောကြမည်မဟုတ်ကြောင်းကို သူမျှော်လင့်ထားခဲ့သည်။ အခန်းငယ် ၁၁ တွင် ကောရိန္သုယုံကြည်သူတို့အား သူ့အတွက်ဆုတောင်းပေးကြသည်နှင့်အမျှ မြောက်မြားစွာသော သူတို့ကမိမိတို့၏ဆုတောင်းသံကို ဘုရားသခင်ကဖြေကြားပေးခဲ့ခြင်းအတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းခဲ့ကြမည့်အကြောင်းကို ပြောပြခဲ့သည်။ တမန်တော်ကြီးက စစ်ကြောစုံစမ်းခြင်းများမှ လွတ်ငြိမ်းဖို့ မတောင်းဆိုခဲ့ပါ။ ထိုအရာသည် ဤဘဝ၌ဖြစ်လာမည့်အရာမဟုတ်ပါ။

သို့သော်ရှင်ပေါလုတောင်းဆိုသောအရာမှာ ထိုဒုက္ခဝေဒနာများ၌ ဘုရားသခင်၏ခွန်အားနှင့် ဘုရားသခင်၏မျက်နှာသာပေးမှုဖြစ်သည်။ ထိုသို့အားဖြင့် ရှင်ပေါလုနှင့် ကြုံတွေ့သည့်သူများက ရှင်ပေါလုအပေါ်၌ရှိနေသော ဘုရားသခင်၏ သနားခြင်းဂရုဏာနှင့်နှစ်သိမ့်သက်သာစေခြင်းတို့ကိုမြင်တွေ့၍ သူတို့လည်း ကောင်းကြီးခံစားခဲ့ကြမည်ဖြစ်သည်။

ဤကျမ်းပိုဒ်ငယ်များတွင် ရှင်ပေါလုက ကျွန်ုပ်တို့အားဘုရားသခင်သည်မိမိ၏နှစ်သိမ့်သက်သာစေခြင်းကို ပို၍ထုတ်ဖော်ပြသရန်ယုံကြည်သူများ၏အသက်တာ၌ စစ်ကြောစုံစမ်းခြင်းများကို အသုံးပြုကြောင်း၊ ထိုသို့အားဖြင့် ဘုရားသခင်၏သားသမီးများသည် သည်းခံခြင်း၊ မျှော်လင့်ခြင်းတို့၌ ရင့်ကျက်လာကြပြီး အခြားဒုက္ခရောက်နေသူများကိုလည်း နှစ်သိမ့်အားပေးနိုင်ကြမည့်အကြောင်းတို့ကို ပြောပြထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှစ်သိမ့်အားပေးခြင်းကို ယနေ့၌လိုအပ်နေသော ညီအစ်ကိုမောင်နှမများထံ၌ ပေးနိုင်မည့်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့၏ဒုက္ခဝေဒနာများထံ၌ ကျွန်ုပ်တို့ကို နှစ်သိမ့်သက်သာပါစေသော်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဤအသက်တာတွင် ဒုက္ခဝေဒနာများမှ ကျွန်ုပ်တို့လွတ်ငြိမ်းနိုင်ချေရှိပါသလား။
- ဤဘဝ၌ ကြုံတွေ့ရသောစစ်ကြောစုံစမ်းခြင်းများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၌မည်သည့်အရာကို အထမြောက်ပြည့်စုံစေလိုပါသနည်း။
- နှစ်သိမ့်သက်သာစေခြင်းဆိုသည်မှာ အဘယ်နည်း။ နှစ်သိမ့်သက်သာစေခြင်းဆိုသည်မှာ စစ်ကြောစုံစမ်းခြင်းများမရှိခြင်းကို ဆိုလိုပါ

သလား။

- သင့်အသက်တာ၌ အလွန်ပြင်းထန်သော စစ်ကြောစုံစမ်းခြင်းများကိုရင်ဆိုင်ခဲ့ရပါသလား။ ထိုစစ်ကြောစုံစမ်းခြင်းများအားဖြင့် ဘုရားသခင်သည် သင့်အသက်တာ၌ မည်သည့်အရာကိုအထမြောက်ပြည့်စုံစေခဲ့ပါသနည်း။
- သင့်တွေ့ကြုံခဲ့ရသော ဘုရားသခင်၏နှစ်သိမ့်သက်သာစေခြင်းကို အခြားသူများအား ယနေ့၌ကောင်းကြီးပေးရန် သင်မည်သို့အသုံးပြုနိုင်သနည်း။

## ဆုတောင်းရန်အချက်များ

- သင်ဒုက္ခရောက်သောအချိန်၌ သင့်ကိုနှစ်သိမ့်သက်သာစေဖို့ ကတိပေးထားမှုများအတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင်ရင်ဆိုင်ရသော ဒုက္ခဝေဒနာနှင့် စစ်ကြောစုံစမ်းခြင်းတို့အားဖြင့်ဘုရားသခင်က သင့်ကိုသွန်သင်ပေးလိုသောအရာများဆီသို့ သင့်ရဲ့မျက်စိများကို ဖွင့်ဟပေးဖို့ တောင်းလျှောက်ပါ။
- နက်နဲပြင်းထန်သော စစ်ကြောစုံစမ်းခြင်းတစ်ခုကို ဖြတ်သန်းနေရသည့်မိတ်ဆွေ (သို့) ချစ်ရသောသူတစ်ယောက်ယောက် သင့်တွင်ရှိပါသလား။ ဤပုဂ္ဂိုလ်ကို ဤအချိန်နာရီ၌ သခင်ဘုရားကနှစ်သိမ့်ပေးမည်အကြောင်းတောင်းလျှောက်ပါ။
- ဘုရားသခင်က သင့်ကိုသွားရောက်၍ နှစ်သိမ့်အားပေးစေလိုသောသူတစ်ယောက်ယောက်ရှိပါသလား။ ဤအမှုကိစ္စ၌ သခင်ဘုရားကိုလမ်းပြပေးဖို့ တောင်းလျှောက်ပါ။

၂
## အစီအစဉ်များပြောင်းလဲခြင်း

၂ကော ၁း၁၂-၂၄ ကိုဖတ်ရှုပါ။

အမှုတော်လုပ်ငန်း၌ ကာလအတန်ကြာအမှုတော်ဆောင်လာခဲ့ကြသောကျွန်ုပ်တို့သည် ဘုရားသခင်ကကျွန်ုပ်တို့ကို အမှုတော်လုပ်ငန်းတစ်ခုမှအခြားတစ်ခုသို့ ရွှေ့ပြောင်းသည့်နည်းလမ်းတစ်ခုရှိကြောင်းကို သိထားကြသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ကိုတစ်နေရာ၌ အမြဲတမ်းမထားပါ။ တစ်ခါတစ်ရံတွင် အမှုတော်လုပ်ငန်းတစ်ခုကိုသာ လုပ်ဆောင်လိုသောကျွန်ုပ်တို့၏စိတ်ဆန္ဒများကို ဖယ်ရှားလိုက်သယောင်ရှိသည်။ တစ်ခါတစ်ရံတွင် ကျန်းမာရေးချို့တဲ့လာခြင်း (သို့) အခြားသောပတ်ဝန်းကျင်အခြေအနေများကြောင့် အမှုတော်လုပ်ငန်းကို ကျွန်ုပ်တို့ဆက်လက်၍ မလုပ်ဆောင်နိုင်ကြတော့ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အခြားအသင်းတော် (သို့) မြို့ဆီသို့လည်း ပို့ဆောင်တတ်ပါသည်။ အဆုံးစွန်ပြောရလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကြမ္မာပန်းတိုင်ကို တိုင်းတာဆုံးဖြတ်ပေးသည့် ပတ်ဝန်းကျင်အခြေအနေများကို မထိန်းချုပ်နိုင်ကြပါ။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သမျှသောအရာမှာ ဘုရားသခင်ပေးသော နေ့ရက်တိုင်းကို လက်ခံရယူခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်က ထားရှိသောအစီအစဉ်ကို ဘုရားသခင်ကသာသိသည်။ အခန်းကြီး ၁ ၏ ဤဒုတိယအပိုင်းတွင် အထင်ကရတမန်တော်ကြီး ရှင်ပေါလုပင်လျှင်

သခင်ဘုရားကို နာခံခြင်း၌ ရှင်သန်လျှောက်လှမ်းဖို့ မိမိ၏အစီအစဉ်များကို ပြောင်းလဲခဲ့ရသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည် ဘုရားသခင်၏အစေခံဖြစ်သည့်အားလျော်စွာ လောကီအသိုင်းအဝိုင်း၌ လည်းကောင်း၊ ကောရိန္သုအသင်းသားများနှင့် ဆက်ဆံရာ၌လည်းကောင်း သန့်ရှင်းစင်ကြယ်ခြင်း၊ ရိုးသားခြင်း (လျစ်လျူရှုသောစိတ်)တို့ဖြင့် ကျင့်ကြံပြုမူခဲ့ကြောင်း အသိပေးရင်း ဤဒုတိယအပိုင်းကို စတင်ခဲ့သည်။ ရှင်ပေါလုသည် ဤအရာများကို ဤစာစောင်၌အဘယ်ကြောင့် ဖော်ပြဖို့လိုအပ်ခဲ့သနည်း။ အထူးထင်ရှားသိသာနေသောအချက်မှာ ရှင်ပေါလုအပေါ်၌လည်းကောင်း၊ ရှင်ပေါလု၏ သာသနာလုပ်ငန်းအပေါ်၌လည်းကောင်း သံသယစိတ်များရှိနေခဲ့သောကြောင့်ဖြစ်သည်။ မှန်ကန်မှုမရှိသော စွပ်စွဲချက်များကို ဆန့်ကျင်၍ ရှင်ပေါလုက မိမိ၏လုပ်ဆောင်ချက်များကို ကာကွယ်ထုချေနေခြင်းဖြစ်သည်။ ဤဒုတိယပိုင်း၏နောက်ဆုံးပိုင်းတွင် ကောရိန္သုမြို့သို့ ရှင်ပေါလုသွားရောက်လည်ပတ်ဖို့ရှိသော်လည်း ထိုအစီအစဉ်များကို ပြောင်းလဲခဲ့သည့်အဖြစ်ကို ကျွန်ုပ်တို့မြင်တွေ့ရပါလိမ့်မည်။ ဤအတွက်ကြောင့် အချို့ကရှင်ပေါလုကို ဝေဖန်ခဲ့ကြခြင်းဖြစ်နိုင်သည်။

အခန်းငယ် ၁၂ တွင် ရှင်ပေါလုက မိမိသည်လောကီဉာဏ်ပညာဖြင့် မိမိ၏အစီအစဉ်များကို မရေးဆွဲ၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ ရေးဆွဲကြောင်းကို ကောရိန္သုအသင်းသားများအား အသိပေးရန်စေ့ဆော်တိုက်တွန်းခြင်းခံရသည်။ ဤပြောဆိုချက်က မေးခွန်းတစ်ခုကိုချက်ချင်းပေါ်ထွက်လာစေသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သူသည် ၎င်းတို့ထံသို့လာရောက်လည်ပတ်ရန် အစီအစဉ်ရှိခဲ့သော်လည်း ပတ်ဝန်းကျင်အခြေအနေများကြောင့် လုံးလုံးမလာရောက်နိုင်ခြင်းဖြစ်ကြောင်းဟု ပြောခဲ့လျှင်

ဤအစီအစဉ်များကို ပြောပြခဲ့ချိန်၌ သူသည်သခင်ဘုရား၏လမ်းပြဦးဆောင်မှု အတိုင်းလုပ်ဆောင်ခဲ့ပါသလား (သို့) လူ့ဉာဏ်ပညာ၏ဦးဆောင်မှုဖြင့် လုပ်ဆောင်ခဲ့ပါသလား။

အမှုတော်လုပ်ငန်းတစ်ခုစီသို့ သခင်ဘုရားသည် သင့်ကိုလမ်းပြနေကြောင်းကို သင့်ခံစားရပြီး ထိုအမှုတော်ကို လုပ်ဆောင်ကာ မကြာခင်အမှုတော်ပြိုကွဲပျက်စီးသွားသည့်အဖြစ်မျိုးကို သင်တွေ့ကြုံဖူးပါသလား။ ဘုရားသခင်က ကျွန်ုပ်ကို ရှစ်နှစ်ကြာဤနည်းလမ်းဖြင့် ဦးဆောင်ခဲ့သည့်အဖြစ်ကို တွေ့ကြုံရသည့်အခွင့်ကောင်း ကျွန်ုပ်၌ရှိခဲ့ဖူးသည်။ သခင်ဘုရားက အခွင့်အရေးတံခါးတစ်ချပ်ပြီးတစ်ချပ် ဖွင့်ပေးခဲ့သည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရပြီး ထိုတံခါးများတစ်ချပ်ပြီးတစ်ချပ် ကျွန်ုပ်၏ရှေ့၌ပင် ပိတ်သွားကြသည့်အဖြစ်ကိုလည်း ကျွန်ုပ်တွေ့ကြုံခဲ့ရသည်။ ကျွန်ုပ်၏မိတ်ဆွေတစ်ယောက်က ကျွန်ုပ်အား ဤကဲ့သို့သော စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်ဖြတ်သန်းဖို့ လိုအပ်လို့လားဟု မေးခဲ့သည်။ ထိုအရာကို ကျွန်ုပ်စဉ်းစားချင့်ချိန်ခဲ့ပြီးနောက်တွင် ထိုစစ်ကြောစုံစမ်းခြင်းသည် ထိုအချိန်ကာလ၌ ဘုရားသခင်ကကျွန်ုပ်အသက်တာအတွက်ထားရှိသော အလိုတော်ပင်ဖြစ်ကြောင်း ကျွန်ုပ်သိရှိခံစားခဲ့ရသည်။ ကျွန်ုပ်သင်ယူခဲ့ရသော သင်ခန်းစာများမှာ ကြောက်ခမန်းလိလိပင်။ ကျွန်ုပ်ကို နောက်ပြန်ဆွဲထားသော အခိုင်အမာရှိနေသည့်အရာများကို ကျွန်ုပ်ထံမှ ချွတ်ချခံခဲ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်ကိုပြန်လည်စူးစိုက်စေခဲ့ပြီး ယခုကျွန်ုပ်လုပ်ဆောင်နေသော အမှုတော်လုပ်ငန်းဆီသို့ လမ်းပြပို့ဆောင်ပေးခဲ့သည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်က ကျွန်ုပ်တို့ကို သင်ခန်းစာများ သင်ကြားပေးဖို့ ရှုံးနိမ့်ခြင်းကိုကြုံတွေ့ရန် ခွင့်ပြုထားသည်။ အမှုတော်လုပ်ငန်းတစ်ခု၌ သင့်ရဲ့ရည်ရွယ်ချက်ပန်းတိုင်များကို သင်မရောက်ရှိနိုင်ခဲ့သောကြောင့်

ထိုအမှုတော်ကို လုပ်ဆောင်ဖို့ဘုရားသခင်က သင့်ကိုမဆင့်ခေါ်ပါဟု မဆိုလိုပါ။ ကျွန်ုပ်တို့အနေဖြင့် သစ္စာရှိနေရမည်ဖြစ်ပြီး၊ ရလာဒ်ကိုဘုရားသခင်က ထိန်းချုပ်ထားပါသည်။ တမန်တော်ကြီးများသည် ကျောက်ခဲဖြင့် ပစ်ပေါက်ခံရခြင်း၊ မြို့ပြင်သို့ဆွဲထုတ်ခံရဖို့သက်သက်အတွက် မြို့တစ်မြို့ (သို့) မြို့ကြီးတစ်မြို့စီသို့ လမ်းပြဦးဆောင်ခြင်းကို ခံရသည့်အချိန်များလည်းရှိခဲ့ပါသည် (တမန်တော် ၇း၅၈၊ ၁၄း၁၉)။ သခင်ယေရှုက မိမိ၏တပည့်တော်များအား ၄င်းတို့သည် မြို့တစ်မြို့ထဲသို့ ဝင်ရောက်သောအခါ၊ ထိုမြို့က၄င်းတို့၏တရားဒေသနာကို ငြင်းပယ်ခဲ့ပါက ၄င်းတို့ခြေဖဝါးမှ ဖုန်ကိုခါချ၍ အခြားတစ်မြို့သို့သွားရန်ရှင်းရှင်းလင်းလင်း ပြောပြခဲ့သည်(မဿဲ ၁၀း၁၄ကိုကြည့်ပါ)။ အာဗြဟံသည်မိမိ၏တစ်ဦးတည်းသောသားကို ယူဆောင်၍သခင်ဘုရားထံ၌ ယဇ်ပူဇော်ရန် မိန့်ဆိုခြင်းခံခဲ့ရသည် (ကမ္ဘာဦး ၂၂ကိုကြည့်ပါ)။ အာဗြဟံသည် သားဖြစ်သူကို ယဇ်ပလ္လင်ထက်၌ ချည်နှောင်သောအခါ ဘုရားသခင်က သားဖြစ်သူကို ဓါးဖြင့်မထိမခိုက်ဖို့ပြောခဲ့ပြီး၊ ထိုအစားသိုးတစ်ကောင်ကို ပေးခဲ့သည်။ ဤအခြေအနေများအားလုံးကို ကျွန်ုပ်တို့မည်သို့နားလည်ကြရမည်နည်း။ ဤနေရာ၌ ကျွန်ုပ်တို့နားလည်သိမြင်ဖို့ လိုအပ်သောအရာမှာ ဘုရားသခင်၏ နည်းလမ်းများသည် ကျွန်ုပ်တို့၏နည်းလမ်းများနှင့် အလွန်ကွာခြားပါသည်ဟူသောအချက်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သင်ယူဖို့လိုအပ်သော သင်ခန်းစာများကို သင်ကြားပေးဖို့ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အကြွင်းမဲ့ ရှုံးနိမ့်မှုဟု ထင်မှတ်ရသောအရာဆီသို့ လမ်းပြဦးဆောင်သွားပါသည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏သစ္စာရှိမှုကို စမ်းသပ်ရန် ကျွန်ုပ်တို့ကို ဆင့်ခေါ်၍ လုပ်ဆောင်စေခဲ့သော အမှုတော်လုပ်ငန်းများကို စွန့်လွှတ်ရန် ကျွန်ုပ်တို့ကို ဆင့်ခေါ်ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့အားပေးထားသော ကောင်းကြီးမင်္ဂလာများကို အထံတော်သို့ပြန်လည်ပေးအပ်

စေပါသည်။ တစ်ခါတစ်ရံတွင် အစီအစဉ်များကိုရေးဆွဲရန် ကျွန်ုပ်တို့ကို ခွင့်ပြုပေးပြီးနောက် ထိုအစီအစဉ်များကို အထံတော်သို့စွန့်လွှတ်ပူဇော်ရန် တောင်းဆိုတတ်ပါသည်။ သင်သည်သခင်ဘုရားနှင့်အတူ အချိန်တိုင်းလျှောက်လှမ်းနေခဲ့လျှင် ဤနေရာ၌ကျွန်ုပ်ပြောပြနေသောအရာကို နားလည်သဘောပေါက်ပါလိမ့်မည်။ ဘုရားသခင်သည် မိမိ၏နိုင်ငံတော် အတွက် စွန့်လွှတ်ပူဇော်ခြင်းများစွာကိုပြုလုပ်ဖို့ သင့်ကိုဆင့်ခေါ်ပါလိမ့်မည်။ ထိုအရာသည် ဆုတောင်းခြင်း၌ဘုရားသခင်နှင့် သင်လုံးပန်း၍ ပြုလုပ်ခဲ့သော အစီအစဉ်များ ဖြစ်ကောင်းဖြစ်ပေမည်။ ဤအစီအစဉ်များကို လောကီဉာဏ် ပညာများဖြင့် သင်မရေးဆွဲခဲ့ကြောင်းကို သင်သိပါသည်။ ထိုအစီအစဉ်များသည် ဘုရားသခင်၏နိုင်ငံတော်အတွက်လည်းကောင်း၊ ဘုရားသခင်၏ ဘုန်းတော်အတွက်လည်းကောင်း စီစဉ်ရေးဆွဲခဲ့ပါသော်လည်း ထိုအစီအစဉ် များကို စွန့်လွှတ်ဖို့ဘုရားသခင်က သင့်ကိုယခုတောင်းဆိုကောင်းတောင်ဆိုနေပေလိမ့်မည်။

မောရှေသည် နှစ်ပေါင်းလေးဆယ်ကြာ ကန္တာရတောကြမ်းကိုဖြတ်၍ ဣသရေလလူမျိုးများအား ကတိတော်ထားရာပြည်ဆီသို့ ဦးဆောင်ခဲ့သည်။ မောရှေသည် ဣသရေလလူမျိုးများကို ကတိတော်ထားရာပြည်ထဲသို့ ရောက်သည်အထိ ဦးဆောင်သွားရန် ရည်ရွယ်ခဲ့သော်လည်း တစ်နေ့တွင် ဘုရားသခင်မောရှေထံ၌ပေါ်တော်မူပြီးသူသည် ဤအမှုကိုပြုလုပ်မည့်သူမဟုတ်ကြောင်း ပြောခဲ့သည်။ သူသည်မိမိကိုယ်စား ယောရှုကိုလုပ်ဆောင်စေဖို့ဖြစ်သည် (တရားဟောရာ ၃း၂၆-၂၈)။ သခင်ဘုရားအပေါ်၌ထားရှိသောဒါဝိဒ်၏ ချစ်ခြင်းမေတ္တာ ဓမ္မဟောင်းခေတ်ကာလတွင် ပြိုင်စံရှားဖြစ်ခဲ့သည်။ ဒါဝိဒ်၏ ပြင်းပြသောစိတ်ဆန္ဒမှာ ဘုရားသခင်၏ဘုန်းတော်အတွက်ဗိမာန်တော်ကို တည်ဆောက်ရန်ဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင်၏ ဘုန်းတော်အတွက် ဗိမာန်တော်ကိုတည်ဆောက်ရန် ရွှေငွေရတနာ

များကိုစုဆောင်း၍ မိမိ၏စည်းစိမ်ဥစ္စာကိုလည်း သီးသန့်ခွဲထားခဲ့သည်။ တစ်နေ့တွင်ဘုရားသခင်က သူသည်ဗိမာန်တော်ကို တည်ဆောက်မည့်သူမဟုတ်၊ သူ့အစား သားဖြစ်သူရှောလမုန်ကို တည်ဆောက်စေဖို့ ပြောခဲ့သည် (၅ရာ ၂၂း၇-၁၀ ကိုကြည့်ပါ)။ ဒါဝိဒ်သည် ဗိမာန်တော်အဖို့အလို့ငှါ မိမိ၏ရွှေငွေရတနာများကို သီးသန့်ခွဲလှူခြင်းဖြင့် လောကီဉာဏ်ပညာ၌ ကြံစည်လုပ်ဆောင်ခဲ့ပါသလား။ ဒါဝိဒ်သည် ဘုရားသခင်အတွက် ဗိမာန်တော်ကိုတည်ဆောက်ပေးဖို့ ရှာကြံရာ၌ တကိုယ်ကောင်းဆန်ခဲ့ပါသလား။ မောရှေ၏စိတ်နှလုံးနှင့်ဒါဝိဒ်၏စိတ်နှလုံးသည် ဘုရားသခင်၏ရှေ့တော်တွင် ဖြောင့်မတ်မှန်ကန်ခဲ့ကြကြောင်း ကျွန်ုပ်ယုံကြည်သည်။ သူတို့သည် ဘုရားသခင်၏ဘုန်းတော်အတွက် မိမိတို့၏ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ဘုရားသခင်၏အလိုတော်ကို လေးလေးနက်နက်ရှာကြံ၍လုပ်ဆောင်ခဲ့ကြပါသည်။

ကောရိန္သုမြို့သို့လာရောက်လည်ပတ်လိုခဲ့သော ရှင်ပေါလု၏စိတ်ဆန္ဒသည်လည်း ဘုရားသခင်၏ဘုန်းတော်အတွက်ဖြစ်၍၊ ဘုရားသခင်၏အလိုတော်ကိုရှာကြံခြင်းဖြင့် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ဤပုဂ္ဂိုလ်အသီးသီးက နားလည်ဖို့လိုအပ်ခဲ့သောအရာမှာ ထိုအစီအစဉ်များကို ရယူပိုင်ခွင့်နှင့်ပြောင်းလဲပိုင်ခွင့်တို့သည်ဘုရားသခင်၌ ရှိသည်ဟူသာအချက်ဖြစ်သည်။ ကျွန်ုပ်တို့နှလုံးသားကမြတ်နိုးတွယ်တာနေသောအရာကို စွန့်လွှတ်နိုင်ရန်မှာ ဘယ်သောအခါတွင်မျှမလွယ်ကူပါ။ ဘုရားသခင်က သင့်ကိုပေးအပ်ထားသောအမှုတော်လုပ်ငန်းကိုစွန့်လွှတ်ဖို့ ဘုရားသခင်ကိုယ်တိုင်က သင့်ကိုပြောဆိုလာလျှင် သင်စွန့်လွှတ်နိုင်ပါမည်လား။ သင့်ရဲ့အစီအစဉ်များကိုရော သင်စွန့်လွှတ်နိုင်ပါမည်လား။ ကောရိန္သုမြို့သို့သွားရောက် လည်ပတ်ရန်ဟူသောအစီအစဉ်ကိုစွန့်လွှတ်ဖို့ ဘုရားသခင်ကရှင်ပေါလုကိုပြောခဲ့သည်။ ရှင်ပေါလုသည်

လူ့ဉာဏ်ပညာဖြင့် အစီအစဉ်ကို မရေးဆွဲခဲ့ပါ။ ဘုရားသခင်ကိုသာ ရှာကြံခဲ့ပါသည်။ သို့သော် ထိုအစီအစဉ်များကို ယဇ်ပလ္လင်ထက်၌ စွန့်လွှတ်ပေးလျှဖို့ ဘုရားသခင်ကပြောလာသောအခါတွင်လည်း ရှင်ပေါလုလိုလိုလားလား ရှိခဲ့ပါသည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများသည် ၎င်းတို့ထံသို့ မိမိရေးပို့လိုက်သောအကြောင်းအရာများကို နားလည်ခဲ့ကြမည့်အကြောင်း စိတ်ချလျှက်ရှိသည် (ငယ် ၁၃)။ သို့သော်ရှင်ပေါလု၏ အမှုတော်လုပ်ငန်းကို လျှော့ပါးထိခိုက်စေလိုသောသူများရှိနေခဲ့ပါသည်။ ဤပုဂ္ဂိုလ်များက ကောရိန္သုမြို့သို့ လာရောက်လည်ပတ်မည်ဟုပြောခဲ့သော်လည်း လာရောက်လည်ပတ်ခြင်း မရှိခဲ့သည့်ရှင်ပေါလု၏ ပုံဥပမာကိုအသုံးပြု၍ ဤဒေသတစ်ဝိုက်တွင် ရှင်ပေါလု၏ ဂုဏ်သိက္ခာကိုဖျက်ဆီးဖို့ကြိုးစားနေကြပါသည်။ သို့သော်ရှင်ပေါလုက ဘုရားသခင်သည် သူ့ကိုပြန်လည်လမ်းညွှန်ခဲ့သောကြောင့် ထိုသို့လာရောက်လည်ပတ်ခြင်းကို မပြုနိုင်ကြောင်းကို ကောရိန္သုအသင်းသားများက နားလည်ခဲ့ကြမည်ဟု စိတ်ချလျှက်ရှိနေခဲ့သည်။ သူတို့သည်ရှင်ပေါလုနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ဂုဏ်ယူဝါကြွားခြင်းအကြောင်းဖြစ်ခဲ့သကဲ့သို့ ရှင်ပေါလုနှင့်လုပ်ဖော်ကိုင်ဖက်များသည် သူတို့၏ဂုဏ်ယူဝါကြွားခြင်းအကြောင်း ဆက်လက်၍ဖြစ်ကြမည့်အကြောင်း ရှင်ပေါလုစိတ်ချနေခဲ့သည် (ငယ် ၁၄)။

ဤနေရာ၌တွေ့ရသည့် ဂုဏ်ယူဝါကြွားခြင်းသည် အပြစ်မဟုတ်ပါ။ ရှင်ပေါလုနှင့် ကောရိန္သုအသင်းသားများသည် တစ်ဦးကိုတစ်ဦးနှစ်သက်အားရနေခဲ့ကြသည်။ ဖခင်ဖြစ်သူက မိမိ၏သား(သို့) သမီးအပေါ်၌ဂုဏ်ယူဝင့်ကြွားသကဲ့သို့လည်းကောင်း၊ ခင်ပွန်းဖြစ်သူသည်မိမိ၏ဇနီးသည်အပေါ်၌ ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့လည်းကောင်း၊ ရှင်ပေါလုသည် ကောရိန္သု

အသင်းသားများအပေါ်၌ ဂုဏ်ယူဝင့်ကြွား၍ ဝမ်းမြောက်နေခဲ့ပါသည်။ သူတို့ထံသို့ချက်ချင်းသွားရောက် လည်ပတ်ခြင်းကို မပြုလုပ်နိုင်သော်လည်း သူတို့သည်မိမိအတွက် ဂုဏ်ယူဝင့်ကြွားနေကြမည်ဟု ရှင်ပေါလုယုံကြည်ခဲ့သည်။

အခန်းငယ် ၁၅ က ကောရိန္ဒုအသင်းသားများ ကောင်းကြီးနှစ်ပြန်ခံစားစေဖို့အလို့ငှါ ရှင်ပေါလုသည် ၎င်းတို့ထံသို့နှစ်ကြိမ်တိုင်တိုင်သွားရောက်လည်ပတ်ဖို့ စီစဉ်ခဲ့ကြောင်း ကျွန်ုပ်တို့ကိုပြောပြသည်။ ရှင်ပေါလု၏အစီအစဉ်မှာမာကေဒေါနိပြည်သို့ သွားရောက်လည်ပတ်ရာလမ်းတွင် ကောရိန္ဒုအသင်းသားများကို ဝင်ရောက်လည်ပတ်၍၊ ထိုမာကေဒေါနိပြည်မှအပြန် ယုဒပြည်သို့သွားမည့်ခရီးစဉ်တွင်လည်း တစ်ဖန်ဝင်ရောက်လည်ပတ်ဖို့ဖြစ်သည်(ငယ် ၁၆)။ တမန်တော် ၁၉ နှင့် ၂၀တွင် ရှင်ပေါလု၏မာကေဒေါနိခရီးစဉ်အကြောင်းကိုလည်းကောင်း၊ ရှင်ပေါလု၏ တရားဟောပြောမှုများကြောင့် ထိုဒေသတစ်ဝိုက်၌ပေါ်ပေါက်ခဲ့သော ပြဿနာများအကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့ဖတ်ရှုရသည်။ ထိုဒေသ၌ဆက်လက်၍နေထိုင်လျှင် ရှင်ပေါလုသေဆုံးသွားခဲ့နိုင်သည်။ ထို့ကြောင့်အသက်ရှင်ဖို့အတွက် အစီအစဉ်များကိုပြောင်းလဲခဲ့ရသည်။ အခြားလမ်းကြောင်းကို ရွေးချယ်ဖို့ဘုရားသခင်က ရှင်ပေါလုကိုလမ်းညွှန်ခဲ့သည်။

ရှင်ပေါလုက ကောရိန္ဒုအသင်းသားများအား ဤခရီးစဉ်ကိုမိမိစီစဉ်ရေးဆွဲရာတွင် ပေါ့ပေါ့တန်တန်မလုပ်ခဲ့ကြောင်း အသိပေးခဲ့သည် (ငယ်၁၇)။ သူသည် ဤအစီအစဉ်များကို လောကီနည်းလမ်း (ဘုရားသခင်ကိုတိုင်ပင်ခြင်းမရှိခြင်း)ဖြင့် မလုပ်ဆောင်ခဲ့ပါ။ ပြောသည့်အတိုင်းမလုပ်သည့်သူများကို ကျွန်ုပ်တို့ကြုံဖူးကြပါသည်။ မိမိတို့မလုပ်နိုင်မှန်းသိလျှက်နှင့် မိုက်မိုက်မဲမဲ အစီအစဉ်ဆွဲကြသောသူများလည်းရှိသည်။ ဤပုဂ္ဂိုလ်များကို ကျွန်ုပ်တို့အားမကိုးနိုင်ပါ။ ကောရိန္ဒုအသင်းသားများက ဤနည်းလမ်းဖြင့် မိမိကိုရှုမြင်ဖို့

ရှင်ပေါလုမလိုချင်ပါ။ သူသည်တစ်ချိန်တည်းနှင့် "ဟုတ်တယ်" "မဟုတ်ဘူး" ဟုပြောတတ်သောသူမဟုတ်ခဲ့ပါ။ ထိုအစားသူသည် မိမိပြောဆိုချက်အပေါ်၌ သစ္စာရှိ တည်ကြည်ဖို့ အစွမ်းကုန်ကြိုးစားသောသူဖြစ်သည်။ အမှန်ဆိုရလျှင် ဤစာစောင်ကို ရှင်ပေါလုရေးသားခဲ့ခြင်းကပင် ဤကိစ္စများအား သူမည်မျှ အလေးအနက်ထားခဲ့သည်ကို ညွှန်ပြနေပါသည်။

ရှင်ပေါလုက မိမိ၏ခရီးစဉ်များကို ပြောင်းလဲခဲ့သောကြောင့် လူအချို့က ရှင်ပေါလု၏အမှုတော်လုပ်ငန်းကိုလည်းကောင်း၊ ရှင်ပေါလု၏ တရားဒေသနာများကိုလည်းကောင်း မယုံသင်္ကာဖြစ်၍ လက်ခံဖွယ်မရှိသော အရာအဖြစ် ပြောဆိုဖန်တီးဖို့ ကြိုးစားခဲ့ကြသည်။ အခန်းငယ် ၁၈ တွင် ရှင်ပေါလုက ၎င်းတို့ထံသို့ယူဆောင်လာခဲ့သော တရားတော်သည် ရှင်းလင်း၍ ဟုတ်မှန်မှုရှိကြောင်း ဖော်ပြခဲ့သည်။ သတင်းကောင်းတရားတော်သည် ရှုပ်ထွေးသောတရားမဟုတ်သကဲ့သို့ ဘုရားသခင်သည်လည်း နားလည်ရန် ခက်ခဲသော ဘုရားမဟုတ်ပါ။ အခန်းငယ် ၁၉တွင် ရှင်ပေါလုက ကောရိန္သု အသင်းသားများအား ၎င်းတို့ထံဟောပြောခဲ့သည့် သခင်ယေရှုသည် တစ်ခုတည်းသော "ဟုတ်မှန်၏" တရားဒေသနာကဲ့သို့ပင် အလွန်ရှင်းလင်း ပြတ်သားခဲ့ကြောင်း အသိပေးခဲ့သည်။ ဘုရားသခင်ပေးခဲ့သော ကတိတော်များ သည် "ဟုတ်မှန်၏" ကတိတော်များသာဖြစ်ကြသည်။ ဆိုလိုသည်မှာ ၎င်းတို့ သည်မှန်ကန်၍ သစ္စာတရားနှင့်ပြည့်သောကတိတော်များဖြစ်ကြသည်။ ၎င်းတို့သည် လူတို့အမြဲတမ်း မှီခိုအားထားနိုင်သော လှည့်ဖြားမှုနှင့်ကင်းသည့် ကတိတော်များဖြစ်ကြသည်။

ဤနေရာ၌တွေ့ရသည့် သတင်းကောင်းတရားတော်မှန်ကန်မှုနှင့် မှီခိုအားထားနိုင်မှုတို့အပေါ်၌ ရှင်ပေါလု၏သုံးသပ်ချက်များနှင့် ကောရိန္သု အသင်းသားများအား ကိုယ်တိုင်လာရောက်မတွေ့နိုင်ခြင်းတို့၏ ကြားရှိ

ဆက်စပ်မှုကို သတိပြုပါ။ ရှင်ပေါလုက မိမိ၏အသက်တာကို သတင်းကောင်း သမ္မာတရား၏ရောင်ပြန်ဟပ်မှုတစ်ခုဖြစ်စေချင်ခဲ့သည်။ ဤအတွက်ကြောင့် သူသည် မိမိ၏စကားကိုစောင့်စည်းလိုခဲ့ခြင်းဖြစ်သည်။ မိမိကတိပေးခဲ့သည့် အတိုင်း ကောရိန္သုအသင်းသားများထံ မလာရောက်နိုင်ခဲ့သောအခါ ထိုအရာ သည် ကောရိန္သုအသင်းသားများထံ၌ မိမိဟောပြောခဲ့သည့် သမ္မာတရား အပေါ်၌ထားရှိသော ကောရိန္သုအသင်းသားများ၏ စိတ်သဘောထားများကို ထိခိုက်သွားမည့်အကြောင်း ရှင်ပေါလုအလွန်စိုးရိမ်ခဲ့သည်။ ကျွန်ုပ်တို့၏ အသက်တာသည် ကျွန်ုပ်တို့ဟောပြောသော တရားဒေသနာကို ထင်ဟပ်နေရ ပါမည်။ ကျွန်ုပ်တို့သည် အားကိုးဖို့မထိုက်၊ သစ္စာမရှိလျှင် ဤအရာသည်ကျွန်ုပ် တို့ဟောပြောသောတရားတော်နှင့် စပ်လျဉ်း၍လူတို့ကိုမည်သို့ပြောပြနေမည် နည်း။

အခန်းငယ် ၂၀ နှင့် ၂၂ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသား များအား ဘုရားသခင်သည် သူတို့ကိုသခင်ခရစ်တော်၌ တည်စေမည့် အကြောင်းအသိပေးခဲ့သည်။ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ် တော်ကို ကြိုတင်စရံပေးမှုတစ်ခုအနေဖြင့် ၎င်းတို့၏အထဲ၌သွတ်သွင်း ထားခြင်းဖြင့် ထာဝရအသက်ကိုအာမခံထားပါသည်။ ဘုရားသခင်သည် သစ္စာ တရားနှင့်ပြည့်စုံ၍ ကတိပေးထားသည့်အတိုင်း ပြုမူသောသူလည်းဖြစ်သည်။ ဘုရားသခင်၏ ကတိတော်အားလုံးသည် ပြည့်စုံလာကြပါလိမ့်မည်။ ရှင်ပေါလု နှင့် ကောရိန္သုမြို့သို့လာရောက်လည်ပတ်လိုသောဆန္ဒအကြားတွင် အဆီးအ တားအနှောက်အယှက်များ ရှိခဲ့သော်လည်း ဘုရားသခင်နှင့်ကတိတော်များ ပြည့်စုံခြင်းတို့ကြားတွင် မည်သည့်အရာမှ မရပ်တည်နိုင်ပါ။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိကောရိန္သုမြို့သို့

မလာရောက်ရခြင်းမှာ သူတို့ကိုသနားသောကြောင့်ဖြစ်သည်ဟု အသိပေးရင်း ဤအခန်းကြီးကို နိဂုံးချုပ်ခဲ့သည်။ သူတို့ကိုသနားခြင်းဆိုသည်မှာ မည်သည့်အရာကိုဆိုလိုကြောင်း ရှင်ပေါလုကပြည့်ပြည့်စုံစုံရှင်းပြမထားပါ။ ဤအချိန်အခါ၌ရှင်ပေါလု ကောရိန္သုမြို့၌ရှိနေခဲ့လျှင် မယုံကြည်သူများကြား၌ လှုပ်လှုပ်ရှရှပြဿနာများဖြစ်ကောင်းဖြစ်လာနိုင်သည်။ ရှင်ပေါလု၏အသက်ကို ရန်ရှာ၍ရှင်ပေါလုသွားလေရာအသိုင်းအဝိုင်းများကြား၌ ပြဿနာကိုရှာသောသူများရှိသည်။ ဤသည်မှာ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပြောပြနေသည့်အရာ၏အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်ပါသလား။ မာကေဒေါနိပြည်၌ မိမိကြုံတွေ့ခံစားခဲ့ရသော ညှင်းပန်းနှိပ်စက်ခြင်းမျိုးကို ဤအချိန်အခါ၌အလားတူညှင်းပန်းနှိပ်စက်ခြင်းအား ကောရိန္သုမြို့ရှိအသင်းတော်ထံ၌ ဖြစ်ပွားစေရန်မှာ အမြော်အမြင်မရှိသော လုပ်ရပ်ဖြစ်သည်ဟု ရှင်ပေါလုမှတ်ယူခြင်းကြောင့် ဖြစ်နိုင်ပါသလား။

အခန်းငယ် ၂၄ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိရည်ရွယ်ချက်သည် ၎င်းတို့၏ယုံကြည်ခြင်းကို "အစိုးရ" ဖို့မဟုတ်ကြောင်း အသိပေးခဲ့သည်။ တစ်စုံတစ်ယောက်အပေါ်၌ အစိုးရခြင်းဆိုသည်မှာ ထိန်းချုပ်ခြင်းဖြစ်သည်။ ရှင်ပေါလုသည် မိမိ၏အမှုတော်လုပ်ငန်း၌ အရာအားလုံးကိုထိန်းချုပ်ထားဖို့ မရည်ရွယ်ခဲ့ပါ။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ အခြားသူများဝမ်းမြောက်ခြင်း၌ ရင့်ကျက်ကြီးထွားလာကြသည်ကို မြင်တွေ့ရဖို့ဖြစ်သည်။ ဤအချက်ကိုဖော်ပြဖို့ရှင်ပေါလုတိုက်တွန်းစေ့ဆော်ခံရခြင်းမှာ မိမိ၏အမှုတော်လုပ်ငန်းအား ဆန့်ကျင်ကြသောသူများ ကောရိန္သုမြို့၌ရှိကြောင်းကို ပြသရန်နောက်ထပ်ရည်ညွှန်းချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည်။ ရှင်ပေါလုသည် အရာအားလုံးကို ထိန်းချုပ်မင်းမူနေသည်ဟု ပြောသောသူများရှိခဲ့ပါသလား။

ရှင်ပေါလုကကောရိန္သုအသင်းသားများအပေါ်၌ ဆက်ကပ်အပ်နှံ

ထားမှုကို ၎င်းတို့စိတ်ချနေစေရန်အတွက် ဤစာစောင်ကိုရေးသားခဲ့ခြင်းဖြစ်သည်။ သူစီစဉ်ထားသည့်အတိုင်း သူတို့ထံသို့မလာရောက်နိုင်ခဲ့သော်လည်း သူ၏စိတ်ဆန္ဒမှာ ဝမ်းမြောက်ခြင်း၊ ယုံကြည်ခြင်းတို့၌ ၎င်းတို့ကြီးထွားလာကြသည်ကို မြင်တွေ့ရရန်ဖြစ်သည်။ ထိုသို့အားဖြင့် သူတို့သည်အဆုံးတိုင်ရပ်တည်သွားနိုင်ကြမည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်ရဲ့အစီအစဉ်များပြောင်းလဲခဲ့ရသည့် အဖြစ်မျိုးကိုသင်တွေ့ကြုံဖူးပါသလား။ ဘုရားသခင်က မိမိ၏ဘုန်းတော်အတွက်သင့်ရဲ့အစီအစဉ်များကို စွန့်လွှတ်ပေးအပ်ဖို့ သင့်ကိုတောင်းဆိုခဲ့ဖူးပါသလား။ ဥပမာတစ်ခုပေးပါ။
- သခင်ဘုရား၏ဘုန်းတော်အတွက် သင့်ရဲ့အစီအစဉ်များအားလုံးကို စွန့်လွှတ်ဖို့ လိုလိုလားလားရှိပါမည်လား။
- သင်ပေးထားသော ကတိများကို မစောင့်ထိန်းခဲ့ခြင်းအပေါ်၌ သင်တာဝန်ယူခဲ့ဖူးပါသလား။ ထိုကတိများနှင့် စပ်လျဉ်း၍ဘုရားသခင်က ယခုသင့်ကိုမည်သို့ ပြောပြနေပါသနည်း။
- လူ့ဉာဏ်ပညာဖြင့် စီစဉ်ရေးဆွဲသောအစီအစဉ်များနှင့် ဘုရားသခင်ကို စစ်မှန်စွာရှာကြံ၍ စီစဉ်ရေးဆွဲသောအစီအစဉ်များ၏ ကွဲပြားခြားနားချက်ကား အဘယ်နည်း။
- လူတို့သည် သင့်အားဖြင့်ဘုရားသခင်ကို မြင်တွေ့ကြလျှင် သူတို့မည်သည့်အရာကို မြင်တွေ့နေကြပါသနည်း။ သင်သည်ဘုရားသခင်၏ အကျင့်လက္ခဏာများအတွက် သာ၍ကြီးမားသောသက်သေတစ်ပါးမည်သို့ဖြစ်နိုင်မည်နည်း။ သတ်သတ်မှတ်မှတ်တိတိကျကျပြောပါ။

**ဆုတောင်းရန်အချက်များ**

- ဘုရားသခင်သည် မိမိကတိပေးထားသည့်အတိုင်း ပြုတော်မူ၍ ကျွန်ုပ်တို့ကို ပေးထားသောကတိတော်များ အထမြောက်ပြည့်စုံလာခြင်းကို မည်သည့်အရာကမျှ မတားဆီးနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- အရာခပ်သိမ်းကို သခင်ဘုရားထံ၌ ဆက်ကပ်ပေးအပ်နိုင်ဖို့ ကျေးဇူးတော်ကိုပေးသနားတော်မူရန် တောင်းလျှောက်ပါ။
- ဘုရားသခင်၏ ကြွန်အင်လက္ခဏာများကို ဤလောကီသားများထံ၌ ပြသနိုင်သော သာ၍ကောင်းမြတ်သည့် သက်သေတစ်ပါးဖြစ်လာဖို့ သင့်ကိုစွမ်းဆောင်ပေးရန် တောင်းလျှောက်ပါ။ သင့်အသက်တာ၌ ရင့်ကျက်ဖို့လိုနေသေးသည့် အကျင့်စာရိတ္တကို တိတိကျကျပြသပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။

# ၃
# ထိခိုက်နာကျင်ဖွယ်စာတစ်စောင်

၂ကော ၂း၁-၁၁ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက မိမိစီစဉ်ထားသည့်အတိုင်း လာရောက်မလည်ပတ်နိုင်ခြင်းအကြောင်းကို ကောရိန္သုမြို့ရှိ အသင်းတော်အားရှင်းပြဖို့ မည်သို့တိုက်တွန်းစေ့ဆော်ခံရသည့်အကြောင်းကို ကျွန်ုပ်တို့တွေ့ရှိခဲ့ကြသည်။ သူသည်ညှင်းပန်းနှိပ်စက်ခြင်းကြောင့် မာကေဒေါနိပြည်တစ်ဝိုက်ကို စွန့်ခွါသွားဖို့တွန်းအားပေးခံခဲ့ရသည်။ ဤအချက်သည် ရှင်ပေါလု၏ အစီအစဉ်များပြောင်းလဲရခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်ခဲ့သည်။ အခြားအကြောင်းအရင်းများလည်းရှိပါသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိလာရောက်မလည်ပတ်မီတွင် ၄င်းတို့၏ အပြစ်အတွက်နောင်တရကြဖို့ အချိန်အတိုင်းအတာတစ်ခုကို ပေးလိုခဲ့ပုံပေါ်သည်။ ရှင်ပေါလုက ၄င်းတို့ထံသို့အလွန်ထိခိုက်နာကျင်ဖွယ် စာတစ်စောင်ကို ရေးသားခဲ့ကြောင်း ဤအခန်းကြီးအားဖြင့် ကျွန်ုပ်တို့သင်ယူရသည်။ ထိုစာစောင်သည် ကောရိန္သုဩဝါဒစာပထမစောင်ဖြစ်နိုင်သည်။ ထိုသို့သာဖြစ်ခဲ့လျှင် ဤနေရာ၌ ရှင်ပေါလုပြောကြားနေသည့်အရာကို ကျွန်ုပ်တို့နားလည်နိုင်ပါသည်။ ကောရိန္သုဩဝါဒစာပထမစောင်တွင် ရှင်ပေါလုက အသင်းတော်အား ချင်းချင်းအပေါ်၌ ချစ်ခြင်းမေတ္တာကင်းမဲ့ကြခြင်းအတွက် အလွန်ပွင့်လင်းစွာဆုံးမခဲ့သည်။

၎င်းတို့ကြိုက်နှစ်သက်သော ခေါင်းဆောင်များကိုသာ နာခံလိုက်လျှောက်ခြင်းဖြင့် အသင်းတော်၌စိတ်ဝမ်းကွဲခြင်းကို ရပ်တန့်ကြဖို့ စိန်ခေါ်ခဲ့သည်။ ဖခင်ဖြစ်သူ၏ ဇနီးသည်နှင့် ကာမဆက်ဆံခြင်းကို ကျူးလွန်သောသူတစ်ယောက်အား အသင်းတော်၌ ခွင့်လွှတ်လက်ခံထားကြသည့်အတွက် သူတို့ကိုရှင်ပေါလုပြစ်တင်ရှုတ်ချခဲ့သည်။ ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများကို အသုံးပြုပုံ၌ စိတ်ဝမ်းကွဲနေကြခြင်းအတွက် သူတို့ကိုအပြစ်တင်ခဲ့သည်။ ကောရိန္သုဩဝါဒစာပထမစောင်သည် အလွန်ပြင်းထန်သော စာတစ်စောင်ဖြစ်သည်။ ဤအခန်းကြီး၌ ရှင်ပေါလုရည်ညွှန်းထားသောစာစောင်သည် ထိုစာစောင် (သို့) အခြားစာစောင်ဖြစ်နိုင်သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိလာရောက်လည်ပတ်ခြင်းသည် ၎င်းတို့အတွက် ထိခိုက်နာကျင်ဖွယ်လည်ပတ်ခြင်းဖြစ်မည်ကို မလိုလားသောကြောင့် လာရောက်မလည်ပတ်ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည် (ငယ် ၁)။ ဤအချက်ကိုကြည့်ခြင်းဖြင့် ကောရိန္သုအသင်းသားများထံသို့ ရှင်ပေါလုနောက်ဆုံးအကြိမ် လာရောက်လည်ပတ်စဉ်၌ အသင်းတော်တွင် ဖြေရှင်းဖို့လိုအပ်သည့်ပြဿနာများစွာ ရှိနေခဲ့လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ရသည်။ ပြဿနာကိုမဖြေရှင်းဘဲ ဒီအတိုင်းထားခဲ့သည့်အကျင့်မျိုး ရှင်ပေါလုတွင် မရှိပါ။ အမှားကိုထောက်ပြပြင်ဆင်ပေးဖို့ လိုအပ်သောအရာများကို ပွင့်ပွင့်လင်းလင်း ပြောဆိုရန် သူဝန်မလေးပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် အသင်းတော်၏ ကောင်းရာကောင်းကျိုးအတွက် ဖြစ်သော်လည်း ထိုသို့ပြုလုပ်ခြင်းသည် ထိုအခိုက်အတန့်တွင် ကောရိန္သုအသင်းသားများအတွက် အလွန်ထိခိုက်နာကျင်ဖွယ်ဖြစ်ခဲ့ပါလိမ့်မည်။ ရှင်ပေါလုသည် မိမိကြောင့်ဖြစ်ရသော ထိခိုက်နာကျင်မှုကို စာနာခဲ့သည်။ သူသည် ကောရိန္သုမြို့ရှိ ယုံကြည်သူများကို ဆောက်တည်

ရာမရအခြေအနေမျိုး၌ မရှိစေချင်ခဲ့ပါ။ အမှားအားလုံးကို ထောက်ပြပြင်ဆင်ပေးလိုသော မိမိ၏အကျင့်ကိုလည်း နားလည်သဘောပေါက်နေခဲ့သည်။ ထို့ကြောင့် ကောရိန္သုမြို့သို့ မသွားရန်ဆုံးဖြတ်ခဲ့သည်။ ထိုမြို့သို့သွားရောက်ပြီး အမှားများကို ထောက်ပြပြင်ဆင်ပေးခြင်းဖြင့် ၄င်းတို့၌ရှိပြီးသားထိခိုက်နာကျင်မှု၌ နောက်ထပ်ထိခိုက်နာကျင်မှုကို ထပ်ပေးဖို့ရှင်ပေါလုမလိုချင်ခဲ့ပါ။ ပြဿနာကိုသူတို့ဖာသာကိုင်တွယ်ဖြေရှင်းကြဖို့ အချိန်တစ်ခုကိုပေးဖို့ရှင်ပေါလုဆုံးဖြတ်ခဲ့သည်။

ခရစ်ယာန်ခေါင်းဆောင်များအနေဖြင့် စကားတစ်ခွန်းမှမပြောဘဲနေခြင်းကပို၍ ကောင်းသောအချိန်များရှိတတ်သည်။ ရှင်ပေါလု၏အကျင့်မျိုး ကျွန်ုပ်၌လည်းရှိလေ့ရှိသည်။ ပြဿနာကိုမြင်ရလျှင် ကျွန်ုပ်ဖြေရှင်းလိုက်ချင်သည်။ ကျွန်ုပ်သင်ယူဖို့လိုအပ်သောအရာမှာ အခြားသူများ၏အားနည်းချက်များကို သည်းခံတတ်ရန်ဖြစ်သည်။ သခင်ဘုရား၌တည်နေသော ညီအစ်ကိုမောင်နှမများကို အသက်တာပြောင်းလဲပေးဖို့ မာမာကျောကျောကြိုးစားပြုမူခဲ့ခြင်းဖြင့် သူတို့ကိုစိတ်ပျက်ဝမ်းနည်းစေခဲ့သည့်အချိန်များ ကျွန်ုပ်၌ရှိခဲ့သည်။ တစ်ခါတစ်ရံတွင် ပြဿနာများကို ဘုရားသခင်၏လက်တော်၌ ဆက်ကပ်အပ်နှံ၍ ဤအခြေအနေများ၌ လှုပ်ရှားဖို့ဘုရားသခင်ကို ယုံကြည်ကိုးစားဖို့သာလိုအပ်သည်။ မြောက်မြားစွာသောအချိန်တွင် ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်ရမည့်အလုပ်ကို လုပ်နေကြပါသည်။ ရှင်ပေါလုကကောရိန္သုအသင်းတော်ရှိအမှားဟု သူသိထားသည့်အရာကို လျစ်လျူမရှုခဲ့နိုင်ပါ။ သို့သော်သန့်ရှင်းသော ဝိညာဉ်တော်ကသူလုပ်နိုင်ခဲ့မည့်အရာထက် ပို၍လုပ်ဆောင်နိုင်ကြောင်းကို ရှင်ပေါလုသိနေခဲ့သည်။ ထို့အပြင်ထိုမြို့သို့ မိမိရောက်ရှိလာခြင်းဖြင့်အသင်းသားများကို ဆောက်တည်ရာမရဖြစ်စေမည့်

အကြောင်းကို ရှင်ပေါလုသိနေခဲ့သည်။ ထို့ကြောင့်သူတို့ကို နေရာနှင့်အချိန် အချို့ကိုပေးဖို့ရွေးချယ်ခဲ့သည်။ ထိုအချိန်သည် သူတို့ထံသို့သွားရောက် လည်ပတ်ဖို့အချိန်ကောင်းမဟုတ်ခဲ့ပါ။ သူတို့သည် ပို၍နူးညံ့ပျော့ပြောင်းသော နည်းလမ်းဖြင့် ဖေးမကူညီပေးမည့်သူတစ်ယောက်ကို လိုအပ်နေခဲ့ကြသည်။ ထိုပုဂ္ဂိုလ်သည် မိမိမဟုတ်ကြောင်း ရှင်ပေါလုနားလည်ခဲ့သောကြောင့် မသွားဖို့ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဤယုံကြည်သူများအား ၎င်းတို့ခံစားသင့်သည့် ဝမ်းနည်းကြေကွဲခြင်း ထက်ပို၍မခံစားစေဖို့ ရှင်ပေါလု၌နောက်ထပ်အကြောင်းအရင်းရှိနေသည်။ ရှင်ပေါလုစိတ်ပျက်အားလျော့ခဲ့သောအချိန်များ၌ ဤယုံကြည်သူများ၏ ခွန်အားပေးတိုက်တွန်းခြင်းကို လိုအပ်ခဲ့သည် (ငယ် ၂)။ ဤယုံကြည်သူများ သည်ပကတိပြည့်စုံသောသူများမဟုတ်ကြသည်မှာ မှန်ပါသည်။ သခင်ဘုရား နှင့်၎င်းတို့အတူလျှောက်လှမ်းရှင်သန်ခြင်းတွင် အများကြီးလိုအပ်လျက်ရှိကြ သည်။ သို့သော်တစ်ချိန်တည်းတွင် ရှင်ပေါလု၌လည်း ထိုယုံကြည်သူများကို လိုအပ်လျက်ရှိကြောင်း၊ ထိုသူတို့သည် မိမိလုပ်ဆောင်နေသောအမှုတော်၌ တစ်စုံတစ်ခုကို ထည့်ဝင်နိုင်ကြောင်း စသည်တို့ကိုအသိအမှတ်ပြုနိုင်သော စိတ်နှလုံး နှိမ့်ချခြင်းရှိနေခဲ့သည်။ ၎င်းတို့သာမပါလျှင် မိမိ၏သာသနာ လုပ်ငန်းနှင့် မိမိ၏ဝိညာဉ်ရေးရာလျှောက်လှမ်းခြင်းမှာ ဒုက္ခရောက်သွားမည်ကို သိနေခဲ့သည်။ ဤအချက်က ကျွန်ုပ်တို့သည်ဝိညာဉ်ရေးရာ၌ မရင့်ကျက်ကြ သေးသော်လည်း ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် တစ်စုံတစ်ခုကို ထည့် ဝင်ပံ့ပိုးနိုင်ကြကြောင်းကို ပြသနေပါသည်။ ထို့အပြင်အားအနည်းဆုံးယုံကြည် သူကိုပင် ကျွန်ုပ်တို့လိုအပ်လျက်ရှိကြောင်းကို အသိအမှတ်ပြုနိုင်လောက်သည့် စိတ်နှလုံးနှိမ့်ချခြင်းရှိဖို့ လိုအပ်ပုံကိုလည်း ကျွန်ုပ်တို့အား သွန်သင်ပေးပါသည်။

ခန္ဓာတော်ရှိ လူတိုင်းတွင် အခန်းကဏ္ဍတစ်ခုစီရှိကြသည်။ သင်သည်ထူးချွန်ပြောင်မြောက်သော သင်းအုပ် (သို့) ဆရာတစ်ပါးဖြစ်ကြောင်း ဖြစ်နေနိုင်ပါသော်လည်း သင်တို့၏အသင်းတော်ရှိ အားအနည်းဆုံးယုံကြည်သူထံမှ သင်ယူနိုင်ပါသေးသည်။ ဤအချက်ကို အသိအမှတ်ပြုရန် ရှင်ပေါလုတွင် နှိမ့်ချခြင်းရှိခဲ့သည်။

ကျွန်ုပ်တို့တစ်ကိုယ်တည်း ရှင်သန်နေထိုင်၍အမှုတော်ကို ဆောင်ရွက်ရန်ပုံသွင်းဖန်တီးမထားပါ။ ရှင်ပေါလုက သူ့အတွက်ဆုတောင်းဖို့ သူ့ကိုခွန်အားပေးဖို့အခြားသူများကို လိုအပ်ကြောင်းနားလည်ခဲ့သည်။ ရှင်ပေါလုတွင်လည်း စိတ်ပျက်အားလျော့ရသည့်အချိန်များ အမှုတော်တွင်ရှိခဲ့ပါသည်။ ဤကဲ့သို့သောအချိန်များတွင် ဘုရားသခင်သည် သူ့ကိုထူမပေးဖို့နှင့် ယုံကြည်ခြင်းနှင့် ဝိညာဉ်စွမ်းရည်ဆုကျေးဇူးတို့အတွက် သူ့ကိုခွန်အားပေးဖို့ မိတ်ဆွေယုံကြည်သူများကို အသုံးပြုပါလိမ့်မည်။ ဤကဲ့သို့သောစိတ်ပျက်အားလျော့ခြင်းမျိုးကို သင်ကြုံတွေ့နေရလျှင် သင့်ကိုကိုယ်ချင်းစာနားလည်ပေးနိုင်သည့် အခြားယုံကြည်သူတစ်ယောက်ယောက် သင်ရှာဖို့လိုသည်။ သူတို့ကိုသင့်အားခွန်အားပေးစေ၍ သင့်ကိုကောင်းကြီး တောင်းပေးစေရမည်။ ကျွန်ုပ်တို့တကိုယ်တော် အမှုတော်မဆောင်နိုင်ပါ။ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်လိုအပ်ကြသည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများထံရေးပို့ခဲ့သောစာတစ်စောင်အကြောင်းကို အထူးပြောပြထားသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့ထံသို့မိမိလာရောက်လည်ပတ်သောအခါ၌မိမိစိတ်မဆင်းရဲရလေအောင် ဤစာကိုရေးခဲ့သည်ဟုပြောပြထားသည်။ သူတို့သည် အသင်းတော်အတွင်း၌ရှိနေသော အပြစ်ဒုစရိုက်များကို ကိုင်တွယ်

ဖြေရှင်းကြမည့်အကြောင်း ရှင်ပေါလုကရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ အပြစ်ဒုစရိုက်ဖြေရှင်းပြီးချိန် ရှင်ပေါလုလာရောက်လည်ပတ်သောအခါ၌ သူမြင်တွေ့ရသောအရာများဖြင့် ခွန်အားသစ်ရလိုခဲ့သည်။ ကနဦး၌ရေးသား ပေးပို့ခဲ့သောစာသည် အလွန်ပြင်းထန်တင်းမာခဲ့ပါသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည်ထိုစာကိုအလွန်ခက်ခက်ခဲခဲရေးသား ခဲ့ရကြောင်း အခန်းငယ် ၄ တွင် ပြောပြခဲ့သည်။ ရှင်ပေါလု၏စိတ်နှလုံးသည် ကောရိန္သုယုံကြည်သူများအတွက်လည်းကောင်း၊ ထိုအသင်းတော်၌ ဖြစ်ပျက် နေသောအရာများအတွက်လည်းကောင်း အကြီးအကျယ်ဖိစီး၍ မချိတင် ကဲဝေဒနာကို ခံစားခဲ့ရသည်။ ထိုစာကို မျက်ရည်စက်များနှင့်အတူ ရေးသားခဲ့ ကြောင်း ပြောပြခဲ့သည်။ သို့သော် သူတို့အပေါ်၌ထားရှိသော ချစ်ခြင်းမေတ္တာ ကြောင့် ထိုစာကိုရေးသားဖို့လိုအပ်ကြောင်း ရှင်ပေါလု ခံစားခဲ့သည်။ သူတို့ လက်ရှိလျှောက်လှမ်းနေသောလမ်းကို ရှင်ပေါလုက ဆက်လက်မလျှောက်စေ ချင်ခဲ့ပါ။ သူတို့၏အမှားကို ထောက်ပြ၍ မပြင်ဆင်ပေးဘဲ မနေနိုင်လောက် အောင်ရှင်ပေါလုက သူတို့ကိုချစ်ခဲ့သည်။ ထိုစာသည် ရေးသားဖို့အလွန် ခက်ခဲခဲ့သော်လည်း ထိုသို့ရေးသားပေးပို့ခဲ့ခြင်းသည် သူတို့၏ကောင်းရာ ကောင်းကျိုး အတွက်ဖြစ်ခဲ့သည်။

အခန်းငယ် ၅ တွင် ရှင်ပေါလုက သူ့ကိုလည်းကောင်း၊ အသင်းတော် တစ်ခုလုံးကိုလည်းကောင်း ပူဆွေးသောကရောက်စေခဲ့သော ပုဂ္ဂိုလ်တစ် ယောက်အကြောင်းကို ပြောပြခဲ့သည်။ ထိုပုဂ္ဂိုလ်မည်သူမည်ဝါဖြစ်သည်ကို ကျွန်ုပ်တို့အား ပြောပြမထားပါ။ သို့သော် ၁ကော ၅း၁-၃တွင် ကောရိန္သုအသင်း တော်မှ လူတစ်ယောက်အကြောင်း ရှင်ပေါလုပြောဆိုထားချက်ကို ကျွန်ုပ်တို့ ဖတ်ရှုရသည်။

“မတရားသောမေထုန်သာမညမဟုတ် အဘ၏မယားကိုသိမ်းယူခြင်းတည်းဟူသော သာသနာပလူတို့တွင်ပင် မကြားရသောမေထုန်၌မှီဝဲသောသူသည် သင်တို့တွင်ရှိကြောင်းကို အနှံ့အပြားကျော်စောကြ၏။ ထိုသို့ပြုသောသူကို သင်တို့အထဲမှ နှင်ထုတ်မည်အကြောင်း၊ စိတ်မသာ ညည်းတွားခြင်းကိုမပြု၊ မာနထောင်လွှားလျက်နေကြ၏။ ထို့ကြောင့် ငါသည်ကိုယ်ခန္ဓာအားဖြင့် သင်တို့နှင့်ကွာလျက်ရှိသော်လည်း၊ ဝိညာဉ်အားဖြင့် မကွာ၊ ကိုယ်တိုင်သင်တို့နှင့်အတူ ရှိသကဲ့သို့ ထိုသို့ကျင့်သောသူကို ယခုပင်ငါစီရင်ပြီ။”

ရှင်ပေါလုက အသင်းတော်အား ထိုပုဂ္ဂိုလ်နှင့် ထိုပုဂ္ဂိုလ်၏အပြစ်အတွက်၄င်းတို့အနေဖြင့် ပူဆွေးသောကရောက်သင့်ကြကြောင်း ပြောခဲ့သည်ကိုအထူးသတိပြုပါ။ ဤပုဂ္ဂိုလ်သည် ဤအခန်းငယ် ၅ ၌ ရှင်ပေါလုပြောပြနေသည့် ပုဂ္ဂိုလ်ဖြစ်နိုင်ပါသလား။ သူသည်ဤပုဂ္ဂိုလ်၏အပြုအမူအပေါ်၌သာ ဝမ်းနည်းပူဆွေးရသည်မဟုတ်၊ အသင်းတော်တစ်ခုလုံးအတွက်လည်း ဝမ်းနည်းပူဆွေးနေခဲ့ရကြောင်း သူတို့ကိုပြောပြခဲ့သည်။

ရှင်ပေါလုက ဤပုဂ္ဂိုလ်အပေါ်၌ ပေးထားသောအပြစ်ဒဏ်သည် လုံလောက်မှုရှိကြောင်း အသင်းတော်ကိုအသိပေးခဲ့သည်။ ကောရိန္သုဩဝါဒစာ ပထမစောင်တွင် ရှင်ပေါလုက ကာမဂုဏ်လွန်ကျူးခြင်းအပြစ်ကို ကျူးလွန်ခဲ့သောသူကို ပြစ်တင်ဆုံးမကြဖို့ အသင်းတော်ကို စိန်ခေါ်ခဲ့သည်။ သူတို့သည် ရှင်ပေါလုကို နာခံခဲ့ကြသည်မှာ ထင်ရှားသည်။ သူတို့သည်ထိုပုဂ္ဂိုလ်အပေါ်၌ အနည်းငယ်ပြင်းထန်သွားဟန်ရှိသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အလွန်ဝမ်းနည်းကြေကွဲခြင်းကြောင့် မည်သို့တုန့်ပြန်ရမှန်းမသိအောင် မဖြစ်ဖို့ ယခုပင်

ထိုပုဂ္ဂိုလ်ကိုခွင့်လွှတ်၍ နှစ်သိမ့်ခွန်အားပေးကြဖို့ အသင်းတော်ကို အသိပေးခဲ့သည် (ငယ် ၇)။ ရှင်ပေါလုက ကောရိန္သုမြို့ရှိယုံကြည်သူတို့အား ထိုပုဂ္ဂိုလ်ကို ပြန်လည်ရပ်တည်ပေးကြ၍၊ အသင်းတော်တစ်ပါးအဖြစ်နှင့် ထိုပုဂ္ဂိုလ်ကို ပြန်လည်အားပေးကြဖို့ စိန်ခေါ်ခဲ့သည်။

ဤနေရာ၌ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဆက်ဆံနေပုံနှင့် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ထိုညီအစ်ကိုအား ဆက်ဆံစေလိုသည့်ပုံတို့၏ ဆက်စပ်နေမှုကို မှတ်သားရန်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ ရှင်ပေါလုက သူသည်ကောရိန္သုအသင်းသားများအတွက်မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုမဖြစ်မည့်အကြောင်း ကောရိန္သုအသင်းသားများထံသို့ မလာရောက်ရန် ရွေးချယ်ခဲ့သည်။ သူတို့၏ အသက်တာများကို ပြောင်းလဲရန်နှင့် သူတို့၏အပြစ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ခွန်အားပေးတိုက်တွန်းခြင်းတို့နှင့်အတူ သူတို့ကိုဆောက်တည်ရာမရ မဖြစ်စေချင်ခဲ့ပါ။ သူတို့သည် လိုအပ်သည်ထက်ပို၍ ဆုံးမပဲ့ပြင်ခံရသောကြောင့် အသက်တာ၌ စိတ်ဓါတ်ကျသွားနိုင်ကြသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား အသင်းတော်၌ ၄င်းတို့ကိုဝမ်းနည်းကြေကွဲစေခဲ့သည့်သူကိုဆက်ဆံရာတွင်လည်း ဤဟန်ချက်ညီမှုကို ရှိထားစေချင်ခဲ့သည်။

ဤနေရာ၌ ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြနေသည့်အရာကို ရှင်းလင်းဖေါ်ပြလိုသည်။ ကျွန်ုပ်တို့၏အသင်းတော်များ၌ သန့်ရှင်းစင်ကြယ်ခြင်းကို ထိန်းသိမ်းထားရန် ကျွန်ုပ်တို့လုပ်နိုင်သောအရာအားလုံးကို လုပ်ဆောင်ကြရန်မှာ အရေးကြီးသည်။ သို့သော် ထိုသို့ပြုလုပ်သောအခါတွင် ကျွန်ုပ်တို့သတိထားရမည့်အချက်မှာ ကျွန်ုပ်တို့အတင်းအကျပ်လုပ်လွန်းလျှင် ကျွန်ုပ်တို့ကူညီပေးနေသူများ၏ စိတ်ဓါတ်ကိုပျက်ပြားသွားစေနိုင်ပါသည်။ စည်းကမ်း

ဖြင့်ကြပ်မတ်ရာတွင် ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာကိုအမြဲသတိရနေရမည်။ မတရားလွန်ကဲသော တင်းမာခြင်း၊ အထင်သေးခြင်းတို့ဖြင့် ဆက်ဆံခံရသောကြောင့် လူအမြောက်အမြားသည် အသင်းတော်များကို စွန့်ခွါသွားခဲ့ကြပါသည်။ အသင်းတော်၏ စိတ်ဆန္ဒမှာ ဤယုံကြည်သူများက မိမိတို့၏အပြစ်ဒုစရိုက်များအား ကိုင်တွယ်ဖြေရှင်းကြသည်ကို မြင်တွေ့ရဖို့ဖြစ်ပေမည်။ မှားယွင်းနေသည့်အရာသည် သန့်ရှင်းစင်ကြယ်ခြင်းကို လိုချင်သောအမှုတွင်မဟုတ်၊ ထိုသန့်ရှင်းစင်ကြယ်ခြင်းကို ဖော်ဆောင်သောနည်းလမ်းတွင်ဖြစ်သည်။ ကျွန်ုပ်တို့သည်သားသမီးများကို ဆုံးမပဲ့ပြင်ဖို့လိုအပ်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ သားသမီးများက သခင်ခရစ်တော်ကို ယုံကြည်လက်ခံ၍၊ သခင်ခရစ်တော်အတွက် ရှင်သန်ကြသည်ကို မြင်တွေ့ရရန် ကျွန်ုပ်တို့အလွန်စိတ်အားထက်သန်ကြသောကြောင့် သူတို့ကိုဆောက်တည်ရာမရနှင့် ဝမ်းနည်းကြေကွဲစေနိုင်ကြပါသည်။ အပြစ်ပေးခြင်းနှင့် ခွန်အားပေးတိုက်တွန်းခြင်းတို့ကြားတွင် ဟန်ချက်ညီမျှတမှုကိုရရှိရန်မှာ အမြဲမလွယ်ကူပါ။

သားသမီးတစ်ယောက် (သို့) အသင်းဝင်တစ်ယောက်ကို ဆုံးမပဲ့ပြင်ခဲ့ပြီးလျှင် မိမိတာဝန်ပြီးဆုံးသွားပြီဟု ထင်မှတ်နေသောသူများရှိသည်။ ဆုံးမပဲ့ပြင်ခြင်းသည် အဆုံးသတ်မဟုတ်ပါ။ ဆုံးမပဲ့ပြင်ခြင်း၏ ရည်မှန်းချက်မှာ အသီးသီးသော အသင်းဝင်တစ်ယောက်အဖြစ်နှင့်ရင့်ကျက်လာ၍ ခရစ် တော်၏ကိုယ်ခန္ဓာတော်၌ ပြန်လည်ပေါင်းစပ်ရန်ဖြစ်သည်။ ဤသည်မှာ ကောရိန္သုအသင်းသားများအား ရှင်ပေါလုပြောပြနေသောအရာဖြစ်သည်။ သူတို့ကို ဝမ်းနည်းကြေကွဲစေခဲ့သော အသင်းသားတစ်ယောက်ကို သူတို့ဆုံးမပဲ့ပြင်ခဲ့ပြီးသော်လည်း၊ သူတို့၏တာဝန်မှာ မပြီးဆုံးသေးပါ။ သူတို့သည်ထိုပုဂ္ဂိုလ်ကိုပြန်လည်လက်ခံ၍ သခင်ခရစ်တော်၌ ရင့်ကျက်လာရန် ခွန်အားပေးတိုက်တွန်းရမည်ဖြစ်သည်။

ဤပုဂ္ဂိုလ်သည် ရှင်ပေါလုကို အလွန်အမင်းဝမ်းနည်းကြေကွဲစေခဲ့သော်လည်း အသင်းတော်ကသာ ဤပုဂ္ဂိုလ်ကို ခွင့်လွှတ်ပေးလျှင် ရှင်ပေါလုအနေနှင့်လည်း ၄င်းကျူးလွန်ခဲ့သော အမှားများအားလုံးကို ခွင့်လွှတ်ပေးခဲ့ပါလိမ့်မည် (ငယ် ၁၀)။ ရှင်ပေါလုက အသင်းတော်အား စာတန်သည်၄င်းတို့ကိုအနိုင်မပိုင်းစေမည့်အကြောင်း ဤပြဿနာကိုဖြေရှင်း၍ ထိုပုဂ္ဂိုလ်အားခွင့်လွှတ်ပေးဖို့ လိုအပ်ကြောင်း အသိပေးခဲ့သည် (ငယ် ၁၁)။ စာတန်သည်အသင်းတော်က ထိုပုဂ္ဂိုလ်ကိုခွင့်မလွှတ်စေဖို့ ဆီးတားထားရန်မှာ လွယ်ကူပါလိမ့်မည်။ ခွင့်လွှတ်ပေးလိုစိတ်မရှိခြင်းက ကောရိန္သုအသင်းသားများကို ဘုရားသခင်၏ကောင်းကြီးမင်္ဂလာမှ ဆီးတားထားပါလိမ့်မည်။ ဤပုဂ္ဂိုလ်က မိမိ၏လုပ်ရပ်များဖြင့် အသင်းတော်ကို ဝမ်းနည်းကြေကွဲစေခဲ့သော်လည်း အသင်းတော်အနေဖြင့် ထိုပုဂ္ဂိုလ်အား ခွင့်မလွှတ်ပေးခြင်းဖြင့် သူတို့သည်သခင်ဘုရားကိုဝမ်းနည်းကြေကွဲစေနိုင်ပါသည်။

သခင်ယေရှုကလည်း ဤအခြေခံစည်းမျဉ်းဥပဒေသကို ခရစ်ဝင်ကျမ်းများ၌ သွန်သင်ပေးခဲ့ပါသည်။ မဿဲ ၁၈း၆ ၌သခင်ယေရှု၏ပြောဆိုထားချက်ကို နားထောင်ကြည့်ပါ။

> "ငါ့ကိုယုံကြည်သော ဤသူငယ်တစုံတယောက်ကို အကြင်သူသည်မှားယွင်းစေ၏။ ထိုသူသည် လည်ပင်း၌ကြိတ်ဆုံကျောက်ကိုဆွဲ၍နက်နဲ သောပင်လယ်၌ နှစ်မြှုပ်ခြင်းကို ခံရလျှင်အနေသာ၍ ကောင်း၏။"

စာတန်သည် အလွန်ဉာဏ်များသောရန်သူဖြစ်သည်။ သူသည် သခင်ဘုရားကို အမှန်တကယ်ချစ်မြတ်နိုး၍ သမ္မာတရားကိုတောင့်တသောသူများအား ဤနေရာ၌ရှင်ပေါလုပြောပြခဲ့သည့် ဟန်ချက်ညီမျှတမှုကို မမြင်

နိုင်အောင်လုပ်ဆောင်နိုင်ပါသည်။ ဝိညာဉ်ရေးရင့်ကျက်ခြင်းဆိုသည်မှာ တစ်ဘဝလုံး လုပ်ဆောင်ရသည့်အရာဖြစ်သည်။ ဤဘဝတွင် ကျွန်ုပ်တို့သည် ပကတိပြည့်စုံခဲ့ကြမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ဖြစ်တည်နေမှုအတိုင်း ဘုရားသခင်က ကျွန်ုပ်တို့ကို အသုံးပြုနိုင်သောကြောင့် နာမတော်ကို ချီးမွမ်းပါ။ ဝိညာဉ်ရေးရင့်ကျက်ခြင်းဆီသို့ ကျွန်ုပ်တို့လျှောက်သွားရာလမ်း၌ ကျွန်ုပ်တို့ကို ချစ်ခြင်းမေတ္တာနှင့်တကွ စေ့ဆော်တိုက်တွန်းပေးသောသူများအတွက်လည်း သခင်ဘုရားကို ချီးမွမ်းပါ။

လွန်ခဲ့သောနှစ်ကာလအချို့က လူငယ်တစ်ဦးကို ကျွန်ုပ်ဦးဆောင်နေသည့် သမ္မာကျမ်းစာလေ့လာခြင်းအဖွဲ့ဆီသို့ ဆောင်ယူလာရသော အခွင့်ထူးတစ်ခုကို ကျွန်ုပ်ရရှိခဲ့သည်။ ဤလူငယ်သည် အလွန်ခက်ခဲကျပ်တည်းသော မိသားစုအသိုင်းအဝိုင်းတစ်ခုမှဖြစ်သည်။ သူသည်မူးယစ်ဆေးဝါးများ၊ အရက်သေစာသောက်စားခြင်းများနှင့် ကာမဂုဏ်လွန်ကျူးခြင်းထောင်ချောက်၌ ကျော့မိနေခဲ့သူဖြစ်သည်။ ဘုရားသခင်သည် သူ့အသက်တာ၌ အံ့အားသင့်ဖွယ် အလုပ်လုပ်ခဲ့ပြီး၊ သူ့ကိုမူးယစ်ဆေးဝါး၊ အရက်သေစာသောက်စားခြင်းတို့အပေါ်၌ အောင်နိုင်ခွင့်ကိုပေးတော်မူခဲ့သည်။ တစ်နေ့တွင် ထိုသူကကျွန်ုပ်အား "ဝိန်းရေ . . . . ကျွန်တော်ဆုံတွေ့ရတဲ့ခရစ်ယာန်တွေက ကျွန်တော်ဆေးလိပ်သောက်နေတာကိုပဲ အမြဲပြောနေကြတယ်၊ ဘုရားသခင်က ကျွန်တော်ကိုပေးထားပြီးဖြစ်တဲ့ အောင်နိုင်ခြင်းကိုတော့ သူတို့မသိကြဘူး။ သူတို့မြင်နေတဲ့အရာက ကျွန်တော်အခုထိ ဆေးလိပ်သောက်နေတာကိုပဲဖြစ်တယ်" ဟု ပြောပြခဲ့ပုံကို ကျွန်ုပ်သတိရမိသည်။ သူ၏ပြောဆိုချက်ကို နောက်ပိုင်းရက်များတွင် ကျွန်ုပ်ပြန်လည် စဉ်းစားသုံးသပ်သောအခါ ကျွန်ုပ်တို့သည်ချက်ချင်းလက်ငင်းပကတိပြည့်စုံခြင်းကို အမြဲလိုလိုမျှော်လင့်ကြသည့်

အဖြစ်ကို ကျွန်ုပ်သိရှိခဲ့ရသည်။ အမှန်တကယ်ဖြစ်စေလိုသောစိတ်နှင့် ပြောပြသောခရစ်ယာန်များသည် ဤလူငယ်ကိုအသက်တာ၌ အမှန်တကယ်စိတ်ဓါတ်ကျဆင်းစေခဲ့ကြပါသည်။ သူတို့ကထိုလူငယ်အား ၎င်း၏အကျင့်ဆိုးများ အားလုံးကို ဖယ်ရှားပစ်စေလိုကြသော်လည်း ထိုဖြစ်စဉ်တွင် ဘုရားသခင်က ပြုလုပ်ပေးခဲ့ပြီးဖြစ်သော ကြီးမားသည့်အရာများကို သူတို့လျစ်လျူရှုခဲ့ကြသည်။

ရင့်ကျက်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့အားလုံးအတွက် ဘဝတစ်လျှောက်လုံးလုပ်ဆောင်သွားရမည့်အရာဖြစ်သည်။ ယုံကြည်သူများသည် မပြည့်စုံကြသကဲ့သို့ ဤဘဝတွင်လည်း ပြည့်စုံနိုင်ကြမည်မဟုတ်ပါ။ ဝိညာဉ်ရေးရင့်ကျက်ခြင်းကို မြင်တွေ့ဖို့ကျွန်ုပ်တို့တောင့်တကြရာတွင် သခင်ခရစ်တော်၌တည်သောကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများကို စိတ်ဓါတ်မကျစေသင့်ပါ။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အားနည်းချက်များကို နှိမ့်ချစွာဖြင့် သတိပြုမိနေမည်ဆိုလျှင် ခက်ခဲရုန်းကန်နေရသော ကျွန်ုပ်တို့၏မိတ်ဆွေများအပေါ်၌လည်း ပို၍ဂရုဏာထားနိုင်မည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်ရဲ့အသက်တာကို ပြောင်းလဲဖို့အလွန်စိတ်အားထက်သန်နေသောသူတစ်ယောက်ကြောင့် ယုံကြည်ခြင်း၌ သင်စိတ်ဓါတ်ကျခဲ့ရဖူးပါသလား။ ဆုံးမပဲ့ပြင်ခြင်းနှင့် ခွန်အားပေးတိုက်တွန်းခြင်းတို့ကြားရှိ ဟန်ချက်ညီမျှတမှုကို ကျွန်ုပ်တို့မည်သို့ရှာတွေ့နိုင်ပါသနည်း။
- ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ရှိသော အသင်းဝင်တိုင်း၏ အရေးပါပုံနှင့်စပ်လျဉ်း၍ ဤကျမ်းချက်တွင် ကျွန်ုပ်တို့မည်သည့်အရာကို သင်ယူရပါသနည်း။

- သင့်အသက်တာ၌ လိုအပ်ချက်များရှိလာသောအချိန်တွင် သင့်ကို အားပေးအားမြှောက်ပြုရင်း ကောင်းကြီးပေးရန် သင်အနီးအနားတွင် မည်သူရှိသနည်း။
- ဤဘဝတွင် ပကတိပြည့်စုံခြင်းကို ကျွန်ုပ်တို့ရရှိပါမည်လား။ ကျွန်ုပ်တို့၏အားနည်းချက်များကို လျစ်လျူရှု၍ အခြားသူများ၏မပြည့်စုံမှုများကိုသာ တွေ့မြင်ရန် အဘယ်မျှလွယ်ကူပါသနည်း။

## ဆုတောင်းရန်အချက်များ

- အခြားသူများကို ဆောက်တည်မရ၊ စိတ်ဓါတ်ကျစေခြင်းမျိုးမရှိဘဲ၊ သူတို့ကို ရင့်ကျက်ခြင်းဆီသို့ ခွန်အားပေးတိုက်တွန်းနိုင်သော အမြော်အမြင်ကို သင့်အားပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင့်ကိုကောင်းကြီးပေး၍ အားပေးအားမြှောက်ပြုပေးမည့် ယုံကြည်သူများနှင့် သင့်ကိုဝန်းရံထားပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။ သင့်ကို ကိုယ်ခန္ဓာတော်အား ကောင်းကြီးပေး၍ အားပေးအားမြှောက်ပြုသောသူတစ်ဦး ဖြစ်လာစေဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- အသင်းတော်ကြောင့် စိတ်ထိခိုက်အနာတရဖြစ်နေသောသူတစ်ယောက်ကိုသင်သိပါသလား။ ထိုပုဂ္ဂိုလ်များကို ဖေးမကူညီ၍ ကောင်းကြီးပေးနိုင်ရန် အခွင့်အလမ်းများကို ဖွင့်ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ ထိုသူတို့ကို ကိုယ်ခန္ဓာတော်နှင့် မိတ်သဟာယဖွဲ့ခြင်းသို့ ပြန်လာထားရှိပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။

၄
## မှောက်လှန်ရောင်းချသူများနှင့် သံတမန်များ

၂ကော ၂း၁၂-၁၇ ကိုဖတ်ရှုပါ။

ဘုရားသခင်၏ နည်းလမ်းများသည် ကျွန်ုပ်တို့၏နည်းလမ်းများနှင့် အလွန်ကွာခြားပါသည်။ ဘုရားသခင်၏နည်းလမ်းများကို သတိပြုသိရှိရန်မှာ အမြဲမလွယ်ကူသော်လည်း ဘုရားသခင်၏နည်းလမ်းများသည် ကျွန်ုပ်တို့ကို အောင်နိုင်ခြင်းနှင့် အောင်မြင်မှုဆီသို့ အမြဲဆောင်ယူသွားပါသည်။ ဤကျမ်းချက်တွင် ရှင်ပေါလုက ၎င်း၏အမှုတော်လုပ်ငန်းကို သိရှိနားလည်ရန် အရေးကြီးသောအချက်သုံးချက်ကို ဝေငှထားသည်။

*လိုအပ်ချက်ကြောင့်မဟုတ်၊ ဆင့်ခေါ်ခြင်းကြောင့်ဖြစ်*

အခန်းငယ် ၁၂တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သူသည်သတင်းကောင်းတရားတော်ကို ဟောပြောဖို့တရောမြို့သို့သွားခဲ့ကြောင်းပြောပြခဲ့သည်။ ထိုမြို့သို့ရောက်သောအခါ ဧဝံဂေလိပြုလုပ်ခြင်းအတွက်အခွင့်အရေးတံခါးများပွင့်နေသည်ကို တွေ့ရှိခဲ့သည်။ ထိုဒေသရှိလူတို့က ရှင်ပေါလု၏တရားဒေသနာကို လိုလိုလားလားနားထောင်လို၍ တုန့်ပြန်ဖို့လည်း အဆင်သင့်ဖြစ်နေကြသည်မှာ ထင်ရှားသည်။ ရှင်ပေါလုအတွက်ထိုကဲ့သို့သော အခွင့်အခါသည် အလွန်အံ့ဩဖွယ်ကောင်းမြောက်ဖွယ် မဟုတ်ပါလား။ လူတို့က ရှင်ပေါလု၏ဟောပြောချက်များကို အမြဲလိုလိုပြစ်တင်ဝေဖန်

ခဲ့ကြပါသည်။ တစ်ခါတစ်ရံတွင် သူ၏ဟောပြောချက်များကြောင့် မြို့ပြင်သို့ ဆွဲထုတ်ခံရခြင်း၊ ကျောက်ခဲဖြင့်ပစ်ပေါက်ခြင်း၊ ထိုးကြိတ်ရိုက်နှက်ခံရခြင်းများကို ကြုံခဲ့ရပါသည်။ သို့သော် တရောမြို့တွင်မူ သတင်းကောင်းတရားတော်အတွက် အခွင့်အရေးတံခါးပွင့်နေသည်ကို သူတွေ့မြင်ခဲ့ရသည်။

သို့သော် အခန်းငယ် ၁၃ တွင် ရှင်ပေါလုက ကောရိန္ဒုအသင်းသားများအား အခွင့်အရေးတံခါးသည် အပြည့်အဝပွင့်နေသော်လည်း ထိုမြို့၌ တိတုမရှိသောကြောင့် ထိုမြို့၌နေထိုင်ဖို့ စိတ်မသက်မသာဖြစ်ရကြောင်းကို ပြောပြခဲ့သည်။ ရှင်ပေါလုသည် ဤညီအစ်ကိုနှင့် တရောမြို့တွင်ဆုံတွေ့ဖို့ ကြံစည်ခဲ့သော်လည်း ယခုသူ့ကိုမတွေ့ရဘဲဖြစ်နေခဲ့သည်။ ဤအချင်းအရာက ရှင်ပေါလုကို ဘေးကျပ်နံကျပ်ဖြစ်စေခဲ့သည်။ တစ်ဖက်တွင် အခွင့်အရေး တံခါးမှာသူ့အတွက်ပွင့်နေသော်လည်း အခြားတစ်ဖက်တွင်မူ တိတုမရှိဘဲထိုအရပ်၌ နေထိုင်ရမည့်အရေးအတွက် စိတ်မသက်မသာဖြစ်ခဲ့ရသည်။ သူ၏စိတ်နှလုံးက သူ့ကိုတိတုနှင့်ဆုံတွေ့ဖို့သာပြောနေခဲ့သည်။ ထို့ကြောင့်ရှင်ပေါလုသည် သခင်ဘုရား၏လမ်းပြဦးဆောင်ခြင်းကိုနာခံ၍ မိမိ၏ညီအစ်ကိုကို ရှာကြံဖို့ တရောမြို့တစ်ဝိုက်နှင့် ထိုဒေသရှိအမှုတော်အခွင့်အလမ်းများကို စွန့်လွှတ်ထားခဲ့ဖို့ဆုံးဖြတ်ခဲ့သည်။

မောရေးတီးယစ် (Mouritius) ကျွန်းသို့ သာသနာပြုတစ်ဦးအဖြစ်နှင့် ကျွန်ုပ်သွားရောက်ဖို့ စီစဉ်ခဲ့ချိန်တွင် လူတစ်ယောက်ကျွန်ုပ်ထံရောက်လာပြီး “ဝိန်း. . . ဒီကနေဒါနိုင်ငံမှာ လိုအပ်ချက်တွေ ဒီလောက်များနေတဲ့အချိန်၊ မင်းက ကမ္ဘာရဲ့ဟိုဘက်တစ်ခြမ်းမှာရှိတဲ့နေရာကို အမှုတော်ဆောင်ဖို့ဘာကြောင့်သွားမှာလဲ” ဟုမေးခဲ့သည်ကို ကျွန်ုပ်သတိရနေသည်။ လိုအပ်ချက်တစ်ခုရှိနေသောကြောင့် တစ်နေရာရာကို ကျွန်ုပ်သွားနေခြင်းမဟုတ်ကြောင်း

ကို သခင်ဘုရားက ကျွန်ုပ်ကိုဖော်ပြသည့်အချိန်အထိ ထိုမေးခွန်းနှင့်ကျွန်ုပ် အချိန်ကာလတစ်ခုအထိ နပန်းလုံးခဲ့ရသည်။ ကျွန်ုပ်ကို ထိုအရပ်ဒေသဆီသို့ သွားဖို့ ဆင့်ခေါ်ခဲ့သောကြောင့် ကျွန်ုပ်သွားရောက်ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အနီးတစ်ဝိုက်တွင် လိုအပ်ချက်များစွာရှိနေပါသည်။ သို့သော် ကျွန်ုပ်တို့တစ်ဦး ချင်းအတွက် သီးသန့်တစ်နေရာကို ဘုရားသခင်သတ်မှတ် ပေးထားပါသည်။ ကျွန်ုပ်မောရေးတီးယပ်ကျွန်းသို့ သွားရောက်ခဲ့ရခြင်းမှာ ထိုဒေသရှိလိုအပ် ချက်ကြောင့်မဟုတ်၊ ထိုဒေသ၌ဘုရားသခင်က ကျွန်ုပ်အတွက်ထားရှိ ပေးထား သောအမှုတော်လုပ်ငန်းဆီသို့ ဘုရားသခင်ကကျွန်ုပ်ကိုသွားစေလိုသော ကြောင့်သွားရောက်ခဲ့ရခြင်းဖြစ်သည်။

တမန်တော်ဝတ္ထုတွင် ရှမာရိပြည်တစ်ဝိုက်၌ အမှုတော်ဆောင်နေ သောဖိလိပ္ပုကို ကျွန်ုပ်တို့တွေ့ရသည် (တမန်တော် ၈)။ ဘုရားသခင်သည် အလွန်ထိရောက်မှုရှိသောအမှုကို ပြုလုပ်နေခဲ့ပြီး၊ နိုးထမှုကြီးတစ်ခုပေါ်ပေါက် ခဲ့သည်။ တစ်နေ့တွင် သခင်ဘုရားက ဖိလိပ္ပုအား အဲသယောပိအမတ်တစ်ဦး ကိုသွားရောက်တွေ့ဆုံဖို့ ကန္တရတောအရပ်ဆီသို့ ထွက်သွားဖို့ပြောခဲ့သည်။ ဘုရားသခင်တွင် ဖိလိပ္ပုအတွက် သီးခြားရည်ရွယ်ချက်တစ်ခုရှိနေခဲ့သည်။ ဘုရားသခင်သည် သူကိုနိုးထမှုဖြစ်ပေါ်နေသော ရှမာရိပြည်၌ရှိမနေစေချင် ခဲ့ပါ။ သူ့ကိုကန္တရတောကြမ်း၌ ရှိနေစေချင်ခဲ့သည်။

ဤသည်မှာ ၂ကော ၂း၁၂-၁၇ ၌ဖြစ်ပျက်နေသောအရာဖြစ်သည်။ ရှင်ပေါလုက တရောမြို့တွင် သတင်းကောင်းတရားတော်အတွက် အခွင့်အရေး တံခါးပွင့်နေသည်ကို တွေ့မြင်ခဲ့သော်လည်း ဘုရားသခင်၏ငြိမ်သက်ခြင်းကို စိတ်နှလုံး၌မခံစားခဲ့ရပါ။ ဘုရားသခင်က သူ့ကိုထိုဒေသမှ ဆွဲထုတ်နေပါသည်။ သတင်းကောင်းတရားတော်အား လက်ခံထွေးပွေ့ကြသောနေရာ၌ ထိုသတင်း

ကောင်းတရားတော်အား ဟောပြောရသည်ကို ရှင်ပေါလုကျေနပ်အားရ သလောက် ဘုရားသခင်၏ဆင့်ခေါ်ခြင်းကို နာခံခြင်းသည်ပို၍အရေးကြီး ကြောင်းကိုလည်း ရှင်ပေါလုသဘောပေါက်ခဲ့သည်။ သူသည်တိတုကို ရှာကြံဖို့ တရောမြို့ကို ၎င်း၏အခွင့်အရေးအားလုံးနှင့်အတူ စွန့်ခွါသွားခဲ့သည်။

ယနေ့တွင်လိုအပ်ချက်များ ကြီးကြီးမားမားရှိနေသော နေရာဒေသ များ၌ အမှုတော်ဆောင်နေသောသူများရှိနေကြသော်လည်း၊ ထိုသူတို့သည် ဘုရားသခင်က ရှိနေစေချင်သောနေရာဒေသတွင် ရှိမနေကြပါ။ သူတို့၏ စူးစိုက်နစ်မြုပ်ထားမှုနှင့် အပတ်တကုတ်ကြိုးစားအားထုတ်မှုများအတွက် အထင်ကြီးအားကျဖွယ် ဖြစ်ကြသော်လည်း၊ သူတို့သည်အပြောင်းအလဲတစ်ခုကို လုပ်ကြရလိမ့်မည်။ ဘုရားသခင်က လမ်းပြဦးဆောင်သော နေရာဒေသများသို့ သူတို့သွားဖို့လိုအပ်သည်။ အချို့သောသူများက မိမိတို့၏သာသနာလုပ်ငန်းကို ပြောင်းလဲဖို့လိုအပ်သည်။ သာသနာနယ်များဆီသို့ သွားဖို့လိုအပ်သည့် သင်းအုပ်များရှိကောင်းရှိမည်။ မိမိတို့ဌာနေအိမ်သို့ပြန်လာဖို့လိုအပ်သည့် သာသနာပြုများရှိကောင်းရှိမည်။ သင်းအုပ်ဆရာများဖြစ်လာဖို့ ဘုရားသခင် ကဆင့်ခေါ်နေသော သင်းထောက်များရှိကောင်းရှိမည်။ အခြားအလုပ် (သို့) အခြားမြို့၌ဘုရားသခင်က သင့်အတွက်နေရာတစ်နေရာထားကောင်း ထား ပေးနေမည်။ သင်ရောက်ရှိနေသောနေရာတွင် လိုအပ်ချက်များမှာအလွန် များပြားနေမည်ဖြစ်သော်လည်း ဘုရားသခင်ကသင့်ကိုအခြားတစ်နေရာ အတွက်ဆင့်ခေါ်နေပါလိမ့်မည်။ ဤအချိန်သည် ရှင်ပေါလုကဲ့သို့ ဘုရားသခင် ၏ဆင့်ခေါ်သံကိုနားထောင်၍ ထိုအသံတော်ကိုနာခံရမည့်အချိန် ဖြစ်ကောင်း ဖြစ်နေပေမည်။ ရှင်ပေါလုသည် တရောမြို့ကိုထားခဲ့ပြီး ဘုရားသခင်၏ ဆင့်ခေါ်သံကိုခံစားရသည့် မာကေဒေါနိပြည်သို့သွားခဲ့သည်။

အမှုတော်လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်ပေါလုစောင့်ထိန်းသော ပထမ အခြေခံစည်းမျဉ်းဥပဒေသမှာ ဤသို့ဖြစ်သည်။ ရှင်ပေါလုသည် မိမိ၏အမှုတော်လုပ်ငန်းကို လိုအပ်ချက်များ၊ အခွင့်အရေးများပေါ်၌သာ အခြေခံထားခြင်းကို ငြင်းပယ်ခဲ့သည်။ ရှင်ပေါလု၏အမှုတော်လုပ်ငန်းသည် သခင်ဘုရား၏ လမ်းပြဦးဆောင်မှုတွင် အခြေခံထားသည်။ ရှင်ပေါလုသည် သူ့ကို ဘုရားသခင်က ဆင့်ခေါ်၍လုပ်စေလိုသောအရာကို လုပ်ဆောင်ဖို့ အမှုတော် အခွင့်အလမ်းများကို လိုလိုလားလားကျောခိုင်းလိုစိတ်ရှိခဲ့သည်။

*သခင်ခရစ်တော်၏အမွှေးအကြိုင်*

ရှင်ပေါလုကနာခံခြင်းဖြင့် ခြေလှမ်းလှမ်းလျှင် ဘုရားသခင်က သူ့ကို အောင်မြင်ခြင်းထဲသို့ လမ်းပြသွားမည့်အကြောင်းကို သိနေခဲ့သည် (ငယ် ၁၄)။ ဘုရားသခင်၏နည်းလမ်းများသည် ရှင်ပေါလု၏နည်းလမ်းများနှင့် အလွန်ကွာခြားပါသည်။ သို့သော်မိမိသည် ဘုရားသခင်၏ဆင့်ခေါ်ခြင်းကို နာခံခြင်းဖြင့်ရှင်သန်လျှင် ကောင်းကြီးခံစားရမည့်အကြောင်းကို သိနေခဲ့သည်။ ဘုရားသခင်သည် ရှင်ပေါလုကို အောင်ပွဲခံချီတက်ပွဲဆီသို့ ဦးဆောင်လမ်းပြ၍ ရှင်ပေါလုသွားလေရာရာ၌ ရှင်ပေါလုအားဖြင့် သခင်ခရစ်တော်၏ အမွှေးအကြိုင်ကို ကြဲဖြန့်ပျံ့နှံ့စေခဲ့ပါလိမ့်မည်။ ရှင်ပေါလုက မိမိ၏သာသနာလုပ်ငန်းကိုမိမိသွားလေရာအရပ်၌ သခင်ခရစ်တော်၏အမွှေးအကြိုင်ကို ကြဲဖြန့်ပျံ့နှံ့စေသောအမှုတော်လုပ်ငန်းတစ်ခုအဖြစ် မှတ်ယူခဲ့သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့သည် လုပ်သမျှသောအရာ၊ ပြောသမျှသောအရာများဖြင့် သခင်ဘုရားကို လောကီသားများထံ၌ ကိုယ်စားပြုခဲ့ကြကြောင်း အသိပေးခဲ့သည်။ သူတို့သည် ဤလောက၌

သခင်ခရစ်တော်၏ အမွှေးအကြိုင်များဖြစ်ကြသည်။ သို့သော်သူတို့သည် ပျက်စီးဆုံးရှုံးနေသောသူများအတွက်မူ သေခြင်း၏အမွှေးအကြိုင်များဖြစ်နေကြသည်။ သူတို့၏အထဲ၌ သခင်ခရစ်တော်၏မျက်မှောက်ပြုခြင်းက ထိုပျက်စီးဆုံးရှုံးနေသောသူများအား ၎င်းတို့၏ဒဏ်ခတ်စီရင်ခြင်းကို အသိပေးနေခဲ့သည်။ ကောရိန္သုအသင်းသားများ၏ သန့်ရှင်းစင်ကြယ်သော အသက်တာများက မယုံကြည်သူတို့အား ဘုရားသခင်ထာဝရဘုရား၏ ရည်ရွယ်ချက်များကို ခုခံငြင်းဆန်ခဲ့ကြခြင်းကို အသိပေးခြင်းဖြင့် ၎င်းတို့ထံ၌ အပြစ်ဖေါ်ပြခြင်းကို ယူဆောင်လာပါလိမ့်မည်။ ယုံကြည်သူများ၏အသက်တာ၌ရှိသော သခင်ခရစ်တော်၏အမွှေးအကြိုင်သည် မယုံကြည်သူများအား အပြစ်ကိုဖေါ်ပြ၍ ဒဏ်ခတ်စီရင်ခြင်းကိုပြုသည်။ ထို့ကြောင့်၎င်းသည် သူတို့ အတွက်သေခြင်း၏ အနံ့ဆိုးဖြစ်နေသည်။

ကောရိန္သုအသင်းသားများသည် သခင်ခရစ်တော်နှင့်သက်ဆိုင်သော သူများအတွက်မူ အသက်ရှင်ခြင်း၏ အမွှေးအကြိုင်များဖြစ်ကြသည်။ သူတို့ အထဲ၌ရှိနေသောသခင်ခရစ်တော်၏ မျက်မှောက်ပြုခြင်းသည် အပြစ်လွှတ်ခြင်း၊ ဘုရားသခင်၏လက်ခံထွေးပွေ့ခြင်းတို့၏ သင်္ကေတတစ်ခုဖြစ်သည်။ သူတို့အပေါ်၌ရှိသော သခင်ခရစ်တော်၏ အမွှေးအကြိုင်သည် မျှော်လင့်ခြင်းနှင့်ကယ်တင်ခြင်း၏ သတိပေးချက်တစ်ခုဖြစ်သည်။ ရှင်ပေါလုတစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းအမှုတော်ဆောင်သည်နှင့်အမျှ သူသည်မိမိနှင့်အတူ သခင်ခရစ်တော်၏ အမွှေးအကြိုင်ကို ယူဆောင်သွားခဲ့သည်။ ဤအရာကို အကျဉ်းလေ့လာသုံးသပ်ကြည့်ကြပါစို့။

သခင်ခရစ်တော်၏ အမွှေးအကြိုင်ဖြစ်သည့် အားလျော်စွာ ရှင်ပေါလုသည်မိမိ၏အမှုတော်လုပ်ငန်းနှင့် အသက်တာရှင်သန်ပုံသည် သခင်ခရစ်တော်အကြောင်း၊ သခင်ခရစ်တော်အတွက်သာဖြစ်သည်ကို သိရှိခဲ့သည်။

ဇာတိပက တိအနံ့၊ ဥပဒေပညတ်တရားကိုအဓိကထားသောအနံ့၊ ဘာသာရေး ထုံးခံအစဉ်အလာအနံ့များ ထွက်နေသောသူများရှိသည်။ အခြားသူများက လည်း ဓမ္မအတွေးအခေါ်အယူအဆအနံ့၊ အဆုံးမရှိသောငြင်းခုံခြင်းအနံ့များ ထွက်နေကြသည်။ အချို့ကလည်းအသင်းတော် ဂိုဏ်းဂဏအစွဲအနံ့များ ထွက်နေကြသည်။ အမှုတော်မြတ်ထဲသို့ ကျွန်ုပ်တို့ဝင်ရောက်ကြသည်နှင့် အမျိုးမျိုးသောအနံ့ကိုရကြသည်။ ရှင်ပေါလုကမူ သခင်ခရစ်တော်၏ အမွှေး အကြိုင်သာ ဖြစ်လိုခဲ့သည်။ ဤအရာအားလုံးသည် အရေးကြီးသည်ဖြစ်စေ၊ အရေးမကြီးသည်ဖြစ်စေ၊ သခင်ခရစ်တော်၏နေရာကို အစားမထိုးသင့်ကြပါ။ ယနေ့တွင် လူတို့က သင့်အထံမှ မည်သည့်အနံ့ကို ရနေကြသနည်း။ သူတို့သည် သင့်အသက်တာ၌ သခင်ခရစ်တော်နှင့်ထိုသခင်ကိုယ်စားပြုသော အရာ အားလုံး၏ရနံ့ကို ရနေကြပါသလား။ ထိုသို့မဟုတ် အရေးမပါသောအရာ (သို့) ဆိုးညစ်သောအရာများသည် သင့်အသက်တာရှိ သခင်ခရစ်တော်၏ အမွှေးအကြိုင်ကို စတင်ပေါ့လျော့နေစေကြပါသလား။

*မှောက်လှန်ရှောင်းချသူများနှင့်သံတမန်များ*

ရှင်ပေါလုက မိမိ၏အမှုတော်လုပ်ငန်း၌ ခံယူလိုက်နာသည့်အခြား အခြေခံစည်းမျဉ်းဥပဒေသရှိသေးသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသား များအား ဆက်လက်၍အသိပေးထားသည်မှာ သူသည်ဘုရားသခင်၏နှုတ်က ပတ်တော်ကို မှောက်လှန်ရှောင်းချသူမဟုတ် ဟူသောအချက်ဖြစ်သည်။

ရှင်ပေါလုက မိမိ၏သာသနာလုပ်ငန်းသည် ထုတ်ကုန်တစ်ခုကိုဝယ် ကြရန် လူတို့ကိုစည်းရုံးသိမ်းသွင်း၍နားချရန် ကြိုးစားသောလုပ်ငန်းတစ်ခု အဖြစ်မရှုမြင်ခဲ့ပါ။ သူသည်အရောင်းစာရေးတစ်ယောက်မဟုတ်ပါ။ သံတမန်

တစ်ဦးဖြစ်သည်။ သံတမန်တစ်ဦးဖြစ်သည့်အားလျော်စွာ သူသည်သတင်းကောင်းတရားတော်ကို အရောင်းအဝယ်ပြုလုပ်မည့် ထုတ်ကုန်တစ်ခုနှင့်နှိုင်းယှဉ်ခြင်းဖြင့် တန်ဖိုးကျဆင်းမသွားစေခဲ့ပါ။ ရှင်ပေါလုသည် သခင်ခရစ်တော်ကို ကိုယ်စားပြုထား၍ ထိုသခင်၏နာမတော်၌ လောကီသားများထံတွင်အခွင့်အာဏာရှိရှိဖြင့် ဟောပြောခဲ့သည်။ ရှင်ပေါလုဟောပြောသောတရားတော်ကို ငြင်းခုံဆွေးနွေး၍မရနိုင်ပါ။ ထိုတရားတော်သည် မည်သည့်အရာနှင့်မျှဖလှယ်၍ ရောင်းဝယ်မရသောအရာ၊ မည်သည့်ဈေးနှင့်မျှဝယ်၍မရသောအရာဖြစ်သည်။ ထိုတရားတော်သည် ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံသောအရှင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်သဖွယ် နားထောင်၍နာခံရမည့်အခွင့်အာဏာရှိသော တရားတော်ဖြစ်သည်။ ဤနှုတ်ကပတ်တော်ကို အရေးမစိုက်လျစ်လျူရှုနေခြင်းသည် ပျက်ဆီးပျက်သုဉ်းခြင်းသာဖြစ်သည်။

ဤအတွက်ကြောင့်ပင် ရှင်ပေါလုသည် မိမိအတွက်အခွင့်အရေးတံခါးပွင့်နေသည့်တရောမြို့ကို စွန့်ခွါရန်လိုလိုလားလားရှိနေခဲ့ခြင်းဖြစ်သည်။ သူသည်ကိုယ့်ကိုကိုယ် သံတမန်တစ်ဦးအဖြစ်ရှုမြင်ခဲ့သောကြောင့် ထိုသို့စွန့်ခွာသွားရန် လိုလိုလားလားရှိနေခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်ကသူ့ကိုဆင့်ခေါ်၍သွားရောက်စေလိုသော လူများထံ၌ဘုရားသခင်၏ အခွင့်အာဏာနှင့်အတူဟောပြောခဲ့သည်။ တရောမြို့တွင်အခွင့်အရေးတံခါးအပြည့်အဝပွင့်နေခဲ့သော်လည်း ဘုရားသခင်သည် သူ့ကိုမာကေဒေါနိပြည်ဆီသို့ ဆင့်ခေါ်ခဲ့သည်။ အရောင်းစာရေးတစ်ဦးအဖြစ်နှင့်ဆိုလျှင် တရောမြို့ကိုစွန့်ခွါခဲ့သည့်လုပ်ရပ်သည် ရှင်ပေါလုအတွက် အလွန်မိုက်မဲသောလုပ်ရပ်ဖြစ်ပေလိမ့်မည်။ ထိုမြို့တွင် ရှင်ပေါလု၏ထုတ်ကုန်ကို လိုလိုလားလားဝယ်ယူလိုသောသူများရှိနေခဲ့သည်။ သို့သော်သံတမန်တစ်ဦးအဖြစ်နှင့် ရှင်ပေါလုက မိမိကိုယ်စား

ပြုထားသော အရှင်သခင်၏လမ်းပြဦးဆောင်ခြင်းနှင့် ဆင့်ခေါ်ခြင်းကို နာခံလိုက်လျှောက်ရန် လိုအပ်ခဲ့သည်ကို သိရှိခဲ့သည်။ ဘုရားသခင်သည် သူ့ကို တရောမြို့အတွက် ဆင့်ခေါ်မထားပါ။

ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းကို နားလည်သဘောပေါက်ထားခြင်းကကျွန်ုပ်တို့အမှုတော်ဆောင်ပုံကို သက်ရောက်မှုရှိသည်။ ရှင်ပေါလုသည် မိမိအမှုတော်လုပ်ငန်းကို အခွင့်အလမ်းများ၌ အခြေခံမထားပါ။ ဘုရားသခင်၏ဆင့်ခေါ်ခြင်းတွင်သာ အခြေခံထားခဲ့သည်။ ရှင်ပေါလုက မိမိ၏အခန်းကဏ္ဍသည်သွားလေရာရာ၌ သခင်ခရစ်တော်၏အမွှေးအကြိုင်ကို ကြဲဖြန့်ပျံ့နှံ့စေခြင်းဖြစ်ကြောင်း ရှုမြင်ခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့သည် သခင်ခရစ်တော်၏ သံတမန်များဖြစ်ကြပြီး၊ သတင်းကောင်းတရားတော်ကို မှောက်လှန်ရောင်းချဖို့ ဆင့်ခေါ်မထားကြောင်း၊ ၎င်းတို့၏အရှင်သခင်ကလမ်းပြပေးသည့်နေရာတိုင်း၌ သတင်းကောင်းတရားတော်ကို အခွင့်အာဏာနှင့်အတူ ဟောပြောရန်ဆင့်ခေါ်ထားကြောင်း အသိပေးခဲ့သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- မှောက်လှန်ရောင်းချသူတစ်ဦးနှင့် သံတမန်တစ်ဦး၏ ကွဲပြားခြားနားချက်မှာအဘယ်နည်း။
- ဘုရားသခင်သည် မည်သည့်အရာကို ပြုလုပ်ဖို့သင့်ကို သတ်သတ်မှတ်မှတ်ဆင့်ခေါ်ထားပါသနည်း။ သခင်ဘုရားရှိနေစေလိုသောနေရာ၌ သင်ရှိနေပါသလား။
- ကျွန်ုပ်တို့ကို သွားလေရာရာ၌ သခင်ခရစ်တော်၏ အမွှေးအကြိုင်ကို ကြဲဖြန့်ပျံ့နှံ့စေကြဖို့ ဆင့်ခေါ်ထားပါသည်။ အခြားမည်သည့်ရနံ့များကိုကျွန်ုပ်တို့ ကြဲဖြန့်ပျံ့နှံ့နေစေကြသနည်း။

- ကျွန်ုပ်တို့၏ အသက်တာအတွက်ထားရှိသော ဘုရားသခင်၏သီးသန့် အလိုတော်ကို နာခံခြင်းမှ ကျွန်ုပ်တို့ကို မည်သည့်အရာကဆီးတားနေ ပါသနည်း။ ကြီးကျယ်ခမ်းနားသောအမှုတော်များ၌ ပါဝင်နေကြ သော်လည်း ဘုရားသခင်က ရှိနေစေလိုသည့်နေရာ၌ ရှိမနေကြသည့် ခရစ်ယာန်များ ရှိနေကြသည်မှာ ဖြစ်နိုင်ပါသလား။
- သခင်ခရစ်တော်၏ ကိုယ်စားလှယ်တစ်ဦးအဖြစ်နှင့် သင်သည်မည် ကဲ့သို့သော အမွေအကြိုင်မျိုးကို ကိုယ်တိုင်ကြဲဖြန့်ပျံ့နှံ့နေပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင့်ရဲ့အမှုတော်လုပ်ငန်းအတွက် ထားရှိသောသခင်ဘုရား၏ သီးသန့်အလိုတော်နှင့် ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းထင်ရှား ပြသပေးဖို့ တောင်းလျှောက်ပါ။
- သခင်ခရစ်တော်၏ ကိုယ်စားလှယ်များဖြစ်နေရခြင်း အခွင့်အရေးကို ကျွန်ုပ်တို့၌ပေးအပ်ထားသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ သင့်ကို ကိုယ်စားလှယ်ကောင်းတစ်ယောက်ဖြစ်စေဖို့ ကူညီမစပေးရန် တောင်းလျှောက်ပါ။

၅
## တမန်တော်၏ စိတ်ချယုံကြည်မှု

၂ကော ၃း၁-၁၂ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက ကောရိန္သု အသင်းသားများအား မိမိသည်ဘုရားသခင်စေလွှတ်ထားသော သံတမန် တစ်ပါးဖြစ်၍ နှုတ်ကပတ်တော်ကို အခွင့်အာဏာနှင့်အတူ ဟောပြောကြောင်း အသိပေးခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ ရှင်ပေါလုတွင် မိမိ၏သာ သနာလုပ်ငန်းနှင့် ဆင့်ခေါ်ခြင်းအပေါ်တွင် အလွန်အထင်ကြီးလေးစားမှု ရှိခဲ့ သည်။ ကောရိန္သုဒြုတိယစာစောင်၏ ကျမ်းဘောင်အသွားအလာအရ ရှင်ပေါလု၏သာသနာလုပ်ငန်းကို လူတိုင်းကလက်မခံကြောင်းမှာ ထင်ရှား သည်။ ကျမ်းဘောင်အသွားအလာက ရှင်ပေါလုသည် ဝိညာဉ်တော်အားဖြင့် မဟုတ်၊ လောကီဉာဏ်ပညာအားဖြင့် အမှုတော်ဆောင်နေသည်ဟု မှတ်ယူ သောသူများရှိနေကြောင်းကို ညွှန်ပြနေပါသည်။

ရှင်ပေါလုက ကောရိန္သုမြို့ရှိ ဤပြဿနာကို သိရှိခံစားမိနေခဲ့သည်။ အခန်းငယ် ၁တွင် ရှင်ပေါလုက “ငါတို့သည် တစ်ဖန်ကိုယ့်ကိုကိုယ်ချီးမွမ်း ကြသလော” ဟုမေးခဲ့သည်။ ရှင်ပေါလု၏အခွင့်အာဏာကို မေးခွန်းထုတ်ခဲ့ သောသူများကြောင့် ဖြစ်ပေါ်ခဲ့သောပျက်စီးယိုယွင်းမှုကို ပြန်လည်ဖာထေးရန် ရှင်ပေါလုသည် ကောရိန္သုအသင်းသားများရှေ့၌ ကိုယ့်ကိုကိုယ်ချီးမွမ်းနေပါ သည်ဟု လူအချို့ကခံစားကောင်း ခံစားခဲ့ကြပေမည်။ ဤအချက်ကို ဖြေရှင်း

ဖို့ ရှင်ပေါလုက အခန်းငယ် ၁ တွင် အခြားမေးခွန်းတစ်ခုကို မေးခဲ့သည်။ “ချီးမွမ်းသောစာကို သင်တို့ထံသို့ သူတစ်ပါးပေးစေခြင်းငှါ၄င်း၊ သင်တို့သည် သူတစ်ပါးထံသို့ ပေးစေခြင်းငှါ၄င်း၊ ငါတို့သည် အချို့သောသူကဲ့သို့အလိုရှိကြသလော။”

ရှင်ပေါလုသည် မိမိ၏အမှုတော်လုပ်ငန်းအား ရိုသေလေးစားမှုအတိုင်းအတာတစ်ခုကိုပေးရန် တစ်စုံတစ်ယောက်၏ ကူညီထောက်ပံ့အားပေးမှုကိုလိုအပ်ခဲ့ပါသလား။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၄င်းတို့ကိုယ်၌က မိမိ၏ချီးမွမ်းစာဖြစ်ကြောင်း၊ လူတိုင်းကဖတ်ဖို့ မိမိ၏နှလုံးသား၌ရေးသားထားကြောင်းကို အသိပေးခဲ့သည်။ ရှင်ပေါလုသည် ကောရိန္သုမြို့တစ်ဝိုက်၌အမှုတော်ဆောင်ခဲ့ပြီး၊ ကောရိန္သုအသင်းသားများက အဖြေရလာဒ်ကိုမြင်တွေ့ခဲ့ကြရသည်။ ရှင်ပေါလု၏ အမှုတော်လုပ်ငန်းအားဖြင့် မြောက်မြားစွာသောသူများက သခင်ဘုရားကို လက်ခံခဲ့ကြသည်။ သူတို့ကိုယုံကြည်ခြင်း၌ သွန်သင်ပေးခဲ့သည်။ သူတို့၏အသက်တာသက်သေတစ်မျိုးတည်းကပင် ရှင်ပေါလု၏အခွင့်အာဏာအတွက်လည်းကောင်း၊ ရှင်ပေါလုအားဖြင့် သန့်ရှင်းသောဝိညာဉ် တော်လုပ်ဆောင်သော အမှုအတွက်လည်းကောင်း အစွမ်းထက်သော သက်သေတစ်ပါးဖြစ်ခဲ့သည်။

ဤချီးမွမ်းစာသည် မင်ဖြင့်ရေးသားထားသောစာမဟုတ်၊ ရှင်ပေါလု၏အမှုတော်လုပ်ငန်းအားဖြင့် သခင်ခရစ်တော်ကို ယုံကြည်ခဲ့ကြသော ကောရိန္သုအသင်းသားများ၏ စိတ်နှလုံးနှင့်အသက်တာ၌ မျက်မှောက်ပြုနေသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရေးထားသောစာဖြစ်သည်။ လူတို့ကဤယုံကြည်သူများကို ကြည့်သောအခါသူတို့သည် သခင်ခရစ်တော်ကို တွေ့ရှိခဲ့ကြသည်။ ဘုရားသခင့်ဝိညာဉ်တော်၏ တန်ခိုးတော်သည်

ယုံကြည်သူများကို အသက်တာ၌ သက်သေပြနေကြောင်းကို သူတို့မြင်တွေ့ကြရသည်။ ဤသည်မှာ ရှင်ပေါလု၏အမှုတော်လုပ်ငန်း တရားဝင်ဖြစ်ခြင်း၏ အထောက်အထားဖြစ်ခဲ့သည်။

ဤနေရာ၌ ကျွန်ုပ်တို့မှတ်မိသိရှိနေရမည့်အချက်မှာ ကျွန်ုပ်တို့၏ အသက်တာများသည် ရေးစာကဲ့သို့ဖြစ်ကြသည်။ ၎င်းတို့ကိုကျွန်ုပ်တို့၏အနီးအနားမှလူများက ဖတ်ရှုကြသည်။ သူတို့ကကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏တန်ခိုးတော်ကိုလည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းကိုလည်းကောင်း မြင်ကြရသည်။ သူတို့သည် သခင်ခရစ်တော်နှင့်သခင်ခရစ်တော်၏ အကျင့်လက္ခဏာများကို ကျွန်ုပ်တို့၌မြင်တွေ့ကြသည်။ အချို့သောယုံကြည်သူများက အခြားယုံကြည်သူများထက်ပိုကောင်းသောစာများဖြစ်နေကြသည်။ အကြောင်းမှာ သူတို့သည်သခင်ယေရှု၏အကျင့်လက္ခဏာကိုပို၍ ထင်ဟပ်နိုင်ကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည်လူတို့ကဖတ်ရှုနေကြသောစာများ ဖြစ်ကြသည်။ သခင်ယေရှုကို သူတို့နှစ်သက်လေးစားမှုသည် ကျွန်ုပ်တို့အသက်တာ၌ သူတို့ဖတ်ရသည့်အရာပေါ်တွင်အတိုင်းအတာတစ်ခုအထိ မူတည်နေပါသည်။ ကျွန်ုပ်တို့၏အသက်တာသည်လူတို့ကို သခင်ယေရှုအား ညွှန်ပြပေးသောစာများဖြစ်ကြဖို့ အဘယ်မျှအရေးကြီးနေပါသနည်း။

ရှင်ပေါလုက ကောရိန္သုအသင်းသားများ၏အသက်တာ၌ ဘုရားသခင်လုပ်ဆောင်နေသောအမှုသည် မိမိ၌လည်းကောင်း၊ မိမိအားဖြင့်လည်းကောင်း ဘုရားသခင်အလုပ်လုပ်နေခြင်း၏ အထောက်အထားဖြစ်ခဲ့မည့်အကြောင်းစိတ်ချလျှက်ရှိနေခဲ့သည်။ အခန်းငယ် ၅တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဤစိတ်ချယုံကြည်မှုသည် မိမိကိုယ်၌မဟုတ်၊ ဘုရား

သခင်၌ဖြစ်ကြောင်းကို အသိပေးခဲ့သည်။ ဤအမှုတော်အလွန်အောင်မြင်နေရခြင်းမှာ ရှင်ပေါလု၏ ကိုယ်တိုင်ကြိုးစားအားထုတ်မှုကြောင့် မဟုတ်၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်ခဲ့သည်။ ရှင်ပေါလု၏ စိတ်ချယုံကြည်မှုသည် ဘုရားသခင်၌ဖြစ်သည်။ ဤအချက်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ကြရန်အလွန်အရေးကြီးသည်။

လွန်ခဲ့သောနှစ်အချို့က၊ ကျွန်ုပ်သည်သခင်ခရစ်တော်၌တည်သောညီမတစ်ယောက်နှင့်စကားစမြည်ပြောဆိုခဲ့သည်။ သူမက Sunday School ကို သင်ကြားပေးသောအခါ သင်ခန်းစာများပြင်ဆင်ခြင်းအတွက် အချိန်များစွာအသုံးပြုခဲ့ကြောင်း ပြောပြခဲ့သည်။ သို့သော် ကျွန်ုပ်ကသူမအားထိုသို့ပြင်ဆင်ခြင်းသည် အလွန်အရေးကြီးပါသော်လည်း သူမ၏စိတ်ချယုံကြည်မှုသည် ထိုပြင်ဆင်မှုအပေါ်၌ လုံးလုံးမရှိသင့်ကြောင်း အသိပေးခဲ့သည်။ ကျွန်ုပ်တို့၏ စိတ်ချယုံကြည်မှုသည် ဘုရားသခင်ထာဝရဘုရားနှင့် ထိုအရှင်၏ဝိညာဉ်တော်အပေါ်၌သာ ရှိသင့်သည်။

လူတို့ကို ကောင်းကင်နိုင်ငံတော်ဆီသို့ အကျိုးသင့်အကြောင်းသင့်ဖျောင်းဖျပြောဆိုစည်းရုံးဖို့ ကျွန်ုပ်ကြိုးစားအားထုတ်ခဲ့သည့်အချိန်များရှိခဲ့ကြောင်းကို ကျွန်ုပ်ဝန်ခံရရှိသည်။ ကျွန်ုပ်၏စကားလုံးအလှအပများဖြင့် ဖန်တီးထားသောကျိုးကြောင်းဆက်စပ် ဆင်ခြင်ငြင်းခုံချက်များနှင့် ကျွန်ုပ်၏စည်းရုံးသွေးဆောင်နိုင်စွမ်းရည်များကို ကျွန်ုပ်ယုံကြည်အားထားခဲ့သောအချိန်များရှိခဲ့ပါသည်။ ရှင်ပေါလုကမူ သူ့ရဲ့သာသနာလုပ်ငန်းတွင် သူ့ရဲ့ယုံကြည်ကိုးစားမှုသည် ထိုအရာများတွင်မဟုတ်၊ ဘုရားသခင်၌သာဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြောပြထားသည်။ ဘုရားသခင်သည် ကယ်တင်ခြင်းကို အပြစ်သားများထံသို့ဆောင်ယူလာရန်အတွက်လည်းကောင်း၊ အတွေ့အကြုံရင့်ကျက်သောသူများ

အားပြစ်တင်ဆုံးမရန်အတွက်လည်းကောင်း၊ ရိုးသား၍ပညာပကာသနမရှိသောသူများ၏ ဟိုတစ်စသည်တစ်စ စကားလုံးများကိုအမြဲလိုလိုမည်သို့ အသုံးပြုခဲ့ပါသနည်း။ ဘုရားသခင်သည် လူ့ခွန်အားအစွမ်းအစ အမှုတော်ဆောင်နေသော သင်တန်းဆင်းကျွမ်းကျင်တရားဟောဆရာ (သို့) သွန်သင်ပေးသူဆရာများအားဖြင့် မိမိ၏အလိုတော်ကို အကောင်အထည်ဖော်သည်ထက် မိမိကိုကိုးစား ယုံကြည်သည့်ပကာသနကင်းရိုးသားသောသူများအားဖြင့် မိမိ၏အလိုတော်ကိုပို၍ အကောင်အထည်ဖေါ်ပါလိမ့်မည်။ ရှင်ပေါလု၏စိတ်ချယုံကြည်မှုသည် မိမိ၏ဇာတိပကတိတွင်မဟုတ်၊ မိမိ၏ဘုရားသခင်၌ဖြစ်သည်။

ဘုရားသခင်က ရှင်ပေါလုအား ဆင့်ခေါ်၍လုပ်ဆောင်စေခဲ့သော အမှုတော်သည် စာအမှုတော်မဟုတ်၊ ဝိညာဉ်တော်အမှုတော်ဖြစ်ခဲ့သည် (ငယ် ၆)။ "စာ"ဟု ပြောဆိုခြင်းဖြင့် ရှင်ပေါလုသည် ပညတ်တော်ကိုရည်ညွှန်းခဲ့ဟန်ရှိသည်။ ပညတ်တော်အကြောင်းကို ကျွန်ုပ်တို့ပြောဆိုကြသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏စံချိန်စံညွှန်းအတိုင်း ရှင်သန်နေထိုင်ခြင်းဖြင့် ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေဖို့ ကြိုးစားအားထုတ်ခြင်းအကြောင်းကို ပြောနေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့အလယ်မှ မည်သူကမျှဘုရားသခင်ပြဌာန်းထားသော အသက်တာကို ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းဖြင့် မရှင်သန်နိုင်ကြကြောင်း နှုတ်ကပတ်တော်မှ အတိအလင်းပြောပြထားသည်။ သို့သော် ပညတ်တော်ကို ဦးစားပေးခြင်းနှင့် အကျင့်စာရိတ္တတရားဒေသနာကို ဟောပြောနေသော တရားဟောဆရာများ ရှိနေကြဆဲဖြစ်သည်။ ထိုသူတို့က ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်မှကယ်တင်ခြင်းကို ခံရဖို့ဆိုလျှင် ဘုရားသခင်သတ်မှတ်ပြဌာန်းထားသော စံချိန်စံညွှန်းများကို ပြည့်မီရန်လိုအပ်သည်ဟု သွန်သင်ကြသည်။ ကောင်းကင်ဘုံဝင်စားရန်အတွက် ဘုရားသခင်၏ပညတ်ချက်များ

ကိုနာခံလိုက်လျှောက်ဖို့ လိုသည်ဟုသွန်သင်ပေးကြသည်။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့မည်မျှကောင်းမြတ်ကြသည်ဟူသောအချက်နှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်းကို သူတို့မေ့လျော့နေကြသည်။ မိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုများအားဖြင့် ဘုရားသခင်၏စံချိန်စံညွှန်းများအတိုင်း ရှင်သန်ရန်မှာ မည်သူအတွက်မှမဖြစ်နိုင်ကြောင်းကို ခမ္မဟောင်းကျမ်းတစ်လျှောက်လုံး၌ ကျွန်ုပ်တို့တွေ့မြင်ကြရသည်။ ကျွန်ုပ်တို့အထဲမှ မည်သူမျှပညတ်တော်ကို စောင့်ရှောက်နာခံခြင်းဖြင့် ကယ်တင်ခြင်းမရရှိနိုင်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းကိုအမြဲတမ်းပြည့်မီခြင်းမရှိကြပါ။ ဤအတွက်ကြောင့်ပင် ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကို ကျွန်ုပ်တို့အားပေးသနားရန် သခင်ယေရှုကြွလာခဲ့ခြင်းဖြစ်သည်။

ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား သူသည်ပညတ်တရား၏ ဆရာမဟုတ်၊ ဝိညာဉ်တော်တရား၏ဆရာဖြစ်ကြောင်း အသိပေးခဲ့သည်။ ကျမ်းဟောင်းတရား(စာ)သည် လူကိုသတ်တတ်၍ ဝိညာဉ်တော်တရားမူကား အသက်ကိုပေးသည် (ငယ် ၆)။ ဇာတိပကတိ၌ ကျွန်ုပ်တို့မလုပ်နိုင်သောအရာကိုသခင်ယေရှုက ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုယ်စားသခင်ယေရှုလုပ်ဆောင်သွားခဲ့သော အမှုတော်ကို ကျွန်ုပ်တို့အား ညွှန်ပြပေးနေပါသည်။ သခင်ယေရှုက ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသွားခဲ့သောအမှု၌သာ အသက်ရှင်ခြင်းရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်သတ်မှတ်ပြဋ္ဌာန်းထားသော အသက်တာကို ရှင်သန်လိုလျှင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရှင်သန်ကြရပေမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အစွမ်းအစ၌ မပြည့်စုံစေနိုင်သောအရာကို ပြည့်စုံစေရန် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌အလုပ်လုပ်ခွင့်ပြုရမည်ဖြစ်

သည်။ ဘုရားသခင်က ဆင့်ခေါ်၍ဖြစ်စေလိုသောသူအတိုင်း ကျွန်ုပ်တို့ဖြစ်လာရန်ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုနှင့်အစွမ်းပေးမှုအတိုင်းရှင်သန်ကြရမည်။

ရှင်ပေါလု၏ ဒေသနာမှာ လူတို့သည်ကိုယ့်ကိုကိုယ် ကယ်တင်ဖို့စွမ်းဆောင်နိုင်စွမ်းမရှိကြဟူသောအချက်ဖြစ်သည်။ သခင်ခရစ်တော်တစ်ပါးတည်းကသာကယ်တင်နိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ ခရစ်ယာန်အသက်တာကို ကျွန်ုပ်တို့ရှင်သန်နိုင်သည်။ ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်အား လိုအပ်မှုနှင့် ခရစ်ယာန်အသက်တာအတွက် သန့်ရှင်းသောဝိညာဉ်တော်အား လိုအပ်မှုကို မေးမှိန်စေသော မည်သည့်တရားဒေသနာမဆိုဘုရားသခင်ထံမှ ရောက်လာသောတရားဒေသနာမဟုတ်သကဲ့သို့ ထိုဒေသနာသည်ကျရှုံးခြင်းနှင့် သေခြင်းဆီသို့ပို့ဆောင်ပါလိမ့်မည်။

အခန်းငယ် ၇ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအားဓမ္မဟောင်းကျမ်း၌မောရှေက ပညတ်တော်ကိုပေးခဲ့ချိန်တွင် ထိုပညတ်တော်သည် တန်ခိုးတော်နှင့်လည်းကောင်း၊ ဘုန်းအာနုဘော်နှင့်လည်းကောင်းရောက်လာခဲ့သည်။ ထိုနေ့ရက်ကာလတွင် တောင်သည်မီးခိုးနှင့်လည်းကောင်းမီးနှင့်လည်းကောင်း ပတ်ရစ်နေသည်။ ဘုရားသခင်၏လက်တော်သည် ပညတ်တော်ကို ကျောက်ပြားပေါ်၌ရေးသားခဲ့သည်။ ဘုရားသခင်သည် မိမိလူမျိုးတော်တို့ထံ၌ ပညတ်တော်ကို တန်ခိုးတော်နှင့်လည်းကောင်း၊ သန့်ရှင်းခြင်းနှင့်ဘုန်းကြီးခြင်း ထင်ရှားပြသခြင်းများနှင့်လည်းကောင်း ဆောင်ယူလာခဲ့ပါသည်။ ထိုနေ့ရက်များတွင် မောရှေ၏မျက်နှာသည် သခင်ဘုရား၏ဘုန်းတော်ဖြင့်ထင်ဟပ်နေခဲ့သောကြောင့် ဣသရေလလူများက သူ့မျက်နှာကို မကြည့်နိုင်ခဲ့ကြပါ။ ဘုရားသခင်ရှေ့၌ မိမိတို့၏ဒဏ်ခတ်စီရင်ခံခြင်းကို လူတို့အား

ပြသသော ပညတ်တော်သည် ထိုကဲ့သို့သောတန်ခိုးတော်ဖြင့် ရောက်ရှိလာခဲ့လျှင်၊ အသက်ကိုဆောင်ယူလာသော သန့်ရှင်းသောဝိညာဉ်တော်၏နည်းလမ်းသည် ဤထက်မကသည့် ဘုန်းတန်ခိုးအာနုဘော်နှင့်နည်းသို့ပြည့်ခဲ့လိမ့်မည်နည်း။ ပညတ်တော်သည် ပြစ်တင်စီရင်သော်လည်း ဘုန်းအာနုဘော်နှင့်အတူရောက်ရှိလာခဲ့ပါသည်။ ဝိညာဉ်တော်၏ နည်းလမ်းသည် သခင်ခရစ်တော်နှင့်သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုကို ဆောင်ယူလာပြီး ၎င်းသည်ပို၍အံ့ဖွယ်ကောင်းလောက်အောင် ဘုန်းအာနုဘော်နှင့်ပြည့်နေပါသည်။

မောရှေတောင်ပေါ်မှဆင်းလာခဲ့ချိန်တွင် မျက်နှာသည်ဘုရားသခင်၏ဘုန်းတော်နှင့်လင်းထိန်နေခဲ့သည်။ သို့သော် ပြဿနာမှာ မောရှေမျက်နှာပေါ်၌ပြသခဲ့သော ထိုဘုန်းတော်သည် တစ်နေ့ပြီးတစ်နေ့ တဖြည်းဖြည်းမှေးမှိန်သွားခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သန့်ရှင်းသောဝိညာဉ်တော်၏ ဘုန်းတော်မှာ အစဉ်အမြဲတည်ခဲ့လိမ့်မည်ဟု အသိပေးခဲ့သည်။ မိမိတို့၏အသက်တာ၌ သခင်ယေရှု၏အပြစ်လွှတ်ခြင်းကိုလည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းတန်ခိုးတော်ကိုလည်းကောင်း သိရှိခံစားခဲ့သောသူများသည် ဘုရားသခင်၏ဘုန်းတော်ကို တိုးလျှက်အစဉ်အမြဲကြုံတွေ့ခံစားသွားကြပါလိမ့်မည်။ ဤပုဂ္ဂိုလ်များသာလျှင် ဘုရားသခင်၏မျက်မှောက်တော်သို့ တိုးဝင်ရ၍ ဘုရားသခင်ကိုထာဝရမွေ့လျော်ခံစားကြပါလိမ့်မည်။ သူတို့သည် သခင်ခရစ်တော်နှင့်အတူ ဘုန်းအာနုဘော်၌ထာဝရရှင်သန်သွားကြပါလိမ့်မည်။ သူတို့သည်ထိုအရာကို မိမိတို့၏ကြိုးစားအားထုတ်ခြင်းကြောင့် ထိုက်တန်စွာရရှိခဲ့ကြသည်မဟုတ်ပါ။ သခင်ယေရှု၏အပြစ်ခွင့်လွှတ်ပေးခြင်းအားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်က သူတို့အထဲ၌ရှင်သန်ကိန်းဝပ်ခဲ့သောကြောင့်ဖြစ်သည်။

ဤသမ္မာတရားများကြောင့် ရှင်ပေါလုသည် မိမိသာသနာလုပ်ငန်းတွင် အလွန်ရဲရင့်ခြင်းရှိခဲ့ပါသည် (၎ယ် ၁၂)။ သူသည်မိမိ၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုများပေါ်၌ မှီခိုအားထားနေခဲ့လျှင် ထိုကဲ့သို့သော ယုံကြည်စိတ်ချမှုမျိုး ရရှိပိုင်ဆိုင်နိုင်ခဲ့လိမ့်မည်မဟုတ်ပါ။ သို့သော်ရှင်ပေါလုသည် မိမိ၏ကိုယ်တိုင် ကြိုးစားအားထုတ်မှုများတွင် မကိုးစားခဲ့ပါ။ သူသည်သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုအပေါ်၌သာ ယုံကြည်ကိုးစားခဲ့သည်။ ဤအကြောင်းအရင်းကြောင့် ရှင်ပေါလုမှာရဲရင့်ခြင်းနှင့်တကွ ဟောပြောနိုင်ခဲ့ခြင်းဖြစ်သည်။ သူသည်ဘုရားသခင့် ဝိညာဉ်တော်၏တန်ခိုးတော်၌ အမှုတော်ဆောင်ခဲ့သည်။ သူသည်ကျရှုံးပျက်ကွက်နိုင်ခြင်းမရှိသော ဘုရားသခင်၏လမ်းပြဦးဆောင်မှုကို နာခံလိုက်လျှောက်ခဲ့သည်။ ဘုရားသခင်က လမ်းပြဦးဆောင်သောအခါ လုပ်ပိုင်ခွင့်အာဏာကိုလည်း ပေးမည့်အကြောင်းကို ရှင်ပေါလုအလွန်ယုံကြည်စိတ်ချနိုင်ခဲ့ခြင်းဖြစ်သည်။

ရှင်ပေါလုသည် မိမိဟောပြောခဲ့သော တရားတော်ကြောင့်ကြီးမားသောယုံကြည်စိတ်ချမှုနှင့်အတူ ရဲဝင့်စွာဖြင့် အမှုတော်နိုင်ခဲ့ခြင်းဖြစ်သည်။ သူသည်ပညတ်တရား၏လမ်းစဉ်ကို မဟောပြောခဲ့ပါ။ မည်သူကမျှ ထိုလမ်းစဉ်ကို လိုက်လျှောက်၍ရှင်သန်နိုင်ခဲ့မည်မဟုတ်ပါ။ ရှင်ပေါလု၏တရားတော်သည် ဝိညာဉ်တော်တရားဖြစ်သည်။ ထိုတရားတော်သည် ယုံကြည်သူများမှတဆင့် အမှုတော်ဆောင်၍ အသစ်သောအသက်တာကို ဆောင်ယူလိုသည့် သန့်ရှင်းသောဝိညာဉ်တော်၏အကြောင်းဖြစ်သည်။ ဤတရားတော်တစ်ပါးတည်းကသာယုံကြည်သူများထံ၌ မျှော်လင့်ချက်ကိုပေးနိုင်ခဲ့ပါလိမ့်မည်။ ရှင်ပေါလုကမိမိမှတဆင့်အလုပ်လုပ်နေသော သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်၌ယုံကြည်စိတ်ချနေခဲ့သည်။ မိမိဟောပြောသော တရားတော်၌လည်း ယုံကြည်

စိတ်ချနေခဲ့သည်။ သူသည် ဝိညာဉ်တော်၏တန်ခိုးတော်၌ အမှုတော်ဆောင်၍ အသက်ရှင်ခြင်းကို ဆောင်ယူပေးသည့်ဝိညာဉ်တော်၏ လမ်းစဉ်ကိုထုတ်ဖော်ဟောပြောခဲ့သည်။

ရှင်ပေါလု၏ သာသနာလုပ်ငန်းနှင့် အခွင့်အာဏာအပေါ်၌ မေးခွန်းထုတ်နေခဲ့သောသူများရှိခဲ့သည်။ လူ့အနေဖြင့်ပြောရလျှင် ရှင်ပေါလုသာမိမိ၏ကြိုးစားအားထုတ်မှုများနှင့် ဉာဏ်ပညာကို ယုံကြည်ကိုးစားနေခဲ့လျှင် စိုးရိမ်စရာအကြောင်းသူ့တွင် ရှိခဲ့ပါလိမ့်မည်။ ရှင်ပေါလု၏ ယုံကြည်စိတ်ချမှုသည် မိမိအပေါ်၌ မဟုတ်ခဲ့ပါ။ သူသည်ဘုရားသခင့်ဝိညာဉ်တော်၏ တန်ခိုးတော်၌ အမှုတော်ကိုဆောင်နေခဲ့သည်။ သူဟောပြောသောတရားတော်မှာလည်း လူ့ဉာဏ်အမြော်အမြင်မှ ရောက်လာသောတရားမဟုတ်၊ ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ထံမှ ရောက်လာသောတရားတော်ဖြစ်သည်။ ဤအတွက်ကြောင့် သူသည်မိမိရန်သူ၏ ဆန့်ကျင်မှုကို ရင်ဆိုင်ရန်ကြီးမားသော ယုံကြည်စိတ်ချမှုရှိခဲ့သည်။ ဘုရားသခင်၏ လမ်းပြဦးဆောင်ခြင်း၌လည်းကောင်း၊ ဝိညာဉ်တော်၏တန်ခိုးတော်၌လည်းကောင်း ကျွန်ုပ်တို့လျှောက်လှမ်းရှင်သန်သည်နှင့်အမျှ ဘုရားသခင်သည် အလားတူခိုင်မာသော နားလည်သဘောပေါက်မှုကို ကျွန်ုပ်တို့အား ပေးပါစေသော်. . . . ။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ပညတ်တရား၏ လမ်းစဉ်နှင့် ဝိညာဉ်တော်တရား၏လမ်းစဉ်တို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။
- သင်သည် ဇာတိပကတိ၌အမှုတော်ဆောင်နေကြောင်း (သို့)ဝိညာဉ်တော်၏ တန်ခိုးတော်၌ အမှုတော်ဆောင်နေကြောင်းကို မည်သို့ ပြော

နိုင်သနည်း။ ဤအမှုတော်ဆောင်ခြင်းများသည် မည်သို့ကွဲပြားခြားနားကြသနည်း။

- ကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်း၌လည်းကောင်း၊ ဘုရားသခင်နှင့် အတူရှင်သန်လျှောက်လှမ်းရာ၌လည်းကောင်း၊ ဘုရားသခင်၏ ဝိညာဉ်တော်အား ကျွန်ုပ်တို့ကို လုပ်ပိုင်ခွင့်အာဏာပေးစေခြင်းနှင့် လမ်းပြဦးဆောင်စေခြင်းတို့၏ အရေးပါပုံအကြောင်းကို ဤကျမ်းချက်မှ ကျွန်ုပ်တို့မည်သို့ သင်ယူရပါသနည်း။
- သင့်ရဲ့အသက်တာရှင်သန်ပုံ၌လည်းကောင်း၊ စကားအပြောအဆို၌လည်းကောင်း သင်သည်မည်ကဲ့သို့သော "ချီးမွမ်းစာ" (ထောက်ခံစာ) မျိုးဖြစ်နေသနည်း။
- သာသနာလုပ်ငန်း၌ သင့်ရဲ့ယုံကြည်စိတ်ချမှုသည် ယနေ့တွင်မည်သည့်အရာ၌ဖြစ်သနည်း။ ရှင်ပေါလု၏ ယုံကြည်စိတ်ချမှုသည် မည်သည့်အရာ၌ ဖြစ်ခဲ့သနည်း။

## ဆုတောင်းရန်အချက်များ

- အမှုတော်မြတ်၌ သင့်ကိုစွမ်းဆောင်ပေးဖို့နှင့် လုပ်ပိုင်ခွင့်အာဏာပေးဖို့ သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့လူ့ဉာဏ်အမြော်အမြင်နှင့် အစွမ်းအစတို့ဖြင့် သခင်ဘုရားကို အစေခံဖို့ကြိုးစားနေသည့် အသက်တာအစိတ်အပိုင်းရှိနေလျှင် ဖော်ပြပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သခင်ဘုရားကို ပို၍ပြည့်ပြည့်ဝဝယုံကြည်ကိုးစားနိုင်ရန်နှင့် သခင်ဘုရား၏လမ်းပြဦးဆောင်ခြင်းကို ပို၍ပြတ်ပြတ်သားသားနာခံလိုက်

လျှောက်နိုင်ရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။ ရှင်ပေါလုကဲ့သို့ ဝိညာဉ်တော်၏လမ်းပြဦးဆောင်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာပေးခြင်းတို့၌ အမှုတော်ကို ထမ်းဆောင်ပြီး သာ၍ကြီးမားသော ရဲရင့်ခြင်းကို သင့်အားပေးသနားဖို့ တောင်းလျှောက်ပါ။

- ဘုရားသခင်၏ ဘုန်းအာနုဘော်နှင့် တန်ခိုးတော်တို့အတွက် သာ၍ကောင်းသောသက်သေတစ်ပါးဖြစ်ရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။

၆

## ဖုံးအုပ်မထားသောမျက်နှာများက ဘုန်းတော်ကိုထင်ဟပ်ခြင်း

၂ကော ၃း၁၃-၁၈ ကိုဖတ်ရှုပါ။

ဓမ္မဟောင်းကျမ်းက ကျွန်ုပ်တို့ကိုသွန်သင်ပေးသောအရာတစ်ခုရှိခဲ့လျှင် ထိုအရာမှာ မည်သူကမျှဘုရားသခင်၏ ပညတ်တော်ကိုတိတိကျကျ မလိုက်နာနိုင်ပါဟူသောအချက်ဖြစ်သည်။ အမှန်ဆိုရလျှင် ပညတ်တရား၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏လူ့ကြိုးစားအားထုတ်မှုများဖြင့် ဘုရားသခင်ကို စိတ်မကျေနပ်စေနိုင်ပါဟူသောအချက်ကို ပြသပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အသက်တာ၌လက်တွေ့ကျကျမပြသခဲ့လျှင်ပင် စိတ်နှလုံးနှင့် အတွေးများ၌ ဘုရားသခင်၏စံချိန်စံညွှန်းကို မပြည့်မီကြပါ။

ဤကျမ်းချက်တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပညတ်တရား၏ဘုန်းအာနုဘော်နှင့် သခင်ခရစ်တော်၏ဘုန်းအာနုဘော်တို့၏ ခြားနားမှုကို ပြောပြခဲ့သည်။ ထွက်မြောက်ရာ ၃၄း၃၀-၃၅၌ မောရှေဘုရားသခင်နှင့်တွေ့ဆုံပြီးနောက် တောင်ပေါ်မှဆင်းလာခဲ့သည့်အကြောင်းကို ကောရိန္သုအသင်းသားများအား ပြန်လည်အသိပေးခြင်းဖြင့်အစပြုခဲ့သည်။ မောရှေတောင်ပေါ်မှဆင်းလာခဲ့ချိန်တွင် မျက်နှာသည်ဘုရားသခင်၏ဘုန်းတော်နှင့်တောက်ပနေခဲ့သည်။ ဣသရေလလူမျိုးများက ဤဘုန်းအာနုဘော်ကို ကြောက်ရွံ့ထိတ်လန့်ခဲ့ကြသောကြောင့် မောရှေမှာမိမိ၏မျက်နှာကို ဖုံးအုပ်ထားခဲ့ရသည်။ သို့သော် သခင်ယေရှု၏အသက်တာနှင့် အသေခံခြင်းက ဘုရား

သခင်၏ဘုန်းတော်ကို မောရှေပညတ်တရားက ထင်ရှားစေသည်ထက်ပို၍ ထင်ရှားစေပါသည်။

အခန်းငယ် ၁၄တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဓမ္မဟောင်းပဋိညာဉ်တရားကို ဟောပြောသည့်အခါတွင် ဖုံးကွယ်နေမှုတစ်ခုမှာ အထင်အရှားရှိနေခဲ့ကြောင်း ပြောပြခဲ့သည်။ ပညတ်တရား၏ရည်ရွယ်ချက်သည် ထိုတရားတော်ကို ဟောပြောသောသူများ၌ပင် ဖုံးကွယ်လျက်ရှိသည်။ ဤဣသရေလလူမျိုးများသည် ကယ်တင်ခြင်းအတွက် ပညတ်တရားအား စောင့်ရှောက်နာခံခြင်း၌ ယုံကြည်ကိုးစားခဲ့ကြသည်။ ဘုရားသခင်က စစ်မှန်သော သန့်ရှင်းစင်ကြယ်ခြင်းကိုလည်းကောင်း၊ မိမိ၏ပကတိပြည့်စုံသော စံချိန်စံညွှန်းကို ကျွန်ုပ်တို့မပြည့်မီကြကြောင်းကိုလည်းကောင်း ပြသဖို့ ပညတ်တော်ကို ပေးထားခြင်းဖြစ်သည်။ မည်သူကမျှပညတ်တရားကို ထိန်းသိမ်းကျင့်ဆောင်ခြင်းဖြင့် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို မရရှိနိုင်ပါ။

ပညတ်ချက်အချို့ (ဥပမာ- မမှန်သောသက်သေကိုမခံနှင့်၊ လူ့အသက်ကိုမသတ်နှင့်) အားနာခံစောင့်ထိန်းခြင်းသည် မျက်နှာပန်းကို လှစေပြီး၊ ကျွန်ုပ်တို့၏ဘာသာရေးကိုင်းရှိုင်းမှုလုပ်ရပ်ဖြင့် လူတို့ကိုအားကျလာအောင် ကျွန်ုပ်တို့ ကိုစွမ်းဆောင်ပေးနိုင်သော်လည်း ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အတွေးကို မပြောင်းလဲပေးပါ။ ၎င်းသည်ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှုများကို ပြောင်းလဲကောင်းပြောင်းလဲနိုင်သော်လည်း ကျွန်ုပ်တို့၏စိတ်နေသဘောထားကို မပြောင်းလဲစေပါ။ ကျွန်ုပ်တို့သည် ပညတ်တရား၏အပြင်ပန်းပြဌာန်းထားချက်များကို နာခံကျင့်ကြံနေစဉ်တွင် အပြစ်တရား၊ အရှက်တရားတို့နှင့် ပြည့်နေနိုင်သည်။ အာဒံနှင့်ဧဝကဲ့သို့ ကျွန်ုပ်တို့သည်ပညတ်တော်ကို နာခံခြင်းတည်းဟူသော သင်္ဘောသဖန်းရွက်များဖြင့် ကိုယ့်ကိုကိုယ်ဖုံးကွယ်ထားသော်လည်း

သန့်ရှင်းတော်မူသော ဘုရားသခင်၏ရှေ့တော်တွင် ကျွန်ုပ်တို့၏အဝတ် အချည်းစည်းရှိခြင်း (ကိုယ်တုံးလုံးဖြစ်နေခြင်း)၏ အရှက်တရားကို နက်နက်နဲနဲ ခံစားကြပါသည်။ မောရှေကဲ့သို့ ကျွန်ုပ်တို့၏မျက်နှာများကို ဖုံးအုပ်ထား၍ မျက်နှာပန်းလှလှကို ဝတ်ဆင်ထားနိုင်သော်လည်း နက်ရှိုင်းသောအတွင်း တစ်နေရာ၌ မှေးမှိန်နေသော ဘုန်းအာနုဘော်၏အရှက်တရားကို သိနေကြသည်။

အခန်းငယ် ၁၅ တွင် ရှင်ပေါလုက "ယခုတိုင်အောင်လည်း၊ မောရှေ၏ကျမ်းကို ဖတ်ကြသောအခါ၊ သူတို့စိတ်နှလုံးသည် ဖုံးအုပ်လျက်ရှိသေး၏" ဟုပြောခဲ့သည်။ ပညတ်တရားတော်အား ဟောပြောခြင်းတွင် မျှော်လင့်ချက် မရှိပါ။ ပညတ်တရားက ကျွန်ုပ်တို့ကိုမည်သည့်အရာအား လုပ်ဆောင်ဖို့ပြောပြ နိုင်သော်လည်း နာခံဖို့တန်အစွမ်းအစကို မပေးနိုင်ပါ။ ပညတ်တရားသည် ကျွန်ုပ်တို့အမှားပြုလုပ်မိသောအရာကို ပြောပြနိုင်သော်လည်း ပြန်လည်ပြုပြင် ဖာထေးမပေးနိုင်ပါ။ မျက်နှာခြုံလွှာကဲ့သို့ပင် ကျွန်ုပ်၏စစ်မှန်သောစိတ်အခြေ အနေကို ဖုံးဖိပေးနိုင်သည်။ ကျွန်ုပ်တို့သည် တနင်္ဂနွေနေ့တိုင်းဘုရားကျောင်း တက်နိုင်ပေသည်။ မနက်တိုင်းကျမ်းစာဖတ်၍ ဆုတောင်းနိုင်ပေသည်။ သခင် ခရစ်တော်ကို ပုံသက်သေတစ်ခုအဖြစ် ထားရှိသောအသက်တာတစ်ခုဖြင့် ကျွန်ုပ်တို့ရှင်သန်နိုင်ပေသည်။ ဤအရာများအားလုံးသည် ကောင်းမြတ်ကြပါ သည်။ သို့သော် ၎င်းတို့သည် ကျွန်ုပ်တို့စိတ်နှလုံး၏စစ်မှန်သော အခြေအနေ ကိုဖုံးကွယ်ပေးသည့် မျက်နှာဖုံးတစ်ခုသာ ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။

သခင်ယေရှုသည် ထိုမျက်နှာခြုံလွှာ၏နောက်ကွယ်၌ရှိသောအရာကို ကိုင်တွယ်ဖြေရှင်းပေးဖို့ ကြွလာခဲ့ခြင်းဖြစ်သည်။ အပြစ်ဒုစရိုက်ကြောင့် ကျွန်ုပ် တို့အားလုံးခံစားနေကြသည့် မှေးမှိန်နေသောဘုန်းအာနုဘော်နှင့် အရှက်

တရားကို ကိုင်တွယ်ဖြေရှင်းပေးဖို့ ကြွလာခဲ့သည်။ အပြစ်လွှတ်ခြင်းကို ဆောင်ယူဖို့ ကြွဆင်းလာခဲ့သည်။ ထိုသခင်၏ အပြစ်လွှတ်ခြင်းကို ကျွန်ုပ်တို့ သိရှိနားလည်သောအခါတွင် ထိုမျက်နှာဖုံးကို ကျွန်ုပ်တို့ဖယ်ရှားနိုင်ပေသည်။ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့ဖုံးကွယ်ဖို့မလိုတော့ပါ။ ကျွန်ုပ်တို့၏အဆင့်မမီမှုများအားလုံးကို ထိုသခင်၏အပြစ်လွှတ်ခြင်းက လွှမ်းခြုံပေးထားသည်။ ဘုရားသခင်ကိုတိုး၍ဂုဏ်ပြုချီးမြှောက်သော အသက်တာဖြင့် ရှင်သန်ရန်အတွက် လည်းကောင်း၊ လမ်းပျောက်နေသော လောကီသားများထံ၌ ဖုံးအုပ်မထားသောဘုန်းအာနုဘော်ကို ထုတ်ဖော်ပြသရန်အတွက်လည်းကောင်း ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးပါသည်။

သခင်ယေရှုသည် ကြီးမားသောခြားနားမှုကြီးကို လုပ်ဆောင်ခဲ့ပါသည်။ အခန်းငယ် ၁၇ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်၏ဝိညာဉ်တော်ရှိရာအရပ်တွင် လွတ်ခြင်းချမ်းသာရှိသည်ဟု ပြောခဲ့သည်။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသော လွတ်ခြင်းချမ်းသာမှာ အပြစ်အတွက်စိတ်မလုံခြင်း၊ ပြစ်တင်စီရင်ခြင်း၊ အရှက်ကွဲအကျိုးနည်းခြင်း၊ အပြစ်၏ကျွန်ပြုခံရခြင်း၊ သေခြင်း၊ ငရဲကျခြင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်းဖြစ်သည်။ သခင်ယေရှုပြုခဲ့သော အမှုတော်အားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်ကကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ဝင်ရောက်ရှင်သန်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းတို့မှ လွတ်မြောက်ကြရသည်။ ကျွန်ုပ်တို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အပြစ်များအပေါ်၌ ထားရှိသောဘုရားသခင်၏ အမျက်တော်ကို သခင်ယေရှု၏အသွေးတော်က ပြေပျောက်စေခဲ့သည်။ ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့သည်ခေါင်းမော့ထားနိုင်ကြပြီဖြစ်သည်။ ကျွန်ုပ်တို့ရှေ့၌ မည်သည့်အရာကိုမျှ ဖုံးကွယ်ဖို့မရှိတော့ပါ။

ကျွန်ုပ်တို့၏အပြစ်ရှိစိတ်အတွက် အရှက်ရနေခြင်းနှင့် မှေးမှိန်နေသောဘုန်းအာနုဘော်တို့မှာ ပျောက်ကွယ်သွားကြပြီဖြစ်သည်။

အခန်းငယ် ၁၈ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့သည် ဖုံးကွယ်မထားသော မျက်နှာများဖြင့် သခင်ဘုရား၏ဘုန်းအာနုဘော်ကို ထင်ဟပ်ပြသနိုင်ကြကြောင်း အသိပေးခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်နေသော မောရှေ၏ဘုန်းအာနုဘော်ကဲ့သို့မဟုတ်ဘဲ ကောရိန္သုအသင်းသားများသည် သခင်ယေရှုနှင့် သဏ္ဍာန်တူခြင်းဆီသို့ပို၍ပို၍ ပြုပြင်ပြောင်းလဲခြင်းကို ခံကြရပါသည်။ အပြစ်နှင့်မကောင်းမှုဒုစရိုက်တို့ ရှုံးနိမ့်ခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်းတို့၏အသက်တာနှင့်စိတ်နှလုံးကို ပို၍ပို၍ထိန်းချုပ်လာပါသည်။ ၎င်းတို့သည် ကိုယ်တော်ရှင်နှင့် ပို၍ပို၍နီးစပ်လာကြသည်။ ဤဘုန်းအာနုဘော်သည် ၎င်းတို့၏ဘုန်းအာနုဘော်မဟုတ်ပါ။ မောရှေ၏မျက်နှာပေါ်၌ တောက်ပခဲ့သောဘုန်းအာနုဘော်သည် တဖြည်းဖြည်းမှေးမှိန်လာသော ဘုန်းအာနုဘော်ဖြစ်ခဲ့သော်လည်း၊ ကောရိန္သုအသင်းသားများကြုံတွေ့ခံစားနေရသော ဘုန်းအာနုဘော်ဟူမူကား ၎င်းတို့၏အသက်တာ၌ တိုးလျှက်ရှိနေခဲ့ပါသည်။ သခင်ယေရှုပြုလုပ်ခဲ့သောအမှုက ဤခြားနားချက်ကြီးကိုဖန်တီးခဲ့ပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ယေရှုသည် သင့်အသက်တာ၌မည်သည့်ခြားနားချက်ကို ပြုလုပ်ခဲ့သနည်း။
- သခင်ယေရှုသည် ကျွန်ုပ်တို့၏အသက်တာ၌ ကျွန်ုပ်တို့၏အပြစ်တရားနှင့် အရှက်တရားကို မည်သို့လုပ်ဆောင်သွားခဲ့ပါသနည်း။
- ပညတ်တရားအားဖြင့် ဘုရားသခင်ကို စိတ်ကျေနပ်စေရန်မှာ ဖြစ်နိုင်

ချေ မရှိခြင်းနှင့်စပ်လျဉ်း၍ ဤကျမ်းချက်မှကျွန်ုပ်တို့မည်သည့်အရာကိုသင်ယူရပါသနည်း။ မောရှေ၏ပညတ်တရားသည် မျက်နှာဖုံးနှင့်မည်သို့တူသနည်း။ ၄င်းသည်မည်သည့်အရာကို ဖုံးကွယ်ထားသနည်း။

- ပညတ်တရားကဘယ်သောအချိန်ကမျှ မလုပ်နိုင်သော သခင်ယေရှုလုပ်ဆောင်ခဲ့သည့်အရာမှာအဘယ်နည်း။ သခင်ဘုရားသည်လွတ်ခြင်းချမ်းသာကို မည်သို့ဆောင်ယူလာခဲ့သနည်း။
- သင်သည်အသက်တာ၌ အစဉ်အမြဲတိုးပွားလျှက်ရှိသော သခင်ခရစ်တော်၏ ဘုန်းအာနုဘော်အားထုတ်ဖော်ပြသခြင်းကို ကြုံတွေ့ခံစားနေရပါသလား။ ထိုဘုန်းအာနုဘော်အား အသက်တာ၌ ပို၍ပြည့်ပြည့်ဝဝ မပြသနိုင်အောင်မည်သည့်အရာက ဆီးတားထားသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ခရစ်တော်နှင့်ပို၍သဏ္ဍာန်တူလာအောင် သင့်ကိုဖန်တီးပေးရန်သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုအပေါ်၌ သင့်ရဲ့စိတ်နှလုံးကိုပို၍ ပြည့်ဝစွာဖွင့်ဟထားနိုင်ဖို့ ကူညီပေးရန်သခင်ဘုရားကိုတောင်းလျှောက်ပါ။
- အံ့သြဖွယ်အပြစ်လွတ်ခြင်းကို ပေးခဲ့ခြင်းအတွက်လည်းကောင်း သင်သည် သခင်ဘုရားပညတ်တရားအားဖြင့် ဖြစ်တည်လာသောအပြစ်တရားနှင့်အရှုက်တရား၊ အပြစ်နှင့်သေခြင်းတို့မှ အကြွင်းမဲ့လွတ်မြောက်ခဲ့သောအပြစ်အတွက်လည်းကောင်း၊ သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- မိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုများဖြင့် ဘုရားသခင်ကို စိတ်

ကျေနပ်စေဖို့ ကြိုးစားခြင်းထောင်ချောက်၌ ကျော့မိနေသောသူများကို သင်သိပါသလား။ ကယ်တင်တော်မူခြင်းအမှုသည် ဘုရားသခင်၏အလုပ်ဖြစ်ကြောင်းကိုလည်းကောင်း၊ သူတို့ဖြစ်တည်နေသည့်အတိုင်းဘုရားသခင်က သူတို့ကိုကယ်တင်လိုကြောင်းကိုလည်းကောင်း သူတို့သိမြင်နားလည်နိုင်ဖို့ ဆုတောင်းပေးရန် အချိန်ယူပါ။

၄
## သတင်းကောင်းတရားတော်၏အမှုတော်မြတ်

---

၂ကော ၄း၁-၇ ကိုဖတ်ရှုပါ။

အခန်းကြီး ၃တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား ၎င်းတို့သည် ဤလောကရှိ မယုံကြည်သူများက ဖတ်ရှုကြသည့် ချီးမွမ်းသောစာများဖြစ်ကြသည်သည်ဟု ပြန်လည်အသိပေးခဲ့သည်။ ထိုသို့ဖြင့် မယုံကြည်သူတို့က ကောရိန္သုယုံကြည်သူများ၌ သခင်ယေရှု၏အကျင့်စရိုက်နှင့် ဖြစ်တည်မှုကိုတွေ့မြင်ခဲ့ကြရမည်ဖြစ်သည်။ သူတို့သည် သွားလေရာရာ၌သခင်ခရစ်တော်၏အမွှေးအကြိုင်ဖြစ်ခဲ့ကြသည်။ ဤသည်မှာ အံ့ဖွယ်အမှုတော်မြတ်တစ်ပါးဖြစ်၍ ဤအခန်း၌ ရှင်ပေါလုက ကျယ်ကျယ်ပြန့်ပြန့်အသေးစိတ်စမ်းစစ်သုံးသပ်လိုသော အရာလည်းဖြစ်သည်။

အခန်းငယ် ၁တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့သည် ဤအံ့ဖွယ်အမှုတော်မြတ်ကို ဘုရားသခင်၏ ကရုဏာတော်အားဖြင့်ရရှိခဲ့ကြခြင်းဖြစ်ကြောင်း အသိပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဤလောက၌ ဘုရားသခင်ကို ကိုယ်စားပြုရန်အတွက်လည်းကောင်း၊ ဘုရားသခင့်အကျင့်စရိုက်လက္ခဏာ၏ အမွှေးအကြိုင်နှင့် မျက်မှောက်ပြုခြင်းဖြစ်ကြရန်အတွက်လည်းကောင်း အဘယ့်ကြောင့်ရွေးချယ်ခြင်းခံကြရမည်နည်း။ ဤအရာသည် ကျွန်ုပ်တို့ဘယ်သောအခါတွင်မျှ နားမလည်နိုင်ကြမည့် လျှို့ဝှက်နက်နဲသော

အရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအမှုတော်မြတ်နှင့် ထိုက်တန်သောကြောင့် ဘုရားသခင်က ကျွန်ုပ်တို့ကို ရွေးချယ်ခဲ့ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ဘက်မှ အရည်အချင်းပြည့်မီကြသောကြောင့်လည်း ရွေးချယ်ခဲ့ခြင်းမဟုတ်ပါ။ သူသည် ကျွန်ုပ်တို့ကို ချစ်မြတ်နိုးတော်မူပြီး ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်လိုသောကြောင့်သာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် အားနည်းချည့်နဲ့၍ ကျိုးပဲ့ကြေကွဲလွယ်သည့် မြေအိုးများဖြစ်ကြသည့် ကျွန်ုပ်တို့အားဖြင့် မိမိ၏ အံ့ဖွယ်တန်ခိုးတော်ကို သက်သေပြလိုသောကြောင့် ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဤကမ္ဘာကြီး၌ ဤနည်းလမ်းဖြင့် ဘုရားသခင်နိုင်ငံတော်အား ချဲ့ထွင်ခြင်း၌ ကျွန်ုပ်တို့ကိုအသုံးပြုရခြင်းမှာ ဘုရားသခင်၏ကြီးမြတ်လှသော ဂရုဏာတော်သက်သက်ကြောင့်သာဖြစ်သည်။

ဤနေရာ၌ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့ အရေးကြီးသည့် အချက်မှာ သတင်းကောင်းတရားတော်ကို ဟောပြောခြင်းအမှုတော်အား ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးအပ်ထားသည်ဟူသောအချက်ဖြစ်သည်။ ဤအချက်ကြောင့် ဘယ်သောအခါတွင်မျှ စိတ်ပျက်အားလျော့ခြင်းမရှိကြဖို့ ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား ပြောခဲ့ခြင်းဖြစ်သည်။ သတင်းကောင်းတရားတော် ဟောပြောခြင်းအမှုတော်တွင် စိတ်ပျက်အားလျော့ခြင်းကို တွေ့ကြုံခံစားရန်မှာ လွယ်ကူလှသည်။ လူတို့ကသတင်းကောင်းတရားတော်ကို အမြဲတမ်းလက်ခံကြမည်မဟုတ်ပါ။ သတင်းကောင်းတရားတော်ကို ဟောပြောသူတို့မှာ ငြင်းပယ်ခြင်းကို အမြဲလိုလိုခံကြရသည်။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးတိုက်ပွဲအလယ်တွင် ရှိနေကြသည်။ ကျွန်ုပ်တို့၏ရန်သူသည် ဤလောကီသားများထံသို့ ကျွန်ုပ်တို့ဆောင်ယူလာသော တရားတော်ကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်း ရွံမုန်းသောကြောင့်

ကျွန်ုပ်တို့ကို ဖျက်ဆီးဖို့ရှာကြံနေသည်။ ဤကဲ့သို့သောအချိန်များတွင် ကျွန်ုပ်တို့သည် ဤလောကကြီးကို ဖန်ဆင်းသောဖန်ဆင်းရှင်ကမိမိ၏ တန်ဆာပလာများအဖြစ် ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့ကြောင်းကို သိရှိထားရန်လိုအပ်သည်။ ဤလောက၌မိမိ၏သံတမန်များအဖြစ် ရွေးချယ်ခြင်းခံထားရသည့် ဘုန်းတန်ခိုးကြီးသော ဘုရားသခင်၏အစေခံများ ဖြစ်ရခြင်းအတွက်ကျွန်ုပ်တို့အဘယ်မျှဝမ်းမြောက်ကြရမည်နည်း။ ဤအချင်းအရာသည် ကျွန်ုပ်တို့အား အဆုံးတိုင်တည်ကြည်ဖို့ရဲရင့်ခြင်းသတ္တိကိုအဘယ်မျှပေးနေရမည်နည်း။ ကျွန်ုပ်တို့၏စိတ်ဆန္ဒမှာ ဘုရားသခင်ကို ကျေနပ်အားရစေရန်နှင့် နာမတော်ကိုဘုန်းထင်ရှားစေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုန်းတန်ခိုးကြီးသော ဘုရားသခင်၏တန်ခိုးအာဏာ၌လည်းကောင်း၊ ကောင်းကြီးမင်္ဂလာအောက်၌လည်းကောင်း အမှုတော်ဆောင်နေကြပါသည်။ ကျွန်ုပ်တို့သည် ထိုဘုရားသခင်၏ ဘိသိက်ပေးခြင်း၌လည်းကောင်း၊ ကွယ်ကာစောင့်မခြင်းနှင့်လုပ်ပိုင်ခွင့်အာဏာပေးခြင်း၌လည်းကောင်း လျှောက်လှမ်းရှင်သန်နေကြသည်။ မည်သည့်အရာပင်ဖြစ်ပျက်နေပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းကို ခံရသောသူများဖြစ်ကြ၍ သူသည်ကျွန်ုပ်တို့ကိုစောင့်မ၍ ခွန်အားသစ်များသွန်းလောင်းပေးပါလိမ့်မည်။ သူသည်မိမိ၏လူတို့ကိုမေ့လျော့မည်မဟုတ်သောကြောင့် ကျွန်ုပ်တို့မှာ စိတ်ပျက်အားလျော့ခြင်း အလျဉ်းမရှိကြရ။

သတင်းကောင်းတရားတော်ကို ကျွန်ုပ်တို့ဟောပြောဝေငှကြသည်နှင့် အမျှရှင်ပေါလုက ကျွန်ုပ်တို့ကိုသိစေလိုသော ဒုတိယမြောက်အချက်တစ်ချက်ရှိသေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သံတမန်များဖြစ်ကြသောကြောင့် ဆိတ်ကွယ်ရာအရပ်၌ပြုသော ရှက်ဖွယ်အမှုများကို ပယ်ကြဖို့အထူးဂရုစိုက်ကြရမည် (၄ယ်၂)။ အထူးသဖြင့်ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား

အမှုတော်ကိုဆောင်ရာ၌ လိမ်ညာလှည့်ဖြားခြင်းကို အသုံးမပြုကြဖို့ (သို့) ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထိမ်ဝှက်မှောက်လှန်ခြင်းမပြုလုပ်ကြဖို့ စိန်ခေါ်တိုက်တွန်းခဲ့သည်။ ဤအကြောင်းအရာကို အသေးစိတ်လေ့လာသုံးသပ်ကြည့်ကြစို့။

ဘုရားသခင်၏ နိုင်ငံတော်အား ချဲ့ထွင်တိုးတက်စေလိုသော ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုတွင် မြောက်မြားစွာသော လူများသခင်ခရစ်တော်ထံသို့ ရောက်ရှိလာကြသည်ကို မြင်တွေ့လိုသော စိတ်ထားမျိုးကိုရှိကြရန်မှာ ကျွန်ုပ်တို့အတွက်အလွန်လွယ်ကူပါသည်။ ကျွန်ုပ်တို့၏ စိတ်အားထက်သန်မှုကြောင့် ကျွန်ုပ်တို့သည် တစ်ခါတစ်ရံတွင် လောကီနည်းပရိယာယ်များကို ရယူအသုံးပြုတတ်ကြသည်။ တစ်ခါတစ်ရံတွင် သူတစ်ပါးအတွက်စိတ်အနှောက်အယှက်ဖြစ်စေမည်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ကျွန်ုပ်တို့သည် အမှန်တရားအချို့ကို ထိမ်ဝှက်တတ်ကြသည်။ အချို့သောအပြစ်ဒုစရိုက်များအကြောင်းဟောပြောခြင်းကို ရှောင်ကြဉ်ကြသည်။ ခက်ခဲရုန်းကန်ရခြင်းနှင့်ကင်းလွတ်သောအသက်တာ၊ ချမ်းသာကြွယ်ဝခြင်းနှင့်သာ ပြည့်လျှံနေသောအသက်တာအကြောင်းကိုသာ ကျွန်ုပ်တို့ဟောပြောလျှင် သမ္မာကျမ်းစာသည်သတင်းကောင်းတရားတော်ကြောင့် ညှင်းပန်းနှိပ်စက်ခံရသော ယုံကြည်သူများ၏ ပုံသာဓကများနှင့် ပြည့်နေသည့်အဖြစ်ကို ကျွန်ုပ်တို့လျစ်လျူရှုရာရောက်ပါသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား လူတစ်အုပ်ကိုဆွဲဆောင်ဖို့သတင်းကောင်းတရားတော်ကို မှောက်လှန်ခြင်းမပြုလုပ်ကြဖို့ စိန်ခေါ်ခဲ့သည်။ ထိုအစားငင်းတို့သည် ဘုရားသခင်၏သမ္မာတရားအပြည့်အစုံကို ရှင်းရှင်းလင်းလင်း ခင်းကျင်းဟောပြောကြရမည်ဖြစ်သည်။

ကောရိန္သုယုံကြည်သူများ သတင်းကောင်းတရားတော်ကို မည်သို့ဟောပြောဝေငှရမည့်အကြောင်း ရှင်ပေါလုကိုယ်တိုင်က ၎င်းတို့၏ရှေ့တွင်

ပုံဥပမာတစ်ခု တည်ဆောက်ခဲ့သည်။ ရှင်ပေါလု၏ဟောပြောမှုသည် ရိုးရှင်း၍ နားလည်ရလွယ်သည်။ ရှင်ပေါလုသည် နောက်လိုက်အပေါင်းအပါတစ်စုကို ဆွဲဆောင်ဖို့ သတင်းကောင်းတရားတော်ကို မှောက်လှန်ခြင်းမပြုလုပ်ခဲ့ပါ။ ဘုရားသခင်က ရှင်ပေါလု၏သာသနာလုပ်ငန်းကို အံ့ဖွယ်နည်းလမ်းများဖြင့် ကောင်းကြီးပေးခဲ့သည်။ ဤသာသနာလုပ်ငန်းတွင် အခက်အခဲများ၊ ရုန်းကန်ရခြင်းများရှိခဲ့သော်လည်း ရှင်ပေါလုသည်ဘုရားသခင်၏ ရှေ့တော်တွင်ကြည်လင်သောဩတ္တပ္ပစိတ်ရှိသည်။ သူသည်သမ္မာတရားကို တိကျမှန်ကန်စွာတင်ပြဟောပြောခဲ့သည်။ သူသည်သတင်းကောင်းတရားတော်ကို ရေမရောဘဲ၊ ဘုရားသခင်က သူ့ကိုပေးအပ်ထားသည့်အတိုင်း ရှင်းရှင်းလင်းလင်းနှင့် မှုန်းခြယ်မှုမပါဘဲ ရိုးရိုးလေးဟောပြောခဲ့သည်။ သူသည်သတင်းကောင်းတရားတော်ကိုဟောပြောသောသူအားလုံးအား သမ္မာတရားတော်ကို အလားတူအတိုင်း ဟောပြောကြဖို့ စိန်ခေါ်ခဲ့သည်။

ရှင်းလင်းပြတ်သားမှုရှိသောသမ္မာတရားကို လူတိုင်းကနားလည်သဘောပေါက်ကြမည်တော့မဟုတ်ပါ။ မိမိတို့၏အပြစ်ဒုစရိုက်၌ ပျောက်ဆုံးနေသောသူများအတွက် သမ္မာတရားမှာ ဖုံးကွယ်လျှက်ရှိနေသည် (ငယ် ၃)။ မယုံကြည်သူတို့သည် သမ္မာတရားကိုမမြင်တွေ့နိုင်မည့်အကြောင်း စာတန်သည်သူတို့၏စိတ်ကို အလင်းကွယ်စေခဲ့သည်။ မယုံကြည်သူတို့သည် သခင်ခရစ်တော်၏အလင်းနှင့် ဘုန်းတော်ကိုမမြင်နိုင်ကြပါ။ သူတို့သည်သခင်ခရစ်တော်လုပ်ဆောင်သွားသည့်အရာကို နားမလည်နိုင်ကြပါ။ သတင်းကောင်းတရားတော်ကို ကျွန်ုပ်တို့ဟောပြောကြသည်နှင့်အမျှ ကျွန်ုပ်တို့သည်စာတန်ကိုဆန့်ကျင်တိုက်ခိုက်ကြပါလိမ့်မည်။ ကျွန်ုပ်တို့အားဖြင့်အံ့ဖွယ်နိမိတ်များကိုပြုလုပ်ဖို့ ဘုရားသခင်ကို ကျွန်ုပ်တို့တောင်းလျှောက်နေကြပါမည်။ ဝိညာဉ်ရေး

မဟာရန်သူတစ်ပါးကြောင့် အလင်းကွယ်နေသောသူများ၏ မျက်စိကိုဖွင့်ပေးဖို့ ဘုရားသခင်ကို ကျွန်ုပ်တို့တောင်းလျှောက်နေကြပါမည်။ သမ္မာတရားကိုမမြင်ဖူးခဲ့သောသူများကို အလင်းပေးဖို့ ဘုရားသခင်ကိုကျွန်ုပ်တို့တောင်းလျှောက်နေကြပါမည်။ အမှန်ဆိုရလျှင် ဤအမှုတော်မြတ်၌ ဘုရားသခင်ကသာ ကျွန်ုပ်တို့ကိုစေလွှတ်၍ ပြုပြင်မွမ်းမံမပေးခဲ့လျှင် ဘုရားသခင်၏နိုင်ငံတော်အား ဤကမ္ဘာမြေကြီး၌ ချဲ့ထွင်ခြင်းအမှုမှာ မဖြစ်နိုင်သော အမှုတော်တစ်ပါးသာ ဖြစ်ခဲ့ပါလိမ့်မည်။ ဘုရားသခင်က သတင်းကောင်းတရားတော်ကို ကြားနာသောသူများအား ဝိညာဉ်အလင်းနှင့် နားလည်သဘောပေါက်ခြင်းကို အံ့ဩလောက်စွာပေးခြင်းဖြင့် ကျွန်ုပ်တို့၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း အလုပ်လုပ်နေသောကြောင့်သာလျှင် ကျွန်ုပ်တို့မှာ အသီးဖြစ်ထွန်းနေရခြင်းဖြစ်သည်။

လူ့နည်းပရိယာယ်အသုံးပြုခြင်းသည် ဘုရားသခင်မှကျွန်ုပ်တို့အားဆင့်ခေါ်၍လုပ်စေလိုသောအမှုတော်ကို မှားယွင်းစွာနားလည်သဘောပေါက်ခြင်းသာဖြစ်သည်။ နှလုံးမာကျောနေသော အပြစ်သားများထံ၌ သတင်းကောင်းတရားတော်အား ဟောပြောခြင်းအမှုတော်သည် ဘုရားသခင့်ဝိညာဉ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုကို လိုအပ်သောအမှုတော်ဖြစ်သည်။ ဘုရားသခင့်ဝိညာဉ်တော်၏ အံ့ဖွယ်လှုပ်ရှားလုပ်ဆောင်မှုကသာလျှင် လူ့စိတ်နှလုံးကိုပြောင်းလဲစေနိုင်သည်။ ဤအတွက်ကြောင့်၊ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား သမ္မာတရားကို ၎င်းတို့ဟောပြောခြင်း၌ ဘုရားသခင်၏ဝိညာဉ်တော်အား ၎င်းတို့မှီခိုအားထားခြင်းတွင် မြဲမြံကြရန်စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

အခန်းငယ် ၅တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား သတင်းကောင်းတရားတော် ဟောပြောခြင်းအမှု၌ စိတ်တွင်ရည်မှတ်ထားရမည့်အခြားစည်းမျဉ်းဥပဒေသတစ်ခုကို ပေးခဲ့သည်။ ရှင်ပေါလုက၎င်းတို့အား

အတ္တကြီးစွာဖြင့် ကိုယ့်အကြောင်းကိုမဟောဘဲ၊ ယေရှုခရစ်သည်သခင်ဖြစ်ကြောင်းကို ဟောပြောကြဖို့ ပြန်လည်အသိပေးခဲ့သည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်လုပ်ချင်စိတ်များကြောင့် တရားဒေသနာကို ဟောပြောရန်မှာ အလွန်လွယ်ကူပါသည်။ ကျွန်ုပ်တို့အကြိမ်မြောက်မြားစွာ ပရိသတ်ရှေ့၌ရပ်၍ ၄င်းတို့၏အထင်ကြီးလေးစားခြင်းကို မျှော်ကိုးခဲ့သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသင်းတော်၏ အရွယ်အစားနှင့်ပတ်ဝန်းကျင်၌ အသင်းတော်၏ထင်ပေါ်ကျော်ကြားမှုကိုသာ ရှေးရှုနေခဲ့ကြသောကြောင့် သခင်ခရစ်တော်ကိုမျက်ခြေပြတ်သွားခဲ့ကြရသည်။ သတင်းကောင်းတရားဟောပြောခြင်းအမှုတော်သည် ကျွန်ုပ်တို့အကြောင်းဟောပြောခြင်းမဟုတ်ပါ။ သတင်းကောင်းတရားဟောပြောခြင်းအမှုတော်သည် လူတို့ကိုသခင်ခရစ်တော်အား စူးစိုက်စေခြင်းဖြစ်သည်။

လူတို့ကသင့်ကိုသာ အာရုံထားစူးစိုက်နေကြလျှင် သင်သည်ကိုယ့်ကိုကိုယ်ဘေးဖယ်၍ သူတို့ကိုသခင်ယေရှုထံသို့ ညွှန်ပြပေးဖို့လိုအပ်သည်။ လူတို့သည် သင်တို့၏အသင်းတော်မှ သင်းအုပ်ကြောင့်လည်းကောင်း၊ အသင်းတော်၏အစီအစဉ်များကြောင့်လည်းကောင်း အသင်းတော်သို့ ရောက်လာကြလျှင်သင်တို့သည် မည်သည့်နည်းနှင့်မဆို သူတို့ကို ကိုယ်တော့်အပေါ်၌ ပြန်လည်စူးစိုက်စေရပါမည်။ သတင်းကောင်တရားဟောပြောခြင်းအမှုတော်သည် ဝတ်ပြုကိုးကွယ်ခြင်းနည်းဟန်အကြောင်းမဟုတ် (သို့) ဖော်ရွေသောလူများအကြောင်းမဟုတ်ပါ။ သခင်ခရစ်တော်အကြောင်းဖြစ်သည်။ ဤအရာများအားလုံးသည် အခြားသူများအား သခင်ခရစ်တော်ကိုညွှန်ပြပေးဖို့ အသုံးတော်ခံမည့်တန်ဆာပလာသက်သက်သာဖြစ်ကြသည်။

လူတို့က သခင်ခရစ်တော်ကိုတွေ့မြင်ကြရမည်။ သခင်ခရစ်တော်၏အလင်းသည် ကျွန်ုပ်တို့၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း

ဤလောက၌ လင်းထိန်နေရပေမည် (ငယ် ၆)။ ဘုရားသခင်သည် မိမိ၏ အလင်းကို ကျွန်ုပ်၌ထည့်ပေးထားသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ဘုရားသခင်၏တန်ခိုးတော်ကိန်းဝပ်လျှက်ရှိသည်။ ရှင်ပေါလု၏အဆိုအရ ကျွန်ုပ်တို့မှာ မြေအိုးသက်သက်သာဖြစ်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်ဖို့ရွေးချယ်ခဲ့သည်။ ဘုရားသခင်က မိမိ၏တန်ခိုးတော်ကို ကျွန်ုပ်တို့မှ တဆင့်ပြသလိုသည်။ ဤလောကဆီသို့ ဘုရားသခင်၏အလင်းတော်နှင့် တန်ခိုးတော်ကို သယ်ဆောင်နေသော တန်ဆာပလာများဖြစ်ရသည်မှာ အဘယ်မျှ ဂုဏ်ယူဖွယ်ဖြစ်သနည်း။

ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်၏အလင်းတော်နှင့် တန်ခိုးတော်ကို ရှင်းရှင်းလင်းလင်းသက်သေပြနေပါသည်ဟု ကျွန်ုပ်တို့ပြော နိုင်ပါသလား။ ဤသည်မှာကျွန်ုပ်တို့၏ အသက်တာများအား ဘုရားသခင်က ပြုလုပ်စေလိုသောအရာဖြစ်ကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြထား သည်။ လူတို့က ကျွန်ုပ်တိုကိုကြည့်သောအခါ သခင်ခရစ်တော်အား တွေ့မြင် သည့်အဖြစ်ကို ဘုရားသခင်အလိုရှိသည်။ စစ်ကြောခြင်းများ၌ ကျွန်ုပ်တို့ ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် အောင်အောင်မြင်မြင်ရှင်သန်နိုင်ရခြင်း မှာ ကျွန်ုပ်တို့အထဲ၌ရှိနေသော ဘုရားသခင်၏တန်ခိုးတော်ကြောင့် ဖြစ် ကြောင်းကို လူတို့အားဘုရားသခင်က သိစေလိုသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ် တို့၏လှုပ်ရှားလုပ်ဆောင်မှုများဖြင့် ဘုရားသခင်အကြောင်းကို ဟောပြောနေ ကြပါသည်။ ဤအချင်းအရာကို လူတို့အားကျွန်ုပ်တို့ကိုစူးစိုက်အာရုံပြုခြင်းမှ ဖယ်ခွာ၍ သခင်ခရစ်တော်အပေါ်၌ ၄င်းတို့ကိုစူးစိုက်အာရုံပြုစေခြင်းဖြင့် လုပ်ဆောင်ကြပါသည်။

ဘုရားသခင်က ကျွန်ုပ်တို့အား သတင်းကောင်းတရားတော်၏ ဘုန်း တော်အတွက် လုပ်ဆောင်သောအမှုတော်ဆောင်များအတွက်ဆင့်ခေါ်ထားပါ သည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုမိမိ၏မျက်နှာဖုံးအုပ်မထားသော အစေခံ

များအဖြစ် ဆင့်ခေါ်ထားသောကြောင့် ကျွန်ုပ်တို့မှာ ရဲရင့်ခြင်းသတ္တိနှင့်အတူ အမှုတော်ဆောင်ကြသည်။ ကျွန်ုပ်တို့အား ပေးအပ်ထားသော တရားတော်ကို ရှင်းရှင်း လင်းလင်းမှန်မှန်ကန်ကန်တင်ပြဟောပြောကြသည်။ ကျွန်ုပ်တို့၏လိုအပ်ချက်များကိုဖြည့်ဆည်းဖို့ သတင်းကောင်းတရားတော်ကို ထိမ်ဝှက်မှောက်လှန်ခြင်းမလုပ်ကြပါ။ လှည့်နည်းပရိယာယ်များကို အသုံးပြုခြင်းဖြင့် အမှုတော်ကိုကျွန်ုပ်တို့တန်ဖိုးမကျဆင်းစေကြပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် သခင်ခရစ်တော်ကို အစွမ်းထက်ထက်တင်ပြဟောပြောကြသည်။ လူတို့ကကျွန်ုပ်တို့ကို လည်းကောင်း၊ ကျွန်ုပ်တို့၏အသင်းတော်ကိုလည်းကောင်း ချီးမွမ်းဂုဏ်ပြုကြသည်ကို ကျွန်ုပ်တို့မလိုချင်ပါ။ သခင်ယေရှုကိုသူတို့ဂုဏ်ပြုလေးစားကြသည်ကိုသာ ကျွန်ုပ်တို့လိုချင်သည်။ ဤအမှုတော်ကို ကျွန်ုပ်တို့ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်ဖို့ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေခဲ့သည်။ ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်၏အတိုင်းဆမဲ့၍ သန့်ရှင်းသောတန်ခိုးတော်အားဖြင့် အမှုတော်ဆောင်နေကြသည်။ ကျွန်ုပ်တို့၏အမှုတော်သည် ဝိညာဉ်ရေးနှင့်ဆိုင်သောအမှုတော်ဖြစ်ပြီး၊ ၎င်းသည်ဘုရားသခင်က လုပ်ပိုင်ခွင့်ပေး၍ ကောင်းကြီးပေးထားသော အမှုတော်ဖြစ်သောကြောင့် အောင်မြင်နေခြင်းဖြစ်ပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဘုရားသခင်က သင့်ကိုဆင့်ခေါ်၍ လုပ်ဆောင်စေခဲ့သော အမှုတော်၌စိတ်ပျက်အားလျော့ခဲ့ဖူးပါသလား။ ဤကျမ်းချက်၌မည်သည့် ခွန်အားပေးတိုက်တွန်းချက်ကို တွေ့မြင်ပါသနည်း။
- အမှုတော်မြတ်၌ လူတို့ကကျွန်ုပ်တို့ကို စူးစိုက်အာရုံပြုလာအောင်

လုပ်ဆောင်ခြင်း စုံစမ်းနှောက်ယှက်ခြင်းသည် အဘယ်မျှကြီးပါသနည်း။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ မည်သည့်စုံစမ်း နှောက်ယှက်ခြင်းမျိုးကို သင်ရင်ဆိုင်နေရပါသနည်း။

- ဘုရားသခင်၏ တန်ခိုးတော်သည် သင့်အသက်တာ၌မည်သည့် အတိုင်းအတာအထိ ထင်ရှားသနည်း။ ဘုရားသခင်၏ဝိညာဉ်တော်သည်သင့်အထဲ၌လည်းကောင်း၊ သင့်အားဖြင့်လည်းကောင်း အလုပ်လုပ်နေကြောင်းကို ပြသပေးသည့်လက္ခဏာများမှာ အဘယ်နည်း။
- လောကီနည်းလမ်းများ၊ အစီအစဉ်များအားဖြင့် သတင်းကောင်းတရားတော်အား ဟောပြောခြင်းအမှုတော်ကို တန်ဖိုးကျဆင်းစေရန်မှာဖြစ်နိုင်ပါသလား။

## ဆုတောင်းရန်အချက်များ

- သတင်းကောင်းတရားတော်ကို ဟောပြောရန်ဘုရားသခင်ရွေးချယ်ထားသောတန်ဆာပလာဖြစ်ရခြင်း အခွင့်အရေးအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- အမှုတော်မြတ်၌ သင့်ကိုသင်စူးစိုက်၍လူတို့၏အာရုံစူးစိုက်မှုကို သင့်အပေါ်၌သာရှိဖို့ လုပ်ဆောင်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏အမှုဖွယ်လုပ်ဆောင်မှုဆီသို့ သင့်ရဲ့စိတ်နှလုံးကိုပို၍ပို၍ဖွင့်ဟပေးဖို့သခင်ဘုရားကို တောင်းလျှောက်ပါ။ သင့်အထဲ၌သခင်ခရစ်တော်မျက်မှောက်ပြုခြင်းအားသက်သေပြနိုင်သော အံ့ဖွယ်သက်သေတစ်ပါးဖြစ်လာဖို့ စွမ်းဆောင်ပေးရန် တောင်းလျှောက်ပါ။

## ၈
## ပြင်းစွာနင်းခြေခံရစေကာမူ ကျိုးကြေခြင်းသို့မရောက်

၂ကော ၄း၈-၁၈ ကိုဖတ်ရှုပါ။

ခရစ်ယာန်အသက်တာ၌ ဘယ်သောအခါတွင်မျှ ဆင်းရဲခြင်းဒုက္ခကိုကျွန်ုပ်တို့ကြုံတွေ့ခံစားစရာမလိုဟု သွန်သင်ပေးသောသူများရှိသည်။ သခင်ယေရှုကို ကျွန်ုပ်တို့ယုံကြည်လက်ခံသောအခါ အရာအားလုံးအစဉ်ပြေသွားပါလိမ့်မည်ဟူသော သတင်းကောင်းတရားတစ်မျိုးကို ဟောပြောကြသည်။ လက်တွေ့တွင်မူ အမြဲတမ်းဆန့်ကျင်ဘက်အရာသာ ကြုံတွေ့ရသည်။ ကျွန်ုပ်တို့၏ ယုံကြည်ချက်ကြောင့် အမြဲလိုလိုဖိနှိပ်ခံရ၍ ပြစ်တင်ဝေဖန်ခံရသည်။ အချို့သောသူများမှာဖြင့် ကိုယ်တော်ရှင်နှင့် သတင်းကောင်းတရားတော်အတွက် မိမိတို့၏အသက်များကိုပင် စတေးခဲ့ကြရသည်။ ခရစ်ယာန်အသက်တာသည် လွယ်ကူချောမောသောအသက်တာမဟုတ်ပါ။ ရှင်ပေါလုသည် မိမိ၏ရန်သူများလက်၌ အကြီးအကျယ်နာကျင်ခြင်းဒုက္ခကို ကြုံတွေ့ခဲ့ရသည်။ ရှင်ပေါလုက ဤကျမ်းချက်မှအကြောင်းအရင်းများကို မိမိ၏အတွေ့အကြုံမှ ဝေငှပြောဆိုထားသည်။

ရန်လိုနေသောလောက၌ သတင်းကောင်းတရားဟောပြောခြင်းအမှုနှင့်အမြဲလိုလိုဒွန်တွဲလာတတ်သော ခက်ခဲပင်ပန်းခြင်းများ၏ ပုံသာဓကအဖြစ် မိမိ၏အသက်တာနှင့်အမှုတော်ဆောင်ခြင်းကို ရှင်ပေါလုကအသုံး

ပြုခဲ့သည်။ ရှင်ပေါလုက မိမိ၏စာဖတ်ပရိသတ်များအား မိမိနှင့်မိမိ၏လုပ်ဖော်ဆောင်ဖက်များမှာ အမျိုးမျိုးသောနှောက်ယှက်ခြင်းကို ဘက်ပေါင်းစုံမှခံခဲ့ရကြောင်းအသိပေးခဲ့သည် (ငယ် ၈)။ ဆိုလိုသည်မှာ သူတို့သည်စစ်ကြောခြင်းများနှင့် ဖိနှိပ်ညှင်းပန်းခြင်းများကို အရင်းအမြစ်အမျိုးမျိုးဆီမှ ကြုံတွေ့ခံစားခဲ့ကြရသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ဤအဖြစ်မျိုးကို မျှော်လင့်ထားရမည်ဖြစ်ကြောင်းပြောခဲ့သည်။ သို့သော် သူတို့သည်အမျိုးမျိုးသောနှောက်ယှက်ခြင်းကို ဘက်ပေါင်းစုံမှခံရသော်လည်း အကျိုးနည်းခြင်းသို့မရောက်ခဲ့ကြကြောင်းကို သတိပြုပါ။ ဤနေရာ၌ ဆိုလိုထားသောအရာမှာ သူတို့သည် ပြန်လည်ပြုပြင်၍မရလောက်သည်အထိ ကျိုးပဲ့ပျက်ဆီးခြင်းသို့မရောက်ခဲ့ကြ ပါ။ စပျစ်သီးများကို စပျစ်နယ်ရာကျင်း၌ နင်းနယ်သောအခါ စပျစ်ရည်များထွက်လာရသည်။ ရှင်ပေါလုပြောပြနေသောအချက်မှာ ဘုရားသခင်သည်ကောင်းမြတ်သောရည်ရွယ်ချက်များအတွက် ဆန့်ကျင်သူများကို အသုံးပြုတတ်သည် ဟူသောအချက်ဖြစ်သည်။

ရှင်ပေါလုက မိမိသည်အကြိမ်မြောက်မြားစွာ ဇဝေဇဝါဖြစ်ခဲ့ရသည့်အကြောင်းကိုလည်းကောရိန္သုအသင်းသားများအားပြောပြခဲ့သည်။ ဘုရားသခင်လုပ်ဆောင်နေသောအရာကို ကျွန်ုပ်တို့အမြဲတမ်းတော့ သဘောပေါက်နားလည်ကြမည်မဟုတ်ပါ။ ဘုရားသခင်၏နည်းလမ်းကို ကျွန်ုပ်တို့အမြဲတမ်းနားလည်နိုင်စွမ်းကြမည်မဟုတ်ပါ။ ဘုရားသခင်၏နည်းလမ်းများသည် ကျွန်ုပ်တို့၏နည်းလမ်းများနှင့်ကွာခြားလှပါသည်။ သူသည်ကျွန်ုပ်တို့ကို ပုံသွင်းဖန်တီးဖို့ထူးဆန်းသောနည်းလမ်းများကို အသုံးပြုသည်။ ဘုရားသခင်လုပ်ဆောင်နေသောအရာကို ကျွန်ုပ်တို့မသိနားမလည်သည့်အချိန်များရှိပါသည် (သို့) ကျွန်ုပ်တို့ရင်ဆိုင်နေရသောအခြေအနေများ၌ ကောင်းမြတ်သောအရာကို

ဘုရားသခင်ကမည်သို့အထမြောက်ပြည့်စုံစေနိုင်ခဲ့ပုံကိုပင် ကျွန်ုပ်တို့ မသိရှိရသည့်အချိန်များရှိသည်။ ကျွန်ုပ်တို့၌မကြံစည်နိုင်အောင် ဇဝေဇဝါဖြစ်ရသောအချိန်များရှိမည်ဖြစ်သော်လည်း မျှော်လင့်ချက်မဲ့စိတ်ပျက်ခြင်း ရှိစရာမလိုကြောင်း ရှင်ပေါလုကကျွန်ုပ်တို့ကို အသိပေးထားသည်။ ကျွန်ုပ်တို့၏ဘုရားသခင်၌ ကျွန်ုပ်တို့ယုံကြည်စိတ်ချထားနိုင်ပါသည်။ မည်သည့်အရာလုပ်ရမည်ကို ဘုရား သခင်သိတော်မူ၍ ကျွန်ုပ်တို့ကိုလမ်းပြပေးပါလိမ့်မည်။ သူသည်ကျွန်ုပ်တို့၏ ဘုရားဖြစ်နေသမျှ၊ ကျွန်ုပ်တို့သည်သူ့ရဲ့သားသမီးများဖြစ်နေသမျှ ကျွန်ုပ်တို့၌ ရဲရင့်ခြင်းရှိဖို့ အကြောင်းပြချက်အားလုံးရှိနေသည်။ သူသည်အရာခပ်သိမ်းကိုအစိုးရသော အချုပ်အခြာအရှင်ဖြစ်သည်။ မည်သည့်အရာကမျှသူ့ကိုမအုပ်စိုးနိုင်ပါ။ ခပ်သိမ်းသောအရာတို့သည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် တညီတညွတ်တည်းပြုစုကြမည့်အကြောင်း သူကတိပြုထားသည်(ရောမ ၈း၂၈)။ ဤအရာကို ကျွန်ုပ်တို့နားလည်မည်မဟုတ်သော်လည်း သူ့ကိုကျွန်ုပ်တို့ယုံကြည် ကိုးစားနိုင်ပါသည်။

ညှင်းပန်းနှိပ်စက်ခြင်းကို ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့ရပေလိမ့်မည်(ငယ် ၉)။ ကျွန်ုပ်တို့ ကိုယ်စားပြုထားသောအရာကို ကျွန်ုပ်တို့၏ပေါက်ဖော်လူသားများက သဘောကျလက်ခံကြမည်မဟုတ်ပါ။ သူတို့သည် ကျွန်ုပ်တို့ကို ရုတ်တရက်တိုက်ခိုက်၍ကျွန်ုပ်တို့အနာတရ ဖြစ်မှုကိုရှာကြံကြပါလိမ့်မည်။ ရှင်ပေါလုမှာလည်း အလားတူမတရားပြုမှုဆက်ဆံခြင်းကို ခံခဲ့ရသော်လည်းဘုရားသခင်၏စွန့်ပစ်ခြင်းကို မခံခဲ့ရပါ။ ကျွန်ုပ်တို့ဘက်၌ဘုရားသခင်အမြဲရှိနေပါသည်။ သူသည်ကျွန်ုပ်တို့ကို ဘယ်သောအခါတွင်မျှ စွန့်ပစ်သွားခဲ့မည်မဟုတ်ပါ။ လူတို့ကကျွန်ုပ်တို့ကိုကိုယ်ထိလက်ရောက် စော်ကားကောင်းစော်ကားကြပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့ကိုဝိညာဉ်ရေးရာ၌ ဖျက်ဆီးနိုင်ကြမည်မဟုတ်ပါ။ ဘုရား

သခင်သည် ကျွန်ုပ်တို့၏လမ်းပြ၊ ကျွန်ုပ်တို့၏အကွယ်အကာဖြစ်သည်ဟူသော ကတိတော်ကို ကျွန်ုပ်တို့ရရှိထားကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်အစဉ်အမြဲရှိနေမည်ဟူသောအရာကို သိရှိနေသောစိတ်ချမှု၌ ကျွန်ုပ်တို့ရှင်သန်သွားနိုင်ပါသည်။ သူသည်ကျွန်ုပ်တို့ကိုမိမိ၏အတောင်တော်အရိပ်အောက်၌ အစဉ်စောင့်ရှောက်ထားပါလိမ့်မည်။ ကျွန်ုပ်တို့သည်ညှင်းဆဲခြင်းကို ခံနေကြရသော်လည်း ဘုရားသခင်၏အံ့ဖွယ်မျက်မှောက်ပြု ခြင်းကို သိရှိခံစားကြလိမ့်မည်ဟူသောအချက်သည် ဤနေရာ၌တွေ့ရသော ကတိတော်ဖြစ်သည်။

ဒံယေလ၏ မိတ်ဆွေသုံးဦးသည် နေဗုခဒ်နေဇာမင်းက သူတို့ကိုပစ်ချလိုက်သော မီးပြင်းဖိုထဲ၌ သူတို့၏ဘုရားရှင်ကိုတွေ့ခဲ့ကြသည် (ဒံယေလ ၃ကိုကြည့်ပါ)။ ခြင်္သေ့တွင်းထဲ၌ ပစ်ချခံရချိန်တွင် ဒံယေလသည် ဘုရားသခင့်ကောင်းကင်တမန်တော်၏ မျက်မှောက်ပြုခြင်းကို သိရှိခံစားခဲ့သည် (ဒံယေလ ၆ ကိုကြည့်ပါ)။ သတေဖန်သည် ကျောက်ခဲဖြင့်ပေါက်သတ်ခြင်းကို ခံခဲ့ရသည် (တမန်တော် ၇း၅၈ ကိုကြည့်ပါ)။ တမန်တော်ကြီးများသည် ထိုးကြိတ်ရိုက်နှက်ခြင်းကို ခံခဲ့ကြရသည် (တမန်တော် ၅း၄၀-၄၁ ကိုကြည့်ပါ)။ ဤပုဂ္ဂိုလ်တစ်ဦးချင်းသည် မိမိတို့၏ယုံကြည်ချက်ကြောင့် ကြီးမားသောအခက်ခဲပြဿနာများကိုရင်ဆိုင်ခဲ့ကြရပြီး ဘုရားသခင်ကသူတို့၏ခက်ခဲချိန်တွင် သူတို့ကိုဂုဏ်ပြုခဲ့သည်။ သူသည်သူတို့ကို စွန့်ပစ်မထားခဲ့ပါ။ ကျွန်ုပ်တို့ရင်ဆိုင်ရသောစစ်ကြောခြင်းများအားလုံးတွင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူဖြတ်သန်းမည့်ကတိတော်ကို ဘုရားသခင်ထံမှ ကျွန်ုပ်ရရှိထားကြသည်။ ကျွန်ုပ်တို့၏လမ်းကြောင်းပေါ်၌ မည်သည့်ရန်သူမဆိုရောက်လာပါစေ ဤအချက်က ကျွန်ုပ်တို့အား စိတ်ချမှုကိုပေးထားပါသည်။

အခန်းငယ် ၁၀ တွင် ရှင်ပေါလုက တမန်တော်တို့သည် သခင်ယေရှု၏သေတော်မူခြင်းကို မိမိတို့၏ကိုယ်ခန္ဓာ၌အစဉ်မပြတ်ဆောင်ယူထားကြကြောင်း ကောရိန္သုယုံကြည်သူတို့အား အသိပေးထားသည်။ သခင်ယေရှုသည် နာကျင်မှုဒုက္ခဝေဒနာကို ခံစားခဲ့ရသကဲ့သို့ တမန်တော်တို့သည်လည်း နာမတော်အဖို့အလို့ငှါ နာကျင်ဒုက္ခကို ခံစားခဲ့ကြသည်။ သခင်ယေရှုကိုယ်တိုင်ပြင်းငယ်ခြင်းကို ခံခဲ့ရသကဲ့သို့ ဤအသက်တာ၌ထိုသခင်ကို ကိုယ်စားပြုနေသောသူတို့သည်လည်း အလားတူပြင်းပယ်ခြင်းကို ခံခဲ့ကြရသည်။ သူတို့သည် သခင်ယေရှုရှင်သန်ခဲ့သကဲ့သို့ ရှင်သန်ကြရန်ဆင့်ခေါ်ခြင်းကို ခံကြရသည်။ သခင်ယေရှုသည် သူတို့အတွက်အသေခံခဲ့သကဲ့သို့ သူတို့သည်လည်း ကိုယ်၌သေကြရမည်ဖြစ်သည်။ သူတို့၏ဇာတိကပတိစိတ်သည် နေ့စဉ်နေ့တိုင်း ကားတိုင်တင်သတ်ခံရဖို့လိုအပ်သည်။ သူတို့သည်မိမိတို့၏ ဇာတိတောင့်တမှုများကို ငြိမ်းသတ်ရမည်ဖြစ်သည်။ ထိုသို့အားဖြင့် သူတို့သည်မိမိတို့၏ အသက်တာ၌ သခင်ခရစ်တော်ကို ခင်းကျင်းပြသနိုင်ကြမည်ဖြစ်သည်။

စစ်ကြောခြင်းများကို ဤအသက်တာတွင် မျှော်လင့်ထားရမည်ဖြစ်သည်။ ဤစစ်ကြောခြင်းများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဇာတိစိတ်၌ ဆက်လက်ကျန်ရှိနေသော ရန်သူ၏ခံတပ်များကို ကျွန်ုပ်တို့ထံမှ ခွါချနေပါသည်။ ဤသည်မှာ နှစ်လိုဖွယ်ကောင်းသော အတွေ့အကြုံတစ်ခုမဟုတ်သော်လည်း မရှိမဖြစ်လိုအပ်သောအရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ယုံကြည်ကိုးစားမည့်အစား သခင်ဘုရားလုပ်ဆောင်နေသောအရာကိုမည်သို့ မကြာခဏဆန့်ကျင်တွန်းလှန်ကြပါသနည်း။ ဘုရားသခင်၏ နည်းလမ်းများကို ကျွန်ုပ်တို့နားလည်သဘောပေါက်ကြမည်ဟုတ်သော်လည်း ကျွန်ုပ်တို့အထဲ၌ရှိနေသော ဇာတိဟောင်းကို ကားတိုင်တင်ရန် ဘုရားသခင်ကို ပို၍

ပို၍အခွင့်ပေးပါက ကျွန်ုပ်တို့၏အသက်တာ၌ သခင်ခရစ်တော်၏အသက်တာကိုပို၍ပို၍ ထုတ်ဖော်ပြသလာကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌သခင်ခရစ်တော်၏ အသေခံတော်မူခြင်းကို သယ်ဆောင်ထားကြကြောင်း ရှင်ပေါလုကကျွန်ုပ်တို့ကို ပြောပြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဤလောက၌ ကျွန်ုပ်တို့ရှင်သန်နေသမျှကျွန်ုပ်တို့သည် ဇာတိပကတိ၌မပြောင်းမလဲ ပုံမှန်သေကြရန်လိုအပ်သည်။ ထိုသို့အားဖြင့် သခင်ယေရှု၏အသက်တာကို ဤလောက၌ထွန်းလင်းစေနိုင်ကြမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ပြင်းပြသောဇာတိတောင့်တမှုများ၌ ကျွန်ုပ်တို့သေလေလေသခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့၌ ပို၍ထင်ရှားလေလေဖြစ်သည် (ငယ် ၁၁)။ ဤသည်မှာ ဘုရားသခင်နှင့်ကျွန်ုပ်တို့အတူ လျှောက်လှမ်းခြင်း၌ ကြီးထွားတိုးတက်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်သဘောသဘာဝ သေဆုံးခြင်းနည်းလမ်းအားဖြင့်သာဝိညာဉ်ရေးကြီးထွားမှု ဖြစ်ပေါ်ပါသည်။ ကျွန်ုပ်တို့၏ သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ကြား၌ ရပ်တန့်နေရာယူထားသောသူမှာ ကျွန်ုပ်တို့၏ဇာတိပကတိအပြစ်ဖြစ်သည်။ သခင်ယေရှုနှင့် ကျွန်ုပ်တို့ပို၍နီးကပ်လာဖို့ဆိုလျှင် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်နေသောအပြစ်ဒုစရိုက်ကို အနိုင်ယူ၍ အသေသတ်ရမည်ဖြစ်သည်။ ဇာတိပကတိကို အနိုင်ယူရန်ဘုရားသခင်သည် ဤအသက်တာရှိ စစ်ကြောခြင်းများနှင့် ခက်ခဲရုန်းကန်ရခြင်းများဖြင့် ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်နေပါသည်။ ကျွန်ုပ်တို့အထဲ၌ရှိသော ဘုရားသခင်ကအနိုင်ယူနေသောအရာကို ကျွန်ုပ်တို့မကြာခဏမည်သို့ စွဲလန်းဖက်တွယ်နေကြပါသနည်း။ အချိန်တိုင်းလိုလိုတွင် ဘုရားသခင်လုပ်ဆောင်လိုသောအရာကို ကျွန်ုပ်တို့ခုခံဆီးတားနေကြပါသည်။

ရှင်ပေါလုသည် အမှုတော်ဆောင်ရာတွင် ဤဇာတိပကတိ၌ သေခြင်းကိုကြုံတွေ့ခံစားခဲ့သည် (ငယ် ၁၂)။ သူသည် သတင်းကောင်းတရားကို ဟောပြောခြင်းအတွက် ကြိမ်ဖန်များစွာဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ သူသည် ကျောက်ခဲဖြင့် ပစ်ပေါက်ခြင်း၊ ပျက်ရယ်ပြုခြင်းများကို ကြုံတွေ့ခံစားခဲ့သော်လည်း အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့သည်နှင့်အမျှ ဘုရားသခင်၏နိုင်ငံတော်မှာလည်း ဆက်လက်၍ကျယ်ပြန့်ခဲ့ပါသည်။ ဆိုးဝါးပြင်းထန်သော ရှင်ပေါလု၏ဆင်းရဲဒုက္ခခံရခြင်းများသည် ကောရိန္သုယုံကြည်သူများထံ၌ အသက်ရှင်ခြင်းကို ဆောင်ယူလာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော်ရှင်ပေါလု၏ အမှုတော်လုပ်ငန်းအားဖြင့် သခင်ဘုရားထံသို့ သူတို့ရောက်လာခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ရှင်ပေါလု၏ ဆင်းရဲဒုက္ခခံရခြင်းသည် အချည်းအနှီး မဖြစ်ခဲ့ပါ။ သတင်းကောင်းတရားတော်မှ ရှေ့သို့ဆက်လက်ချီသွားပြီး ဘုရားသခင်၏နိုင်ငံတော်ကို တည်ဆောက်ခဲ့သည်။ အောင်မြင်သောသာသနာလုပ်ငန်းအားလုံးသည် ပြင်းပြသောဇာတိစိတ်အား စွန့်လွှတ်ခြင်းမှထွက်ပေါ်လာကြသည်။

အခန်းငယ် ၁၃တွင် ရှင်ပေါလုက ဆာလံ ၁၁၆း၁၀ကို ကိုးကားခဲ့သည်။ ဤနေရာတွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ယခုသူပြောကြားမည့်အရာကို သူအပြည့်အဝယုံကြည်ကြောင်း အသိပေးခဲ့သည်။ "ယုံကြည်ခြင်းစိတ်ရှိသည်ဖြစ်၍၊ ငါသည်ယုံကြည်သောကြောင့် မြွက်ဆို၏။" ရှင်ပေါလု၏ခံယူချက်ကားအဘယ်နည်း။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား ဘုရားသခင်သည် သခင်ယေရှုကို သေခြင်းမှထမြောက်စေခဲ့လျှင် သူတို့ကိုလည်း သေခြင်းမှထမြောက်စေ၍ ခမည်းတော်၏မျက်မှောက်တော်၌ သူတို့ကို ဆက်သမည်ဖြစ်ကြောင်း ပြောခဲ့သည် (ငယ် ၂၄)။ ကောရိန္သုယုံကြည်သူများသည်

သခင်ယေရှုနည်းတူ ဤအသက်တာတွင် ဆင်းရဲခြင်းဒုက္ခကို ရင်ဆိုင်ကြရမည်ဖြစ်သည်။ အချို့သောသူတို့မှာ သခင်ယေရှု အတွက်ကြောင့် မိမိ၏အသက်ကိုပင် စတေးခဲ့ကြရပေလိမ့်မည်။ သို့သော် စစ်မှန်သောအောင်မြင်ခြင်းသည် နောက်ဆုံးတွင်သူတို့အတွက်ဖြစ်ခဲ့ပါလိမ့်မည်။ သခင်ယေရှုကို ထမြောက်စေခဲ့သောသူက သူတို့ကိုလည်းထမြောက်စေခဲ့၍ မိမိ၏မျက်မှောက်တော်ဆီသို့ ဆောင်ယူခဲ့ပါလိမ့်မည်။ သူတို့သည် မိမိတို့၏ကိုယ်ခန္ဓာ၌ သခင်ခရစ်တော်၏အသေခံခြင်းကို သယ်ဆောင်ထားကြလျှင် ထိုသခင်၏ ရှင်ပြန်ထမြောက်ခြင်းကိုလည်း သူတို့ဝေမျှခံစားခဲ့ကြပါလိမ့်မည်။

ရှင်ပေါလုသည် သခင်ခရစ်တော်ရင်ဆိုင်ကြုံတွေ့ခဲ့သော ပင်ပန်းဆင်းရဲခြင်းဝေဒနာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်နှင့်အမျှ သူသည်မိမိ၏အပြစ်ဒုစရိုက်တွင် နေ့စဉ်သေခဲ့သည်။ သူသည် မိမိ၏သခင် ကယ်တင်ရှင်၏ ခြေရာကိုနင်းလျှောက်ခဲ့ပါသည်။ သူသည် ဤအချင်းအရာကို မိမိအားဖြင့်သခင်ခရစ်တော်ထံသို့ ရောက်လာကြမည့်သူများ၏ အကျိုးအတွက်လုပ်ဆောင်ခဲ့သည်။ သခင်ခရစ်တော်၏ ကျေးဇူးတော်နှင့်အပြစ်လွတ်ခြင်းသည်မြောက်မြားစွာသောလူများဆီသို့ ချဲ့ထွင်ရောက်ရှိသွား၍ သခင်ဘုရားကိုကျေးဇူးတင်ခြင်း၊ ချီးမွမ်းထောမနာပြုခြင်းများဖြင့် ပြည့်လျှံကြမည့်အကြောင်း ရှင်ပေါလုသည် မိမိ၏အသက်တာကို နေ့စဉ်စတေးရန်လိုလိုလားလားရှိခဲ့သည် (၎ယ် ၁၅)။

ပင်ပန်းဆင်းရဲခြင်းဒုက္ခမရှိလျှင် အသီးအပွင့်မှာလည်းမရှိသလောက်နည်းပါးပါသည်။ သင်သည် ဇာတိ၌အသေခံရန်လိုလားမှုမရှိလျှင် သင်သည် သခင်ခရစ်တော်၏ အသက်တာနှင့်တန်ခိုးတော်ကို အသက်တာ၌ကြုံတွေ့ခံစားရမည်မဟုတ်ပါ။ သင်သည် သင့်ရဲ့အသက်တာကို မြေ၌မြုပ်နှံထားသောမျိုးစေ့ကဲ့သို့ မြုပ်နှံ၍အသေမခံလျှင် ဝိညာဉ်ရေးရိတ်သိမ်းခြင်းကို သင်တွေ့မြင်

ရမည်မဟုတ်ပါ။ ဇာတိပကတိ၌သေခြင်းနှင့် အခြားသူများထံ၌ ကျွန်ုပ်တို့ ဆောင်ယူလာသော ကောင်းကြီးမင်္ဂလာကြားတွင် ဆက်စပ်မှုရှိနေသည်။ အားကစားသမားများသည် အပတ်တကုတ်ကြိုးစားအားထုတ်၍ လေ့ကျင့်ရေး ကာလရှိ အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားရန် ဆန္ဒမရှိလျှင် အောင်မြင်မှုကို ရရှိနိုင်မည်မဟုတ်ပါ။ စစ်တပ်တစ်တပ်ရှိ စစ်သည်များက မိမိတို့၏အသက်ကို စတေးရန်ဆန္ဒမရှိလျှင် ထိုတပ်သည်ဘယ်သောအခါမျှ တိုက်တွဲတွင် အနိုင်ရမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကြီးမားသောအရာများ ဖြစ်ပျက်ဖို့ မျှော်လင့်ထားကြသော်လည်း လိုအပ်သည့် စွန့်လွှတ်အနစ်နာခံခြင်း ကို ပြုလုပ်ဖို့ဆန္ဒမရှိကြပါ။ ကျွန်ုပ်တို့သည် တိုက်ပွဲမဆင်နွှဲဘဲ စစ်ပွဲကိုအနိုင်ရ လိုကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုနောက်သို့လိုက်မည်ဆိုလျှင် ထိုသခင်၏ခြေရာများ၌ နင်းလျှောက်ရှင်သန်ရမည်ဟု ရှင်ပေါလုက ဤနေရာ တွင်ပြောပြထားသည်။ ထိုသခင်၏ခြေရာများသည် ဆင်းရဲခြင်းဒုက္ခ၊ စစ်ကြော ခြင်းများနှင့် ပြည့်နှက်နေသော်လည်း ၎င်းတို့သည်အောင်မြင်ခြင်းကို ပေးခဲ့ ပါသည်။

အခန်းငယ် ၁၆တွင် ရှင်ပေါလုက ခရစ်ယာန်အသက်တာတွင် ကျွန်ုပ် တို့သည်အပြင်ပန်းအားဖြင့် ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်သည်ဟု ထင်ရ သော်လည်း အတွင်းသဏ္ဍာန်၌မူ နေ့စဉ်ပြုပြင်ခြင်းကို ခံရကြောင်းကျွန်ုပ်တို့ကို ပြောပြသည်။ နာကျင်ခြင်းနှင့်ဆင်းရဲဒုက္ခသည်များပြားစွာရှိနေမည်ဖြစ် သော်လည်း ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကပို၍ပင် များပြား ပြည့်လျှံနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုနေ့စဉ်အသစ်ပြုပြင်ပေး လိုပါသည်။ သူသည်ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့် လည်း ကောင်း မိမိ၏အံ့ဖွယ်ခွန်အားဗလနှင့် တန်ခိုးတော်ကို သွန်းလောင်းလိုသည်။

ကျွန်ုပ်တို့မှာ ကျိုးပဲ့ကြေကွဲလွယ်သော မြေအိုးတန်ဆာများသာဖြစ်သော်လည်း သူသည်ထိုမြေအိုးတန်ဆာများကို ဖြည့်ဆည်းပြည့်ဝစေသည့် အနန္တတန်ခိုးတော် ဖြစ်သည်။

ဤမိုးအောက်၌ ကျွန်ုပ်တို့ယခုရင်ဆိုင်နေရသောပြဿနာများသည် ပေါ့ပါး၍ ယာယီမျှသာဖြစ်ကြောင်း ဘုရားသခင်၏ကတိတော်ကို ကျွန်ုပ်တို့ ရှိထားကြသည်။ ဤလောက၌ကျွန်ုပ်တို့ရင်ဆိုင်နေရသော ဆင်းရဲခြင်းဒုက္ခကို ရှင်ပေါလုချိုးနှိမ်၍ပြောဆိုရန် မရည်ရွယ်ခဲ့ပါ။ ဤလောက၌ကျွန်ုပ်တို့တွေ့ကြုံ ခံစားရမည့်အရာနှင့် ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အတွက်သိုထားသောအရာကို သူနှိုင်းယှဉ်ပြသနေခြင်းသက်သက်သာဖြစ်သည်။ ဤမိုးကောင်းကင်အောက်၌ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် အကြီးမားဆုံးသောအခက်အခဲနှင့် ကောင်းကင် ဘုံ၌ ကျွန်ုပ်တို့ကို စောင့်စားနေသောဘုန်းစည်းစိမ်တို့ကို နှိုင်းယှဉ်လျှင် ဤမိုး ကောင်းကင်အောက်၌ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် အခက်အခဲဆုံးသော အရာသည် ဘာမျှမဟုတ်ပါ (ငယ် ၁၇)။ ကျွန်ုပ်တို့အလယ်မှ မည်သူကဆင်းရဲ ပင်ပန်းခြင်း အချိန်ကာလတစ်ခုကို ထာဝရဘုန်းစည်းစိမ်တစ်ခုနှင့်မလဲဘဲ နေမည်နည်း။ အခက်ခဲဆုံးနှင့် အရက်စက်ဆုံးသော ကိုယ့်စိတ်နှလုံးပင်ပန်း ခြင်းသည် ဘုရားသခင်၏မျက်မှောက်တော်ရှိ ထာဝရဘုန်းစည်းစိမ်ကို လုံးလုံး မနှိုင်းယှဉ်နိုင်ပါ။ ထာဝရကာလမှနေ၍ယနေ့ကိုပြန်လည်ကြည့်ရှုသည့် ပုံစံမျိုး ဖြင့်ကြည့်လျှင် ယခုရင်ဆိုင်နေရသောနာကျင်မှုနှင့်ခက်ခဲပင်ပန်းမှုတို့သည် အားလုံးထိုက်တန်ကြကြောင်း ကျွန်ုပ်တို့တွေ့မြင်ကြရပါလိမ့်မည်။

ဤအတွက်ကြောင့် စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ရင်ဆိုင်ရ သောအခါ ထာဝရကာလကိုကျွန်ုပ်တို့အာရုံပြု စူးစိုက်ထားကြရမည်။ ယာယီ သာဖြစ်သောနာကျင်မှုများကို ကျော်လွန်၍တစ်ဖက်ရှိ ဘုန်းစည်းစိမ်ကို ကျွန်ုပ်

တို့ရွေးရှုကြဖို့ လိုအပ်သည်။ ကယ်တင်ရှင်ကြုံတွေ့ခံစားခဲ့ရသော ပျက်ရယ်ပြုစော်ကားခြင်းများကို ကျော်လွန်၍ကြည့်ရှုရမည်။ ဆင်းရဲပင်ပန်းခြင်း၏ တစ်ဖက်အလွန်ရှိ ထာဝရချမ်းမြေ့ဖွယ်ကောင်းကင်ဘုံကို ကြည့်ဖို့လိုအပ်သည်။ ဤလောက၌ ကျွန်ုပ်တို့ရင်ဆိုင်ရသောအရာသည် ခေတ္တခဏသာကြာမြင့်ပါလိမ့်မည်။ ထာဝရကာလ၌ သခင်ဘုရားကကျွန်ုပ်တို့ကို ပေးသနားထားသောအရာသည် ထာဝရတည်ပါလိမ့်မည်။

ဤကျမ်းချက်၌ ကျွန်ုပ်တို့တွေ့မြင်ရသောအရာမှာ ယုံကြည်သူများအဖြစ်နှင့်ကျွန်ုပ်တို့သည် စစ်ကြောစုံစမ်းခြင်းများနှင့် ဆင်းရဲပင်ပန်းခြင်းတို့ကို ဤလောက၌ တွေ့ကြုံရင်ဆိုင်ကြရလိမ့်မည်။ ဤသည်မှာ ခရစ်ယာန်အသက်တာ၏သာမန်အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ သခင်ခရစ်တော်၏အသေခံခြင်းဝေဒနာကို သယ်ဆောင်ထားကြသည်။ ကျွန်ုပ်တို့သည် အထံတော်သို့ဆွဲယူခြင်းကို ခံမည်အကြောင်းသခင်ဘုရားက ကျွန်ုပ်တို့ကိုဆင်းရဲဒုက္ခခံစားဖို့ခွင့်ပြုထားသည်။ ကျွန်ုပ်တို့အထဲ၌ရှိနေသော ကိုယ့်ကိုယ်ကိုမှီခိုအားထားတတ်ခြင်းစိတ်သည် ကားတိုင်တင်ခံရ၍ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မှီခိုအားထားတတ်ရန် သင်ယူကြမည့်အကြောင်း စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်တွေ့ကြုံဖို့ ကျွန်ုပ်တို့ကိုခွင့်ပြုထားသည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်အတွက် အသီးသီးလိုလျှင် ဆင်းရဲဒုက္ခကိုလည်း လိုလိုလားလား လက်ခံကြဖို့ လိုအပ်သည်။ ဘုရားသခင်၏ကတိတော်မှာ ကျွန်ုပ်တို့ကိုဆင်းရဲပင်ပန်းခြင်း၌ စွန့်ပစ်ထားခဲ့မည်မဟုတ်ဟူ၍ဖြစ်သည်။ သူသည်ကျွန်ုပ်တို့နှင့် အတူထိုအရာကို ရင်ဆိုင်ဖြတ်သန်းပါလိမ့်မည်။ ဘုရားသခင်သည် မိမိ၏ဘုန်းတော်အတွက် သာ၍အသုံးဝင်သောတန်ဆာပလာများဖြစ်လာဖို့ ကျွန်ုပ်တို့ကို စစ်ကြောစုံစမ်းခြင်းများအားဖြင့် တိဖြတ်၍ပုံသွင်းပါလိမ့်မည်။ ယုံကြည်

ခြင်းအားဖြင့် ကျွန်ုပ်တို့အပတ်ကကုတ်ကြိုးစားအားထုတ်လျှင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဂုဏ်ပြု၍ကျွန်ုပ်တို့စိတ်ကူးဖြင့် တွေးမိနိုင်သော အရာများ၏ အခြားတစ်ဖက်အထိကောင်းကြီးပေးပါလိမ့်မည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဆင်းရဲဒုက္ခခံရခြင်းမရှိဘဲ ခရစ်ယာန်အသက်တာကို ရှင်သန်ဖို့ ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသလား။
- မိမိ၏အတ္တ၌လည်းကောင်း၊ ဇာတိပကတိစိတ်၌လည်းကောင်း သေလျှက်ရှိသောသူများအတွက် ဤကျမ်းချက်၏ကတိတော်များကား အဘယ်နည်း။
- နေ့စဉ်နှင့်အမျှ ခက်ခဲပင်ပန်းခြင်းကို သင်ရင်ဆိုင်ရာတွင် ဤကျမ်းချက်မှမည်သည့် ခွန်အားပေးတိုက်တွန်းခြင်းမျိုးကို သင်တွေ့ရှိပါသနည်း။
- ယနေ့တွင် မည်သည့်အရာ၌ သင်ရုန်းကန်နေရပါသနည်း။ ဘုရားသခင်သည် မိမိ၏နိုင်ငံတော်ကို ကျယ်ပြန့်စေရာ၌လည်းကောင်း သင့်ကိုအထံတော်သို့ ဆွဲခေါ်ရန်အတွက်လည်းကောင်း သင်ရင်ဆိုင်နေရသောအရာကို မည်သို့အသုံးပြုနေပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ဘုရားသည် သင့်အတွက်ဆင်းရဲပင်ပန်းခြင်းကို လိုလိုလားလားခံယူလိုနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ယနေ့သင်ရင်ဆိုင်နေရသော ဆင်းရဲပင်ပန်းခြင်း၌ ကိုယ်တော့်ကို ပို၍ယုံကြည်ကိုးစားလာရန် ကူညီမစပေးဖို့တောင်းလျှောက်ပါ။

- သင်ရင်ဆိုင်ကြုံတွေ့ရမည့် ဆင်းရဲပင်ပန်းခြင်းသည် မည်သို့ပင်ရှိစေကာမူ ယုံကြည်ခြင်းဖြင့်လျှောက်လှမ်းနိုင်ရန် သာ၍ကြီးမားသောရဲရင့်ခြင်းသတ္တိကို ပေးသနားဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင်ရင်ဆိုင်ရသောဆင်းရဲပင်ပန်းခြင်း၌ သင့်ကိုစောင့်မပေးဖို့ တောင်းလျှောက်ပါ။ ယုံကြည်သူများအဖြစ်နှင့် ဤအသက်တာ၌ စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ရသောသူအားလုံးထံ၌ ပေးထားသောအံ့ဖွယ်ကတိတော်များအတွက် ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းပါ။

၉

# ယာယီတဲဖြစ်သောဤမြေအိမ်

၂ကော ၅း၁-၁၀ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက သတင်းကောင်းတရားဟောပြောခြင်းအမှုတော်၌ ၎င်းနှင့်၎င်း၏လုပ်ဖော်ဆောင်ဖက်များရင်ဆိုင်ခဲ့ကြသည့် ခက်ခဲပင်ပန်းခြင်းများကို ကောရိန္သုယုံကြည်သူများအားပြောပြခဲ့သည်။ ရှင်ပေါလုက မိမိတို့သည်သခင်ခရစ်တော်၏ အသေခံခြင်းကိုကိုယ်ခန္ဓာပေါ်၌ သယ်ယူထားကြကြောင်း ဖော်ပြခဲ့သည်။ ဤအချင်းအရာကသခင်ယေရှုအပေါ်၌ထားရှိသော သူတို့၏မျှော်လင့်ချက်ကို ထုတ်ဖော်ပြောဆိုရန်ဖြစ်လာစေခဲ့သည်။ ဤနေရာတွင် သေခြင်း၏အလယ်ရှိ အသက်တာနှင့်ဆင်းရဲပင်ပန်းခြင်းကိုကြုံတွေ့ခံစားရသော အသက်တာ၏နောက်၌ ထပ်ချပ်မကွာလိုက်ပါလာသော ဘုန်းအသရေအကြောင်းကို ရှင်ပေါလုကဆက်လက်၍ပြောဆိုထားသည်။

ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ယာယီတဲဖြစ်သောဤမြေအိမ်ဖျက်ဆီးခံရလျှင် လူလက်ဖြင့်လုပ်ထားခြင်းမဟုတ်သော ကောင်းကင်ဘုံရှိ ထာဝရအိမ်တော်ဖြစ်သည့် အိမ်တစ်လုံးကိုဘုရားသခင်ထံမှ ကျွန်ုပ်တို့ရရှိထားကြောင်း ပြောပြခဲ့သည်။ ဤနေရာ၌ရှိပေါလုပြောပြနေသောအရာသည် လူ့ခန္ဓာကိုယ်အကြောင်းဖြစ်သည်။ ဤမြေခန္ဓာကိုယ်ကို ကျွန်ုပ်တို့လက်လွှတ်ဆုံးရှုံးသောအခါ ဤထက်ပိုကောင်းသောအရာကို ကောင်းကင်ဘုံ၌ကျွန်ုပ်တို့လက်ခံရရှိကြပါလိမ့်မည်။

ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ဤအရာသည်သူတို့ လက်ခံရရှိထားပြီးသောအရာဖြစ်ကြောင်း ပြောပြခဲ့သည်ကိုသတိပြုပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယာယီခိုလှုံရာဖြစ်သော ဤမြေခန္ဓာကိုလက်လွှတ် ဆုံးရှုံးကြပါလိမ့်မည်။ အချို့က သဘာဝအကြောင်းအရင်းများကြောင့် ဆုံးရှုံး ကြမည်ဖြစ်ပြီး၊ အချို့ကသတင်းကောင်းတရားတော်အတွက် မိမိတို့၏ရပ်တည် မှုများကြောင့် ထိုမြေခန္ဓာကို ၄င်းတို့ထံမှချက်ချင်းလုယူခံရသောကြောင့် ထိုမြေ ခန္ဓာကို ဆုံးရှုံးကြပါလိမ့်မည်။ သို့သော်ယုံကြည်သူအဖြစ်နှင့် ကျွန်ုပ်၌ရှိထား သောနှစ်သိမ့်ခြင်းမှာ ဤမြေခန္ဓာထက်သာ၍ကောင်းမွန်သောခန္ဓာသည် ကျွန်ုပ်တို့ကို စောင့်စားနေသည်ဟူသောအချက်ဖြစ်သည်။ ထိုခန္ဓာသည် အိုခြင်းမရှိ၊ နာခြင်းနှင့်ကင်းသော ဘုန်းအသရေနှင့်ပြည့်စုံသည့် ကောင်းကင် ခန္ဓာဖြစ်သည်။

ယခုလောလောဆယ်တွင် ကျွန်ုပ်တို့သည် ယာယီမြေအိမ်၌နေထိုင် နေကြသည်။ သေမျိုးဖြစ်သော ဤမြေခန္ဓာ၏အစိတ်အပိုင်းဖြစ်သော နာကျင် ခြင်း၊ ခက်ခဲပင်ပန်းခြင်းတို့နှင့် ကျွန်ုပ်တို့ညည်းတွားမြည်တမ်းကြသည် (ငယ်၄)။ ကျွန်ုပ်တို့တွင် ရုပ်ပိုင်းဆိုင်ရာကန့်သတ်မျက်များနှင့် အားနည်းချက်များ ရှိကြသည်။ ကျွန်ုပ်တို့စိတ်နှလုံး၏အနက်ရှိုင်းဆုံးတစ်နေရာတွင် ဤမြေခန္ဓာကို စွန့်ပစ်ခွါချ၍ သေခြင်းကင်း၍ဘုန်းအသရေနှင့်ပြည့်စုံသော ခန္ဓာကိုရရှိကြမည့် နေ့ရက်ကို တောင့်တနေပါသည်။

ဤရှင်းလင်းချက်ကျမ်းကို ဖတ်ရှုနေသူအချို့သည် နာကျင်မှုများနှင့် ထုချေခံနေရသော ကိုယ်ခန္ဓာကိုရှိထားကြသည်။ သင့်ရဲ့ကယ်တင်ရှင်၏ မျက်မှောက်တော်၌ နာကျင်မှုများနှင့် ကင်းဝေးမည့်နေ့ရက်ကို သင်တောင့်တ နေပါသည်။ ယခုဘဝ၌ နာကျင်ခြင်း၊ ခက်ခဲပင်ပန်းခြင်းများကို ကြုံတွေ့ခံစား

ဖို့မလိုကြောင်း သင်ကြားပေးနေသောသူများရှိသည်။ သို့သော်အမှန်ဆိုရလျှင် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၏ဆိုးကျိုးများကို ခံစားနေရသောမြေခန္ဓာ၌ နေထိုင်နေကြကြောင်း သမ္မာကျမ်းစာကသွန်သင်ထားသည်။ အပြစ်ဒုစရိုက်သည် ကျိန်ဆဲခြင်းကို ၎င်း၏ရောဂါဘယနှင့် သေခြင်းတို့ကိုဆောင်ယူလာခဲ့ပြီ သည်။ ကိုယ်တော်သည် ဤလောက၌ ကျွန်ုပ်တို့ရင်ဆိုင်ခံစားရသော နာကျင်မှုများနှင့် ဆင်းရဲဒုက္ခများမှ အချိန်ကာလတစ်ခုအထိ သက်သာစေမည်ဖြစ်သော်လည်း ဤမြေခန္ဓာသည် ပကတိအနာငြိမ်းခြင်းကိုမူ ဘယ်သောအခါတွင်မျှရရှိမည်မဟုတ်ပါ။ အသက်အရွယ်ရလာခြင်းနှင့်အတူ ထိုမြေခန္ဓာသည် အိုမင်းရင့်ရော်၍အားနည်းချည့်နဲ့လာမည်ဖြစ်သည်။ သစ်လွင်၍ဘုန်းအသရေနှင့်ပြည့်စုံသောခန္ဓာ၌သာလျှင် ကျွန်ုပ်တို့သည်အပြစ်ဒုစရိုက်နှင့် ၎င်း၏ကျိန်ဆဲခြင်းအကျိုးအဆက်များမှ လုံးလုံးလျားလျားလွတ်မြောက်ကြပါလိမ့်မည်။

ကောင်းကင်ခန္ဓာကို ကျွန်ုပ်တို့ဝတ်ဆင်ရမည့်နေ့ရက် ရောက်လာနေပါသည်။ သင်သည်ယုံကြည်သူတစ်ဦးဖြစ်လျှင် ဘုရားသခင်၏ ဝိညာဉ်တော်သည်သင့်အထဲ၌ လာရောက်ကိန်းဝပ်တော်မူသည်။ သို့သော်ထိုဝိညာဉ်တော်သည်မပြည့်စုံသောရုပ်ခန္ဓာတစ်ခု၌ ကိန်းဝပ်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည့်စုံခြင်းသို့ယခုမရောက်သေးပါ။ ဤကိုယ်ခန္ဓာ၌ ကျွန်ုပ်တို့ညည်းတွားမြည်တမ်းကြပါသော်လည်း တစ်နေ့တွင်ကျွန်ုပ်တို့သည် အသစ်သောကောင်းကင်ခန္ဓာအတွက် ယိုယွင်းပျက်စီးနေသော ဤမြေခန္ဓာကို စွန့်လွှတ်သွားကြပါမည်ဟူသော စိတ်ချမှု၌ကျွန်ုပ်တို့ရှင်သန်နေကြပါသည်။ နောင်တွင်လာမည့်သာ၍ကောင်းသောအရာအတွက် စရံသတ်ခြင်းနှင့် အာမခံချက်အတွက် ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏အထဲ၌ သွတ်သွင်းပေးထားသည်။ ကျွန်ုပ်တို့၏အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ရှိနေခြင်းက

ဘုရားသခင်သည် မိမိအစပြုခဲ့သောအရာကို ပြီးဆုံးသည့်တိုင် လုပ်ဆောင်သွားမည်ဟူသော ကျွန်ုပ်တို့၏စိတ်ချယုံကြည်မှုဖြစ်သည် (၄ယ် ၅)။

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ကကျွန်ုပ်တို့အထဲ၌လည်းကောင်း ကျွန်ုပ်တို့အားဖြင့်လည်းကောင်း လုပ်ဆောင်လိုသောအံ့ဖွယ်အမှုတော်၏ အစအဦးဖြစ်သည်။ ဤအမှုတော်သည် စရံသာရှိသေးသည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၏အကျိုးဆက်မှ ကယ်တင်ခြင်းခံထားရသော်လည်း ကျွန်ုပ်တို့သည် ဇာတိဟောင်းနှင့် ခန္ဓာဟောင်းတို့၌ ဆက်၍ရုန်းကန်နေကြရသည်။ တစ်နေ့တွင် ကိုယ်တော်ရှင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ သွတ်သွင်းပေးသောအခါ၌ မိမိအစပြုခဲ့သောအရာကို ပြီးမြောက်စေခဲ့ပါလိမ့်မည်။ သူသည်ဆိုးညစ်သောဇာတိပကတိ၏ကျွန်ပြုခြင်းကို ဖြိုခွဲခဲ့ပါလိမ့်မည်။ စုံစမ်းနှောက်ယှက်ခြင်းနှင့် အပြစ်ကျူးလွန်လိုစိတ်အားလုံးသည် ဖျက်ဆီးခြင်းခံကြရလိမ့်မည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏အပြစ်သဘာဝကိုဖယ်ရှား၍ အပြစ်ဒုစရိုက်၏သက်ရောက်မှုကို မခံရသောခန္ဓာ၊ အပြစ်ဒုစရိုက်၏ကျိန်ဆဲခြင်းအကျိုးအဆက်များ၏ သက်ရောက်မှုကို မခံရသောဘုန်းအသရေနှင့် ပြည့်စုံသည့်ခန္ဓာသစ်ကို ကျွန်ုပ်တို့အားပေးသနားပါလိမ့်မည်။

အခန်း၄ယ် ၆တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ၎င်းတို့သည်မြေခန္ဓာ၌ရှိနေသမျှ သခင်ဘုရားနှင့်ဝေးရာတွင် ရှိနေကြကြောင်း အသိပေးထားသည်။ ဤသို့ပြောဆိုရာတွင် သခင်ဘုရားသည် ယုံကြည်သူများနှင့် အတူမရှိပါဟူ၍ မဆိုလိုပါ။ သူသည် ကျွန်ုပ်တို့ကိုဘယ်သောအခါတွင်မျှ စွန့်ပစ်သွားမည်မဟုတ်ကြောင်း ကတိပေးထားသည်။ ကိုယ်တော်ရှင်၏ဝိညာဉ်ရေးမျက်မှောက်ပြုခြင်းသည် အံ့ဖွယ်ကောင်း၍ခွန်အားသစ်ကို

ဖြစ်စေပါသည်။ သို့သော်တစ်နေ့တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်သို့ တိုးဝင်ရပါလိမ့်မည်။ ဤမြေခန္ဓာများသည် ဘုရားသခင်၏မျက်မှောက်တော်ကို မတိုးဝင်နိုင်ပါ။ ထိုမြေခန္ဓာများကို ကျွန်ုပ်တို့စွန့်လွှတ်ခွါချသောအချိန်၌သာ မျက်မှောက်တော်ကို တိုးဝင်နိုင်ကြလိမ့်မည်။ ထိုမျက်မှောက်တော်တွင် ကျွန်ုပ်တို့သည်ကိုယ်တော်နှင့်အတူရှိ၍ ကိုယ်တော့်ကို ထာဝရပျော်မွေ့သွားကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤအံ့ဖွယ်ကတိတော်များကို ယုံကြည်ခြင်းဖြင့် လက်ခံထွေးပိုက်ကြသည်။ ဘုရားသခင်သည် မိမိကတိပြုထားသောအရာများကို ပြည့်စုံစေမည့်အကြောင်း ကျွန်ုပ်တို့ယုံကြည်ကြသည်။ ဤအသက်တာတွင် ကျွန်ုပ်တို့သတ္တိမကြောင်ကြပါ။ ဤမြေခန္ဓာသည် တစ်ခါတစ်ရံကျရှုံးသော်လည်း ကျွန်ုပ်တို့သည်ဘုန်းအသရေနှင့်ပြည့်စုံသော ခန္ဓာအသစ်ကိုအသေအချာရရှိကြမည်ဟု ယုံကြည်ရင်းရှင်သန်နေကြသည်။ ရန်သူက ကျွန်ုပ် တို့ကို အမြဲလိုစိတ်ဓါတ်ကျဆင်းစေလိုပါသည်။ ဤလက်ရှိအသက်တာကိုသာ စူးစိုက်ဖို့ ကျွန်ုပ်တို့ကိုမကြာခဏစုံစမ်းသွေးဆောင်နေပါသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ဘုရားသခင်၏ကတိတော်များကို မြင်တွေ့ဖို့ ၎င်းတို့၏မျက်လုံးများကိုဖွင့်၍မော့ကြည့်ရန်နှင့် ထိုကတိတော်များ၏ စစ်မှန်မှု၌လက်တွေ့ရှင်သန်ကြရန်စိန်ခေါ်ခဲ့သည်။ ရောဂါဘယများနှင့် ဆင်းရဲပင်ပန်းခြင်းများသည် ၎င်းတို့၏ အနီးတစ်ဝိုက်တွင်ရှိနေခဲ့ကြသည်မှာမှန်ပါသည်။ သူတို့သည် သေခြင်းတရားကိုလည်း ရင်ဆိုင်ဖြတ်သန်းရပါမည်။ သူတို့၏မြေခန္ဓာများသည် အားနည်းချည့်နဲ့လာကြပါမည်။ သို့သော်ဤအရာအားလုံးသည် ယာယီသာဖြစ်ကြသည်။ ဘုရားသခင်သည် သူတို့အတွက်ပို၍ကြီးမြတ်သော အရာကို ထားရှိပေးထားပါသည်။ ဘုရားသခင်သည် သူတို့ကိုစောင့်စားနေ

သောဘုန်းအသရေနှင့် ပြည့်စုံသောခန္ဓာသစ်ကို သိမ်းဆည်း ပေးထားသည်။

ဤအံ့ဖွယ် ကတိတော်များ၏အလင်းအောက်တွင် ကျွန်ုပ်တို့သည် ဇာတိ၌သေ၍ သခင်ယေရှုအတွက် ရှင်သန်ခြင်းကို အသက်တာ၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် ပြုလုပ်ကြရမည် (ငယ် ၉)။ ဤမြေခန္ဓာများနှင့်အတူ ဆက်လက်၍ရှင်သန်ရာမှာ လွယ်ကူမည်မဟုတ်သော်လည်း ကျွန်ုပ်တို့ကို လှုံ့ဆော်ပေးသော ကိုယ်တော်ရှင်၏ ကတိတော်များရှိနေပါသည်။ ကျွန်ုပ်တို့သည် ဤမြေခန္ဓာများ၌ အစဉ်အမြဲနေသွားကြရမည်မဟုတ်ပါ။ သို့သော် ထိုမြေခန္ဓာ၌ ကျွန်ုပ်တို့ရှိနေသမျှကာလပတ်လုံး သခင်ဘုရားကို စိတ်ကျေနပ်စေရန်နှင့် ဂုဏ်ကြီးစေရန်အတွက် ကျွန်ုပ်တို့တတ်နိုင်သမျှကို လုပ်ဆောင်ရန်မှာကျွန်ုပ်တို့၏ အကြီးမားဆုံးဆန္ဒဖြစ်သည်။

ဤမြေခန္ဓာ၌ ကျွန်ုပ်တို့ကြုံတွေ့ခံစားရသော နာကျင်မှုများနှင့် ဆင်းရဲဒုက္ခများကိုအသုံးပြု၍ ရန်သူသည်ကျွန်ုပ်တို့ကို စိတ်ဓါတ်ကျဆင်းအောင်ကြိုးစားလုပ်ဆောင်ပါလိမ့်မည်။ ဓမ္မဟောင်းကျမ်းတွင် ရန်သူသည် ယောဘကို ဘုရားသခင်အားစွန့်လွှတ်ကျောခိုင်းသွားစေဖို့ ကြိုးစားရာ၌ ယောဘ၏ခန္ဓာကိုယ်၌ အလွန်ကြီးမားသောဆင်းရဲဒုက္ခနှင့် နာကျင်စေခဲ့သည်။ ရန်သူသည် ကျွန်ုပ်တို့ကို စိတ်ပျက်အားလျော့အောင်လုပ်ဆောင်ရာတွင် ဤမြေခန္ဓာသည် ရန်သူ၏အကောင်းဆုံးလက်နက်တန်ဆာဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးတွင် ရန်သူသည်ရုပ်ခန္ဓာနာကျင်မှုကို အခွင့်ကောင်းတစ်ရပ်အဖြစ်အသုံးချခဲ့သည်။ သူသည်သန့်ရှင်းသူတို့ကို သခင်ယေရှုအား ငြင်းပယ်ကြဖို့ လုပ်ဆောင်ကြိုးပမ်းရာ၌ ၎င်းတို့ကိုပန္နက်တိုင်တွင် ချည်နှောင်၍ မီးရှို့ခြင်း၊ ကားတိုင်တင်သတ်ခြင်းများကို ပြုလုပ်ခဲ့သည်။ သခင်ခရစ်တော်၏ နာမတော်ကို ကဲ့ရဲ့စော်ကားကြစေရန် ကြိုးစားအားထုတ်ရာ၌

ရန်သူသည် သန့်ရှင်းသူတို့၏ မြေခန္ဓာကိုညှင်းပန်းနှိပ်စက်ခဲ့သည်။ ရန်သူသည် သူတို့၏စိတ်ဓါတ်များကို ချိုးဖဲ့ဖျက်ဆီးရန်အချို့သောသူများကို အကြီးအကျယ်ထိခိုက်ပျက်စီးစေ၍ အခြားသူများကို တိုက်ခိုက်ထိုးနှက်ခဲ့သည်။ အချို့သောသူများသည် ရန်သူ၏အစီအမံများတွင် သားကောင်ဖြစ်သွားခဲ့ကြသော်လည်း အခြားသူများကမူ တောင့်ခံ၍လက်နက်ချအရှုံးပေးဖို့ ငြင်းဆန်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏မြေခန္ဓာကို သေခြင်း၌ပေးအပ်ခြင်းဖြင့် အဆုံးတိုင်တည်ကြည်ခဲ့ကြသည်။ မိမိတို့၏ဤမြေခန္ဓာဖျက်ဆီးခြင်းခံရလျှင် ပို၍ကောင်းသောဘုန်းအသရေနှင့် ပြည့်စုံသည့်ကောင်းကင်ခန္ဓာသစ်ကို ဘုရားသခင်က ကတိပြုထားကြောင်း သူတို့သိရှိထားခဲ့ကြသည်။ ဘုရားသခင်သည် မိမိအတွက်ပို၍ကောင်းမြတ်သော ခန္ဓာကိုကတိပြုထားကြောင်းကို ယုံကြည်ရင်းအဖိုးအခ မည်သို့ပင်ပေးရပေးရ ဤမြေခန္ဓာဖြင့် သခင်ယေရှုကိုဂုဏ်ကြီးစေကြဖို့ ဆက်ကပ်အပ်နှံထားခဲ့ကြသည်။

ပေးဆပ်ရမည့်အဖိုးအခမှာ ကြီးမားမည်ဖြစ်သော်လည်း ကတိတော်မှာသာ၍ပင်ကြီးမြတ်ကြောင်းကို ရှင်ပေါလုကကျွန်ုပ်တို့အား အသိပေးထားသည်။ တစ်နေ့တွင်ကျွန်ုပ်တို့သည် သခင်ယေရှု၏ တရားစီရင်ခြင်းပလ္လင်တော်ရှေ့၌ရပ်၍ သခင်ခရစ်တော်အတွက် ဤလောက၌ အသက်ရှင်စဉ်၌ပြုလုပ်ခဲ့ကြသောအမှုတော်အတွက် ကျွန်ုပ်တို့၏ဆုလာဒ်များကို လက်ခံကြရမည့်အကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ထာဝရကာလအထိ တန်ဖိုးရှိနေသောအရာအတွက် ဖောက်ပြန်ပျက်စီးတတ်သောအကျွန်ုပ်တို့၏ ဤမြေခန္ဓာ၌ မည်သည့်ပင်ပန်းဆင်းရဲခြင်းပင်ရောက်လာပါစေ ကျွန်ုပ်တို့သည် ထိုထာဝရကောင်းကင်ခန္ဓာသစ်ကို စူးစိုက်နေကြရမည်ဖြစ်ကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြနေပါသည်။ ကျွန်ုပ်တို့သည် ထိုပင်ပန်းဆင်းရဲခြင်းကို ကြောက်ရွံ့နေဖို့မလိုပါ။ ထိုသို့ကြောက်ရွံ့နေမည့်

အစား ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကျေးဇူးတင်တတ်ခြင်း၊ ဘုရားသခင်ကဆင့်ခေါ်၍လုပ်ဆောင်စေသော ကျွန်ုပ်တို့၏ဤလောကရှိတာဝန်များကို ဖြည့်ဆည်းလုပ်ဆောင်ခြင်းတို့နှင့်အတူ ဤအသက်တာ၏တစ်ဖက်အလွန်ရှိ ဘုရားသခင်ကတိပြုထားသော အံ့ဖွယ်အရာများဆီသို့ ရှုမျှော်ကြရမည်။

ကျွန်ုပ်တို့သည် အားနည်းချည့်နဲ့နေသော ခန္ဓာများ၌ အမှုတော်ဆောင်နေကြပါသည်။ ထိုအားနည်းချည့်နဲ့နေသော ခန္ဓာဖြင့်သခင်ခရစ်တော်တန်ခိုးတော်ကို လက်တွေ့ပြသနေကြသည်။ သာ၍ကြီးမြတ်သောအရာအတွက်ကျွန်ုပ်တို့ မျှော်လင့်ချက်ရှိနေကြသောကြောင့် ကျွန်ုပ်တို့သည် ဤခန္ဓာကိုတွယ်ကပ်မနေသကဲ့သို့ ဤခန္ဓာ၏သက်တောင့်သက်သာရှိခြင်းကို လွန်ကဲစွာအလေးမထားကြပါ။ ကျွန်ုပ်တို့၏အပြင်းပြဆုံးစိတ်ဆန္ဒသည် ဤယာယီမြေအိမ်အတွက်မဟုတ်၊ ကောင်းကင်ဘုံရှိ ထာဝရအိမ်တော်အတွက်ဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား ဤဘဝဤအသက်တာတွင် ဆင်းရဲဒုက္ခကို ၎င်းတို့ရင်ဆိုင်ကြုံတွေ့ကြမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ သို့သော် ၎င်းတို့ကို ထာဝရကာလ၌ရရှိမည့် ကတိတော်များကိုရှေးရှု၍ ဘုရားသခင်၏နိုင်ငံတော်အတွက် ဒုက္ခဝေဒနာများနှင့် သေခြင်းတရားကို လိုလိုလားလားသည်းခံရင်ဆိုင်ကြဖို့ စိန်ခေါ်ခဲ့သည်။ သူတို့သည် ဤလောက၌နေထိုင်စဉ် လုံ့လဝီရိယရှိသောအမှုတော်အတွက် စေ့ဆော်တိုက်တွန်းခြင်းတစ်ခုအဖြစ် အထက်အရပ်နှင့်ဆိုင်သော အရာများ၌လည်းကောင်း၊ ထာဝရကာလ ရရှိမည့်ဆုလာဘ်များ၌လည်းကောင်း အာရုံစိုးစိုက်ထားကြရပေမည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိ၏မျက်မှောက်တော်၌ ခန္ဓာအသစ်

များကိုပေးမည်ဟူသော ကတိပေးထားမှုအပေါ်၌ မည်သည့်နှစ်သိမ့်ခြင်းကို သင်ရရှိပါသနည်း။

- ဤမြေခန္ဓာအပေါ်၌ အပြစ်ဒုစရိုက်က မည်သည့် သက်ရောက်မှုများကိုပြုလုပ်ပါသနည်း။
- ခက်ခဲပင်ပန်းခြင်းကို ကျွန်ုပ်တို့ရင်ဆိုင်စရာမလိုပါဟု ဘုရားသခင်၏ နှုတ်ကပတ်တော်က ကတိပေးထားပါသလား။ ကျွန်ုပ်တို့ရင်ဆိုင်နေရသော ဆင်းရဲဒုက္ခများတွင် မည်သည့်နှစ်သိမ့်ခြင်းကို သင်တွေ့ရှိပါသနည်း။
- ကျွန်ုပ်တို့၏အသက်တာ၌ နာကျင်ခြင်းနှင့်ဆင်းရဲပင်ပန်းခြင်းကို ဘုရားသခင်က အဘယ်ကြောင့်ခွင့်ပြုနေသည်ဟု သင်ထင်ပါသနည်း။ နာကျင်ခြင်းနှင့် ဆင်းရဲပင်ပန်းခြင်းများအားဖြင့် ဘုရားသခင်သည် သင့်အသက်တာ၌ မည်သည့်အရာကို အထမြောက်ပြည့်စုံစေခဲ့ပါသနည်း။
- ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဤမြေခန္ဓာများ၌ မကြာခဏအနာရောဂါငြိမ်းခြင်းကို ပေးသော်လည်း ဤမြေခန္ဓာများသည် လုံးလုံးလျားလျား သက်သာပျောက်ကင်းကြပါသလား။ ရှင်းပြပါ။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားက သူ့ကိုယုံကြည်ကိုးစားသောသူများအတွက် အသစ်သောခန္ဓာကို ကတိပြုထားခြင်းကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့မြေခန္ဓာ၌ သခင်ဘုရားကို ဂုဏ်ကြီးစေရန်ခွန်အားသစ်များ သွန်းလောင်းပေးဖို့ ဆုတောင်းလျှောက်ပါ။ သခင်ဘုရားသည် မိမိ၏

အကြံအစည်များကို အထမြောက်ပြည့်စုံစေဖို့ သင်ရင်ဆိုင်နေရသော ဆင်းရဲပင်ပန်းခြင်းနှင့် စစ်ကြောစုံစမ်းခြင်းများကို အသုံးပြုနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

- ယခုလက်ရှိဆင်းရဲပင်ပန်းခြင်းကို ကြုံတွေ့ခံစားနေရသောသူ တစ်ယောက်ယောက်ကို သင်သိပါသလား။ ထိုပုဂ္ဂိုလ်အတွက် ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။ ထိုပုဂ္ဂိုလ်ကို ကုစားပေးဖို့တောင်းလျှောက်ပါ။ အထူးသဖြင့် ဆင်းရဲပင်ပန်းခြင်းဒုက္ခအားဖြင့် နာမတော်ကို ဂုဏ်ကြီးစေရန် ကိုယ်တော်ထံ၌ တောင်းလျှောက်ပါ။
- ဘုရားသခင်၏ နိုင်ငံတော်အတွက် သင့်ရဲ့ဉာဏ်မြေခန္ဓာကို လိုလိုလားလားစတေးနိုင်ဖို့ ခွန်အားသွန်းလောင်းပေးရန် တောင်းလျှောက်ပါ။

၁၀

## သခင်ခရစ်တော်၏ သံတမန်များ

---

၂ကော ၅း၁၁-၂၀ ကိုဖတ်ရှုပါ။

အခန်းကြီး ၄တွင် ရှင်ပေါလုက မိမိတို့သည်သမ္မာတရားကို ထိမ်ဝှက်မှောက်လှန်ခြင်းမရှိဘဲ၊ အတိအလင်းဖေါ်ပြပြောဟောပြောခြင်းအမှုတော်ကို ဘုရားသခင်ထံမှ လက်ခံရရှိထားကြကြောင်း ကောရိန္သုယုံကြည်သူများကို အသိပေးခဲ့သည် (၄း၁-၂)။ သူတို့သည် ဤလောက၌ စေလွှတ်ထားသော သခင်ခရစ်တော်၏ သံတမန်များဖြစ်ကြသည်။ အခန်းကြီး ၁ ၏ပထမအပိုင်းတွင် သခင်ခရစ်တော်၏ သံတမန်တစ်ပါးဖြစ်ရခြင်းသည် လွယ်ကူသောအရာမဟုတ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ကျွန်ုပ်သည် ဤမြေခန္ဓာ၌ သံတမန်ဖြစ်ကြရသည်။ ကျွန်ုပ်တို့ဝေငှသောတရားတော်ကို မနှစ်သက်သောသူများ၏ နှိပ်စက်ညှင်းပန်းခြင်းနှင့် ကဲ့ရဲ့ရှုံ့ချခြင်းကို ကျွန်ုပ်တို့ခံရပေလိမ့်မည်။ သို့သော်၊ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ၎င်းတို့၏ဤမြေခန္ဓာအားဖြင့် ဘုရားသခင်ကို ဂုဏ်ကြီးစေကြရန်စိန်ခေါ်ခဲ့သည်။ ဤနောက်တစ်ပိုင်းတွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ထာဝရဘုရားသခင်၏သံတမန်ဖြစ်ခြင်းအတွက် လမ်းညွှန်ချက်များကိုပေးခဲ့သည်။ သူတို့သယ်ဆောင်သွားရမည့် တရားတော်ကိုလည်းကောင်း၊ ထိုတရားတော်ကို မည်သို့ဟောပြောဝေငှရမည်ကိုလည်းကောင်း ပြောပြခဲ့သည်။

အခန်းငယ် ၁၁တွင် ထိုအမှုတော်ကို စေ့ဆော်တိုက်တွန်းပေးသော အရာမှာ ဘုရားသခင်အားကြောက်ရွံ့ခြင်းဖြစ်ကြောင်း သတိပြုပါ။ ဘုရားသခင်အား ကြောက်ရွံ့ခြင်းကို ကျွန်ုပ်တို့သဘောပေါက်နားလည်ကြသောကြောင့် လူတို့ကိုကျွန်ုပ်တို့ စည်းရုံးသွေးဆောင်ကြခြင်းဖြစ်သည်။ ဤကြောက်ရွံ့ခြင်းကို ခြိမ်းခြောက်၍ ထိတ်လန့်ကြောက်ရွံ့ခြင်း အဓိပ္ပါယ်မျိုးဖြင့် နားမလည်သင့်ပါ။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဆိုသည်မှာ ဘုရားသခင်ကိုင်း၏ ကြွန်အင်လက္ခဏာနှင့် ၄င်းပြုလုပ်ခဲ့သော အမှုအတွက်ဂုဏ်ပြုခြင်းနှင့် ကိုးကွယ်ခြင်းဖြစ်သည်။ ဤအခန်းကြီး၏အစပိုင်းတွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား ထိုဂုဏ်ပြုလေးစားမှုနှင့် ကြည်ညိုကိုင်းရှိုင်းမှုကို ဘုရားသခင်၏ နိုင်ငံတော်အတွက် လိုလိုလားလားအသေခံခြင်းဖြင့် သက်သေပြဖို့ စိန်ခေါ်ခဲ့သည်။ ဤနေရာ၌ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား သခင်ဘုရားကို လည်းကောင်း၊ သခင်ဘုရားပြုခဲ့သော အမှုတော်ကို လည်းကောင်း လေးစားကြည်ညိုမှုသည် ပျောက်ဆုံးနေသောသူများကို သခင်ခရစ်တော်၏ သတင်းကောင်းသမ္မာတရားတော်ဆီသို့ စည်းရုံးသွေးဆောင်ရန်အတွက် ထိုပျောက်ဆုံးနေသောသူများထံ၌ အရောက်သွားဖို့ စေ့ဆော်တိုက်တွန်းပေးမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။

ဘုရားသခင်ကို ဂုဏ်ပြုခြင်းနှင့် ကြောက်ရွံ့ခြင်းသည် တရားဟောခြင်းနှင့် သွန်သင်ပေးခြင်းတို့တွင်သာ ပြုလုပ်ရသည်မဟုတ်၊ သန့်ရှင်းသော အသက်တာကို ရှင်သန်ခြင်းအားဖြင့်လည်း ပြုလုပ်ပြသရသည်။ ကျွန်ုပ်တို့ပြောသမျှသောအရာ၊ ကျွန်ုပ်တို့လုပ်သမျှသောအလုပ်က သခင်ယေရှုနှင့် သခင်ယေရှုလုပ်ဆောင်ခဲ့သော အမှုတော်ကိုထင်ဟပ်ပြသကြသည်။ ကျွန်ုပ်တို့ရှင်သန်နေထိုင်ပုံ၊ ကျွန်ုပ်တို့ပြုမူကျင့်ကြံပုံအားဖြင့် ကျွန်ုပ်တို့သည် ဘုရား

သခင်၏ သားသမီးများဖြစ်ကြကြောင်းကို လောကီသားများအား ပြသနေကြပါသည်။ ကျွန်ုပ်တို့သည် သွားလေရာရာ၌ ဘုရားသခင်၏သံတမန်များအဖြစ်နှင့် ဘုရားသခင်ကို ကိုယ်စားပြုကြသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား မိမိသည်မိမိပြုလုပ်ခဲ့သော ကောင်းမြတ်သည့်အမှုတော်အတွက် ဆုလာဒ်ချီးမြှင့်ခံရမည့်အကြောင်းကို သိနေသောကြောင့် မိမိ၏ဝိညာဉ်ရေးရာတာဝန်ဝတ္တရားများ၌ အန္တရာယ်ကိုသေချာစွာ သတိထားစောင့်ကြည့်ကြောင်း အသိပေးခဲ့သည်။ ရှင်ပေါလု၏ သိက္ခာသမာဓိကို ဘုရားသခင်ကလည်းကောင်း၊ ကောရိန္သုယုံကြည်သူများကလည်းကောင်း သိရှိထားခဲ့ကြသည် (ငယ် ၁၁)။

အခန်းငယ် ၁၂တွင် ရှင်ပေါလုက မိမိနှင့်မိမိလုပ်ဖော်ဆောင်ဖက်များသည် ကောရိန္သုယုံကြည်သူများထံ၌ ကိုယ့်ကိုယ်ကိုဝါကြွားဖို့ ကြိုးစားနေကြသည်မဟုတ်ကြောင်း၊ ထိုသို့ပြုလုပ်မည့်အစား ဘုရားသခင်၏အဟန်အဆောင်ကင်း ရိုးသားသော နောက်လိုက်များနှင့် အစေခံများအဖြစ် ကြိုးစားနေကြကြောင်း ဖော်ပြခဲ့သည်။ ကိုယ့်ကိုယ်ကို ချီးမြှောက်ဖို့ ကြိုးစားသောသူများသည် မိမိတို့ဂုဏ်ကြီးဖို့ ရှာကြံနေသောသူများဖြစ်ကြသည်။ သူတို့သည် လူတို့၏သတိပြုမိခြင်းကို ခံလိုကြသည်။ အခြားသူများ၏ အထင်ကြီးလေးစားမှုကို ခံလိုကြသည်။ အချို့က အခြားသူများ၏အသိအမှတ်ပြုပေးခြင်းကို ရရှိဖို့ လှည့်ဖြားခြင်းကိုပင် အသုံးပြုခဲ့ကြပါလိမ့်မည်။ ကိုယ့်ကိုယ်ကို ချီးကျူးချီးမြှောက်သောတရားဟောဆရာများသည် ၎င်းတို့၏စွမ်းဆောင်ရည်များနှင့် ဗဟုသုတများကို လူတို့အာရုံစိုက်လာအောင် ဆွဲဆောင်ဖို့နည်းစနစ်များကို အသုံးပြုကြပါလိမ့်မည်။

အခြားတစ်ဖက်တွင် မိမိတို့ကိုယ်စားပြုနေသော ဘုရားသခင်ထံ၌ ဘုန်းကြီးခြင်း ဂုဏ်ကြီးခြင်းတို့ကို ယူဆောင်လာဖို့ ရှာကြံသောသူများရှိသည်။

မိမိတို့၏မိဘများက မိမိတို့ကိုဂုဏ်ယူစေလိုသော သားသမီးများသည် မိမိတို့၏မိဘများ ဂုဏ်တင့်ဖို့လုပ်နိုင်သမျှအားလုံးကို လုပ်ဆောင်ကြပါလိမ့်မည်။ ဘုရားသခင်၏ စစ်မှန်သောအစေခံများသည်လည်း မိမိတို့လုပ်ဆောင်သမျှတိုင်း၌ဘုရားသခင်ကို ဘုန်းတော်ထင်ရှားစေဖို့ ပြုမူကျင့်ကြံကြသည်။ တမန်တော်ကြီးများသည် ကိုယ့်ကိုယ်ကို ချီးမြှောက်ဖို့၊ မိမိတို့ကို လူတိုင်းကအထင်ကြီးလေးစားလာစေဖို့ အမှုတော်ကိုမဆောင်ခဲ့ကြပါ။ သူတို့သည် မိမိတို့လုပ်သမျှတိုင်း၌ ဘုရားသခင်ကိုဂုဏ်တင့်စေသောနည်းလမ်းဖြင့် အစေခံခဲ့ကြသည်။ တမန်တော်ကြီးများသည် ဘုရားသခင်ကိုလည်းကောင်း၊ ကောရိန္သုအသင်းသားများကိုလည်းကောင်း မိမိတို့လုပ်ဆောင်မှုများအားဖြင့် အရှက်မကွဲစေချင်ကြပါ။

တမန်တော်ကြီးများ၏ အမှုတော်ကိုဝေဖန်ရှုတ်ချသောသူများရှိခဲ့ကြသည်။ ဤဆန့်ကျင်သူများသည် တမန်တော်ကြီးများက သွားလေရာမြို့များ၌ပေါ်ပေါက်စေခဲ့သော ပြဿနာများကို လက်ညှိုးထိုးဝေဖန်ခဲ့ကြသည်။ သူတို့သည်တမန်တော်ကြီးများရင်ဆိုင်ဖြတ်သန်းခဲ့ရသော ညှင်းပန်းနှိပ်စက်ခြင်းများ၊ တမန်တော်ကြီးများ၏ကြိုးစားအားထုတ်မှုများက အသီးအပွင့်အနည်းငယ်ကိုသာ ဖန်တီးနိုင်ခဲ့သည့်အချိန်များကို လက်ညှိုးထိုးဝေဖန်ခဲ့ကြသည်။ ဤရန်သူတို့သည် ဤကဲ့သို့သော ပတ်ဝန်းကျင်အခြေအနေများကို အသုံးပြု၍ တမန်တော်ကြီးများ၏အခွင့်အာဏာကို တိုက်ခိုက်ပုတ်ခတ်ခဲ့ကြသည်။ သခင်ယေရှုကိုလည်း အလားတူပင်ပြုလုပ်ခဲ့ကြသည်။ သခင်ယေရှုကို အပြစ်သားများနှင့် မိတ်ဆွေဖွဲ့ခြင်းအတွက် စွပ်စွဲကဲ့ရဲ့ခဲ့ကြသကဲ့သို့ နတ်ဆိုးစွဲနေသော သူအဖြစ်လည်း ကဲ့ရဲ့စွပ်စွဲခဲ့ကြသည် (မဿဲ ၁၁း၁၉၊ ၁၂း၂၄ ကိုကြည့်ပါ)။ ကျွန်ုပ်တို့ကိုလည်း ထိုနည်းတူရှုမြင်သုံးသပ်ကြပါလိမ့်မည်။

ရှင်ပေါလုက မိမိ၏အမှုတော်ကို စိတ်နှလုံးအားဖြင့်မဟုတ်၊ အပြင်ပန်းအားဖြင့် စီရင်ဆုံးဖြတ်နေသောသူများ ဤဒေသတစ်ဝိုက်၌ ရှိကြကြောင်းကို ကျွန်ုပ်တို့အား ပြောပြထားသည်။ ထိုသူတို့သည် တမန်တော်ကြီးများ၏အမှုတော်ရှိ အပြစ်အနာအဆာဟု ထင်ရသောအရာများကိုသာ တွေ့မြင်ခဲ့ကြသည်။ လူတို့က တမန်တော်ကြီးများ ဟောပြောသောတရားဒေသနာကို မနှစ်မြို့ခဲ့ကြပါ။ အကြောင်းမှာ ထိုဒေသနာများသည် ၎င်းတို့၏အပြစ်များကို ဖော်ပြသိမြင်စေခဲ့သောကြောင့်ဖြစ်သည်။ ကောရိန္သုမြို့ရှိလူများစွာကလည်း တမန်တော်တို့ကိုလည်းကောင်း၊ တမန်တော်ကြီးများ၏နည်းလမ်းများကိုလည်းကောင်း မနှစ်သက်ခဲ့ကြပါ။ ရှင်ပေါလုက မိမိ၏စိတ်ဆန္ဒမှာ ဤပုဂ္ဂိုလ်များထံ၌ ကိုယ့်ကိုယ်ကိုချီးမွမ်းခံရအောင် ပြုလုပ်ဖို့မဟုတ်ကြောင်း ကောရိန္သုယုံကြည်သူတို့ကို အသိပေးခဲ့သည်။ ဤပုဂ္ဂိုလ်များ၏ ထင်မြင်ယူဆချက်သည် ရှင်ပေါလုအတွက် အရေးမကြီးခဲ့ပါ။ ရှင်ပေါလု၏ စိတ်ဆန္ဒမှာ ဘုရားသခင်က သူ့ကိုဂုဏ်ယူသည့်နည်းလမ်းဖြင့် အမှုတော်ဆောင်ဖို့ဖြစ်သည်။ ဤအချင်းအရာကို လုပ်ဆောင်ရာ၌ လူအချို့၏ငြင်းပယ်ခြင်းကိုခံရလျှင်ပင် ထိုငြင်းပယ်ခြင်းကို လိုလိုလားလားလက်ခံခဲ့ပါလိမ့်မည်။

ဤနေရာ၌ ရှင်ပေါလုပြောပြနေသောအရာကို နားလည်သဘောပေါက်ဖို့ ကျွန်ုပ်တို့အတွက် အဘယ်မျှအရေးကြီးသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သံတမန်များဖြစ်သည့် အားလျော်စွာဘုရားသခင်က ကျွန်ုပ်တို့ကိုဂုဏ်ယူသည့်နည်းလမ်းဖြင့် ရိုးသားသောစိတ်နှလုံးဖြင့် အမှုတော်ဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အာရုံစူးစိုက်မှုသည် ကိုယ့်အပေါ်၌မဟုတ်ရသကဲ့သို့ အခြားသူများက ကျွန်ုပ်တို့ကို ထင်မြင်ယူဆမှုအပေါ်၌လည်း မဟုတ်ရပါ။ မိမိတို့၏အရိုက်အရာကို မိမိတို့ဂုဏ်တင့်ဖို့ အသုံးပြုလိုသောအစေခံများရှိဖို့

ကိုဘုရားသခင်စိတ်မဝင်စားပါ။ ဘုရားသခင်သည် အခြားသူများက မည်သို့ထင်မြင်ယူဆခံရမည့်အရေးကို ဂရုမစိုက်သောသံတမန်များကို အလိုရှိသည်။ ထိုသို့အားဖြင့် သူတို့သည်ဘုရားသခင်ထံ၌ ဘုန်းကြီးခြင်းနှင့်ဂုဏ်ကြီးခြင်း ယူဆောင်လာဖို့ အသက်တာများကို ဆက်ကပ်အပ်နှံနိုင်ကြမည်ဖြစ်သည်။

လူတို့က တမန်တော်ကြီးများအား မည်သို့ထင်မြင်ယူဆကြသည့် အကြောင်း အခြားသဲလွန်စကို အခန်းငယ် ၁၃က ကျွန်ုပ်တို့ကိုပေးကောင်း ပေးနိုင်ပါလိမ့်မည်။ "ငါတို့သည် သူရူးဖြစ်လျှင်ဘုရားသခင်အဖို့ ဖြစ်ကြ၏။ စိတ်ကောင်းသောသူဖြစ်လျှင် သင်တို့အဖို့ဖြစ်ကြ၏။" ရှင်ပေါလုနှင့်အပေါင်း အပါများသည်စိတ်မနှံ့ရူးသွပ်သွားကြပြီဟု ယုံကြည်သောပုဂ္ဂိုလ်များရှိနေ ကြောင်းဖြစ်နိုင်ပါသလား။ ဤပုဂ္ဂိုလ်များက တမန်တော်ကြီးများသည် သတင်း ကောင်းတရားကို ဟောပြောဖို့ မိမိတို့၏အသက်ကို လိုလိုလားလားအဘယ် ကြောင့်စွန့်လွှတ်လိုခဲ့ကြသည်ကို နားမလည်နိုင်ခဲ့ကြပါ။

လောကီသားများသည် ကျွန်ုပ်တို့ကိုလည်းကောင်း၊ ကျွန်ုပ်တို့ပြုလုပ် နေသောအမှုတော်ကိုလည်းကောင်း နားလည်သဘောပေါက်ကြမည်မဟုတ် ပါ။ ကျွန်ုပ်တို့အသင်းတော်မှ အသင်းဝင်ခရစ်ယာန်များကပင် ကျွန်ုပ်တို့ကို နားမလည်သောအချိန်များ ရှိလာပါလိမ့်မည်။ လူတစ်ယောက်သည် စိတ်မူ မှန်ပါလျှက် လက်ဝါးကပ်တိုင်တရားတော်နှင့် လူတို့ထံအရောက်သွားဖို့ ခပ် သိမ်းကိုအဘယ့်ကြောင့် စွန့်လွှတ်ရပါမည်နည်း။ အခန်းငယ် ၁၄ တွင် ရှင်ပေါလုက အမှုတော်မြတ်၌ သူ့ကိုစေ့ဆော်ပေးသောအရာကို ကောရိန္သု အသင်းသားများအား ပြောပြခဲ့သည်။ သခင်ခရစ်တော်အပေါ်၌ ထားရှိသော ရှင်ပေါလု၏ ချစ်ခြင်းနှင့်ရှင်ပေါလုအထဲ၌ရှိနေသော သခင်ခရစ်တော်၏ ချစ်ခြင်းတို့က အလွန်အားကြီးနေကြသောကြောင့် ဘုရားသခင်၏အမျက်

တော်ရှုခြင်းကိုထာဝရခံစားခြင်းစီသို့ မရေမတွက်နိုင်သောလူများသွားနေစဉ်တွင် ရှင်ပေါလုမှာဒီအတိုင်း မနေနိုင်ခဲ့ပါ။ သခင်ခရစ်တော်သည် အပြစ်သားများ၏နေရာကိုယူ၍ ဘုရားသခင်၏အမျက်တော်ရှုခြင်းအောက်၌ ကိုယ်စားအသေခံခဲ့ကြောင်းကို ရှင်ပေါလုယုံကြည်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများနှင့် ဘုရားသခင်၏သံတမန်များဖြစ်လာကြမည့်အကြောင်း သခင်ခရစ်တော်အသေခံခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြစ်ရခြင်းသည် အလွန်ကြီးကျယ်သောဂုဏ်ထူးနှင့် အခွင့်အရေးတစ်ခုမဟုတ်ပါလား။

ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား လူတို့ကိုလောကီအမြင်၊ အပြင်ပန်းဖြင့် မရှုမမြင်သင့်ကြောင်း အသိပေးခဲ့သည် (ငယ် ၁၆)။ သို့သော်ကျွန်ုပ်တို့သည် သာသနာလုပ်ငန်းများနှင့် ဘုရားသခင်၏အစေခံများကို အပြင်ပန်းဖြင့် မကြာခဏဝေဖန်စီရင်ကြသည်မဟုတ်ပါလား။ သူတို့၌နောက်လိုက်ထောက်ခံသူအများအပြားရှိလျှင် သူတို့သည်ဘုရားသခင်နှင့်သင့်တင့်နေကြသည်ဟု ကျွန်ုပ်တို့ထင်မှတ်တတ်ကြသည်။ သခင်ယေရှုကို ထိုခေတ်ကာလမှလူတို့က ဘာသာရေးအကြီးအကျယ်ပြောင်းလဲလိုသူအစွန်းယောက်တစ်ဦးအဖြစ်နှင့်သိက္ခာချ၍ ငြင်းပယ်ခဲ့ကြသည်။ တမန်တော်ကြီးများကိုလည်းအထင်လွဲ၍ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခဲ့ကြသည်။ အတိတ်တစ်ချိန်မှပရောဖက်များကိုလည်း ရူးမိုက်သူများအဖြစ်နှင့်ညှင်းပန်းခဲ့ကြသည်။ သူတို့သည်လူတို့ကိုစိတ်မအီမသာဖြစ်စေသည့်အရာများအားဟောပြောခဲ့ကြသည်။ သူတို့ကိုလောကီရှုထောင့်မှ အခြေခံအစွန်းရောက်ဝါဒီများ၊ ရူးမိုက်သူများအဖြစ်ရှုမြင်ခဲ့ကြသည်။ သို့သော်ဘုရားသခင်၏အမြင်တွင် သူတို့သည်သူရဲကောင်းများ၊ လူစွမ်းကောင်းများဖြစ်လာခဲ့ကြသည်။ သူတို့သည်လောကီသားများက မိမိတို့အားမည်သို့ရှုမြင်ကြသည်ကို

ဂရုမစိုက်သောစစ်မှန်သည့် အစေခံများသဖွယ် ရပ်တည်ခဲ့ကြသည်။ သူတို့သည်ဘုရားသခင်အပေါ်၌ထားရှိသော မိမိတို့ရှိချစ်ခြင်းမေတ္တာ၏ ထိန်းချုပ်ခြင်းနှင့်စေ့ဆော်ခြင်းကို ခံခဲ့ကြရသည်။

အခန်းငယ် ၁၇ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့သခင်ခရစ်တော်ထံ၌ ရောက်လာကြသောအခါတွင် အသစ်သောဖန်ဆင်းခြင်းဖြစ်ခဲ့ကြသည့်အကြောင်းကို အသိပေးခဲ့သည်။ သခင်ခရစ်တော်၌ရှိနေကြသောသူများသည် အပြစ်လွန်ကျူးခြင်းအသက်တာ၌ ရှင်သန်ခြင်းတွင် သေဆုံးခဲ့ကြပြီဖြစ်သည်။ ကျွန်ုပ်တို့အထဲတွင် အသက်သောအသက်တာတစ်ခု ရှိနေပြီး လောကီကျင့်ကြံမှုလမ်းဟောင်းများ၌ သေကြဖို့ဆင့်ခေါ်ခြင်း ခံကြရသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ပြုပြင်ပြောင်းလဲပေးပြီး၊ အမြင်သစ်ဖြင့် ရှုမြင်တတ်ဖို့စွမ်းဆောင်ပေးသည်။ ဘုရားသခင်၏နည်းလမ်းများသည် လောကီသားများ၏ နည်းလမ်းများနှင့်အလွန်ကွဲပြားခြားနားသောကြောင့် ကျွန်ုပ်တို့ကိုအမြင်မှား၍ ရူးမိုက်သူများအဖြစ်သုံးသပ်ကြပါလိမ့်မည်။ ဤအရာများအားလုံးသည် သခင်ခရစ်တော်၌လည်းကောင်း၊ ကားတိုင်ထက်၌ သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှု၌လည်းကောင်း မိမိတို့၏ယုံကြည်ချက်ကို ပုံအပ်ထားသူများ၏ အသက်တာ၌ ဘုရားသခင်လှုပ်ရှားလုပ်ဆောင်မှု၏ ရလာဒ်ပင်ဖြစ်သည်။

ဘုရားသခင်သည် မိမိ၏သားတော်ကို ကျွန်ုပ်တို့အတွက် အသေခံဖို့စေလွှတ်ခဲ့ချိန်တွင် သူ့ကိုသူကျွန်ုပ်တို့၏ကောင်းကင်ဘုံစံ အဖဘုရားအဖြစ်ကျွန်ုပ်တို့နှင့် ဆက်ဆံရင်းနှီးနိုင်ဖို့ ထိုသို့စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်သည် ပြန်လည်သင့်မြတ်ခြင်းအမှုတော်ကို ကျွန်ုပ်တို့၌ပေးအပ်ထားသည် (ငယ် ၁၈)။ တစ်နည်းအားဖြင့်ဆိုရလျှင် သူသည်ကျွန်ုပ်တို့ကို မိမိ၏အထံတော်ပါး

သို့ ဆွဲယူသိမ်းသွင်းခဲ့သောကြောင့် ကျွန်ုပ်တို့သည် အခြားသူများကို ကိုယ်တော်ထံသို့ဆွဲယူသိမ်းသွင်းနိုင်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များကို ၎င်းတို့၏ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အားပို၍နက်နဲသောသိကျွမ်းခြင်းထဲ၌ ဆောင်ယူသွားရန်ဟူသော ရည်မှန်းချက်ပန်းတိုင်တစ်ခုနှင့်အတူ သခင်ခရစ်တော်ကိုကိုယ်စားပြုထားကြသည့် သံတမန်များဖြစ်သည်။

အပြစ်သားများကို ဘုရားသခင်နှင့်ပြန်လည်ဆက်ဆံရင်းနှီးစေနိုင်ဖို့ သခင်ခရစ်တော်ကြွဆင်းလာခဲ့သည်ဟူသော သတင်းကောင်းနှင့်အတူ စေလွှတ်ထားသော သံတမန်များအဖြစ်နှင့် ဘုရားသခင်ကကျွန်ုပ်တို့ကို ဆင့်ခေါ်ခဲ့သည်။ သခင်ခရစ်တော်သည် အပြစ်ဒုစရိုက်၏အဖိုးအခကို ပေးဆပ်ဖို့ ကြွဆင်းလာခဲ့ခြင်းဖြစ်သည် (ငယ် ၁၉)။ သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှု၊ သခင်ခရစ်တော်ပေးခဲ့သောအပြစ်လွှတ်ခြင်းတို့အားဖြင့် ကျွန်ုပ်တို့မှာ အပြစ်လွှတ်ခြင်းကိုခံရ၍ ခမည်းတော်ဘုရားသခင်နှင့် စစ်မှန်သောဆက်ဆံရင်းနှီးမှုထဲ၌ သွတ်သွင်းခံရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသစ်သောအသက်တာပေးဖို့ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်။ ထိုဝိညာဉ်တော်သည် နောက်ထပ်ရောက်ရှိလာကြမည့် ကယ်တင်ရှင်၏မျက်မှောက်တော်၌ ထာဝရအသက်အတွက် အာမခံချက်၊ ကောင်းကင်ဘုံ၌ ဘုန်းအသရေနှင့် ပြည့်စုံသောခန္ဓာသစ်၊ အပြစ်၏ကျိန်ဆဲခြင်းခံ ဤလောက၌ကျွန်ုပ်တို့ ရှင်သန်ချိန်၌ကြုံတွေ့ရမည့် စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်နိုင်ဖို့ လိုအပ်သောအရာများအားလုံးတို့အတွက် ဘုရားသခင်၏အာမခံချက်တစ်ခုဖြစ်သည်။

ကျွန်ုပ်တို့ ဘုရားသခင်၏အစေခံများဖြစ်လာနိုင်ဖို့ ဘုရားသခင်သည် မိမိ၏သားတော်ကို အသေခံရန်စေလွှတ်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့

အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ကို သွတ်သွင်းပေး၍ ထာဝရအသက်နှင့် မျှော်လင့်ချက်တို့ကို ပေးခဲ့သည်။ မူလအခြေအနေ၌ ပြန်လည်ပြုပြင်ထားရှိခြင်း အံ့ဖွယ်တရားတော်ကို ထုတ်ဖော်ဟောပြောဖို့ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိသံတမန်များအဖြစ် ဆင့်ခေါ်ထားသည်။ ကျွန်ုပ်တို့မှတစ်ဆင့် ဘုရားသခင်သည် လူသားများကို ဆွဲဆောင်သည့်အလား ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏အခွင့်အာဏာ၌ သွားရောက်သောဟောပြောကြကြောင်း ရှင်ပေါလုကပြောပြထားသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ "သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြလော့" ဟူသည့် တန်ခိုးအာဏာရှိသောတရားတော်နှင့်အတူ ဟောပြောကြသည် (၄ယ် ၂၀)။ ဤစကားလုံးများသည် ကျွန်ုပ်တို့အပြစ်လွှတ်ခြင်းခံရ၍ သန့်စင်ဆေးကြောခြင်းခံရမည့်အကြောင်း ကျွန်ုပ်တို့ပေးဆပ်ရမည့် အပြစ်ကြွေးများကို မိမိအပေါ်၌ ယူဆောင်ခဲ့သော ပကတိပြည့်စုံ၍ အပြစ်အနာအဆာနှင့်ကင်းသော ကယ်တင်ရှင်၏စကားလုံးများဖြစ်သည်။ ဤတရားတော်သည် လောကီသားများက ကြားနာဖို့လိုအပ်သော တရားတော်ဖြစ်သည်။ သူတို့သည်ဘာသာရေးနှင့် ကောင်းမှုကုသိုလ်များမှတစ်ဆင့် မိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် ဘုရားသခင်ထံရောက်ဖို့ကြိုးစားနေကြသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများနှင့် သက်ဆိုင်မှုမရှိဘဲ၊ ယုံကြည်ခြင်းအားဖြင့်လက်ခံရမည့်သူများထံ၌ လက်ဆောင်တစ်ပါးအဖြစ်နှင့် ရောက်ရှိလာသည့်ဘုရားသခင်၏အပြစ်လွှတ်ခြင်းနှင့် ဘုရားသခင်နှင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှုအကြောင်းတရားတော်ကို ဟောပြောဖို့ ဘုရားသခင်က ကျွန်ုပ်တို့ကိုဆင့်ခေါ်ထားပါသည်။

ဤအမှုတော်ကို ကျွန်ုပ်တို့ရရှိထားကြသော်လည်း ဤတရားတော်ကို ကျွန်ုပ်တို့အားလုံးတစ်ပုံစံတည်း မဟောပြောကြကြောင်းကို နားလည်ထားရန်

အရေးကြီးသည်။ ဤတရားတော်ကို ဘုရားသခင်က ကျွန်ုပ်အားစွမ်းဆောင်ပေးထားသည့်အတိုင်း စာအုပ်များ၌ ရေးသားစီကုံးရသောအခွင့်ကောင်းကို ကျွန်ုပ်ရရှိထားသည်။ အခြားသူများမှာမူ ဤတရားတော်ကို အသင်းတော်များ၊ သမ္မာကျမ်းစာလေ့လာခြင်းအတန်းများ၌ ပုံမှန်ပြောကြားခြင်းဖြင့် လူအများထံ၌ ဟောပြောရသောအခွင့်ကောင်းကို ရရှိထားကြသည်။ သို့သော် သံတမန်တစ်ပါးဖြစ်ခြင်းတွင် နှုတ်ကပတ်တော်ကို ရေးသားခြင်း၊ သွန်သင်ခြင်း၊ ဟောပြောခြင်းထက်ပိုသောအရာများရှိသည်။ ဤတရားတော်ကို မိမိတို့အလုပ်လုပ်ရာ လုပ်ငန်းခွင်များ၌ ရယူရှင်သန်ကြမည့်သူများကို ကမ္ဘာတစ်ဝှမ်း၌ အသည်းအသန်လိုအပ်နေပါသည်။ သခင်ယေရှု၏နာမတော်၌ မိမိတို့၏အိမ်နီးချင်းများ၌ ကရုဏာတရားကို လက်တွေ့ပြသခြင်းဖြင့် ရောက်ရှိကြမည့်သူများကို ကျွန်ုပ်တို့လိုအပ်နေသည်။ ဤတရားတော်ကို လက်တွေ့လုပ်ဆောင်မှုမျိုးဖြင့် ဟောပြောဖို့လိုအပ်သည်။ ကျွန်ုပ်တို့ပြောချင်သည့်အရာတိုင်းကို ဟောပြောနိုင်ကြသော်လည်း တစ်ခါတစ်ရံတွင်လူတို့ နားလည်သဘောပေါက်သောအရာမှာ ကိုယ်တော်၏နာမတော်၌ ပြုလုပ်သောကြင်နာ ရိုင်းပင်းခြင်းလုပ်ရပ် ဖြစ်သည်။ စားရေးသောက်ရေးအခက်အခဲဖြစ်နေသော မိသားစုထံ၌ ထမင်းတစ်နပ်ကို အသင့်တော်ဆုံးအချိန်၌ပေးမျှခြင်းသည် ဘုရားသခင့်ချစ်ခြင်းမေတ္တာ၏တရားတော်ကို အလွန်လက်တွေ့ကျသောနည်းလမ်းဖြင့် ပြသရာရောက်သည်။

လွန်ခဲ့သောအချိန်၌ ကျွန်ုပ်ဖြစ်ဖို့လိုအပ်သည်ဟု ခံစားခဲ့သော ဧဝံဂေလိဆရာတစ်ပါးဖြစ်မလာခဲ့ခြင်းအတွက် ကျွန်ုပ်၏စိတ်နှလုံး၌ သောကရောက်ခဲ့ရသည်။ ဤအရာနှင့်ပတ်သက်၍ သခင်ဘုရားထံ၌ကျွန်ုပ်တောင်းလျှောက်ခဲ့သည်။ ထိုနေ့၌ဘုရားသခင်က ကျွန်ုပ်အား "ဝိန်း . . ကမ္ဘာတစ်ဝှမ်း

ဇာဝံဂေလိပြုလုပ်ခြင်းအတွက် မင်းလုပ်နိုင်တဲ့အရာက ခရစ်ယာန်တွေကို သူတို့ဖြစ်သင့်ဖြစ်ထိုက်တဲ့အတိုင်းဖြစ်ဖို့ ကူညီပေးတာဖြစ်တယ်” ဟုပြောသောစကားကို ကျွန်ုပ်မမေ့ပါ။ ဤအရာကား ဘုရားသခင်ကျွန်ုပ်အား ပေးထားသော အခန်းကဏ္ဍဖြစ်သည်။ သံတမန်များအဖြစ်နှင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို နည်းမျိုးစုံဖြင့် ကိုယ်စားပြုနေကြသည်။ ကျွန်ုပ်တို့သည် ထိုသံတမန်အလုပ်ကို လူတို့ရှေ့၌ကိုယ်ကိုယ်ကို ချီးမွမ်းမြှောက်ပင့်ရန်အတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်နှင့် နာမတော်ဂုဏ်ကြီးခြင်းအတွက် မည်သို့မည်ပုံလုပ်ဆောင်ရမည့်အကြောင်း သခင်ဘုရားထံ၌ရှာကြံ၍ ထိုအလုပ်ကိုစိတ်နှလုံးအကြွင်းမဲ့ဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- သင်သည်ကိုယ့်ကိုယ်ကို ချီးမြှောက်၍လူတို့က သင့်ကိုအထင်ကြီးစေရန်လုပ်ဆောင်ခဲ့ဖူးပါသလား။ ဤနေရာ၌ရှင်ပေါလုက သင့်အတွက် မည်သည့် စိန်ခေါ်မှုကို ဆောင်ယူလာပေးပါသနည်း။
- သခင်ဘုရားအတွက် သင်အမှုတော်ဆောင်ခြင်း၏နောက်ကွယ်၌ ရှိသော သင့်ရဲ့စိတ်ရင်းစိတ်ထားကားအဘယ်နည်း။
- သခင်ခရစ်တော်၏ သံတမန်တစ်ပါးအဖြစ်နှင့် ဘုရားသခင်က သင့်ကိုမည်သည့်အခန်းကဏ္ဍ (သို့) အမှုတော်ကိုပေးအပ်ထားသနည်း။
- ဘုရားသခင်ကသင့်ကို ဂုဏ်ယူဝင့်ကြွားနေမည့်နည်းလမ်းဖြင့် သင့်ရဲ့အမှုတော်ကို သင့်လုပ်ဆောင်နေခဲ့ပါသလား။

- သူတစ်ပါးကို လောကီစံချိန်စံညွှန်းများဖြင့် တိုင်းတာစီရင်ခြင်းနှင့် စပ်လျဉ်း၍ ဤကျမ်းချက်က ကျွန်ုပ်တို့အားမည်သည့်အရာကို သွန်သင်ပေးနေပါသနည်း။
- သခင်ခရစ်တော်၏ နာမတော်၌အခြားသူများထံ သတင်းကောင်းဖြင့် ရောက်ရှိရန် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကသင့်ကို မည်သည့် အတိုင်းအတာအထိ စေ့ဆော်ပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်၏ သံတမန်တစ်ပါးအဖြစ်နှင့် သင့်ရဲ့အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်စေဖို့ တောင်းလျှောက်ပါ။
- သခင်ဘုရားက သင့်အားသူအရှက်ရစရာမရှိသော အစေခံတစ် ယောက်အဖြစ် ပြုလုပ်စွမ်းဆောင်ပေးမည့်အကြောင်း တောင်း လျှောက်ပါ။ သင့်အသက်တာ၌ သင်ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်သည့် အပိုင်းကဏ္ဍများကို ထုတ်ဖော်ပြသပေးဖို့ တောင်းလျှောက်ပါ။
- ဘုရားသခင်က သင့်ကိုမိမိ၏သံတမန်တစ်ပါးဖြစ်စေချင်သော အခွင့် ကောင်းအတွက်လည်းကောင်း၊ သင့်ရဲ့အပြစ်ဒုစရိုက်အားလုံးကို မိမိအပေါ်၌ ယူတင်သွားခြင်းအတွက်လည်းကောင်း ကျေးဇူးတင် ချီးမွမ်းပါ။
- သင်ဖြစ်သင့်သော သံတမန်တစ်ပါးဖြစ်နိုင်ဖို့ စွမ်းဆောင်ပေးရန် သင့်အထဲ၌ သွတ်သွင်းပေးထားသည့် သန့်ရှင်းသောဝိညာဉ်တော် အတွက်ကိုယ်တော်ကို ကျေးဇူးတင်ချီးမွမ်းပါ။

၁၁

## အမှုတော်ဆောင်သူချင်း

၂ကော ၆း၁-၁၀ ကိုဖတ်ရှုပါ။

အခန်းကြီး ၆ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်၏ အစေခံများဖြစ်ခြင်းနှင့် နိုင်ငံတော်၌အမှုတော်ဆောင်သူချင်း များဖြစ်ခြင်းအကြောင်းကို ပြောပြခဲ့သည်။ ဤအခန်းကြီးတွင် တမန်တော် ကြီးက ကောရိန္သုအသင်းသားများအား နိုင်ငံတော်၌အမှုတော်ဆောင်သူချင်း များဖြစ်သည့်အားလျော်စွာ ၎င်းတို့လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို အသိပေးထားသည်။ ထိုသို့အတူတကွလက်တွဲအမှုတော်ဆောင်ကြသည်နှင့် အမျှ စိန်ခေါ်မှုများနှင့် တာဝန်များလည်းရှိလာပါလိမ့်မည်။ ၎င်းတို့၏ လုပ် ဆောင်ချက်များနှင့် စိတ်သဘောထားများသည် သခင်ခရစ်တော်၌တည်သော ၎င်းတို့၏ညီအစ်ကိုမောင်နှမများ၏အမှုတော်ကို သက်ရောက်မှုဖြစ်စေပါ လိမ့်မည်။ ဘုရားသခင်၏နိုင်ငံတော်၌ အမှုတော်ဆောင်သူချင်းများအဖြစ် အတူတကွလက်တွဲလုပ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍မိမိရေးသားပြုစုထားသော ဤစာစောင်၏ ဤအပိုင်းတွင်ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအတွက် အကြံပြုချက်အချို့ကိုဖော်ပြထားသည်။

*ကျေးဇူးတော်ကိုအကျိုးမဲ့မခံကြနှင့်*

အခန်းငယ် ၁တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်၏ ကျေးဇူးတော်ကို အကျိုးမဲ့မခံယူသင့်ကြောင်း ပြောပြခြင်းနှင့် အစပြုထားသည်။ ရှင်ပေါလုပြောဆိုလိုသောအရာကို နားလည်သဘောပေါက်ဖို့ရန်အတွက် အခန်းငယ် ၂ကို ကျွန်ုပ်တို့ကြည့်ရှုဖို့လိုအပ်သည်။ ရှင်ပေါလုက ကောရိန္သုမြို့ရှိ ယုံကြည်သူများအားဘုရားသခင်က သူတို့ကိုမည်သို့ကြားသိခဲ့၍ မိမိ၏ကယ်တင်ခြင်းကိုယူဆောင်လာခြင်းဖြင့် သူတို့ထံသို့မည်သို့ရောက်လာခဲ့ကြောင်းကို ဤနေရာတွင်အသိပေးထားသည်။ သူတို့သည်ဘုရားသခင်ထံမှ အံ့ဖွယ်ကောင်းကြီးမင်္ဂလာတစ်ပါးကို လက်ခံရရှိခဲ့ကြသည်။ သူတို့သည်အပြစ်လွှတ်ခြင်းကိုခံရ၍ ဘုရားသခင်၏မိသားစုထဲ၌ မွေးစားခြင်းကိုခံခဲ့ကြရသည်။ သူတို့သည် သခင်ယေရှု၏ကျေးဇူးတော်ကို လက်ခံရရှိသူများဖြစ်ခဲ့ကြသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်ထံမှရောက်ရှိလာသောဤကျေးဇူးတော်နှင့် ကောင်းကြီးမင်္ဂလာကို လျစ်လျူရှုခြင်း (သို့) အလွဲသုံးစားပြုလုပ်ခြင်းများကိုမလုပ်ကြဖို့ စိန်ခေါ်ခဲ့သည်။

သခင်ဘုရားက သင့်အတွက်လုပ်ဆောင်သွားခဲ့သောအရာကို အချိန်ယူ၍စဉ်းစားကြည့်ပါ။ သူသည် သင့်အပြစ်များအား ခွင့်လွှတ်ခဲ့သည်ကို စဉ်းစားကြည့်ပါ။ သခင်ယေရှု၌ သင်ရှိထားသောမျှော်လင့်ချက်ကို စဉ်းစားသုံးသပ်ကြည့်ပါ။ ဤဘဝ၌လည်းကောင်း၊ နောက်ဘဝ၌လည်းကောင်းရှိနေသည့်သင့်ရဲ့ကောင်းကြီးမင်္ဂလာများကို စဉ်းစားသုံးသပ်ကြည့်ပါ။ ကြွယ်ဝစွာကောင်းကြီးပေးခံရထားသော ကျွန်ုပ်တို့သည် ဤကယ်တင်ရာနေ့ရက်၌ အခြားသူများကို သတင်းကောင်းတရားဖြင့် ရောက်ရှိကြဖို့ ဘုရားသခင်အပေါ်၌ တာဝန်ရှိနေကြသည်။

ရှင်ပေါလုက အံ့ဖွယ်ဤကယ်တင်ရာနေ့ရက်ကာလအကြောင်းကို ဟေရှာယ ၄၉း၈ ကို ကိုးကားရင်းယုံကြည်သူတို့အား အသိပေးထားသည်။

"နှစ်သက်ဖွယ်သောအချိန်၌ သင်၏စကားကိုငါနားထောင်ပြီ။
ကယ်တင်ရာကာလ၌ သင့်ကိုမစပြီ။"

ဘုရားသခင်သည် မိမိ၏မျက်နှာသာပေးမှုနှင့်အတူ ကျွန်ုပ်တို့ထံရောက်လာခဲ့သည်။ ကိုယ်တော်သည် ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့၏အော်ဟစ်ငိုကြွေးသံကိုကြားခံ၍ မိမိ၏လက်တော်ကိုဆန့်တန်းကယ်တင်ခဲ့သည်။ ဘုရားသခင်၏ဤမျက်နှာသာပေးမှုနှင့် ကယ်တင်တော်မူခြင်းအကြောင်းကို သိရခြင်းသည်အလွန်ထူးခြားသောအခွင့်ကောင်းတစ်ခုမဟုတ်ပါလား။ ဤသည်မှာ ကျွန်ုပ်တို့လျစ်လျူရှု၍မရသော ပေးကမ်းစွန့်ကြဲမှုတစ်ခုဖြစ်သည်။ ယခုအချိန်သည် သခင်ဘုရားထံမှလာသော ဤကယ်တင်ခြင်းနှင့်မျက်နှာသာပေးခြင်းကို လက်ခံရယူမည့်အချိန်ဖြစ်သည်။

ဘုရားသခင်ထံမှ ကောင်းကြီးများစွာကို ခံစားရသော်လည်း ထိုကောင်းကြီးများကို ဘုရားသခင်အား ဂုဏ်တင့်စေရန်အသုံးမပြုသောသူများစွာရှိနေကြသည်။ သူတို့သည်ဘုရားသခင်ထံမှ ဝိညာဉ်လက်ဆောင်များစွာကို လက်ခံရရှိထားကြသော်လည်း ထိုအရာများကိုပျောက်ဆုံးနေသောသူများ (သို့) ယုံကြည်သူချင်းတို့အား ကူညီဖေးမရန်အသုံးမပြုကြပါ။ သူတို့သည် အပြစ်လွန်ကျူးခြင်း၊ ကျွန်ဘဝမှကယ်တင်ခြင်းကို ခံထားကြရသော်လည်း ယခင်အကျင့်ဟောင်းများဆီသို့ ပြန်သွားနေကြသည်။ ဤကောင်းကြီးမင်္ဂလာများကို ကိုယ်တော့်အတွက်လည်းကောင်း၊ ကိုယ်တော်၏နိုင်ငံတော်အတွက်လည်းကောင်း အကျိုးရှိရှိအသုံးမချလျှင် မည်သည့်နေရာ၌အသုံးချရမည်နည်း။ ရှင်ပေါလုက ယုံကြည်သူတို့အား ဤကောင်းကြီးမင်္ဂလာများကို ဘုရားသခင်၏ ဘုန်းတော်အတွက် အသုံးချကြဖို့စိန်ခေါ်ခဲ့သည်။

လုကာ ၁၉း၁၁-၂၇ တွင် မိမိ၏အစေခံတစ်ဦးချင်းအား မိမိမရှိချိန်၌ အကျိုးရှိရှိအသုံးပြုကြဖို့ ငွေကြေးပမာဏအတိုင်းအတာတစ်ခုစီပေးအပ်ခဲ့သည့်အမတ်တစ်ယောက်အကြောင်းကို သခင်ယေရှုကပြောပြခဲ့သည်။ အစေခံများအနက်မှတစ်ဦးက မိမိ၏သခင်မရှိချိန်တွင် ပေးအပ်ထားသောငွေကြေးကို အသုံးမပြု (သို့) မပွားများစေဘဲမြေတွင် မြှုပ်ထားခဲ့သည်။ ယနေ့တွင်ထိုအတိုင်းပြုမူကြသောသူများစွာရှိသည်။ သူတို့သည်ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာကို ကြွယ်ဝစွာလက်ခံရရှိထားသော်လည်း ထိုအရာများကိုသခင့်၏ဘုန်းတော်အတွက် အသုံးမပြုကြပါ။ ကိုယ်တော်ပြန်လည်ကြွဆင်းလာသောအခါတွင် သင့်အားပေးအပ်ထားသော အရာများကိုကိုယ်တော်၏ဘုန်းတော်အတွက် အသုံးပြုနေကြောင်းကို ကိုယ်တော်တွေ့မြင်ပါမည်လား။ သင့်အားပေးအပ်ထားသော စွမ်းရည်လက်ဆောင်များနှင့် ပင်ကိုအစွမ်းအစများကို သစ္စာရှိရှိအသုံးပြုနေကြောင်း ကိုယ်တော်တွေ့မြင်ရပါမည်လား။ ထိုသို့မဟုတ် ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့ခံခဲ့ခြင်းအတွက် အပြစ်ရှိနေပါမည်လား။

*သူတစ်ပါးထိမိ၍လဲစရာများ*

ဤအခန်းကြီး၌ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအားပေးခဲ့သည့် ဒုတိယစိန်ခေါ်ချက်မှာ သတင်းကောင်းတရားအဖို့အလို့ငှါ အရာခပ်သိမ်း၌ စိတ်အနှောက်အယှက်ဖြစ်စရာများကို မပြုလုပ်မိကြဖို့ ဂရုစိုက်ကြရန်ဖြစ်သည်။ အခန်းငယ် ၃တွင် သာသနာလုပ်ငန်းသည် ထိမိ၍လဲစရာအဆီးအတားများကြောင့် ဂုဏ်သိက္ခာညှိုးနွမ်းနိုင်ကြောင်း ရှင်ပေါလုကကောရိန္သုအသင်းသားများအား အသိပေးခဲ့သည်။ နှစ်ပေါင်းများစွာအချိန်ယူ၍ပြုလုပ်

ခဲ့သော တပည့်တော်ပြုလုပ်မွေးထုတ်ခြင်း အမှုတော်သည်အခြားသူများအား အပြစ်ကျူးလွန်ကြဖို့ ဖန်တီးသောသူတစ်ဦးကြောင့် ပျက်ဆီးသွားနိုင်ပါသည်။ လူတို့သည်ကျွန်ုပ်တို့၏အသက်တာကို ကြည့်ရှုနေကြပါသည်။ ကိုယ်တော်ရှင်၏ သစ္စာရှိသောအစေခံများသည် မိမိတို့ပြုလုပ်နေသော သာသနာလုပ်ငန်း၏ ဂုဏ်သိက္ခာကို မညှိုးနွမ်းစေဖို့ ဂရုတစိုက်ရှင်သန်ကြရမည်ဖြစ်သည်။ အခြားယုံကြည်သူတစ်ဦး၏ ဆိုးဝါးညံ့ဖျင်းသောအသက်တာ ပုံဥပမာကြောင့် မြောက်မြားစွာသောလူတို့သည် ယုံကြည်ခြင်းကို စွန့်ခွါသွားခဲ့ကြသည်။ အမှုတော်ဆောင်သူချင်းအဖြစ်နှင့် ကျွန်ုပ်တို့သည် နိုင်ငံတော်အဖို့အလို့ငှါအတူတကွ လက်တွဲလုပ်ဆောင်နေကြသည်။ ကျွန်ုပ်၏ဆိုးဝါးညံ့ဖျင်းသော ပုံဥပမာအားဖြင့် အခြားသူများကို စိတ်ပျက်သွားစေလျှင် ကျွန်ုပ်နောင်တရဖို့လိုအပ်ပြီး၊ အသက်တာရှင်သန်ပုံကို ပြောင်းလဲဖို့လိုပါလိမ့်မည်။ ရောင်းရင်းယုံကြည်သူများ၌လည်းကောင်း၊ ထိုယုံကြည်သူများအားဖြင့်လည်းကောင်း ဘုရားသခင်လုပ်ဆောင်နေသောအရာကို ကျွန်ုပ်တို့မတားဆီး၊ မနှောက်ယှက်သောအသက်တာဖြင့်ရှင်သန်ကြဖို့ ရှင်ပေါလုက ကျွန်ုပ်တို့ကိုစိန်ခေါ်ထားသည်။ ဤအရာကိုပြုလုပ်ရာတွင် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများအား ထောက်ရှု၍ကျွန်ုပ်တို့ပေးဆပ်ရှင်သန်ဖို့ လိုအပ်ပါသည်။ သို့သော် ကျွန်ုပ်တို့သည်အဖွဲ့တစ်ဖွဲ့အဖြစ်နှင့်လှုပ်ရှားလုပ်ဆောင်နေကြကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင်တစ်ဦး ဒုက္ခဆင်းရဲကြုံတွေ့ရလျှင် အဖွဲ့ဝင်အားလုံးဆင်းရဲဒုက္ခရောက်ရကြောင်းကိုလည်းကောင်း သတိရနေဖို့လိုအပ်သည်။

*အရာရာ၌သင့်ကိုသင်မှန်ကန်ကြောင်းပြသလော့*

ရှင်ပေါလုနှင့်တမန်တော်ကြီးများသည် သူတစ်ပါးကိုထိခိုက်ကျူးလွန်စေမည့်အစား၊ အရာရာ၌ကိုယ့်ကိုယ်ကို ချီးကျူးခြင်းခံရန် ပုံဥပမာကောင်းဖြင့်

ရှင်သန်ခဲ့ကြသည်။ ဤအရာသည်ကနဦး၌ ရှင်ပေါလုပြောခဲ့သည့်အရာနှင့် ဆန့်ကျင့်နေသယောင်ထင်မှတ်ရသည်။

> "ငါတို့သည် သင်တို့ရှေ့၌ တစ်ဖန်ကိုယ့်ကိုကိုယ်ချီးမွမ်းကြသည် မဟုတ်။ စိတ်သဘောကိုမထောက်၊ အသွေးအဆင်းကိုထောက်၍ ဝါကြွားသောသူတို့၏စကားကို သင်တို့သည်ချေပနိုင်မည့်အကြောင်း၊ ငါတို့ကြောင့်ဂုဏ်ယူနိုင်သောအခွင့်အရေးကိုသာပေးကြ၏" (၅း၁၂)။

အခန်းကြီး ၅တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည်ကိုယ့်ကိုယ်ကို ချီးမွမ်းဖို့ မကြိုးစားကြောင်းပြောခဲ့သော်လည်း အခန်းကြီး ၆တွင် မိမိသည် အရာရာ၌ကိုယ့်ကိုယ်ကို ချီးမွမ်းနေကြောင်းသူတို့ကို ပြောပြခဲ့သည်။ ဤပြောဆိုချက်နှစ်ချက်၏ ကွဲပြားခြားနားချက်ကို ဤနေရာ၌ သိရှိထားဖို့လိုအပ်သည်။ တစ်ကိုယ်ကောင်းဆန်သော စိတ်ထားများဖြင့် ကိုယ့်ကိုယ်ကို ချီးမွမ်းသောသူများရှိကြသည်။ ထိုသူတို့၏စိတ်ဆန္ဒမှာ လူတို့က သတိထားမိ၍ ၎င်းတို့ကို အထင်ကြီးလာမည့် နည်းလမ်းဖြင့် အမှုတော်ဆောင်ရန်ဖြစ်သည်။ ထိုသူတို့သည် တစ်ကိုယ်ကောင်းဆန်သော ရည်မှန်းချက်များအတွက် သာသနာတော်ကို အသုံးချသောမာနထောင်လွှားသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

အခန်းငယ် ၁၀ (အင်္ဂလိပ်ကျမ်းစာအခန်းငယ် ၄)၌ ရှင်ပေါလုပြောပြနေသောအရာသည် ဤကဲ့သို့သော ချီးမွမ်းခြင်းမျိုးမဟုတ်ပါ။ ဤအခန်းငယ်သည် သူတစ်ပါးရှေ့၌ ထိမိ၍လဲစရာဖြစ်ခြင်း ကျမ်းဘောင်အသွားအလာထံ၌ တွေ့ရသောကျမ်းပိုဒ်ဖြစ်သည်။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသော ချီးမွမ်းခြင်းသည် လူတို့ကကျွန်ုပ်တို့အသက်တာ၌ ပုံဥပမာကောင်းများကို တွေ့မြင်၍ သခင်ဘုရားကိုရှာမျှော်ကြမည့်နည်းလမ်းဖြင့် ကျွန်ုပ်တို့အသက်တာကိုရှင်သန်ခြင်းနှင့် သက်ဆိုင်သည်။ ကျွန်ုပ်တို့၏စိတ်ဆန္ဒသည် လူတို့ကကျွန်ုပ်တို့ကို သတိ

ထားမိကြဖို့မဟုတ်ရပါ။ ထိုအစားဘုရားသခင်၏ဘုန်းတော်အတွက် ကျွန်ုပ်တို့အထဲ၌ သခင်ယေရှုနှင့်သခင်ယေရှု၏ဝိညာဉ်တော်ကို သူတို့သတိထားမိရပါလိမ့်မည်။

ကျွန်ုပ်တို့အားလုံးသည် ချီးကျူးထိုက်သောအသက်တာဖြင့် ရှင်သန်ကြရမည်ဖြစ်သည်။ လူတို့ကကျွန်ုပ်တို့ကို ယုံကြည်သူများအဖြစ်နှင့် စောင့်ကြည့်နေကြပါသည်။ ကျွန်ုပ်တို့ကြောင့် မည်သူ့ကိုမျှဘုရားသခင်အား ကျောခိုင်းမသွားစေချင်ပါ။ ရှင်ပေါလုက မိမိဆိုလိုထားသောအရာကို လာမည့်အခန်းငယ်အနည်းငယ်တွင် သာဓကဖြင့်ရှင်းပြထားသည်။ ရှင်ပေါလုက မိမိတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့မခံကြကြောင်း သက်သေပြရန် မိမိ၏ကိုယ်တွေ့ အတွေ့အကြုံနှင့် မိမိလုပ်ဖော်များ၏အတွေ့အကြုံကို အသုံးပြုခဲ့သည်။ ဆင်းရဲဒုက္ခခံခြင်းနှင့် ပင်ပန်းခံခြင်းအားလုံးတွင်အဆုံးတိုင်ကြိုးစားအားထုတ်ခြင်းအတွက် ပုံဥပမာများဖြစ်ကြဖို့ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများကို တိုက်တွန်းခဲ့သည် (ငယ် ၄)။ တမန်တော်ကြီးများသည် ရိုက်နှက်ထိုးကြိတ်ခြင်း၊ ထောင်ချခံရခြင်း၊ ၎င်းတို့၏တရားဒေသနာကို ဆန့်ကျင်ကြသောသူတို့က အထိကရုဏ်းများကိုဖြစ်စေခြင်း၊ စသည်တို့ကို ရင်ဆိုင်ခဲ့ကြရသည်။ အရာအားလုံးအစဉ်ပြေချောမွေ့နေချိန်၌ အခြားသူများ၏ရှေ့တွင် သက်သေကောင်းတစ်ပါးဖြစ်ရခြင်းသည် တစ်မျိုးဖြစ်၍၊ ခက်ခဲသောအချိန်ကာလများ၌ သက်သေဖြစ်ရခြင်းသည် အလွန်ခြားနားသော အရာဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား အချိန်တိုင်း၌ပုံဥပမာကောင်းများဖြစ်ကြဖို့ စိန်ခေါ်ခဲ့သည်။ ယုံကြည်သူများဆင်းရဲဒုက္ခကြုံတွေ့ရသော်လည်း သခင်ဘုရားကိုဆက်၍ချီးမွမ်းပြီး၊ သခင်ဘုရားအတွက် ဆက်လက်ရှင်သန်နေကြသည်ကို လောကီသားများကတွေ့မြင်ခြင်းသည် အစွမ်းထက်သောသက်သေတစ်ပါးဖြစ်သည်။ လောကီသားများက ဤအချင်း

အရာကို မြင်တွေ့ကြဖို့လိုအပ်သည်။ ပြင်းထန်သောဝိုက်ကြွေးမြည်တမ်းမှုများကို ကျော်ဖြတ်ရန် ကျွန်ုပ်တို့၏ယုံကြည်ချက်က ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးနိုင်ကြောင်းကို သူတို့မြင်တွေ့ဖို့လိုအပ်သည်။

ကျွန်ုပ်သည်စိတ်ဓါတ်ကျဆင်းခြင်းကို နှစ်အတန်ကြာခံစားခဲ့ရသည်။ ဤအရာမှ လွတ်မြောက်ဖို့ ကျွန်ုပ်ဆုတောင်းခဲ့သော်လည်း ဤအရာ၏ပုံပန်းလက္ခဏာကို ကျွန်ုပ်အသက်တာ၌ဆက်လက်၍ သတိပြုမိခဲ့သည်။ ဤအချိန်အခါသည် ဘုရားသခင်၏တန်ခိုးတော်အား လက်တွေ့သက်သေပြဖို့ အခွင့်ကောင်းတစ်ခုဖြစ်နေကြောင်းကို လွန်ခဲ့သောနှစ်အနည်းငယ်၌ နားလည်သဘောပေါက်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်၏စိတ်ခံစားချက်များ ထုံထိုင်းလေးတွဲ၍မည်သည့်အရာကိုမျှ မခံစားနိုင်သည့်အချိန်များဆီသို့ ကျွန်ုပ်ကို ခေါ်ဆောင်သွားခဲ့သည်။ ကျွန်ုပ်မည်သို့တုန့်ပြန်ရမှန်းမသိအောင် ခံစားရသောအချိန်များကို ရင်ဆိုင်ကျော်ဖြတ်နိုင်ဖို့ ဘုရားသခင်သည်ကျွန်ုပ်ကို ခွန်အားသစ်များသွန်းလောင်းပေးခဲ့သည်။ ကျွန်ုပ်ဟောဖို့ ပြောဖို့မရှိသလိုခံစားရသည့်အချိန်များတွင် ဘုရားသခင်သည် ကျွန်ုပ်အားမိမိ၏လူတို့ရှေ့၌ရပ်၍မိမိ၏နှုတ်ကပတ်တော်သမ္မာတရားကို ဟောပြောနိုင်ဖို့စွမ်းအားများကိုပေးခဲ့သည်။ ဤပြင်းထန်သော စိတ်ကျရောဂါကို ကာလအတန်ကြာရင်ဆိုင်ရာတွင် ဘုရားသခင်သည် ကျွန်ုပ်အားမိမိ၏ကျေးဇူးတော်နှင့်အောင်နိုင်ခြင်းကိုပေးခဲ့သည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကို အခက်အခဲဒုက္ခများနှင့်ကင်းဝေးသော အသက်တာကိုကတိမပေးခဲ့ပါ။ အခက်အခဲဒုက္ခများကိုသာ ကတိပေးခဲ့ပါသည် (ယောဟန် ၁၆း၃၃ကိုကြည့်ပါ)။ ဘုရားသခင်က မိမိ၏ကျေးဇူးတော်သည် လုံလောက်လျှက်ရှိသည့်အကြောင်းကို လောကီသားများထံ၌ သက်သေပြဖို့ ကျွန်ုပ်တို့ကို အသုံးပြုရန်ကျွန်ုပ်တို့အထဲမှအချို့ကို စစ်ကြောစုံစမ်းခြင်းများအားရင်ဆိုင်စေပါလိမ့်မည်။

သင်သည်ခက်ခဲသောကာလတစ်ခုကို ရင်ဆိုင်ဖြတ်သန်းနေရလျှင် သင်သည် ထိုအရာကိုအလွန်ထူးခြားသော နည်းလမ်းဖြင့်သခင်ခရစ်တော်၏ သက်သေတစ်ပါးဖြစ်ဖို့ အခွင့်ထူးတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည်။ သင် ရင်ဆိုင်နေရသော အခက်အခဲအခြေအနေက သင့်ကိုဘုရားသခင်အား ဂုဏ်ညှိုးနွမ်းစေသည့်အဖြစ်မျိုးကိုလည်းကောင်း၊ အခြားညီအစ်ကိုများရှေ့၌ ထိမိ၍ ပြိုလဲစရာအဖြစ်မျိုးကိုလည်းကောင်း ဖြစ်စေမည့်အခွင့်ကိုမပေးပါနှင့်။ ကိုယ်တော်ရှင်၏အံ့ဖွယ်ချစ်ခြင်းမေတ္တာနှင့် တန်ခိုးတော်ကိုလူတို့အားညွှန်ပြပေးနိုင်ဖို့သင်ရင်ဆိုင်ရသော အခြေအနေကိုအခွင့်အရေးတစ်ခုအဖြစ် ရှုမြင်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကိုထားရှိသောအခြေအနေတိုင်း၌ ဘုရားသခင်၏ စစ်မှန်သောအစေခံများဖြစ်နေခြင်းအတွက် ချီးမွမ်းခံရဖို့ရှင်သန်နေထိုင်ရန်မှာကျွန်ုပ်တို့၏ စိတ်ဆန္ဒဖြစ်ရမည်။

နိုင်ငံတော်အဖို့အလို့ငှါ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုများ၌ အိပ်ပျက်ညများစွာကို ရင်ဆိုင်ဖြတ်သန်းရသည့်အချိန်များရှိလာပါလိမ့်မည်။ ဤအမှုတော်မြတ်တွင် ကျွန်ုပ်တို့သည် ရှင်ပေါလုကဲ့သို့ဆာလောင်မွတ်သိပ်ခြင်းကို ရင်ဆိုင်ကောင်းရင်ဆိုင်ရပါလိမ့်မည် (ငယ် ၅)။ ယုံကြည်ခြင်းဖြင့် ရှင်သန်လျှောက်လှမ်းဖို့ လခကောင်းသော အလုပ်များကိုပင်စွန့်လွှတ်ကောင်း စွန့်လွှတ်ရပါလိမ့်မည်။ သတင်းကောင်းဟောပြောခြင်းအမှုတော်သည် လွယ်ကူလိမ့်မည်မဟုတ်ပါ။ သခင်ဘုရားကို နာခံခြင်းကြောင့်လည်းကောင်း၊ ကျဉ်းမြောင်းသော ဖြောင့်မတ်ခြင်းလမ်းပေါ်၌ လျှောက်လှမ်းခြင်းကြောင့်လည်းကောင်း ရောက်လာသည့် အခက်အခဲများကို အမှုတော်ဆောင်နေသောသူများက နားလည်ထားကြပါသည်။ အမှုတော်ကြောင့်ဖြစ်ပေါ်လာသော ဖိအားများနှင့် စိတ်ဖိစီးမှုများကို အမှုတော်ဆောင်နေသောသူများက

နားလည်ထားကြပါသည်။ အမှုတော်ကြောင့်ဖြစ်ပေါ်လာသော ဖိအားများနှင့် စိတ်ဖိစီးမှုများမှာ အလွန်ပြင်းထန်နိုင်ပါသည်။ ဤအခြေအနေတွင်လည်း ရှင်ပေါလုက မိမိ၏အသက်တာပုံဥပမာကို လိုက်လျှောက်ကြဖို့ ကောရိန္သုအသင်းသားများအား စိန်ခေါ်ခဲ့သည်။ သခင်ခရစ်တော်၏ တန်ခိုးတော်၌ ထိုဝန်ထုပ်များကို ထမ်းရွက်ကြဖို့ ရှင်ပေါလုကသူတို့ကိုစိန်ခေါ်ခဲ့သည်။

အမှုတော်မြတ်က ကျွန်ုပ်အသက်တာမှ ဝမ်းမြောက်ခြင်းကို နှုတ်ယူသွားသည့်အချိန်များရှိခဲ့ကြောင်းကို ကျွန်ုပ်ဝန်ခံရပါလိမ့်မည်။ အမှုတော်မြတ်၏ဝန်ထုပ်ဝန်ပိုးနှင့် ဖိစီးမှုအောက်၌ဝိညာဉ်တော်၏အသီးကို သက်သေပြသလိုခဲ့သော်လည်း မပြသနိုင်ခဲ့သည့်အချိန်များရှိခဲ့ကြောင်းကို ကျွန်ုပ်ဝန်ခံပါသည်။ သတင်းကောင်းအတွက် သက်သေဖြစ်ခြင်းသည် တရားဟောပြောခြင်း၊ သွန်သင်ပေးခြင်းသက်သက်မဟုတ်ပါ။ သက်သေတစ်ပါးဖြစ်ခြင်းဆိုသည်မှာ အမှုတော်မြတ်၏ဖိစီးမှုအောက်၌မည်သို့ ရှင်သန်သည်ဟူသောအရာနှင့်လည်း သက်ဆိုင်သည်။ ကျွန်ုပ်တို့သည်ကောင်းမွန်ကျနစွာဟောပြောကောင်းဟောပြောကြမည်ဖြစ်သော်လည်း လူတို့ပေးသောဖိစီးမှုနှင့် အမှုတော်ကပေးသောဝန်ထုတ်ဝန်ပိုးများကို ကိုင်တွယ်ဖြေရှင်းသောနည်းလမ်းကြောင့် လူတို့အတွက် ထိမိ၍ပြုလဲစရာဖြစ်ကောင်းဖြစ်နိုင်ကြသည်။ ချိုးမွမ်းထိုက်သောအသက်တာဖြင့် ရှင်သန်ဖို့ဆိုလျှင် ကျွန်ုပ်တို့ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းများကို ကောင်းကောင်းမွန်မွန်ရင်ဆိုင် ဖြေရှင်းဖို့လိုပါလိမ့်မည်။

အခန်းငယ် ၆တွင် ရှင်ပေါလုက နိုင်ငံတော်အတွက်ရင်ဆိုင်ကြုံတွေ့ခံရသောစစ်ကြောစုံစမ်းခြင်းများအားဖြင့် ဘုရားသခင်ကသူ့အသက်တာ၌ ဖော်ဆောင်ပေးခဲ့သည့် ကောင်းမြတ်သောအမူအကျင့်အချို့ကို စတင်အမည်တပ်ပြောပြခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့

အချင်းချင်းဆက်ဆံရင်းနှီးမှု၌လည်းကောင်း၊ ဘုရားသခင်ကငင်းတို့က ဆင့်ခေါ်၍ဖြစ်စေလိုသော ပုံဥပမာများဖြစ်လာနိုင်ကြရန်အတွက် လည်း ကောင်း ဤကောင်းမြတ်သောအမှုအကျင့်မျိုးကို တိုးပွားစေကြရန် ဘုရား သခင်၏ရှေ့တော်၌ တာဝန်ရှိကြကြောင်း အသိပေးခဲ့သည်။ ဤကျေးဇူးတော် လက္ခဏာများကို ကျွန်ုပ်တို့တစ်ခုးစီ သီးသန့်လေ့လာသွားကြမည်ဖြစ်သည်။

*စိတ်နှလုံးစင်ကြယ်ခြင်း*

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ငင်းတို့သည်သခင် ခရစ်တော်၏အစေခံများဖြစ်သည့် အားလျော်စွာသန့်ရှင်းစင်ကြယ်သော အသက်တာဖြင့် ရှင်သန်ကြရမည့်အကြောင်း အသိပေးခဲ့သည်။ စိတ်နှလုံး စင်ကြယ်ခြင်းဆိုသည်မှာ အခြားသူများအပေါ်၌ထားရှိသော ငင်းတို့၏စိတ် ရင်းစိတ်ထားနှင့် သက်ဆိုင်သည်။ သူတို့၏စိတ်ရင်းစိတ်ထားများသည် ရိုးသား ဖြောင့်မတ်ရမည်ဖြစ်သည်။ ငင်းတို့၏ဆက်ဆံရင်းနှီးမှုများတွင် သူတော် ကောင်းဟန်ဆောင်ခြင်းများကို ဖယ်ထုတ်ရှင်းလင်း၍အချင်းချင်း ရိုးသား ယဉ်ကျေးသောအမှုအကျင့်ဖြင့်လည်းကောင်း၊ ဂုဏ်သိက္ခာရှိစွာဖြင့်လည်း ကောင်း ဆက်ဆံကြရမည်ဖြစ်သည်။

*အချင်းချင်းသိတတ်နားလည်ခြင်း*

ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား ငင်းတို့သည်အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ထောက်ထားနားလည်ကြရမည့်အကြောင်း ပြောခဲ့သည်။ ဆိုလိုသည်မှာ ငင်းတို့သည်မိမိတို့၏နည်းလမ်းနှင့် လိုအင်ကိုသာ ရှေ့တန်းမတင်ဘဲ၊ အချင်းချင်းနားထောင်ပေးကြဖို့ လိုအပ်သည်။ ငင်းတို့

သည် မိမိတို့၏အနီးပတ်ဝန်းကျင်မှ လူတို့၏လိုအပ်ချက်များကို ကိုယ်ချင်းစာပေး၍၎င်းတို့ကို ခွန်အားပေးနိုင်ရန် ရှာကြံကြရမည်ဖြစ်သည်။ သူတို့သည် ခရစ်ယာန်ယုံကြည်ချက်ကို နားလည်သဘောပေါက်၍ ဘုရားသခင်၏အလိုတော်ကိုသိရှိခံစားနားလည်ဖို့လည်းလိုအပ်သည်။

*စိတ်ရှည်ခြင်းနှင့်ကျေးဇူးပြုခြင်း*

ထို့နောက်ရှင်ပေါလုသည် ကောရိန္သုယုံကြည်သူတို့အား အချင်းချင်းစိတ်ရှည်သည်းခံကြရမည့်အကြောင်း ပြောပြခဲ့သည်။ ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး၏မတူညီမှုများကို သည်းခံ၍အဆင်မပြေဖြစ်သည့်အချိန်၌ပင် တစ်ဦးကိုတစ်ဦးကူညီပံ့ပိုးပေးကြရမည်ဖြစ်သည်။ ကျေးဇူးပြုခြင်းဆိုသည်မှာ သနားခြင်းဂရုဏာ၊ နူးညံ့သိမ်မွေ့ခြင်းလုပ်ရပ်များနှင့်အတူ လက်ကမ်းကူညီပေးခြင်းနှင့်သက်ဆိုင်သည်။ ကျေးဇူးပြုခြင်းဆိုသည်မှာ လူတို့ကိုတည်ဆောက်ပေး၍ခွန်အားပေးတိုက်တွန်းသော လက်တွေ့လုပ်ဆောင်ပြောဆိုမှုများဖြင့် သက်သေပြရသောအရာဖြစ်သည်။

*သမ္မာတရားကိုဟောခြင်း*

ဆက်ဆံရင်းနှီးမှုများ၌ စိတ်နှလုံးစင်ကြယ်ခြင်း၏ အစိတ်အပိုင်းတစ်ခုမှာစကားပြောရာ၌ ရိုးသားဖြောင့်မတ်ခြင်းဖြစ်သည်။ မျက်နှာချိုသွေး၍မြှောက်ပင့်ပြောဆိုခြင်းနှင့် ရိုးသားမှုမရှိသောချီးကျူးစကားများသည် ကိုယ်ခန္ဓာတော်ကိုမတည်ဆောက်ပေးပါ။ ရေရှည်တည်တံ့သောဆက်ဆံရင်းနှီးမှုများသည် သမ္မာတရား(အမှန်တရား)ပေါ်တွင် အခြေခံသည်။ အခြားသူများ၏ပြောဆိုချက်များကို ကျွန်ုပ်တို့ယုံကြည်၍ရသည်ဟု သိရှိသောအချိန်တွင်

ဆက်ဆံရင်းနှီးမှုများမှာ ကြီးထွားလာကြသည်။ ရိုးသားမှုမရှိခြင်းသည် လိပ်ပြာမလုံခြင်း(လုံခြုံမှုမရှိခြင်း)ကိုသာ ဖန်တီးပေးသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား သမ္မာတရားကိုပြောဆိုခြင်းဖြင့် တစ်ဦးနှင့်တစ်ဦးအမှုပြုကြဖို့ ပြောဆိုခဲ့သည်။

*ဖြောင့်မတ်ခြင်းအကျင့်လက်နက်များ*

အခန်းငယ် ၇ တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား လက်နှစ်ဖက်လုံးတွင် ဖြောင့်မတ်ခြင်းအကျင့်လက်နက်များကို ဆွဲကိုင်၍ဘုရားသခင်၏တန်ခိုးတော်၌ အမှုတော်ဆောင်သောသူများဖြစ်ကြဖို့ လိုအပ်ကြောင်း ပြောပြခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏ ခွန်အား၌လည်းကောင်း၊ နာခံခြင်းအသက်တာ၏ တန်ခိုးအစွမ်း၌လည်းကောင်း ဝိညာဉ်ရေးလက်နက်များနှင့် ရန်သူကိုတိုက်ခိုက်ဖို့လိုအပ်သည် (ဧဖက် ၆း၁၀-၁၈)။ သူတို့သည် မိမိတို့၏ခွန်အားဗလ၌ အမှုတော်ဆောင်ဖို့မဟုတ်ပါ။ ဘုရားသခင်၏နည်းလမ်းများသည် ကျွန်ုပ်တို့၏နည်းလမ်းများနှင့်မတူပါ။ ကောရိန္သုယုံကြည်သူများသည် မိမိတို့၏လူ့ဉာဏ်ပညာကိုအသုံးပြုလျှင် ဘုရားသခင်၏အလုပ်ကိုဟန့်တားနှောက်ယှက်ရာသာကျ၍ အခြားသူများ၏ရှေ့တွင် ထိမိ၍ပြိုလဲစရာများသာဖြစ်ကြပါလိမ့်မည်။ ကောရိန္သုယုံကြည်သူများသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ စိတ်ဝမ်းကွဲခြင်းကို မဖြစ်စေကြမည့်အကြောင်း ဘုရားသခင်၏တန်ခိုးတော်၌လည်းကောင်း၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်း၌လည်းကောင်း အမှုတော်ကို ဆောင်ကြဖို့ရှင်ပေါလုကစိန်ခေါ်ခဲ့သည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီသည် မိမိတို့၏အမြင်၌အမှန်ဟုယူဆသောအရာကို ပြုလုပ်ကြလျှင် ခရစ်တော်၏ကိုယ်ခန္ဓာတော်မှာ တစ်စစီကွဲသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အစီအစဉ်များကို ဘေးချထား၍သခင်ဘုရားကို ရှာကြံကြသော

အခါ ရလာဒ်မှာဘုရားသခင်၏ နိုင်ငံတော်၌ စည်းလုံးညီညွတ်မှုရှိခြင်းပင် ဖြစ်သည်။

သခင်ဘုရားနှင့်ကျွန်ုပ်တို့အတူတကွ လျှောက်လှမ်းရှင်သန်ခြင်းကို လူတို့က အမြဲနားလည်ပေးကြမည်မဟုတ်သကဲ့သို့ ချီးကျူးဂုဏ်ပြုကြမည်လည်း မဟုတ်ပါ။ ဂုဏ်ရောင်ထွန်းပြောင်သည့် အချိန်ရှိမည်ဖြစ်သကဲ့သို့ ဂုဏ်သရေညှိုး၊ အရှက်ခွဲခံရသောအချိန်လည်းရှိပါလိမ့်မည်။ ကောင်းသောအရာရှိသကဲ့သို့ဆိုးဝါးသောအရာလည်း ရှိပါလိမ့်မည်။ ကျွန်ုပ်တို့၏ရည်ရွယ်ရင်းများမှာ ရိုးသားဖြောင့်မှန်သော်လည်း လူတို့ကကျွန်ုပ်တို့ကိုအယောင်ဆောင်များ သဖွယ် ဆက်လက်၍ရှုမြင်ကောင်းရှုမြင်ကြပါလိမ့်မည် (ငယ် ၈)။ သူတို့သည်ကျွန်ုပ်တို့ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏တရားဒေသနာကိုလည်းကောင်း ကျောခိုင်းကောင်းကျောခိုင်းကြပါလိမ့်မည် (ငယ် ၉)။

ကျွန်ုပ်တို့၏အသက်တာကို သေခြင်းတရားနှင့်လက်လက္ခဏာဖော်ထားရပါလိမ့်မည်။ ကျွန်ုပ်တို့သည် မိမိ၏အတ္တစိတ်၌လည်းကောင်း၊ လောကီအရာများ၌လည်းကောင်း သေဆုံးကြရမည်။ ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုများ၌လည်းကောင်း၊ ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်များ၌လည်းကောင်း၊ ကျွန်ုပ်တို့ကြိုက်နှစ်သက်သောအရာများ၌လည်းကောင်း သေဆုံးဖို့လိုအပ်သည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် ဤအရာအားဖြင့် အသက်ရှင်ခြင်းကိုရရှိကြမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုးကြိတ်ရိုက်နှက်ခြင်းကိုခံရသော်လည်း ဘုရားသခင်၏လက်တော်သည် ကျွန်ုပ်တို့အပေါ်၌ ရှိနေသောကြောင့် ကျွန်ုပ်တို့မှာ လုံခြုံစိတ်ချစွာစောင့်ရှောက်ခံရ၍ ကောင်းကြီးပေးခြင်းကိုခံရပါလိမ့်မည်။

ကျွန်ုပ်တို့၌ နက်နဲပြင်းထန်သော ဝမ်းနည်းပူဆွေးခြင်းအချိန်များရှိမည်ဖြစ်သော်လည်း ကျွန်ုပ်တို့စိတ်နှလုံး၏ နက်ရှိုင်းသောအတွင်းတစ်နေရာ

တွင်သခင်ဘုရား၏ ဝမ်းမြောက်ခြင်းပြည့်လျှံနေပါလိမ့်မည် (၄ယ်၁၀)။ ဤဘဝတွင် ကျွန်ုပ်တို့မည်သည့်အရာကိုမျှ မပိုင်ဆိုင်သော်လည်း ကျွန်ုပ်တို့သခင်ယေရှု၏ နာမတော်၌ပေးမျှသော ကယ်တင်ခြင်းတရားတော်အားဖြင့် လူအမြောက်အမြားကို ချမ်းသာစေကြပါလိမ့်မည်။ ဤလောက၏ပစ္စည်းဥစ္စာအနည်းငယ်ကိုသာ ကျွန်ုပ်တို့ပိုင်ဆိုင်ကြသော်လည်း ထာဝရကာလတိုင်တန်ဖိုးထိုက်သောအလုံးစုံတို့ကို ပိုင်ဆိုင်ထားကြသည်။

ရှင်ပေါလုသည် ဤနေရာတွင်မည်သည့်အရာကိုမျှ ထိန်ချန်မထားပါ။ မိမိ၏ကိုယ်ပိုင်အတွေ့အကြုံများကို ပုံဥပမာတစ်ခုအဖြစ် အသုံးပြု၍ခရစ်ယာန်အသက်တာသည် လွယ်ကူသောအသက်တာမဟုတ်ကြောင်း ကောရိန္သုယုံကြည်သူများကို ရှင်းရှင်းလင်းလင်းပြသခဲ့သည်။ ဆင်းရဲခြင်းဒုက္ခများ၊ စစ်ကြောစုံစမ်းခြင်းများနှင့် အထင်လွဲခံရခြင်းများရှိလာမည့်အကြောင်းကို သူတို့အားပြောပြခဲ့သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကို အကျိုးမဲ့ခံခြင်းအား ၄င်းတို့၏ရည်မှန်းချက်ပန်းတိုင်အဖြစ် မပြုလုပ်ကြမည့်အကြောင်း ရှင်ပေါလုက သူတို့ကိုအမှုတော်ဆောင်ချင်းတို့ဟု ခေါ်ခဲ့သည်။ ထိုအစားရှင်ပေါလုနှင့် အခြားတမန်တော်ကြီးများက လုပ်ဆောင်နေခဲ့ကြသည့်အတိုင်း ကောရိန္သုယုံကြည်သူများသည် မိမိတို့၌ပေးအပ်ထားသောအရာများကို ဘုရားသခင်၏နိုင်ငံတော်အဖို့အလို့ငှါ အသုံးပြုရမည်ဖြစ်သည်။ ကောရိန္သုယုံကြည်သူများသည် အခြားသူများရှေ့၌ ထိမိ၍လဲစရာမဖြစ်မည့်အကြောင်းကို မိမိတို့၏စူးစိုက်မှုအဖြစ်ပြုလုပ်ထားရပေမည်။ လုပ်ဆောင်မှုတိုင်းနှင့် ပြောဆိုမှုတိုင်းသည် သခင်ယေရှုကို ညွှန်ပြနေသောနည်းလမ်းဖြင့် မိမိတို့၏အသက်တာကို ရှင်သန်နေထိုင်ကြရပေမည်။

ရန်သူသည် အသင်းတော်အတွင်း၌ စိတ်ဝမ်းကွဲခြင်းကို အလွန်နှစ်သက်လှပါသည်။ သူသည်ကျွန်ုပ်တို့အချင်းချင်း တစ်ဦးနှင့်တစ်ဦးဆန့်ကျင်

ယှဉ်ပြိုင်နေခြင်းကိုလည်းကောင်း၊ တစ်ဦး၏ကြိုးစားအားထုတ်မှုကို အခြားတစ်ဦးက ဖျက်ဆီးနေသည့်အဖြစ်ကိုလည်းကောင်း အလွန်နှစ်သက်လှပါသည်။ သို့သော်၊ ရှင်ပေါလုက ကျွန်ုပ်တို့သည် နိုင်ငံတော်၌ အမှုတော်ဆောင်ချင်းများဖြစ်ကြသည်ဟု အသိပေးထားသည်။ ကျွန်ုပ်တို့၏ပြောင်မြောက်မှုအရှိဆုံးစကားလုံးများ၊ လုပ်ဆောင်ချက်များ၊ စိတ်နေသဘောထားများဖြင့် သခင်ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကိုတည်ဆောက်နေကြ၍ တစ်ဦး၏ကြိုးစားအားထုတ်မှုကိုတစ်ဦးကခွန်အားပေးနေကြပါသည်။ ဘုရားသခင်၏နိုင်ငံတော်သည် ဆီးတားနှောက်ယှက်ခြင်းကိုမခံရဘဲ၊ ကျွန်ုပ်တို့အားဖြင့် ချဲ့ထွင်ခံရသည့်နည်းလမ်းဖြင့် ရှင်သန်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျေးဇူးတော်ကို သွန်လောင်းပေးပါစေသော်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့ခံခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။
- ဘုရားသခင်က သင့်ကိုပေးထားသော အရင်းအမြစ်များနှင့် စွမ်းရည်ဆုကျေးဇူးများကို သင်မည်သို့အသုံးပြုနေခဲ့ပါသနည်း။
- သင့်ရဲ့အသက်တာနှင့် သာသနာလုပ်ငန်းကို စဉ်းစားသုံးသပ်ရန် အချိန်ယူပါ။ သင်သည်တစ်နည်းနည်းဖြင့် အခြားတစ်ဦးတစ်ယောက်အတွက် ထိမိ၍ပြိုလဲစရာဖြစ်နေခဲ့ပါသလား။
- သင်သည် သခင်ဘုရား၏ ဉာဏ်ပညာနှင့်ခွန်အားဗလ၌ ယုံကြည်ကိုးစားရမည့်အစား သင့်ရဲ့ဉာဏ်ပညာနှင့်ခွန်အားဗလ၌ ယုံကြည်ကိုးစားနေပါသလား။ ဤအရာသည် ဘုရားသခင်၏နိုင်ငံတော်အမှုကိုမည်သို့ ဟန့်တားနှောက်ယှက်ခဲ့ပါသနည်း။

- ဘုရားသခင်၏ နိုင်ငံတော်တည်ဆောက်ခြင်းအမှု၌ ကျွန်ုပ်တို့၏ သက်သေဖြစ်ခြင်းအရေးပါပုံအကြောင်းကို ကျွန်ုပ်တို့မည်သို့သင်ယူရပါသနည်း။

## ဆုတောင်းရန်အချက်များ

- အခြားသူများအတွက် ထိမိ၍ပြိုလဲစရာဖြစ်နေသည့် သင့်အသက်တာမှအစိတ်အပိုင်းများကိုပြသပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ဘုရားသခင်၏ ကျေးဇူးတော်ကို အကျိုးမဲ့မခံမိစေဖို့ စွမ်းဆောင်ပေးရန် ဆုတောင်းပါ။ သင့်ကိုပေးထားသောအရာများအား ထိရောက်စွာအသုံးပြုနိုင်ရန် စွမ်းဆောင်ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင်တစ်ယောက်တည်း အမှုတော်မဆောင်ရှက်ရခြင်းအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်နေကြသည့် သင်တို့၏အသိုင်းအဝိုင်းမှညီအစ်ကိုမောင်နှမများအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။

## ၁၂
## ထိုသူတို့အထဲမှထွက်ပါ

၂ကော ၆း၁၁-၁၈ ကိုဖတ်ရှုပါ။

အခန်းကြီး ၆ ၏နောက်ဆုံးအပိုင်းကို ရှင်ပေါလုက ကောရိန္သု ယုံကြည်သူများအပေါ်၌ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ပြခြင်းဖြင့် အစပြုခဲ့သည်။ ရှင်ပေါလုက သူတို့အပေါ်၌မည်သို့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်ကိုလည်းကောင်း၊ မိမိ၏ စိတ်နှလုံးကို သူတို့အပေါ်၌မည်သို့ ဖွင့်ဟထားခဲ့သည်ကိုလည်းကောင်း ပြန်လည်အသိပေးခဲ့သည်။ ပထမအခန်းကြီး ၆ ခန်းတွင် ရှင်ပေါလုက အမှုတော်၌ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော မိမိ၏ဆင်းရဲခြင်းဒုက္ခနှင့် စစ်ကြောစုံစမ်းခြင်းများကို သူတို့ထံ၌ဝေငှပြောပြခဲ့သည်။ သူတို့ကိုယုံကြည်ခြင်း၌ ရဲဝင့်စွာဖြင့် ရှင်သန်ကြရန် စိန်ခေါ်ခဲ့သည်။ ကောင်းကင်ဘုံ၌ သူတို့အတွက် သာ၍ကြီးမားသော ကောင်းကြီးမင်္ဂလာကို သိမ်းဆည်းပေးထားသည့်အဖြစ်ကို သိထားရင်း ကိုယ်တော်ရှင်အတွက် မိမိတို့၏အသက်တာများကို ပေးဆပ်ရှင်သန်ကြဖို့ စိန်ခေါ်ခဲ့သည်။ ရှင်ပေါလုက သူတို့ကိုနှုတ်ထွက်စကားလုံးများအားဖြင့်သာ အသိပေးပြောပြခဲ့သည်မဟုတ်၊ မိမိ၏အသက်တာနှင့် ပုံဥပမာများအားဖြင့်လည်း သူတို့ကိုအသိပေးဟောပြောခဲ့သည်။ ရှင်ပေါလုက မိမိပြောဆိုခဲ့သည့်အတိုင်းရှင်သန်ခဲ့သည်။ ကောရိန္သုအသင်းသားများထံ၌ သတင်းကောင်း

တရား တော်ကိုဟောပြောရန် များစွာသောဆင်းရဲဒုက္ခကိုရင်ဆိုင်ခဲ့ရသည်။ ဤစာစောင်ကို ဖတ်ရှုနေသောသူများအနက် အများစုမှာ ရှင်ပေါလု၏ သာသနာလုပ်ငန်းအားဖြင့် ကယ်တင်ခြင်းကို ရရှိခဲ့ကြသူများဖြစ်ကြသည်။

ရှင်ပေါလုသည် ကောရိန္သုယုံကြည်သူများအတွက် အရာခပ်သိမ်းကို ပြုလုပ်ခဲ့သော်လည်း ကောရိန္သုအသင်းတော်၌ သူ့ကိုလက်မခံသောသူများ ရှိနေဆဲဖြစ်သည်။ ရှင်ပေါလုသည် ကယ်တင်ခြင်းနှင့် ဝိညာဉ်ရေးရာရင့်ကျက်ခြင်းကို သူတို့ထံ၌ ယူဆောင်လာစဉ်က ဆင်းရဲဒုက္ခကြုံတွေ့ခံစားခဲ့ရသော်လည်း ကောရိန္သုမြို့မှလူများစွာက ထိုမေတ္တာစေတနာကို မတုန့်ပြန်ခဲ့ကြပါ။ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ချစ်ခြင်းမေတ္တာအား ရှင်ပေါလုကိုပေးရန် ငြင်းဆန်နေခဲ့ကြပါသည် (ငယ် ၁၂)။ ဤပုဂ္ဂိုလ်အချို့သည် ရှင်ပေါလုနှင့် ပြဿနာအမှန်ဖြစ်ခဲ့ကြသည်။ ဤအထင်လွဲမှားနေမှုများကို ဖြေရှင်းရန်ရှင်ပေါလု ဤစာစောင်ကို ရေးသားခဲ့ရသည်။

သူတစ်ပါးကို ချစ်ခြင်းနှင့်ထိုချစ်ခြင်းအတွက် ပြန်လည်ချစ်ခြင်း မခံရခြင်းကို ရှင်ပေါလုနားလည်သဘောပေါက်ခဲ့သည်။ သခင်ယေရှုကိုယ်တိုင်လည်းဤအချင်းအရာကို အမှုတော်ဆောင်ရွက်စဉ်အခါက ရင်ဆိုင်ကြုံတွေ့ခံရသည်။ အခန်းငယ် ၁၃ တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား ၄င်းတို့၏စိတ်နှလုံးများကို မိမိအတွက်ဖွင့်ပကြဖို့ တောင်းပန်ခဲ့သည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား မိမိနှင့်ပြန်လည်သင့်မြတ်လာဖို့ ဤအဆီးအတားအနှောက်အယှက်များကို ဖြေရှင်းကြဖို့ဆင့်ခေါ်ခဲ့သည်။

ယနေ့တွင် တစ်စုံတစ်ယောက်အပေါ်၌ သင့်စိတ်နှလုံးကို တားဆီးပိတ်ပင်ထားပါသလား။ ထိုသူတို့ထံ၌ သင့်ရဲ့စိတ်နှလုံးကိုတစ်ဖန်ဖွင့်ပေးဖို့ စွန့်စားလိုစိတ်များရှိပါသလား။ ထိုသူတို့အပေါ်၌ သင့်ရဲ့ချစ်ခြင်းမေတ္တာကို ပြန်လည်အသစ်ပြုပြင်လိုပါသလား။ သေချာသောအရာတစ်ခုရှိသည်။ သင်

သာလိုလိုလားလားရှိနေလျှင် ဘုရားသခင်သည် ဤအရာကိုအထမြောက်စေဖို့ အတွက် တတ်စွမ်းနိုင်ပါသည်။ ဘုရားသခင်ကို နာခံပါ။ လိုအပ်သော ကုစား ခြင်းကို ယူဆောင်လာခွင့်ဘုရားသခင်ကိုပေးပါ။

ဤကျမ်းပိုဒ်တွင် ကောရိန္သုအသင်းသားများသည် တမန်တော်ပေါလု အပေါ်၌ ၎င်းတို့၏စိတ်နှလုံးများကို တားဆီးပိတ်ပင်ထားသော်လည်း မယုံ ကြည်သူမျိုးအပေါ်၌ ဖွင့်ဟထားကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။ အခန်းငယ် ၁၄ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မယုံကြည် သူများနှင့် တွဲဖက်၍ထမ်းပိုးအထူထမ်းခြင်းအကြောင်းကို ပြောပြခဲ့သည်။ မြည်းတစ်ကောင်နှင့်တွဲဖက်၍ထမ်းပိုးအတူထမ်းကာ လယ်ထွန်နေသော နွားတစ်ကောင်ကို စိတ်ကူးယဉ်ကြည့်ပါ။ နွားသည်ပို၍သန်မာသော ကြောင့် မြည်းကရင်ဘောင် တန်းမလိုက်နိုင်ဖြစ်ကာ အချင်းချင်းဆန့်ကျင် နှောက်ယှက် နေသလိုသာ ဖြစ်နေပါလိမ့်မည်။ နွားသည်မြည်းကို အားအင်ကုန်ခမ်းစေ၍ အမောစို့ပြီး သေစေကောင်းသေစေပါလိမ့်မည်။ ဤတိရစ္ဆာန်များသည် ခွန်အားချင်းမမျှကြသောကြောင့် အလုပ်လည်းတွင်မည်မဟုတ်ပါ။

အလားတူအခြေခံစည်းမျဉ်းဥပဒေသသည် ခရစ်ယာန်အသက်တာ နှင့်လည်း လက်တွေ့သက်ဆိုင်မှုရှိကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကို ပြောပြနေ ပါသည်။ ယုံကြည်သူများသည် အချိန်ရှိသရွေ့ မယုံကြည်သူများနှင့် ပေါင်းသင်းဆက်ဆံနေကြလျှင် မည်သည့်အရာဖြစ်လာမည်နည်း။ ၎င်းတို့၏ ဝိညာဉ်ရေးလျှောက်လှမ်းမှုသည် ထိခိုက်မသွားပေဘူးလား။ မယုံကြည်သူ တစ်ယောက်ကို သင့်ရဲ့အိမ်ထောင်ဖက်အဖြစ် သင်ရွေးချယ်လိုက်သောအခါ မည်သည့်အရာ ဖြစ်ပျက်သနည်း။ သင့်ရဲ့ဝိညာဉ်ရေးလျှောက်လှမ်းခြင်း၌ ဒုက္ခမရောက်ပေဘူးလား။ သင်သည်မယုံကြည်သူတစ်ယောက်နှင့် စီးပွားရေး လုပ်ငန်းတစ်ခုကို တည်ထောင်ကောင်း တည်ထောင်ပါလိမ့်မည်။ ယုံကြည်သူ

တစ်ဦးအဖြစ်နှင့် သင်စီးပွားရေးလုပ်ပုံလုပ်နည်းသည် မယုံကြည်သူတစ်ဦး၏ စီးပွားရေးလုပ်ပုံလုပ်နည်းနှင့် အလွန်ကွဲပြားပါသည်။ အမှုတော်လုပ်ငန်း၌ ပါဝင်လှုပ်ရှားရန် မယုံကြည်သူတစ်ယောက်ကို သင့်အသင်းတော်ထဲသို့ ခေါ်ဆောင်လာသောအခါ မည်သည့်အရာဖြစ်ပျက်သနည်း။ အသင်းတော် ဒုက္ခရောက်မည် မဟုတ်ပါလား။ အချို့သောအခြေအနေများတွင် မယုံကြည်သူများနှင့် ဘေးချင်းယှဉ်လျှက် အလုပ်တွဲလုပ်ရခြင်းကို ကျွန်ုပ်တို့ မရှောင်ရှားနိုင်ပါ။ သို့သော်ဤနေရာ၌ ရှင်ပေါလုပြောပြနေသောအရာမှာ ဝိညာဉ်ရေးရာကိစ္စရပ်များ၌ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်း၏ အကျိုးရလာဒ်များကို ဖြစ်သည်။

အခန်းငယ် ၁၄ တွင် ရှင်ပေါလုက "တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း" ဟု မေးခဲ့သည်။ အလင်းနှင့်မှောင်မိုက်သည် မည်သို့ဆက်ဆံနိုင်မည်နည်း။ အမှန်ဆိုရလျှင် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ကိုသာလုပ်ဆောင်နေကြပါသည်။ အခန်းငယ် ၁၅ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သခင်ခရစ်တော်နှင့် ဗေလျာလ တို့ကြားတွင် လိုက်လျောညီထွေမှုအမှန်မရှိကြောင်း ပြန်လည်အသိပေးခဲ့သည်။ ဗေလျာလဟူသော ဟေဗြဲစကားလုံးသည် "တန်ဖိုးမရှိ၊ အသုံးမဝင်ခြင်း (သို့) မကောင်းမှုဒုစရိုက်" ဟူ၍ဆိုလိုသည်။ သို့သော် ဤစကားလုံး၏အစ စကားလုံးကို အကြီးဖြင့်ရေးသားထားသောကြောင့် ၎င်းသည်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တိတိကျကျရည်ညွှန်းထားဟန်ရှိသည်။ သမ္မာကျမ်းရှင်းလင်းချက်ရေးသားပြုစုသူအများစုက "ဗေလျာလ" သည် တန်ဖိုးမရှိအသုံးမဝင်ခြင်းနှင့် မကောင်းမှုဒုစရိုက်တို့၏အဖဖြစ်သော စာတန်ကိုဤနေရာတွင် ရည်ညွှန်းထားသည်ဟု သဘောတူထားကြသည်။ စာတန်သည် သခင်ယေရှုခရစ်နှင့် မည်သို့တူညီနိုင်မည်နည်း။ စာတန်သည် သခင်ယေရှု၏ရပ်တည်ချက်များ

အားလုံးကိုဆန့်ကျင်၍ ရပ်တည်သောသူဖြစ်သည်။ စာတန်သည်သခင်ယေရှု ပြောဆိုလုပ်ဆောင်ခဲ့သောအရာအားလုံး၏ ရန်သူဖြစ်သည်။ ရှင်ပေါလု ကနောက်တစ်ဆင့်တက်၍ ကောရိန္သုယုံကြည်သူများအား စာတန်၏သားသမီး များသည် ဘုရားသခင်၏ သားသမီးနှင့်မည်သို့မျှ သက်ဆိုင်မှုမရှိကြောင်းကို အသိပေးခဲ့သည်။ စစ်ပွဲ ကာလတစ်ခုတွင် ရန်သူကိုသင်နှင့်လာရောက်ပူးပေါင်း ၍တိုက်ပွဲဝင်ရန် သင်တောင်းဆိုသည်ဟု စိတ်ကူးကြည့်ပါ။ ရန်သူကသင့်ရဲ့ တောင်းဆိုမှုကိုသဘောတူလက်ခံခဲ့လျှင်ပင် ၄င်းသည်ထိုအခွင့်အရေးကို သင့်အားတိုက်ခိုက်ဖို့သာ အသုံးပြုခဲ့ပါလိမ့်မည်။ ယုံကြည်သူများဖြစ်ကြသည့် အားလျော်စွာ ကျွန်ုပ်တို့၌ ကျွန်ုပ်တို့ကိုဖျက်ဆီးဖို့ လွတ်နေသည့်စစ်မှန်သော ရန်သူတစ်ဦးရှိထားကြသည် (၁ပေ ၅း၈ ကိုကြည့်ပါ)။ စာတန်သည် သခင်ခရစ်တော်၏အမှုကိစ္စများကို ဖျက်ဆီးရန်မယုံကြည်သူများကို အမြဲအသုံး ပြုသည်။

ဤအခြေခံစည်းမျဉ်းဥပဒေသသည် အသင်းတော်၏ဖြစ်တည်မှု အခြေအနေတွင်လည်း မှန်ကန်လျှက်ရှိသည်။ ဘုရားသခင်၏ ဗိမာန်တော်နှင့် ရုပ်တုများကြားတွင် မည်သည့်သဘောတူညီချက်များရှိနိုင်မည်နည်း။ ဘုရား သခင်၏ နှုတ်ကပတ်တော်ကို သာမန်ဖတ်ရှုခြင်းကပင် ဘုရားသခင်ကရုပ်တု ကိုးကွယ်ခြင်း (သို့) အခြားသောဘုရားများအား ကိုးကွယ်ခြင်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပြောဆိုခဲ့ကြောင်း ကျွန်ုပ်တို့အား ရှင်းရှင်းလင်း လင်းပြသပေးပါလိမ့်မည် (ထွက်မြောက်ရာ ၂၀း၃-၄၊ ဝတ်ပြုရာ ၂၆း၁၊ ၁ရာ ၁၂း၂၁ ကိုကြည့်ပါ)။ ဘုရားသခင်သည် ဤကိစ္စကိုအလွန်အလေးအနက်ထား သည်။ သင်သည်တစ်ချိန်တည်းတွင် စစ်မှန်သောဘုရားသခင်နှင့် မှားယွင်း သောလောကီဘုရားများကို မဆည်းကပ်နိုင်ပါ။ သင်စိတ်ဆုံးဖြတ်ချက်ချဖို့ လိုအပ်သည်။ မည်သူကို သင်ဆည်းကပ်ကိုးကွယ်မည်နည်း။ သင်သည်

အခြားဘုရားကိုအလုပ်အကျွေးပြုခြင်းဖြင့်လည်းကောင်း၊ ရုပ်တုရှေ့၌ ပျပ်ဝပ်ခြင်းဖြင့်လည်းကောင်း ဘုရားသခင်ကိုမဆည်းကပ်နိုင်ပါ။ အိမ်ထောင်ရှင်အမျိုးသားတစ်ဦးက ၎င်း၏ဇနီးသည်ကို အလွန်ချစ်မြတ်နိုးပါသည်ဟု ပြောဆိုနေလျှက်ပင် သူများသားမယား နှင့်ပြစ်မှားခြင်းအပြစ်ကို ပုံမှန်ကျူးလွန်နေသည့်အဖြစ်ကို စိတ်ကူးယဉ်ကြည့်ပါ။ ကျွန်ုပ်တို့၏ အိမ်ထောင်ဖက်များအပေါ်၌သစ္စာမစောင့်ဘဲ သူတို့ကိုချစ်ပါသည်ဟု ကျွန်ုပ်တို့မည်သို့ ပြောနိုင်ပါသနည်း။

ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား သခင်ယေရှုကို၎င်းတို့၏ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်ခဲ့လျှင်၊ ၎င်းတို့၏ကိုယ်ခန္ဓာများသည် ဘုရားသခင်၏ ဗိမာန်တော်များဖြစ်ကြသည်ဟု အသိပေးခဲ့သည် (ငယ် ၁၆)။ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ၎င်းတို့၏အထဲ၌ သွတ်သွင်းထားခဲ့သည်။ ဘုရားသခင်က ၎င်းတို့အစဉ်လျှောက်လှမ်း၍ ၎င်းတို့၏ ဘုရားသခင်အဖြစ် အစဉ်ရှိနေမည့်အကြောင်း ကတိပေးခဲ့သည်။ ၎င်းတို့သွားလေရာတိုင်းတွင် ၎င်းတို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ ရှိနေကြသည်။

ဤအံ့ဖွယ်သမ္မာတရားအားဖြင့် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား မယုံကြည်သူများနှင့် ထိုမယုံကြည်သူများ၏ နည်းလမ်းများထံမှ ထွက်လာကြဖို့ပြောခဲ့သည်။ ဘုရားသခင်၏ဗိမာန်တော်များဖြစ်ကြသည့်အားလျော်စွာ သူတို့သည် ကိုယ့်ကိုကိုယ်သန့်ရှင်းစင်ကြယ်စွာ ထားရှိကြရမည်ဖြစ်သည် (ငယ် ၁၇)။ ဘုရားသခင်၏ သားသမီးများဖြစ်ကြသည့်အလျှောက်သူတို့သည် ကိုယ့်ကိုယ်ကိုဘုရားသခင်၏ စင်ကြယ်သောသားသမီးများသဖွယ်ကျင့်ကြံကြဖို့လိုအပ်သည် (ငယ် ၁၈)။ ဆိုလိုသည်မှာ သူတို့သည် မယုံကြည်သူများနှင့် ဆက်ဆံရင်းနှီးမှုများကို ဖြတ်တောက်ရမည့်အချိန်များရှိခဲ့ပါမည်။ သူတို့မသွားသင့်သေနေရာများအား သွားရောက်ခြင်းကို ရပ်တန့်ကြရမည်။

သူတို့မလုပ်သင့်သော မကောင်းမှုများအားလုပ်ဆောင်ခြင်းကို ရပ်တန့်ကြရမည်။

ဘုရားသခင်၏ ဗိမာန်တော်ထဲ၌ မကောင်းမှုကိုကျွန်ုပ်တို့ယူဆောင်လာနိုင်သည့် နည်းလမ်းများစွာရှိသည်။ ဗိမာန်တော်ထဲသို့ ဝင်ရောက်ရန်လမ်းများစွာရှိသည်။ ကျွန်ုပ်တို့၏ မျက်စိတံခါး(သို့) နားတံခါးများကို ပိတ်ထားရမည့်အချိန်များရှိသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏အတွေးစိတ်နေသဘောထားများဆီသို့ သွားရာတံခါးကို ပိတ်ထားဖို့လိုအပ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏မိတ်ဆွေများ (သို့) ကျွန်ုပ်တို့ချစ်ခင်ရသောသူများ ကျွန်ုပ်တို့၏ဘုရားသခင့်ဗိမာန်တော်ကဲ့သို့ ညစ်ညမ်းမှုများကိုဆောင်ယူလာတတ်ကြသောကြောင့် ထိုသူတို့နှင့်ကင်းကင်းကွာကွာ နေထိုင်ဖို့လိုအပ်သည်။

ကောရိန္သုအသင်းသားများတွင် အလွန်လက်တွေ့ကျသောသင်ခန်းစာတစ်ခုကို သင်ယူဖို့ရှိခဲ့သည်။ သူတို့သည်မိမိတို့၏ ချစ်ခြင်းမေတ္တာကို ရှင်ပေါလုနှင့်အခြားတမန်တော်များအပေါ်၌ ပိတ်ပင်ထားသော်လည်း ထိုချစ်ခြင်းမေတ္တာကို ရန်သူအပေါ်တွင်မူ ဖွင့်ဟထားကြသည်။ သူတို့၏စိတ်နှလုံးတံခါးများသည် ဘုရားသခင်၏အပေါ်တွင်ပိတ်ထားသော်လည်း၊ လောကီသားများအပေါ်တွင်မူ ကျယ်ဝန်းစွာဖွင့်ဟထားကြသည်။ ဤနေရာတွင် ရှင်ပေါလုကသူတို့ကို ပြင်းပြင်းထန်ထန်ပြတ်ပြတ်သားသား ပြောဆိုခဲ့သည်။ သူတို့လုပ်နေသောအရာများ၏ ပြင်းထန်လေးနက်မှုကို ရှင်ပေါလုက အသိပေးခဲ့ပြီး၊ သူတို့ကိုယ်သူတို့ မယုံကြည်သူများနှင့် မယုံကြည်သူများ၏ မကောင်းမှုလမ်းစဉ်များမှ ခွဲထွက်လာကြဖို့ စိန်ခေါ်ခဲ့သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ယုံကြည်သူသည် မည်သည့်နည်းလမ်းများဖြင့် မယုံကြည်သူနှင့်

အကျိုးတူပေါင်းဖက် လုပ်ဆောင်မှုကို ဖန်တီးနိုင်သနည်း။

- မယုံကြည်သူများ၏ နည်းလမ်းများသည် ဘုရားသခင်၏နည်းလမ်းများနှင့် မည်သို့ကွဲပြားခြားနားကြသနည်း။
- လောကီသားများနှင့် သခင်ခရစ်တော်အကြားတွင် ရှင်းလင်းပြတ်သားသောခွဲခြားမှုကို လုပ်ဆောင်ရန်လိုအပ်မှုကို ဤအပိုင်းက ကျွန်ုပ်တို့အား မည်သို့သွန်သင်ပေးပါသနည်း။
- သခင်ခရစ်တော်၌ တည်နေသောညီအစ်ကိုမောင်နှမတစ်ယောက်ယောက်အပေါ်၌ သင့်ရဲ့စိတ်နှလုံးကို ပိတ်ပင်ထားသော အပြစ်ဒုစရိုက်၌ သင်ကိုသင်တွေ့ရှိခဲ့ဖူးပါသလား။ ထိုသူတို့အပေါ်၌ သင့်ရဲ့စိတ်နှလုံးကို ပြန်လည်ဖွင့်ဟပေးဖို့ မည်သည့်အရာကို သင်လုပ်ဆောင်ပါသနည်း။

## ဆုတောင်းရန်အချက်များ

- လောကီသားများအပေါ်၌လည်းကောင်း၊ ၎င်းတို့၏နည်းလမ်းများအပေါ်၌လည်းကောင်း၊ သင်တံခါးပိတ်ထားဖို့လိုအပ်သည့် သင့်အသက်တာမှ အစိတ်အပိုင်းများကို သင်တွေ့မြင်နိုင်ရန် ကူညီမစပေးဖို့သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင့်ကိုယ်ခန္ဓာ၏ဗိမာန်တော်ကို ဘုရားသခင်အတွက် သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ စွမ်းဆောင်ပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- ယနေ့တွင် သင့်ရဲ့စိတ်နှလုံးကို ယုံကြည်သူတစ်ယောက်ယောက်အပေါ်၌ ပိတ်ပင်ထားပါသလား။ ထိုသူတို့အပေါ်၌ သင့်ရဲ့စိတ်နှလုံးကို ပြန်လည်ဖွင့်ဟပေးရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

၁၃
## ခက်ထန်ကြမ်းတမ်းသောစာတစ်စောင်

၂ကော ၇ ကိုဖတ်ရှုပါ။

ဤကျမ်း၌တွေ့ရသည့် ရှင်ပေါလုနှင့် ကောရိန္သုမြို့မှ ပုဂ္ဂိုလ်အချို့တို့အကြားရှိ ပြဿနာနှင့်စပ်လျဉ်း၍ အရိပ်အမြွက်ကိုကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်သည်။ ကောရိန္သုအသင်းသားများထံသို့ ဤဒုတိယစာစောင်ကို ရှင်ပေါလုရေးသားပေးဖို့ခဲ့ရခြင်း၏ ရည်ရွယ်ချက်များအနက်မှတစ်ခုမှာ ဤပြဿနာများကိုဖြေရှင်း၍ ဤပုဂ္ဂိုလ်များနှင့်မိမိကြား၌ ဆက်ဆံရင်းနှီးမှုကို ပြန်လည်တည်ဆောက်ရန်အတွက်ဖြစ်သည်။

နောက်ဆုံးလေ့လာခဲ့သောအခန်းတွင် ကောရိန္သုအသင်းသားများသည် ဘုရားသခင်၏သားသမီးများ ဖြစ်ကြသောကြောင့် ကိုယ့်ကိုယ်ကိုလောကီအညစ်အကြေးများနှင့် ကင်းကင်းကွာကွာနေထိုင်ကြဖို့ လိုအပ်သည်ဟူသောအချက်ကို ရှင်ပေါလုက ရှင်းပြထားသည်။ ရှင်ပေါလုက ဤယုံကြည်သူများအား ဘုရားသခင်က ၎င်းတို့ကိုမိမိ၏ သားသမီးများအဖြစ်ဆင့်ခေါ်ရသည်ကို ကျေနပ်အားရတော်မူကြောင်း အသိပေးခဲ့သည်။ ဘုရားသခင်သည် ၎င်းတို့၏အဖဖြစ်ရခြင်းကို အလွန်ဂုဏ်ယူခဲ့သည်။ ဘုရားသခင်၏ သားသမီးဖြစ်ရခြင်းသည် အလွန်အံ့ဖွယ်အခွင့်အရေးတစ်ခုမဟုတ်ပါလား။ အနာဂတ်အတွက်ကျွန်ုပ်တို့၌ မျှော်လင့်ချက်ရှိသည်မဟုတ်ပါလား။ အခန်းကြီး ၇ ကိုရှင်ပေါလု

စတင်သည်နှင့် ကောရိန္သုယုံကြည်သူတို့အား ၎င်းတို့၌အံ့ဖွယ်ဤကတိတော်များရှိနေသောကြောင့် ဘုရားသခင်၏မျက်မှောက်တော်တွင် သန့်ရှင်းစင်ကြယ်၍ ဖြောင့်မတ်သောသူများဖြစ်ကြဖို့လိုအပ်ကြောင်း အသိပေးခဲ့သည်။

ကိုယ်တော်ရှင်က ကျွန်ုပ်တို့ကိုသူနှင့်အတူ ထာဝရရှင်သန်ဖို့လာရောက်ဆောင်ယူမည့် နေ့ရက်ရောက်လာနေပါသည်။ ကိုယ်တော်ရှင် ကျွန်ုပ်တို့အတွက်ကြွဆင်းလာသောအခါ ကျွန်ုပ်တို့အနေဖြင့် အဆင်သင့်ဖြစ်မနေကြလျှင် အလွန်ရှက်ဖွယ်ကောင်းပါသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား သန့်ရှင်းစင်ကြယ်ခြင်း၌ ရှင်သန်ကြဖို့ စိန်ခေါ်ခဲ့သည်။ ၎င်းတို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကိုညစ်ညမ်းစေမည့် ၎င်းတို့၏အသက်တာမှ မည်သည့်အရာကိုမဆို ဖယ်ရှားကြဖို့စိန်ခေါ်ခဲ့သည်။ ဘုရားသခင်ကို ကြည်ညိုလေးစားခြင်းနှင့် ဘုရားသခင်၏ရည်ရွယ်ချက်များကို ထောက်ရှု၍ အစဉ်တိုးပွားနေသော သန့်ရှင်းစင်ကြယ်ခြင်း၌ ရှင်သန်ကြရမည်ဖြစ်သည်။ “သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံခြင်း” ဆိုသည်မှာ တစ်နေ့ပြီးတစ်နေ့ သခင်ခရစ်တော်နှင့် သဏ္ဌာန်တူလာခြင်း၌ ကြီးထွားခြင်းကိုဆိုလိုသည် (ငယ် ၁)။

သင့်အသက်တာကို သုံးသပ်စစ်ဆေးဖို့အချိန်အနည်းငယ်ယူပါ။ သင်သည် သခင်ယေရှုနှင့်ပို၍ပို၍ သဏ္ဌာန်တူလာပါသလား။ သင့်အသက်တာ၌အပြစ်ဒုစရိုက်နှင့်မကောင်းမှုများကို ပို၍ပို၍အောင်နိုင်နေပါသလား။ သင်သည် လွန်ခဲ့သောနှစ်ထက် ယခုနှစ်တွင် သခင်ဘုရားနှင့်ပို၍နီးစပ်လာပါသလား။

သခင်ခရစ်တော်နှင့် ပို၍ပို၍သဏ္ဌာန်တူလာခြင်း၊ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံခြင်းဆိုသည်မှာ ပုဂ္ဂိုလ်ရေးဆက်ဆံရင်းနှီးမှုများနှင့် သက်ဆိုင်သည်။ အခန်းငယ် ၂ တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား သာ၍နက်နဲသောသန့်ရှင်းစင်ကြယ်ခြင်းကို ၎င်းတို့ကြိုးစားရှာကြံကြရာတွင် မိမိနှင့်မိမိ၏

လုပ်ဖော်ဆောင်ဖက်များအား ချစ်ခြင်းမေတ္တာကို ပေးကြဖို့တောင်းဆိုခဲ့သည် (၆း၁၁-၁၃ကို ကြည့်ပါ)။ ကောရိန္သုအသင်းသားများနှင့် ရှင်ပေါလုတို့၏ အကြားတွင်ဆက်ဆံရေး မပြေလည်မှုရှိနေကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပြီး၊ ဤပြဿနာကို ဖြေရှင်းရန်သူတို့အတွက် အရေးပါခဲ့သည်။ ဤကျမ်းပိုဒ်၏ သွယ်ဝိုက်ပြောဆိုထားချက်မှာ ရှင်းနေပါသည်။ သင်သည် သန့်ရှင်းစင်ကြယ်ခြင်း၌ ကြီးထွားလိုလျှင် မပြေမလည်ဖြစ်နေသောဆက်ဆံရင်းနှီးမှုများကို သင်ကိုင်တွယ်ဖြေရှင်းဖို့ လိုပါလိမ့်မည်။ သန့်ရှင်းခြင်းပါရမီ၌ ပြည့်စုံခြင်းသည် သခင်ခရစ်တော်၌ အခြားသူများနှင့်ပြန်လည်သင့်မြတ်ရန် လုပ်ဆောင်ခြင်းကို လိုအပ်သည်။

အခန်းငယ် ၂တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား မိမိမည်သည့်အမှားကိုမျှ မကျူးလွန်ခဲ့ကြောင်း အသိပေးထားသည်။ ရှင်ပေါလုသည်ဘုရားသခင်နှင့် မိမိတို့၏ဆက်ဆံရင်းနှီးမှုကို စစ်ဆေးသုံးသပ်ခဲ့ပြီး သြတ္တပ္ပစိတ်ကြည်လင်စွာ ရှိနေခဲ့သည်။ အခန်းငယ် ၃တွင် ရှင်ပေါလုသည် သူက ကောရိန္သုယုံကြည်သူတို့အား သူသည်၎င်းတို့အတွက် ရှင်သန်ရသည်ဖြစ်စေ၊ သေရသည်ဖြစ်စေ လိုလိုလားလားရှိနေကြောင်း ပြောပြခဲ့သည်။ ရှင်ပေါလုသည် မည်သည့်အမှားကိုမျှ မကျူးလွန်ခဲ့သော်လည်း၊ ၎င်းနှင့် ကောရိန္သုယုံကြည်သူများ၏ ဆက်ဆံရေးမှာ ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့်၎င်းတို့ကြား၌ ရှိနေသည့် သဘောထားကွဲလွဲမှုများအားလုံးကို ဖြိုခွဲဖျက်ဆီးဖို့ကြိုးစားရာ၌ ကောရိန္သုယုံကြည်သူများအပေါ်၌ထားရှိသော သူ့ရဲ့ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ် ခြင်းကို ပြန်လည်အတည်ပြုဖို့တာဝန်ရှိသည်ဟု သူခံစားခဲ့သည်။

အခြားသူများနှင့်ကျွန်ုပ်ဆက်ဆံရင်းနှီးရာတွင်လည်း ဤဒဏ်ရာမျိုးကို ကျွန်ုပ်ခံစားခဲ့ရသည့်အချိန်များ ရှိခဲ့ပါသည်။ ထိုကဲ့သို့သောအချိန်များတွင် ကျွန်ုပ်၏စိတ်နှလုံးကို စစ်ဆေးသုံးသပ်ရာ ကျွန်ုပ်နှင့်ပြဿနာရှိနေသောသူဟု

ယူဆရသောသူအပေါ်၌ နာကျည်းခြင်း၊ ဒေါသထွက်ခြင်းနှင့် အပြုသဘော မဆောင်သောအခြား မည်သည့်အရာကိုမျှ မခံစားခဲ့ရပါ။ ဤကဲ့သို့သော အချိန်များ၌ ကျွန်ုပ်ရင်ဆိုင်ကြုံတွေ့ရသည့် စုံစမ်းနှောက်ယှက်ခြင်းမှာ ထိုပုဂ္ဂိုလ်အပေါ်၌ မည်သည့်အမှားတစ်စုံတစ်ရာကိုမျှ မပြုလုပ်ခဲ့သောကြောင့် ဤပြဿနာသည် ကျွန်ုပ်၏အမှားမဟုတ်ဟု မှတ်ယူနေခြင်းပင်ဖြစ်သည်။

ရှင်ပေါလုအနေဖြင့် ကောရိန္သုအသင်းသားများနှင့် ပြဿနာမရှိခဲ့ပါ။ ကောရိန္သုအသင်းသားများကသာ ရှင်ပေါလုနှင့် ပြဿနာရှိခဲ့ကြသည်။ သို့သော် ဤပြဿနာ၌ ကုစားခြင်းကိုဆောင်ယူလာသောသူမှာ ရှင်ပေါလု ဖြစ်သည်။ သူသည် ဤပြဿနာကို ကောရိန္သုအသင်းသားများဘက်မှ ဖြေရှင်းဖို့မထားခဲ့ပါ။ အမှန်ဆိုရလျှင် ယုံကြည်သူများ၏အကြားတွင် ဆက်ဆံရေး အစဉ်မပြေမှုများပေါ်ပေါက်လာတိုင်း ဘုရားသခင်၏နိုင်ငံတော် ဒုက္ခရောက် ရပါသည်။

ဤအကြောင်းကိစ္စနှင့် စပ်လျဉ်း၍ သခင်ယေရှုက မဿဲ ၅း၂၃-၂၄ တွင် ဤသို့ပြောဆိုထားသည်။

> “ ထိုကြောင့်သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစုံတခုရှိသည်ဟုအောက်မေ့သတိရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍ သွားလော့။ ညီအစ်ကိုနှင့် သင့်တင့်ပြီးမှပြန်၍ပူဇော်သက္ကာကို တင်လော့။ တရားတွေ့ဘက်နှင့်အတူ လမ်း၌သွားစဉ်တွင်ပင်၊ သူ၏စိတ်ကိုပြေစေခြင်းငှါ အလျင်အမြန်ပြုလော့။ သို့မဟုတ် တရားတွေ့ဘက်သည် တရားသူကြီး၌အပ်၍ ထောင်ထဲ၌လှောင်ထားမည်။”

ဤကျမ်းချက်၌ သခင်ယေရှုက “သင်သည် သင်၏ညီအစ်ကို၌ အပြစ်တင်ခွင့် တစ်စုံတစ်ရာရှိသည်ဟု အောက်မေ့သတိရလျှင်” ဟုပြောမ

ထားကြောင်းကို အထူးသတိပြုပါ။ သခင်ယေရှုက “သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့် တစ်စုံတစ်ရာရှိသည်ဟု အောက်မေ့သတိရလျှင်” (သင်၏ ညီအစ်ကိုက သင့်ကိုပြစ်မှားလျှင်)ဟု ပြောခဲ့သည်။ သင်သည် သင့်ညီအစ်ကို နှင့်ပြဿနာရှိမည်မဟုတ်သော်လည်း၊ သင့်ညီအစ်ကိုက သင်နှင့်ပြဿနာရှိ နေပါလိမ့်မည်။ သခင်ယေရှုက ဝတ်ပြုကိုးကွယ်သူအား ထိုပြဿနာကိုဖြေရှင်း ဖို့ပြောခဲ့သည်။ ဤနေရာ၌ ရှင်ပေါလုပြုလုပ်နေသောအရာမှာ ထိုအရာပင် ဖြစ်သည်။ သူသည်အပြစ်ကင်းသော်လည်း ပြဿနာကိုဖြေရှင်းဖို့ ကြိုးစား နေသောသူမှာ သူသာဖြစ်သည်။

လူတို့ကကျွန်ုပ်တို့အပေါ်၌ထားရှိကြသော ပြဿနာများကို ဖြေရှင်း ခြင်းသည် လွယ်ကူသောအရာမဟုတ်ပါ။ ကျွန်ုပ်တို့အကြားရှိ သဘောထား ကွဲလွဲနေမှုများကို ရိုးရိုးရှင်းရှင်းမဖြေရှင်းနိုင်သော အချိန်များရှိပါသည်။ သို့သော် ရှင်ပေါလုက ပြဿနာကို မဖြေရှင်းနိုင်လျှင်ပင် ကျွန်ုပ်တို့ဘက်မှ အနည်းဆုံးတော့ ကြိုးစားအားထုတ်ကြဖို့ စိန်ခေါ်ခဲ့သည်။

အခန်းငယ် ၄တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည် ၎င်းတို့အပေါ်၌ ကြီးမားသောယုံကြည်စိတ်ချမှုရှိနေကြောင်း ပြောပြ ခဲ့သည်။ ကောရိန္သုအသင်းသားများသည် ဤပြဿနာကိုင်တွယ်ဖြေရှင်း၍ ၎င်း တို့၏စိတ်နှလုံးများကို မိမိအတွက်ဖွင့်ဟခဲ့ကြလိမ့်မည်ဟု ရှင်ပေါလုယုံကြည် ခဲ့သည်။ သူတို့အပေါ်၌ နက်ရှိုင်းသောခံစားချက်များရှိကြောင်းကိုလည်း ကောင်း၊ သူတို့အတွက်ဂုဏ်ယူနေကြောင်းကိုလည်းကောင်း ပြန်လည်အသိပေး ခဲ့သည်။ သို့သော်လည်း ဖြေရှင်းဖို့လိုအပ်နေသည့် ပြဿနာများမှာ ဆက်လက် ရှိနေပါသေးသည်။ ကောရိန္သုအသင်းသားများသည် ပကတိပြည့်စုံသူများ မဟုတ်ကြသော်လည်း ရှင်ပေါလုသည် သူတို့ကိုဆက်လက်၍ နှစ်သက်အားရ၍ ဂုဏ်ယူဝင့်ကြွားလျှက်ရှိသည်။ သူတို့သည် ရှင်ပေါလုအတွက် ကောင်းကြီး

မင်္ဂလာဖြစ်နေကြသည်။ ဆင်းရဲခြင်းဒုက္ခနှင့် ညှင်းပန်းခြင်းတို့ကို သူရင်ဆိုင်နေရသောအချိန်တွင်ပင် ကောရိန္သုအသင်းသားများသည် သူထံ၌ဝမ်းမြောက်ခြင်းကို ဖြစ်စေခဲ့ကြသည်။ သူတို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်ဆက်လက်၍ အလုပ်လုပ်မည့်အကြောင်းကို ရှင်ပေါလုစိတ်ချလျှက်ရှိနေခဲ့သည် (ဖိလိပ္ပိ ၁း၆ ကိုကြည့်ပါ)။

မာကေဒေါနိပြည်၌ ရှင်ပေါလုရှိစဉ်တွင် အလွန်ပြင်းထန်သောညှင်းပန်းနှိပ်စက်ခြင်းကို ခံစားတွေ့ကြုံခဲ့ရသည်။ အခန်းငယ် ၅တွင် ကောရိန္သုအသင်းသားများအား ကိုယ်ကာယငြိမ်ဝပ်ခြင်းအလျင်းမရှိခဲ့ကြောင်း ပြောပြခဲ့သည်။ သူသည်နိုင်ငံတော်အတွက် ခက်ခဲပင်ပန်းစွာဖြင့် ကာလအတန်ကြာအမှုတော်ဆောင်ခဲ့သည်။ ဤဒေသတစ်ဝိုက်၌ သူလှည့်လည်သွားရောက်ခဲ့သည့်နေရာတိုင်းတွင် နှောက်ယှက်ခံခဲ့ရသည်။ အနီးတစ်ဝိုက်တွင် ပဋိပက္ခများ၊ ငြင်းခုန်ရန်ဖြစ်ခြင်းများရှိနေခဲ့ပြီး၊ စိတ်နှလုံး၌ ဝန်ထုပ်ကြီးတစ်ခုကိုခံစားခဲ့ရသည်။ စိုးရိမ်ကြောက်လန့်ခြင်းကို သူခံစားခဲ့ရကြောင်းဝန်ခံခဲ့သည်။ ပဋိပက္ခများနှင့် သတင်းကောင်းတရားတော်ကို ဆန့်ကျင်တွန်းလှန်ခြင်းသည် ဤဒေသတစ်ဝိုက်တွင် အလွန်ပြင်းထန်နေခဲ့သောကြောင့် ရှင်ပေါလုမှာ မိမိသေမည်၊ ရှင်မည်ကိုပင်မသိနိုင်ဖြစ်ခဲ့ရသည်။

သာသနာလုပ်ငန်း၌ ခက်ခဲမှုများကို ဤသို့ရင်ဆိုင်ရသောအချိန်တွင် ဘုရားသခင်သည် ရှင်ပေါလုအား လက်ကမ်းနှစ်သိမ့်ပေးခဲ့ပြီး၊ တိတုကိုအပေါင်းအဖော်အဖြစ်ပေးခဲ့သည်။ အထင်ကရ တမန်တော်ကြီးပေါလုသည် အမှုတော်ကို မိမိတစ်ဦးတည်း မဆောင်ရွက်နိုင်ကြောင်းကို နားလည်သဘောပေါက်ခဲ့သည်။ သူသည်သာသနာပြုခရီးများ၌ အခြားသူများကို မိမိနှင့်အတူအမြဲခေါ်ဆောင်ခဲ့သည်။ အကြောင်းမှာ ထိုသူတို့၏မိဿဟာယဖွဲ့ခြင်းနှင့်ခွန်အားပေးတိုက်တွန်းခြင်းကို သူလိုအပ်နေခဲ့သောကြောင့်ဖြစ်သည်။

ကျွန်ုပ်အမှုတော်ဆောင်ချိန် နှစ်ကာလများတွင် ကျွန်ုပ်သည်တကိုယ်တော်အမှုတော်ဆောင်ခဲ့သည်။ တစ်ခါတစ်ရံတွင် အမှုတော်လုပ်ငန်းသည် အလွန်အထီးကျနဆန်နိုင်ပါသည်။ သခင်ဘုရား၏အမှုတော်လုပ်ငန်း၌ အပေါင်းအဖော်များလိုအပ်ပုံကို ကျွန်ုပ်တဖြည်းဖြည်းနားလည်လာခဲ့သည်။ သင်းအုပ်များ (သို့) ခရစ်ယာန်အမှုတော်ဆောင်မည်မျှက အမှုတော်ဆောင်ခြင်းကို စွန့်လွှတ်ဖို့စဉ်းစားခဲ့ကြပါသနည်း။ အဓိကအကြောင်းအရင်းမှာ သူတို့ကိုကိုယ်ချင်းစာ၍ သူတို့၏ဝန်ထုပ်များကိုကူသယ်ပေးမည့် လုပ်ဖော်ဆောင်ဖက်များ၏ကူညီထောက်ပံ့ခြင်းနှင့် ခွန်အားပေးခြင်းကို မခံရသောကြောင့်ဖြစ်သည်။

အခန်းငယ် ၇ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအားမိမိသည် မာကေဒေါနိပြည်၌ ဆင်းရဲဒုက္ခကိုရင်ဆိုင်နေရချိန်တွင် ဘုရားသခင်သည် တိတုအားဖြင့်သာ နှစ်သိမ့်ခြင်းကိုပေးခဲ့သည်မဟုတ်၊ တိတုယူဆောင်လာသော ကောရိန္သုအသင်းသားများ၏ သတင်းစကားကြောင့်လည်း နှစ်သိမ့်ခြင်းကို ရရှိခဲ့ကြောင်း အသိပေးခဲ့သည်။ တိတုသည် ထိပ်တိုက်ရင်ဆိုင်ပြဿနာဖြေရှင်းခြင်းစာကို ရှင်ပေါလုထံမှယူဆောင်ကာ ကောရိန္သုအသင်းသားများအားပေးခဲ့ပြီး၊ ၎င်းတို့ကလည်း တိကျမှန်ကန်စွာ ပြန်လည်တုန့်ပြန်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏အပြစ်ဒုစရိုက်အပေါ်၌ မြည်တမ်း၊ နောင်တရခဲ့ကြပြီး၊ ရှင်ပေါလု၏ ဒုက္ခဝေဒနာအပေါ်၌ နောက်ထပ်ဒုက္ခဝေဒနာများကိုထပ်လောင်းပေးခဲ့မိခြင်းအတွက် ဝမ်းနည်းနောင်တရခဲ့ကြသည်။ ဤသတင်းစကားကိုရှင်ပေါလုက တိတုထံမှကြားသောအခါ ကြီးမားသောနှစ်သိမ့်ခြင်းနှင့်သက်သာခြင်းကို ခံစားခဲ့ရသည်။ ရှင်ပေါလုအနေဖြင့် ကောရိန္သုအသင်းသားများက သူ့ကိုဆက်လက်၍ ဂရုစိုက်နေကြကြောင်းကိုလည်းကောင်း၊ မိမိ၏

စာကသူတို့ကို ခွန်အားသစ်များပေးခဲ့သည့်အကြောင်းကိုလည်းကောင်း သိရှိရခြင်းသက်သက်၌ ကောင်းကြီးမင်္ဂလာကို ရှာတွေ့ခဲ့ပါသည်။

သင်သည်လည်း အခြားသူများထံမှ ကြားနာရခြင်းဖြင့်ခွန်အား သစ်များကို ရရှိကောင်းရရှိခဲ့ပါလိမ့်မည်။ ထိုအရာသည် တစ်စုံတစ်ယောက်က သင့်ကိုအရေးစိုက်နေပါသည်ဟူသောအချက်ကို ပြသပေးသော ဖုန်းခေါ်ပြော ဆိုခြင်း၊ လာရောက်လည်ပတ်ခြင်း၊ နှစ်သိမ့်စကားပြောခြင်းတို့ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏စာအုပ်များကို လက်ခံရယူခဲ့ ကြသော သင်းအုပ်များ (သို့) ခရစ်ယာန်အမှုတော်ဆောင်များထံမှ ထိုစာအုပ် များသည် ၎င်းတို့၏အသက်တာအတွက် အထောက်အကူဖြစ်စေခဲ့ကြကြောင်း ကို ဖော်ပြသောစာများအားဖြင့် အမြဲကောင်းကြီးမင်္ဂလာခံစားခဲ့ရသည်။ သူတစ်ပါးကို ခွန်အားရရန်နှင့် ကောင်းကြီးပေးရန်ရိုးစင်းသောဟန်အမူအရာ ၏အစွမ်းအာနိသင်ကို ကျွန်ုပ်တို့သိရှိကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ချစ်ခြင်း မေတ္တာကို ရိုးစင်း၍လက်တွေ့ကျသောနည်းလမ်းဖြင့် ပြသပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်ယာန်အမှုတော်ဆောင် (သို့) ယုံကြည်သူတစ်ယောက်ကို ကောင်းမြတ်လှသော ဘုရားသခင်၏အမှုတော်၌ ဆက်လက်တည်တံ့နေဖို့ တိုက်တွန်း၍ ကောင်းကြီးပေးသောသူများဖြစ်နိုင်ကြသည်။

အခန်းငယ် ၈ တွင် ရှင်ပေါလုက တိတုနှင့်အတူ ကောရိန္သုအသင်း သားများထံသို့ ရေးသားပေးပို့ခဲ့သော ခက်ထန်ကြမ်းတမ်းသည့်စာနှင့် ပတ်သက်၍ မိမိ၏ခံစားချက်ကို ဖော်ပြခဲ့သည်။ အချို့က ဤစာသည် ကောရိန္သု ဩဝါဒစာပထမစောင်ဖြစ်သည်ဟု ယုံကြည်ထားကြပြီး၊ ဤဩဝါဒစာပထမ စောင်တွင် ရှင်ပေါလုက အသင်းတော်အတွင်းရှိ အလွန်ပြင်းထန်လေးနက် သောပြဿနာအချို့ကို လိပ်မူရေးသားခဲ့သည်ဟု ယုံကြည်ထားကြသည်။ သူ သည်ကောရိန္သုအသင်းသားများအား ဖခင်ဖြစ်သူ၏ ဇနီးနှင့်အတူအိပ်စက်နေ

ခဲ့သောသူတစ်ယောက် ကိုအသင်းတော်ထဲ၌ ဆက်လက်၍လက်ခံထားရှိခဲ့ကြသောကြောင့်ပြစ်တင်ဝေဖန်ခဲ့သည်။ အသင်းသားများအကြား၌ရှိနေခဲ့သောစိတ်ဝမ်းကွဲမှုများအတွက်လည်း သူတို့ကိုစိန်ခေါ်တိုက်တွန်းခဲ့သည်။ ချစ်ခြင်းမေတ္တာကင်းမဲ့မှု၊ ဝိညာဉ်စွမ်းရည်ဆုများကို တလွဲအသုံးပြုနေမှုများအတွက်လည်းသူတို့ကို ကြိမ်းမောင်းပြစ်တင်ခဲ့သည်။

ဤစာစောင်သည် ယုံကြည်သူများအကြား၌ ပြဿနာကိုဖြစ်စေသကဲ့သို့ဝမ်းနည်းခြင်းနှင့် သောကရောက်ခြင်းတို့ကို ဖြစ်စေခဲ့သည်။ ထို့ကြောင့်အချို့က ရှင်ပေါလုကို ကျောခိုင်းခဲ့ကြသည်။ ရှင်ပေါလုမှာလည်း မိမိအလွန်ခက်ထန်ခဲ့သောကြောင့် အသင်းသားများကို စိတ်ပျက်ဝမ်းနည်းစေခဲ့လေသလားဟု မေးခွန်းထုတ်ခဲ့ရသည်။ သို့သော် အခြားတစ်ဖက်တွင် ဤစာစောင်သည်သူတို့ကို စိတ်ထိခိုက်စေခဲ့သော်လည်း၊ မှန်ကန်သောလမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိလာဖို့ မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြောင်း ရှင်ပေါလုသဘောပေါက်ခဲ့သည်။ ၎င်းတို့၏အသင်းတော်၌ရှိနေသော အပြစ်ဒုစရိုက်ကိုလက်ညှိုးထိုးဖော်ပြပေးရန်မှာ မိမိ၏တာဝန်ဖြစ်ကြောင်း သူသဘောပေါက်ခဲ့သည်။

သားသမီးများ၏ ဆိုးသွမ်းသောအပြုအမူများနှင့် ပတ်သက်၍မည်သို့မျှပြောဆိုခြင်းမရှိသော မိဘများကိုစိတ်ကူးကြည့်ပါ။ ကလေးတစ်ယောက်ကိုစည်းကမ်းဖြင့် ကြပ်မတ်ပေးခြင်း (သို့) သွန်သင်ပေးခြင်းမရှိသော ဆရာတစ်ယောက်ကို စိတ်ကူးကြည့်ပါ။ ကျွန်ုပ်တို့၏ သားသမီးများအား ၎င်းတို့၏အမှားများကို မဖော်ပြပေးလျှင် ကျွန်ုပ်တို့သည်၎င်းတို့အပေါ်၌ ထိခိုက်နစ်နာမှုကြီးတစ်ခုကို ဖန်တီးနေကြခြင်းသာဖြစ်လိမ့်မည်။ သူတို့ကို ကျွန်ုပ်တို့ချစ်မြတ်နိုးလျှင် သူတို့၏အမှားများကိုပြင်၍ အမှန်ကိုသွန်သင်ပေးကြရမည်ဖြစ်သည်။ ရှင်ပေါလုက မိမိ၏လုပ်ရပ်ကို ဤအတိုင်းရှုမြင်ခဲ့သည်။ ရှင်ပေါလု၏ တင်းမာ

သောဆုံးမပဲ့ပြင်ပေးမှုသည် ကောရိန္သုအသင်းသားများအား နောင်တတရား ဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ ရှင်ပေါလု၏စာသည် ကောရိန္သုအသင်း သားများအား မိမိတို့၏အသင်းတော်၌ ဖြစ်ပျက်နေသည့်အရာ၏ ပြင်းထန် ပုံကို သိရှိခွင့်ပေးခဲ့သည်။

ဝိညာဉ်ရေးခေါင်းဆောင်များအဖြစ်နှင့် ပြင်းထန်သောစကားလုံးများ ကိုပြောဖို့ ဘုရားသခင်ကကျွန်ုပ်တို့ကိုဆင့်ခေါ်သည့်အချိန်များရှိပါလိမ့်မည်။ ဤစကားလုံးများကို လွယ်လင့်တကူလက်ခံခဲ့ကြမည်မဟုတ်သော်လည်း၊ ဤ စကားလုံးများသည် သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို အားသစ်လောင်း ပေးရာ၌ မရှိမဖြစ်လိုအပ်ကြသည်။ နောက်ဆုံးသည် ဤပြင်းထန်သောစကား လုံးများသည် ကောရိန္သုအသင်းတော်၌သာ၍ နက်နဲသောသန့်ရှင်းစင်ကြယ် ခြင်းကိုဆောင်ယူလာခဲ့သောကြောင့် ရှင်ပေါလုဝမ်းမြောက်ခဲ့ရသည်။ အသင်း တော်မှာ ပို၍ကျန်းမာသန်စွမ်းလာပြီး၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၌ အားမာန် ပြည့်ဝသောသက်သေဖြစ်လာခဲ့သည်။ အမှားကိုပြန်လည်ဆင်ပြင်၍ သန့်ရှင်း စင်ကြယ်ခြင်းကို ပြန်လည်သွတ်သွင်းခဲ့ကြသည်။ ကောရိန္သုအသင်းသားများ၏ ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းကြေကွဲမှုသည် နောင်တရား ကိုဆောင်ယူလာခဲ့ပြီး၊ ၎င်းတို့ကိုမိမိတို့၏ ကယ်တင်ရှင်နှင့် သာ၍နက်နဲသော ဆက်ဆံရင်းနှီးခြင်းဆီသို့ ဦးဆောင်သွားခဲ့သည်။

အခန်းငယ် ၁၀ တွင် ရှင်ပေါလုက ဘုရားသခင်၏အလိုတော်နှင့် ညီသောဝမ်းနည်းကြေကွဲခြင်းနှင့် လောကီဝမ်းနည်းကြေကွဲခြင်းတို့၏ ခြားနား ချက်ကို နှိုင်းယှဉ်ပြသခဲ့သည်။ ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်း ကြေကွဲခြင်းသည် ယူကြုံးမရဖြစ်ခြင်းမရှိဘဲ နောင်တရခြင်းနှင့် အောင်နိုင် ခြင်းကိုပေးပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားသခင်၏အလိုတော်

နှင့်ညီသော ဝမ်းနည်းကြေကွဲခြင်းသည် အမှားပြင်ပေးခြင်းကို လက်ခံထွေးပွေ့ရန် စိတ်နှလုံးတံခါးများကို ဖွင့်ထားပေးသည်။ ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်း ရှင်ပေါလု၏စာသည် ကောရိန္သုအသင်းသားများအား ခေတ္တခဏဝမ်းနည်းစေခဲ့ပါသည်။ သို့သော် ကောရိန္သုအသင်းသားများမှာ ဘုရားကိုချစ်ကြောက်ခြင်း၌ ကြီးထွားလာခဲ့ကြသည်။ ယုံကြည်သူတို့သည် မိမိတို့၏စိတ်နှင့်အပြုအမူများကို ပြောင်းလဲခဲ့ကြပြီး၊ အပြစ်ကျူးလွန်ခြင်းအခြေအနေအမျိုးမျိုးမှ လွတ်ခြင်းကိုခံခဲ့ကြသည်။

လောကီဝမ်းနည်းကြေကွဲခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်ညီသောဝမ်းနည်းကြေကွဲခြင်းနှင့် ကွာခြားသည်။ လောကီဝမ်းနည်းကြေကွဲခြင်းသည် ဘုရားသခင်အပေါ်၌လည်းကောင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၌လည်းကောင်း စူးစိုက်မထားပါ။ လောကီဝမ်းနည်းကြေကွဲခြင်းသည် လူတစ်ဦးတစ်ယောက်၏ ဒဏ်ရာရနေသော မာန်မာနပေါ်တွင် စူးစိုက်ထားသည်။ လောကီဝမ်းနည်းကြေကွဲခြင်းသည် ဂုဏ်သတင်းမှေးမှိန်စွန်းထင်းသွားခဲ့၍လည်းကောင်း၊ တပ်မက်မှုတစ်ခုကို မလုပ်လိုက်ရ၍လည်းကောင်း ပူဆွေးနေပါသည်။ လောကီဝမ်းနည်းခြင်းသည် ဤလောက၌ယာယီသာအဖိုးထိုက်သောအရာတစ်ခုခုကို ဆုံးရှုံးလိုက်ရသောအကြောင်း ပူဆွေးခြင်းဖြစ်သည်။ လောကီဝမ်းနည်းခြင်းကစူးစိုက်ထားသောအရာမှာ ဘုရားသခင်၌မဟုတ်၊ ထိုဆုံးရှုံးမှုအားဖြင့် ဘုရားသခင်အထမြောက်ပြည့်စုံစေလိုသောအရာ၌မဟုတ်၊ အတ္တဆန်သောစိတ်ဆန္ဒများနှင့် ကိုယ့်ကိုယ်ကိုသာ ဂရုဏာသက်ခြင်းအပေါ်တွင်ဖြစ်သည်။

ကောရိန္သုအသင်းသားများ ပူပန်သောကရောက်နေခဲ့ကြသည့်အကြောင်းမှာ ဘုရားသခင်ကိုဝမ်းနည်းကြေကွဲစေခဲ့ကြသောကြောင့်ဖြစ်သည်

(ငယ် ၁၁)။ ဤပူပန်သောကသည် သန့်ရှင်းသောဝိညာဉ်ထံမှ ရောက်ရှိလာခဲ့ပြီး၊ အသင်းတော်ကို နောင်တရခြင်းဆီသို့ ဆောင်ယူသွားခဲ့သည်။ ရလာဒ်မှာယုံကြည်ခြင်း၌လေးနက်ပြင်းထန်လာခြင်းနှင့် ရိုးသားဖြူစင်ခြင်းဖြစ်သည်။

ရှင်ပေါလု၏ ခက်ထန်မာကြောသောစာက ကောရိန္သုအသင်းသားများအား အခြားအရာတစ်ခုကိုလည်း ပြည့်ဝန်ပေးခဲ့သည်။ ထိုစာသည် ကောရိန္သုအသင်းသားများအား သူတို့သည်ဘုရားသခင်၏ ဘုန်းတော်အတွက်တည်းဟူသော တူညီသည့်ရည်ရွယ်ချက်အတွက် ရင်ဆိုင်တိုက်လှန်နေကြကြောင်းကို ပြည့်ဝန်ပေးခဲ့သည်။ ရှင်ပေါလုက ခမည်းတော်ရှေ့၌ သူတို့အားလုံးသည် တစ်လုံးတစ်ဝတည်းဖြစ်လာကြဖို့ ဤပြင်းထန်သောစာကိုရေးသားခဲ့ရခြင်းဖြစ်ကြောင်း ကောရိန္သုအသင်းသားများအား ရှင်းရှင်းလင်းလင်းပြောပြခဲ့သည် (ငယ် ၁၂)။ ထိုစာနှင့်ထိုစာ၏ရလာဒ်ဖြစ်သော နောင်တရခြင်းက အသင်းတော်ကို မူလအခြေအနေ၌ ပြန်လည်ထားရှိ၍ ၎င်းတို့သည်ရှင်ပေါလုနှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြကြောင်းကို သေချာစေခဲ့ရုံသာမက တိတုအတွက်လည်း အလွန်ကြီးမားသော ခွန်အားသစ်များကိုဆောင်ယူလာခဲ့ပေးပါသည် (ငယ် ၁၃)။ အသင်းတော်က မိမိတို့၏အပြစ်ဒုစရိုက်များကိုဖြေရှင်းစွန့်လွှတ်ဖို့ လိုလိုလားလားရှိနေခဲ့ပုံကို တွေ့မြင်ခဲ့သောတိတုမှာ ကောင်းကြီးခံစားခဲ့ရပါသည်။ အသင်းတော်သည် ၎င်းတို့ကိုရှင်ပေါလုနှင့် ဘုရားသခင်ထံမှ ကွဲကွာစေခဲ့သော ပြဿနာများကိုဖြေရှင်း၍ စွန့်လွှတ်ရန်ပြင်းပြမှုရှိနေခဲ့ခြင်းကို တိတုတွေ့မြင်ရသောအခါ တိတုသည်မိမိ၏ဝိညာဉ်ရေးအသက်တာ၌ အားသစ်လောင်းပေးခြင်းကို ခံခဲ့ရသည်။

ရှင်ပေါလုသည် ကောရိန္သုယုံကြည်သူများအတွက် ဂုဏ်ယူခဲ့သည်။ ရှင်ပေါလုသည် ကောရိန္သုအသင်းသားများအကြောင်းကိုလည်းကောင်း၊

ကောရိန္သုအသင်းသားများ သခင်ဘုရားအတွက်စိတ်ဓါတ်ပြင်းထန်နေမှု အကြောင်းကိုလည်းကောင်း တိတုထံ၌ ဂုဏ်ယူဝင့်ကြွားစွာပြောဆိုခဲ့သည် (ငယ် ၁၄)။ ရလာဒ်မှာ တိတုသည်ကောရိန္သုအသင်းတော်ကို ပို၍ချစ်မြတ်နိုး လာခြင်းဖြစ်သည်။ တိတုသည် အမှုတော်ဆောင်ဖို့ ကောရိန္သုမြို့သို့သွားရောက် သောအခါ အသင်းတော်သည် ၄င်းကိုနွေးထွေးပျူငှါစွာဖြင့် ရိုသေလေးစား ခြင်း၌ လက်ခံကြိုဆိုခဲ့ကြသည်။ ဤအချင်းအရာအားလုံးက ဤအသင်းတော်၌ ရှိနေသော ဘုရားသခင်၏အမှုတော်အပေါ်တွင် ကြီးမားသောစိတ်ချမှုတစ်ခု ကိုရှင်ပေါလုအား ပေးခဲ့သည်။ ကောရိန္သုအသင်းသားများထံ၌ ရေးသားပေး ပို့ခဲ့သော ရှင်ပေါလု၏စာသည် ပြင်းထန်မာကြောခဲ့သော်လည်း ထိုစာသည် ၄င်းတို့ကိုဘုရားသခင်နှင့် သာ၍နက်နဲသောဆက်ဆံရင်းနှီးခြင်းဆီသို့ ဆောင် ယူသွားခဲ့သည်။ သူတို့သည်ဘုရားသခင်၏နိုင်ငံတော်အတွက် ပို၍အစွမ်းထက် သောတန်ဆာပလာများ ဖြစ်လာခဲ့သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်ရဲ့အပြစ်ကြောင့် သင့်ကိုထိပ်တိုက်ရင်ဆိုင်ပြောဆိုခံရသည့် အခြေအနေကို သင်ကြုံတွေ့ဖူးပါသလား။ ထိုအတွေ့အကြုံသည် လွယ်ကူခဲ့ပါသလား။ သင့်ရဲ့အပြစ်ကိုဝန်ချတောင်းပန်ခဲ့ခြင်း၏ ရလာဒ်မှာအဘယ်နည်း။
- သင့်အသက်တာ၌ ကျိုးပဲ့ပျက်စီးနေသော ဆက်ဆံရေးများရှိ၊ မရှိကို စဉ်းစားသုံးသပ်ဖို့ အချိန်အနည်းငယ်ယူပါ။ ဤဆက်ဆံရေးများနှင့် စပ်လျဉ်း၍ ဘုရားသခင်က သင့်ကိုမည်သည့်အရာပြုလုပ်စေချင်မည် နည်း။

- ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းနှင့်လောကီ ဝမ်းနည်းခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။ ထိုဝမ်းနည်းခြင်း နှစ်မျိုးကို ရောထွေး၍တစ်ခုနှင့်တစ်ခု မှားယွင်းမှတ်ယူနိုင်ပါသလား။
- သင်သည် သခင်ခရစ်တော်နှင့်ပို၍ သဏ္ဍာန်တူလာပြီး၊ သာ၍နက်နဲ သောသန့်ရှင်းစင်ကြယ်ခြင်း၌ ကြီးထွားလာဖို့ မည်သည့်အရာကို လိုလိုလားလားပြုလုပ်လိုသနည်း။ သခင်ခရစ်တော်နှင့်ပို၍ သဏ္ဍာန် တူလာခြင်းမှ သင့်ကိုမည်သည့်အရာက ဆီးတားနေပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်၏ဘုန်းတော်ကိုလည်းကောင်း၊ သာ၍နက်နဲသော သန့်ရှင်းစင်ကြယ်ခြင်းကိုလည်းကောင်း ရှာကြံသောစိတ်နှလုံးကို ပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင့်အသက်တာရှိ ကျိုးပဲ့ပျက်စီးနေသော ဆက်ဆံရေးများကို ကုစား ပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ညီအစ်ကိုမောင်နှမတစ်ယောက်၏ ပြစ်တင်ဆုံးမခြင်းကိုခံယူ၍ လိုအပ်သောပြောင်းလဲမှုများကို ပြုလုပ်ရန်သင့်ရဲ့စိတ်နှလုံးကို ဖွင့်ဟ ပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သာသနာလုပ်ငန်း၌ သင်နှင့်အတူလာရောက်လုပ်ကိုင်သောသူများ အတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။ ယနေ့၌ဘုရားသခင် ကသင့်ဘက်မှသွားရောက်၍ ခွန်အားပေးစေလိုသောသူတစ် ယောက်ရှိ၊ မရှိကို တောင်းလျှောက်ပါ။

၁၄
# စွန့်ကြဲပေးကမ်းခြင်းကျေးဇူးတော်

၂ကော ၈း၁-၉ ကိုဖတ်ရှုပါ။

ရှင်ပေါလုသည် ကောရိန္သုအသင်းသားများအား အချင်းချင်းပြန်လည်သင့်မြတ်ကြ၍၊ ၎င်းတို့ကိုစိတ်ဝမ်းကွဲစေသည့် ပြဿနာများကိုဖြေရှင်းကြဖို့ကိုသာအလိုရှိခဲ့သည်မဟုတ်၊ ၎င်းတို့ကိုလည်း သဒ္ဒါတရားထက်သန်သော အသင်းတော်တစ်ပါးဖြစ်စေလိုခဲ့သည်။ ဤအခန်းကြီးတွင် ရှင်ပေါလုက စွန့်ကြဲပေးကမ်းခြင်းအမှုတော်၏ အရေးပါပုံကို အသားပေးပြောပြထားသည်။

အခန်းငယ် ၁ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မာကေဒေါနိပြည်တစ်ဝိုက်၌ သူမြင်တွေ့ကြုံတွေ့ခဲ့သောအရာကို ပြောပြခြင်းဖြင့်အစပြုခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်သည် မာကေဒေါနိပြည်တစ်ဝိုက်မှ အသင်းတော်များထံ၌ကြီးမားသော ကျေးဇူးတော်ကိုပေးခဲ့ကြောင်း ပြောပြခဲ့သည်။ ကျေးဇူးတော်ဆိုသည်မှာ အဘယ်နည်း။ ကျေးဇူးတော်ဆိုသည်မှာ ကျွန်ုပ်တို့နှင့်မထိုက်မတန်ဘဲရရှိသော ဘုရားသခင်၏မျက်နှာသာပေးမှုဖြစ်သည်။ ကျွန်ုပ်တို့၏ဖြစ်တည်မှုအတိုင်း ပေးထားခြင်းမဟုတ်သော ဘုရားသခင်၏ကောင်းကြီးမင်္ဂလာဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်နှင့် အားနည်းချက်များကို မထောက်ထားသော ဘုရားသခင်၏စွမ်းဆောင်ပေးမှုဖြစ်သည်။ မာကေဒေါနိပြည်တစ်ဝိုက်ရှိ အသင်းတော်များ

သည် ၎င်းတို့၏အသက်တာ၌ ဘုရားသခင်ထံမှ သီးသန့်မျက်နှာသာပေးမှုကို ရရှိခံစားခဲ့ကြပြီး၊ ရှင်ပေါလုက ထိုအကြောင်းကို ကောရိန္သုမြို့မှ ယုံကြည်သူများအား ပြောပြလိုခဲ့သည်။

ရှင်ပေါလုက မာကေဒေါနိပြည်တစ်ဝိုက်ရှိ အသင်းတော်များသည် ပြင်းထန်သောစစ်ကြောစုံစမ်းခြင်းနှင့် လွန်ကဲသောဆင်းရဲမွဲတေခြင်းကို ဖြတ်သန်းနေကြကြောင်း ပြောပြခဲ့သည်။ ဤအသင်းတော်များသည် အခက်အခဲများနှင့် ဆန့်ကျင်ရန်ပြုခံရခြင်းများစွာကို ကြုံတွေ့ခဲ့ကြသည်။ သို့သော် အလွန်ပြင်းထန်သော ဆင်းရဲခြင်းဒုက္ခကို ကြုံတွေ့နေလင့်ကစား အသင်းတော်များသည် ဝမ်းမြောက်ခြင်း၊ သဒ္ဓါတရားထက်သန်ခြင်းတို့နှင့် ပြည့်လျှံနေခဲ့ကြကြောင်းကိုသတိပြုပါ (ငယ် ၂)။ ဤအရာသည် ၎င်းတို့၏ လွန်ကဲလှသောဆင်းရဲမွဲတေခြင်းကို အံ့အားသင့်ဖွယ် သဒ္ဓါတရားထက်သန်ခြင်းအဖြစ်သို့ ပြောင်းလဲရန် ၎င်းတို့ကိုအစွမ်းအစများပေးသနားတော်မူသည့် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဖြစ်သည်။ ပြင်းထန်သောဆင်းရဲဒုက္ခအလယ်၌ပင် သူတို့သည်ဝမ်းမြောက်ခြင်းနှင့် ပြည့်လျှံနေခဲ့ကြသည်။

ဤကဲ့သို့သောသူများကို တွေ့ကြုံရခြင်းသည် အလွန်ကြီးမားသော ကောင်းကြီးမင်္ဂလာတစ်ပါးမဟုတ်ပါလား။ သူတို့သည် အသက်တာ၌ခက်ခဲပင်ပန်းခြင်းမှလွဲ၍ မည်သည့်အရာကိုမျှ မပိုင်ဆိုင်ကြသော်လည်း သူတို့သည် ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝနေခဲ့ကြသည်။ သူတို့သည် ဤလောကစည်းစိမ်နှင့် စပ်လျဉ်း၍ အနည်းငယ်ကိုသာ ပိုင်ဆိုင်ခဲ့ကြသော်လည်း၊ သဒ္ဓါတရားထက်သန်စွာပေးလှူခဲ့ကြသည်။ ပြင်းထန်သောညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆင်းရဲဒုက္ခကို ကြုံတွေ့ရသောကျွန်ုပ်တို့သည် ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့နှင့်သာပြည့်နေကြပါလိမ့်မည်။ ရှောင်လွှဲ၍မရသော ဘဝအခက်အခဲများကို စိတ်နှလုံး၌ ဝမ်းမြောက်ခြင်းနှင့်အတူ ရင်ဆိုင်နိုင်သောအစွမ်းသည် ကောင်းကြီး

မဂ်လာမဟုတ်ပါလား။ ဤသည်မှာ ဘုရားသခင်ထံမှကြွယ်ဝပြည့်စုံသော ဆုလာဒ်တစ်ပါးဖြစ်သကဲ့သို့ ဘုရားသခင်က ဤယုံကြည်သူများကိုပေးခဲ့သော ဆုလာဒ်တစ်ပါးလည်းဖြစ်သည်။ ဘုရားသခင်သည် ညှင်းပန်းနှိပ်စက်ခြင်း အလယ်တွင်သူတို့၏စိတ်နှလုံး၌ ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝစေခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်အသီးသည် ၎င်းတို့၏အထဲ၌လျှံတက်နေခဲ့ပြီး ၎င်းတို့၏ စိတ်ဝိညာဉ်ကို ဖုံးလွှမ်းသွားခဲ့သည်။ ကျွန်ုပ်တို့အားလုံးကဤအရာကို ကြုံတွေ့လိုသောဆန္ဒသာရှိလျှင် ကြုံတွေ့နိုင်ပါသည်။

ရှင်ပေါလုက ဘုရားသခင်၏ဝိညာဉ်တော်သည် ဆင်းရဲနုံချာသော ဤသန့်ရှင်းသူတို့၏ အသက်တာကို တို့ထိခဲ့သောကြောင့် သူတို့သည်မိမိပေး ကမ်းနိုင်သည့်အတိုင်း ပေးခဲ့ရုံသာမက ထိုထက်ပင်ပို၍ပေးကမ်းခဲ့ကြသည်ဟု ကောရိန္သုအသင်းသားများကို ပြောပြခဲ့သည်။ ထိုသို့ပေးကမ်းလှူဒါန်းဖို့သူတို့ကို မည်သူကမျှ မတောင်းဆိုခဲ့သော်လည်း ဘုရားသခင်ကိုကျေးဇူးတင်ခြင်းနှင့် ပြည့်လျှံနေသောနှလုံးသားမှ မိမိတို့စိတ်စေတနာရှိသည့်အတိုင်း ပေးကမ်း လှူဒါန်းခဲ့ကြသည်။ ဤအချင်းအရာကိုရှင်ပေါလုက မာကေဒေါနိယုံကြည်သူ များထံ၌ ဘုရားသခင်ပေးခဲ့သည့် အံ့ဖွယ်ကျေးဇူးတော်ဆုလာဒ်တစ်ပါးအဖြစ် ရှုမြင်ခဲ့သည်။ ဤယုံကြည်သူများသည် ထိုသို့ပေးကမ်းလှူဒါန်းခြင်းအတွက် ရှင်ပေါလု၏ လှုံ့ဆော်တိုက်တွန်းမှုကို မလိုအပ်ခဲ့ကြပါ။ သူတို့ကိုလှုံ့ဆော်တွန်း ပို့နေသော သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြဦးဆောင်ခြင်းနှင့် လမ်းညွှန် ပေးခြင်းတို့အောက်၌ ထိုအတိုင်းပေးလှူခဲ့ကြခြင်းဖြစ်သည်။ အခန်းငယ် ၄တွင် သူတို့သည် ဤအခွင့်အရေးကိုရရှိဖို့ ရှင်ပေါလုအားတောင်းပန်ခဲ့ကြသည်ကို သတိပြုပါ။ ဤမာကေဒေါနိယုံကြည်သူများသည် မိမိတို့ကဲ့သို့ဒုက္ခရောက်နေ သောသူများကို စိတ်သက်သာရာရစေဖို့ ကူညီပေးရန်အခွင့်အရေးကို အနူး အညွတ်တောင်းပန်ခဲ့ကြသည်။

ဤကဲ့သို့သော သဒ္ဓါတရားထက်သန်လှသည့် ပုဂ္ဂိုလ်များမရှိလျှင်၊ နိုင်ငံတော်၏အမှုတော်မှာ တိုးတက်ခဲ့မည်မဟုတ်ပါ။ စွန့်လွှတ်ပေးကမ်းသော သူများသည် အမှုတော်လုပ်ငန်း၏အသက်တမျှအရေးပါသောသူများဖြစ်ကြသည်။ သူတို့သည် လက်တွေ့၌လိုအပ်သောအရာများကို ပံ့ပိုးပေးကမ်းခြင်းဖြင့် အမှုတော်လုပ်ငန်းများကို ဆက်လက်တည်တံ့နိုင်ရန် စွမ်းဆောင်ပေးကြသည်။

အခန်းငယ် ၅ တွင် ရှင်ပေါလုက မာကေဒေါနိပြည်ရှိ ယုံကြည်သူများသည် မိမိမျှော်လင့်ထားခဲ့သကဲ့သို့ မပေးကမ်းခဲ့ကြကြောင်းကို ကောရိန္သုအသင်းသားများအား ပြောပြခဲ့သည်။ မာကေဒေါနိယုံကြည်သူများသည် ရှေးဦးစွာမိမိတို့ကိုယ်ကို သခင်ဘုရားအားပေးလှူခဲ့ကြသည်။ ဆိုလိုသည်မှာ သူတို့သည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ မိမိတို့ပိုင်ဆိုင်သောအရာများကိုလည်းကောင်း အရာခပ်သိမ်းကို သခင်ဘုရားအားပေးလှူခဲ့ကြသည်။ မိမိတို့ပိုင်ဆိုင်သောမည်သည့်အရာကိုမျှ မိမိတို့အပိုင်ပစ္စည်းအဖြစ် မမှတ်ယူခဲ့ကြပါ။ အရာခပ်သိမ်းကို သခင်ဘုရားအားဘုန်းတော်အတွက် ပေးလှူခဲ့ကြသည်။ ဤကဲ့သို့သောဆက်ကပ်အပ်နှံမှုမှာ သူတို့သည် တမန်တော်များ၏အမှုတော်လုပ်ငန်းဆီသို့လည်းကောင်း၊ အခြားနေရာဒေသများရှိ နိုင်ငံတော်၏လိုအပ်ချက်များဆီသို့လည်းကောင်း ပေးလှူခဲ့ကြသည်။

မိမိတို့ကိုယ်ကို ရှေးဦးစွာသခင်ဘုရားအား မပေးလှူဘဲ၊ မိမိတို့ရှိသမျှသောအရာအားလုံးကို သခင်ဘုရားအားပေးလှူရန်မှာ လူတို့အတွက်ဖြစ်နိုင်ချေရှိသောအရာဖြစ်သည်။ ဤကဲ့သို့သောနည်းလမ်းဖြင့် ပေးလှူသောသူများက မိမိတို့ပိုင်ဆိုင်သောအရာအားလုံးသည် မိမိတို့နှင့်သာသက်ဆိုင်သည်ဟု ယုံကြည်ထားကြသည်။ သူတို့သည် မိမိတို့၏ငွေကြေးအချို့ကိုလည်းကောင်း၊ မိမိတို့၏အရင်းအမြစ်အချို့ကိုလည်းကောင်း ပေးကမ်းစွန့်ကြဲလိုက်ခြင်းဖြင့်

မိမိတို့သည် သဒ္ဓါတရားထက်သန်သောသူများ၊ အကြင်နာတရားရှိသော သူများ၊ စေတနာစိတ်ရှိသောသူများအဖြစ် မှတ်ယူခံစားကြသည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်း၌ ပေးလှူခြင်းဖြင့် ဘုရားသခင်ကိုမျက်နှာသာပေး ကူညီနေကြသည်ဟု ထင်မှတ်ကြသည်။ ဤသည်မှာ မာကေဒေါနိယုံကြည်သူတို့၏ စိတ်ထားမဟုတ်ပါ။ သူတို့သည် မိမိတို့၏ငွေကြေးအားလုံးနှင့် ပိုင်ဆိုင်မှုအားလုံးသည် ဘုရားသခင်နှင့်သက်ဆိုင်နေခဲ့ပြီးဖြစ်ကြောင်းကို အသိအမှတ်ပြုခဲ့သည်။ သူတို့ပေးလှူသောအခါတွင်လည်း ဘုရားသခင်ကို ကူညီပံ့ပိုးပေးနေသကဲ့သို့ မပေးလှူခဲ့ကြပါ။ ဘုရားသခင်၏ အရင်းအမြစ်များကို ဘုရားသခင်က အသုံးပြုလိုသောနေရာဆီသို့ ပေးပို့ခြင်းသဘောမျိုးဖြင့်သာ ပေးလှူခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏အရင်းအမြစ်များကို စီမံခန့်ခွဲစောင့်ရှောက်ရသော ဘဏ္ဍာထိန်းများမျှသာဖြစ်ခဲ့ကြသည်။

မာကေဒေါနိယုံကြည်သူများက ကျွန်ုပ်တို့လိုက်လျှောက်ကျင့်သုံးဖို့ အလွန်အစွမ်းထက်သော ပုံဥပမာတစ်ခုကိုပေးထားကြသည်။ ရှေးဦးစွာသူတို့သည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ မိမိတို့ပိုင်ဆိုင်သော အရာခပ်သိမ်းကိုလည်းကောင်း သခင်ဘုရားအားပေးအပ်ခဲ့ကြသည်။ အရာခပ်သိမ်းကို သူတို့စွန့်လွှတ်ပေးအပ်ခဲ့ကြသည်။ သူတို့အတွက် မည်သည့်အရာကိုမျှ ရသင့်ရထိုက်သည်ဟု မခံယူခဲ့ကြပါ။ အရာခပ်သိမ်းသည် ဘုရားသခင်၏ပိုင်ဆိုင်မှုများသာဖြစ်သည်။ ဤအရင်းအမြစ်များကို သခင်ဘုရားကဆီလျော်သည်ဟု လမ်းညွှန်ပေးသည့်အတိုင်းသူတို့ လမ်းကြောင်းဖော်ပေးပို့ခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ဤသို့ဖြစ်ကြရမည်မဟုတ်ပါလား။ ကျွန်ုပ်တို့၌ရှိသောအရင်းအမြစ်များ၏ အစိတ်အပိုင်းတစ်ချို့ကို ဘုရားသခင်အားပေးလှူခြင်းဖြင့် ကျွန်ုပ်တို့ ကျေနပ်အားရမနေသင့်ပါ။ ကျွန်ုပ်တို့၌ရှိသမျှအားလုံးကို ဘုရားသခင်အား ပေးလှူထားရမည်။ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့အတွက် ခြွင်းချန်မထား

သင့်ပါ။ ဤအပြုအမူသည် ရှင်ပေါလု၏အဆိုအရ ဘုရားသခင်ကမိမိ၏ သားသမီးများအတွက်ထားရှိသော အလိုတော်ပင်ဖြစ်သည်။ ရှေးဦးစွာ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုလည်းကောင်း၊ ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာအားလုံးကိုလည်းကောင်း ဘုရားသခင်အားပေးအပ်ကြရမည်။ ထိုသို့ပေးအပ်ပြီးနောက် ဘုရားသခင်၏ အရင်းအမြစ်များကို ကျွန်ုပ်တို့မည်သို့အသုံးပြုရမည့်အကြောင်း ဘုရားသခင်ကိုလမ်းညွှန်စေကြရမည်။ အရာခပ်သိမ်းကို ဘုရားသခင်ထံ၌ပေးအပ်၍ ဘုရားသခင်ကျေနပ်အားရတော်မူသည့်အတိုင်း အသုံးပြုဖို့ အဆင်သင့်ပြင်ဆင်ထားကြရမည် (ရောမ ၁၂း၁-၂ ကိုကြည့်ပါ)။

အခန်းငယ် ၆ တွင် ရှင်ပေါလုက ကောရိန္သုအသင်းတော်သို့ တိတုလာရောက်လည်ပတ်ခဲ့စဉ်တွင် အသင်းတော်အားပေးကမ်းစွန့်ကြဲခြင်းဖြင့် ဤဝိညာဉ်စွမ်းရည်ဆုကို ခွန်အားပေးတိုက်တွန်းဖို့ တိတုကိုမိမိအကြံပြုတိုက်တွန်းခဲ့ကြောင်း ကောရိန္သုအသင်းသားများအား ပြောပြခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းတော်ကို မာကေဒေါနိပြည်တစ်ဝိုက်ရှိ အသင်းတော်များ၏ ပုံဥပမာကို လိုက်လျှောက်ကျင့်သုံးသော သဒ္ဓါတရားထက်သန်သည့် အသင်းတော်တစ်ပါးဖြစ်စေလိုခဲ့သည်။ ကောရိန္သုအသင်းတော်မှ ယုံကြည်သူများသည် အခြားကဏ္ဍများတွင် အလွန်ပြောင်မြောက်ခဲ့ကြသည်ကို ရှင်ပေါလုအသိအမှတ်ပြုခဲ့သည်။ သူတို့သည်ယုံကြည်ခြင်း၌လည်းကောင်း၊ အပြောအဆို၌လည်းကောင်း၊ ဉာဏ်ပညာဗဟုသုတ၌လည်းကောင်း၊ စိတ်အားထက်သန်မှု၌လည်းကောင်း၊ ချစ်ခြင်းမေတ္တာ၌လည်းကောင်း၊ ပုံဥပမာကောင်းများဖြစ်ခဲ့ကြသည်။ ပေးကမ်းခြင်းကျေးဇူးတော်၌လည်း အကောင်းဆုံးလုပ်ဆောင်ခြင်းဖြင့် သူတို့၏ယုံကြည်ခြင်း၌ လိုအပ်လျက်ရှိသောအရာကို ပြည့်စုံစေကြဖို့ ရှင်ပေါလုက တိုက်တွန်းခဲ့သည်။ ရှင်ပေါလုက ပေးကမ်းလှူဒါန်းခြင်းသည် အသက်တာ၏ ရှင်သန်ခြင်း၌မရှိမဖြစ် အလွန်အရေးပါသောအရာဖြစ်

ကြောင်း ကောရိန္သုအသင်းသားများအား ပြောပြနေခဲ့သည်။ ပေးကမ်းခြင်းကျေးဇူးတော်၌ ပြောင်မြောက်မှုမရှိသော အသင်းတော်သည်ရင့်ကျက်ဖို့ လိုအပ်သောအသင်းတော်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသဒ္ဓါတရားထက်သန်သောသူများဖြစ်လာဖို့မှာ ဘုရားသခင်၏နှလုံးသားဆန္ဒဖြစ်သည်။

အခန်းငယ် ၈ တွင် ရှင်ပေါလုက မိမိသည်ကောရိန္သုအသင်းသားများအားပေးကမ်းစွန့်ကြဲခြင်းကိုပြုလုပ်ကြဖို့ အမိန့်မပေးခဲ့ကြောင်းရှင်းရှင်းလင်းလင်းပြောပြထားသည်။ သူသည်ကောရိန္သုအသင်းသားများ ပေးကမ်းလှူဒါန်းဖို့အမိန့်ပေးခဲ့နိုင်သော်လည်း ထိုသို့အမိန့်ပေးခဲ့ပါက ထိုပေးကမ်းလှူဒါန်းခြင်းသည် ၎င်းတို့၏စိတ်နှလုံးမှ လာသောအရာဖြစ်ခဲ့မည်မဟုတ်ပါ။ မာကေဒေါနိပြည်တစ်ဝိုက်မှအသင်းတော်များသည် ပေးကမ်းလှူဒါန်းခြင်းကိုပြုလုပ်ကြဖို့တိုက်တွန်းခွန်အားပေးရန်မလိုခဲ့ပါ။ သူတို့သည် ဘုရားသခင်ကိုချစ်သောချစ်ခြင်းမေတ္တာနှင့် သူတို့၏အထဲ၌ရှိနေသော ဝိညာဉ်တော်၏စေ့ဆော်ခြင်းအားဖြင့် မိမိတို့၏စေတနာ စိတ်မှပေးလှူခဲ့ကြခြင်းဖြစ်သည်။ ရှင်ပေါလုသည် ကောရိန္သုအသင်းသားများ အားပေးကမ်းလှူဒါန်းခြင်းအတွက်အတင်းမတိုက်တွန်းလိုခဲ့ပါ။ သူတို့၏စိတ်နှလုံးထဲမှ အလိုအလျောက်ထွက်ပေါ်လာသောသဒ္ဓါတရားအားဖြင့်သာ ပေးကမ်းစေလိုခဲ့သည်။

အမှုတော်လုပ်ငန်းနှင့်စပ်လျဉ်းသော ရှင်ပေါလု၏အတွေးအခေါ်ကိုသတိပြုပါ။ လူတို့အားမည်သည့်အရာကို ပြုလုပ်ကြဖို့ပြောဆိုလမ်းညွှန်ရန်သူ့အနေဖြင့် ဖြစ်နိုင်သော်လည်း ထိုအရာသည်အဆုံးတွင် အကျိုးဖြစ်ထွန်းမည်မဟုတ်ကြောင်းကို သူသိနေခဲ့သည်။ ဥပဒေပညတ်ချက်ကို ရှေ့တန်းတင်ခြင်းဝါဒက လူတို့မှ စည်းမျဉ်းဥပဒေသများကို မလိုက်လျှောက်သောအခါ၌ လူတို့ကိုမည်သို့ပြုမူရမည်အကြောင်းကိုပြောပြ၍ စည်းကမ်းဖြင့်ကြပ်မတ်ပေးသည်။ သို့သော် ဥပဒေပညတ်ချက်ကို ရှေ့တန်းတင်ခြင်းဝါဒသည် စိတ်နှလုံးကို

မပြောင်းလဲပေးနိုင်ပါ။ သင်သည် အရာခပ်သိမ်းကို အပြင်ပန်းအားဖြင့် မှန်မှန် ကန်ကန်ပြုလုပ်နေနိုင်သော်လည်း စိတ်နှလုံးတွင်မူ ဘုရားသခင်နှင့် အလွန် ဝေးကွာနေနိုင်ပါသည်။ ဘုရားသခင်သည် အပြင်ပန်းကိုမကြည့်၊ စိတ်နှလုံးကို သာကြည့်သည်။ ပေးကမ်းခြင်းနှင့်စပ်လျဉ်း၍ ရှင်ပေါလုသည် ကောရိန္သု အသင်းသားများကို မှန်မှန်ကန်ကန်လမ်းညွှန်ပေးနိုင်ခဲ့ပါသော်လည်း ကောရိန္သု အသင်းသားများက ထိုအရာကို စိတ်နှလုံးမှလာသောအရာအဖြစ် ပြုလုပ်ဖန် တီးကြဖို့လိုအပ်သည်။ ရှင်ပေါလု (သို့) ၎င်းတို့၏အသင်းတော်ခေါင်းဆောင် များက ပေးကမ်းလှူဒါန်းဖို့ ပြောဆိုတိုက်တွန်းသောကြောင့်သော်လည်းကောင်း၊ မလုပ်လုပ်အောင် တွင်တွင်စေ့ဆော်မှုကြောင့်သော်လည်းကောင်း၊ ပညတ်ချက် တစ်ချို့ကို နာခံခြင်းသက်သက်အတွက်ကြောင့်လည်ကောင်း ပေးကမ်း လှူဒါန်းကြသည့်အဖြစ်ကို ရှင်ပေါလုမလိုချင်ခဲ့ပါ။ သူတို့ကိုယ်၌က ပေးကမ်းလို သောကြောင့်ဖြစ်စေ၊ သခင်ဘုရားကသူတို့ကို ပေးကမ်းလှူဒါန်းကြဖို့ စိတ်နှလုံး ၌အလုပ်လုပ်သောကြောင့်ဖြစ်စေ သူတို့ပေးကမ်းကြရမည်ဖြစ်သည်။ သူတို့သည် စိတ်နှလုံးမှ မပေးကမ်းဘဲ၊ အပြစ်ဖြစ်မည်စိုးရိမ်၍လည်းကောင်း၊ တာဝန်ဝတ္တရားတစ်ခုအဖြစ်နှင့်လည်းကောင်း ပေးကမ်းလှူဒါန်းခဲ့ကြသော ကြောင့် ဆုလာဒ်မည်မျှကဌ၎င်းတို့၏ ထာဝရတိုင်တည်တံ့မည့်ထူးခြားမှုများကို ဆုံးရှုံးခဲ့ကြပါသနည်း။

အခန်းငယ် ၉ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သခင်ယေရှုကိုလည်းကောင်း၊ သူတို့အတွက် သခင်ယေရှုလုပ်ဆောင်သွားခဲ့ သောအရာကိုလည်းကောင်း ညွှန်ပြခဲ့သည်။ သူတို့အပေါ်၌ပေးခဲ့သော သခင် ယေရှု၏ကျေးဇူးတော်ကို ပြန်လည်အသိပေးခဲ့သည်။ သခင်ယေရှုသည် ချမ်းသာကြွယ်ဝသော်လည်း သူတို့အတွက်ဆင်းရဲခဲ့သည်။ ခမည်းတော်ကို သူတို့သိကျွမ်းလာမည့်အကြောင်း သခင်ယေရှုသည်မိမိ၏အသက်ကို ကား

တိုင်ထက်၌ စတေးခဲ့သည်။ သူတို့သည် အပြစ်လွှတ်ခြင်းတရားကို သိကျွမ်းလာမည့်အကြောင်း သခင်ယေရှုက မိမိ၏ပကတိပြည့်စုံသောအသက်တာကို ပေးဆပ်သွားခဲ့သည်။ သူတို့သည် သခင်ယေရှု၏ချမ်းသာကြွယ်ဝခြင်းကို တွေ့ကြုံခံစားနိုင်မည့်အကြောင်း သခင်ယေရှုကပေးကမ်းသွားခဲ့သည်။ ရှင်ပေါလုသည် သခင်ယေရှုကို ကောရိန္သုအသင်းသားများရှေ့၌ လိုက်လျှောက်ရမည့်ပုံဥပမာတစ်ခုအဖြစ်နှင့်လည်းကောင်း၊ သခင်ယေရှုက သူတို့ကိုပေးကမ်းခဲ့သည့်အတိုင်း သူတို့ဘက်မှလည်း ပြန်လည်ပေးကမ်းဖို့ စေ့ဆော်တိုက်တွန်းမှုတစ်ခုအဖြစ်နှင့်လည်းကောင်း ပြသခဲ့သည်။ သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ စွန့်လွှတ်ပေးကမ်းခြင်း ပုံပမာသည်ကျွန်ုပ်တို့အတွက်လည်း စေ့ဆော်တိုက်တွန်းမှုတစ်ခု ဖြစ်ပါစေသော်. . .။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ပေးကမ်းလှူဒါန်းခြင်း၏ အရေးပါပုံအကြောင်း ကျွန်ုပ်တို့မည်သို့ သင်ယူရပါသနည်း။ ဤအမှုသည် ဘုရားသခင်၏နိုင်ငံတော်အတွက် အဘယ်ကြောင့် အလွန်အရေးပါသနည်း။
- အခြားသူများအား ကျွန်ုပ်တို့မပေးကမ်းမီတွင် သခင်ယေရှုထံ၌ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို ပေးအပ်ခြင်းသည် မည်သည့်ထူးခြားမှုကို ပြုလုပ်ပါသနည်း။
- သင်မည်သို့ ပေးကမ်းလှူဒါန်းသည်ကို စဉ်းစားသုံးသပ်ဖို့ အချိန်အနည်းငယ်ယူပါ။ သင်သည်တာဝန်ဝတ္တရားအရ (သို့) အပြစ်ဖြစ်မည်စိုး၍ ပေးကမ်းလှူဒါန်းပါလား။ သခင်ဘုရားကို အမှန်တကယ်ချစ်သောစိတ်နှလုံးသားမှ ပေးကမ်းပါသလား။
- သခင်ဘုရားကိုပေးအပ်ဖို့ သင်တုန့်ဆိုင်းနေသောအရာများရှိပါ

သလား။

## ဆုတောင်းရန်အချက်များ

- သင့်၌ရှိသမျှအရာအားလုံးကို သခင်ဘုရားထံ၌ပေးအပ်ဖို့အချိန် အနည်းငယ်ယူပါ။ သင်ပိုင်ဆိုင်သောအရာအားလုံးသည် ကိုယ်တော် ထံမှရောက်လာကြသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ဘုရားက သင့်ကိုပေးထားသောအရင်းအမြစ်များအား သခင် ဘုရားကသင့်ကို မည်သို့အသုံးပြုစေလိုကြောင်းကို ပြသပေးဖို့ တောင်းလျှောက်ပါ။
- ဘုရားသခင့်နိုင်ငံတော်၏ မည်သည့်အမှုတော်၌ သင့်ကိုပါဝင်ပေးလှူ စေသည်ကို ပြသပေးဖို့ တောင်းလျှောက်ပါ။
- သခင်ယေရှုကမိမိကိုယ်ကို သင့်အတွက် ပေးဆပ်သွားခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

၁၅

# အလှူလက်ဆောင်ကို စီမံခန့်ခွဲခြင်း

၂ကော ၈း၁၀-၂၄ ကိုဖတ်ရှုပါ။

ဤအခန်းကြီး၏ ပထမပိုင်းတွင် ရှင်ပေါလုကပေးကမ်းခြင်း အံ့ဖွယ်ကျေးဇူးတော်အကြောင်းကို ကောရိန္သုအသင်းသားများအား ပြောပြခဲ့သည်။ ဤအမှုသည် ဘုရားသခင်၏နိုင်ငံတော်၌ အဘယ်မျှအရေးပါသည်ကို သူတို့အားအသိပေးခဲ့သည်။ ကောရိန္သုအသင်းတော်သည် ပေးကမ်းခြင်းစွမ်းရည်ဆုကျေးဇူး၌ ထူးကဲပြောင်မြောက်လာသည်ကို မြင်တွေ့ရဖို့ ရှင်ပေါလု၏စိတ်နှလုံးတွင် ဝန်ထုပ်တစ်ခုကို ခံစားနေခဲ့သည်။ အခန်းကြီး ၈ ၏ ဤဒုတိယအပိုင်းတွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပေးကမ်းလှူဒါန်းခြင်းကိုမည်သို့ ပြုလုပ်ကြရမည့်အကြောင်း အကြံပြုချက်အချို့ကိုပေးခဲ့သည်။

*စေတနာစိတ်နှင့်အတူ အဆုံးတိုင်ပေးကမ်းပါ။*

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပေးကမ်းခြင်းအမှု၌ စေတနာစိတ်ရှိခြင်း၏ အရေးပါပုံကို ပြန်လည်အသိပေးခြင်းဖြင့် အစပြုခဲ့သည်။ အခန်းငယ် ၁၀ တွင် ရှင်ပေါလုကသူတို့အား လွန်ခဲ့သောနှစ်တွင် သူတို့သည် မိမိ၏သာသနာလုပ်ငန်း၌ ပထမဆုံးပါဝင်ပေးကမ်းသူများဖြစ်ကြကြောင်း ပြောပြခဲ့သည်။ ကောရိန္သုအသင်းသားများတွင် ပေးကမ်းလိုသော

စိတ်ဆန္ဒနှင့်စေတနာစိတ်သာရှိရုံမဟုတ်၊ ထိုစိတ်ဆန္ဒကိုအဆုံးတိုင်ပြီးစီးစေခဲ့ကြကြောင်းကို သတိပြုပါ။ ပေးကမ်းခြင်းအမှုတွင် အချက်နှစ်ချက်ရှိကြောင်းကျွန်ုပ်တို့၏စိတ်၌ ရည်မှတ်ထားရမည်ကို ဤနေရာ၌ကျွန်ုပ်တို့သင်ယူရသည်။ ပထမအချက်မှာ စေတနာစိတ်ဖြစ်၍၊ ဒုတိယအချက်မှာ အဆုံးတိုင်ပြီးစီးစေခြင်းဖြစ်သည်။

သင်သည်လိုအပ်ချက်တစ်ခုကို တွေ့မြင်၍ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန်တစ်စုံတစ်ခုကို ပြုလုပ်သင့်သည်ဟု သင့်ကိုသင်အကြိမ်မည်မျှပြောခဲ့ဖူးပါသနည်း။ သင့်တွင်ပေးကမ်းလှူဒါန်းလိုက်ဖို့ စိတ်ကူးရှိကောင်းရှိခဲ့ပါမည်။ သို့သော် ထိုအရာကို ချက်ချင်းမပြုလုပ်ဘဲ၊ ငွေကိုအခြားအရေးကိစ္စများအတွက်အသုံးပြုကောင်း ပြုခဲ့ပေမည်။ ဤနေရာ၌ ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့ လိုအပ်သောအချက်မှာ သခင်ဘုရား၏လမ်းပြဦးဆောင်ခြင်းသည် တစ်ခါတစ်ရံတွင် အလွန်နူးညံ့သိမ်မွေ့သော လမ်းပြဦးဆောင်ခြင်းမျိုးဖြစ်တတ်သည်ဟူသောအချက်ဖြစ်သည်။ ရှင်ပေါလုကဲ့သို့ပင် သခင်ဘုရားသည် ပေးကမ်းစွန့်ကြဲဖို့ ကျွန်ုပ်တို့ကိုအတင်းအဓမ္မမတိုက်တွန်းပါ။ အတင်းအဓမ္မဖြင့် ပေးစေသော လက်ဆောင်သည် လက်ဆောင်မမည်ပါ။ ဘုရားသခင်သည် သင့်ရဲ့စိတ်နှလုံး၌ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထားကောင်းထားပါမည် (သို့) ညီအစ်ကိုမောင်နှမ တစ်ယောက်ယောက်၏ လိုအပ်ချက်ကို မည်သို့ဖြည့်ဆည်းသက်သာစေရမည့်အကြောင်း ဖေါ်ပြကောင်း ဖော်ပြပါလိမ့်မည်။ တစ်စုံတစ်ခုကို ပြုလုပ်ပေးဖို့ သင့်တွင်ခပ်သိမ်းသော ရည်ရွယ်ချက်များရှိသော်လည်း ထိုရည်ရွယ်ချက်များကို လက်တွေ့လုပ်ဆောင်ဖို့ အနားပင် မကပ်နိုင်အောင်ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ဤသည်မှာ ပေးကမ်းခြင်းအမှုနှင့်စပ်လျဉ်း၍ ကြီးမားသောပြဿနာတစ်ခုဖြစ်သည်။ ဘုရားသခင်သည် ပေးကမ်းခြင်းအမှုအတွက် လူတို့ကိုအဆက်မပြတ် တို့ထိနေသော်လည်း ဘုရား

သခင်၏လမ်းညွှန်ပေးမှုကို ခံစားရလင့်ကစား ထိုဆင့်ခေါ်ခြင်းကို လူတိုင်းက မတုန့်ပြန်ခဲ့ကြပါ။ ပေးကမ်းခြင်း ဆုကျေးဇူးနှင့်ပတ်သက်လာလျှင် ဘုရားသခင်သည် လိုအပ်ချက်များနှင့်ရှိနေသောသူများအပေါ်၌ စာနာစိတ်ရှိသောသူများကို ရှာကြံနေသည်မဟုတ်၊ ထိုလိုအပ်ချက်အတွက် တစ်စုံတစ်ခုကိုပြုလုပ်မည့်သူများကို ရှာကြံနေပါသည်။ လက်တွေ့လုပ်ဆောင်မှုမရှိသော စိတ်ဆန္ဒနှင့်စေတနာစိတ်သည် အချည်းနှီးသာဖြစ်သည်။ သင့်တွင်စေတနာစိတ်ရှိနေနိုင်သော်လည်း ပေးရမည့်ငွေသည် အိပ်ကပ်ထဲ၌ ရှိနေသမျှကာလပတ်လုံး သင်အမှုတော်မဆောင်သေးပါ။

ပေးကမ်းခြင်းအမှု၌ တွေ့ကြုံရသည့် အခြားပြဿနာတစ်ခုမှာ စေ့ဆော်တိုက်တွန်းပေးခြင်းဖြစ်သည်။ ပေးကမ်းလှူဒါန်းခြင်းကို ပြုလုပ်ဖို့ အကြောင်းအရင်းများစွာရှိသည်။ တစ်ခါတစ်ရံတွင် လူတို့သည်တာဝန်ဝတ္တရားအရ (သို့) အပြစ်ဖြစ်မည်စိုး၍ ပေးကမ်းကြသည်။ တစ်ခါတစ်ရံတွင် သူများအမြင်ခံရဖို့ ပေးကမ်းကြသည်။ တစ်ခါတစ်ရံတွင် အခြားသူများကလည်း ပေးကမ်းကြသောကြောင့် ကျွန်ုပ်တို့ပေးကမ်းကြသည်။ ဤကဲ့သို့သော အခြေအနေအကြောင်းအရင်းများတွင် သင့်ကိုသင်မြင်တွေ့ကောင်းမြင်တွေ့ရပါလိမ့်မည်။ သင်သည် ပေးကမ်းသော်လည်းသင့်စိတ်နှလုံးသည် ထိုအရာ၌မရှိပါ။ အခန်းငယ် ၁၂ တွင် ရှင်ပေါလုက စေတနာစိတ်သာရှိလျှင် လက်ဆောင်သည် လက်ခံဖွယ်ဖြစ်သည်ဟု ကျွန်ုပ်တို့ကို အသိပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သင့်ရဲ့လက်ဆောင်ကို လက်ခံဖွယ်သောအရာ ဖြစ်စေလိုလျှင် သင့်ရဲ့အလှူလက်ဆောင်ကို ပေးကမ်းသောအခါ ဘုရားသခင်၏ရှေ့တော်၌ သင့်တင့်မှန်ကန်သော စိတ်နှလုံးရှိရမည်ဖြစ်သည်။ သင်သည် သင့်ရဲ့အလှူလက်ဆောင်ကိုချစ်ခြင်းမေတ္တာဖြင့်လည်းကောင်း၊ စေတနာစိတ်ဖြင့်လည်းကောင်း မပေးကမ်းလျှင် သင်သည်ဘုရားသခင်ကို ဂုဏ်ကြီးစေရာမရောက်ပါ။

*သင်တတ်နိုင်သည်အတိုင်းပေးကမ်းပါ*

ပေးကမ်းခြင်းအမှုနှင့် စပ်လျဉ်း၍ ရှင်ပေါလုက ကောရိန္သုအသင်းသားများအားပေးခဲ့သော ဒုတိယအခြေခံစည်းမျဉ်းဥပဒေသမှာ ဘုရားသခင်ကကျွန်ုပ်တို့တတ်နိုင်သည့်အတိုင်းသာ ပေးရန်မျှော်လင့်ထားသည်ဟူသော အချက်ဖြစ်သည် (ငယ် ၁၂)။ ဤသည်မှာ ပြောဖို့ပင်လိုမည်မဟုတ်ပါ။ သို့သော် ပေးကမ်းချင်စိတ်ရှိသောသူများပင်လျှင် ဤအခြေခံစည်းမျဉ်းဥဒေသတွင်အမြဲလိုလိုအခက်တွေ့ကြရသည်။

လွန်ခဲ့သောနှစ်အချို့က ကျွန်ုပ်ဟေတီနိုင်ငံသို့ အလည်ရောက်ရှိခဲ့သည်။ ကျွန်ုပ်ရောက်လေရာရာတိုင်းတွင် ကျွန်ုပ်တွေ့မြင်ခဲ့ရသောလိုအပ်ချက်များကြောင့် ကျွန်ုပ်မည်သို့တုန့်ပြန်ရမှန်းမသိအောင် ခံစားခဲ့ရသည်။ အခြေအနေအရ လူတစ်ယောက်ကအများကြီးပေးဖို့ ဖြစ်လာသည်။ လူတိုင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ကျွန်ုပ်တို့၌အရင်းအမြစ်အလုံအလောက်မရှိသောကြောင့် အပြစ်ရှိသလိုလိုခံစားနိုင်ရန်မှာ အလွန်လွယ်ကူသည်။ ဤစိတ်မသိုးမသန့်ဖြစ်ခြင်းသည် မည်သို့တုန့်ပြန်ရမှန်းမသိခြင်းကို အလျင်အမြန်ဖြစ်စေပါသည်။ ကျွန်ုပ်တို့၌ မရှိသည့်အရာကိုပေးကမ်းဖို့ ဘုရားသခင်က မပြဋ္ဌာန်းထားကြောင်းကို ကျွန်ုပ်တို့သဘောပေါက်ဖို့လိုသည်။ လက်ရှိလိုအပ်ချက်ကြီးနှင့် နှိုင်းယှဉ်လျှင် ပေးကမ်းလိုက်သောအရာမှာ ထင်ရှားသိသာမည်မဟုတ်ကြောင်းကို ဘုရားသခင်သိနေသည်။ လိုအပ်ချက်ပင်လယ်ကြီး၌ ရေတစ်ပေါက်ကိုချလိုက်သကဲ့သို့ ပေးကမ်းလိုက်သောအရာသည် မည်သည့်ထူးခြားမှုကိုမျှ မဖန်တီးနိုင်သယောင်ထင်ရသည်။ ပေးကမ်းလိုက်သောအရာကိုဘုရားသခင်က ကျွန်ုပ်စိတ်ကူးဖြင့်ပင် မယှဉ်နိုင်သောနည်းလမ်းဖြင့် အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်ကလမ်းညွှန်ပေးသည့်အတိုင်း ကျွန်ုပ်တို့ပေးကမ်းလျှင် ဘုရားသခင်က မိမိသင့်တော်သည်ဟု ထင်မှတ်သည့်အတိုင်း ဆတိုးပွားများစေပါလိမ့်မည်။

*အညီအမျှဖြစ်ခြင်းကိုရှာကြံပါ*

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သွန်သင်ပေးခဲ့သော တတိယအခြေခံစည်းမျဉ်းဥပဒေသသည် သခင်ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ မျှတခြင်းတရားကို ကြိုးပမ်းရှာကြံခြင်းနှင့် သက်ဆိုင်သည်။ အခန်းငယ် ၁၃ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည် လူတစ်ယောက် ထိခိုက်နစ်နာသွားလောက်အောင် အခြားသူတစ်ဦးကို မကူညီချင်ကြောင်း ပြောပြခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်သည် လူတစ်ယောက် ထိခိုက် နစ်နာသွားလောက်အောင် အခြားသူတစ်ဦးကို ကူညီပေးလျှင် ပြဿနာအခြေအနေကို အမှန်တကယ်မပြောင်းလဲစေခဲ့ပါ။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပေးကမ်းခြင်း၏ရည်မှန်းချက်ပန်းတိုင်မှာ ကိုယ်ခန္ဓာတော်၌ မျှတမှုရှိခြင်းကို ရှာရန်ဖြစ်ကြောင်း၊ လိုအပ်ချက်ကို တစ်ယောက်ထံမှအခြားတစ်ယောက်ထံသို့ လွှဲပြောင်းရန်အတွက်မဟုတ်ကြောင်းပြန်လည်အသိပေးခဲ့သည်။ မိမိလိုအပ်သည်ထက် ပိုလျှံ၍ရှိထားသူက လိုအပ်သည်ထက် လျော့နည်းစွာရှိနေသူကို ပေးကမ်းဝေငှရန်ဖြစ်သည်။ ထိုသို့အားဖြင့် လူတိုင်းက မိမိတို့ လိုအပ်သည့်အတိုင်းတာ၌ ရှိနေနိုင်ကြမည်ဖြစ်သည်။ ဤသည်မှာ ပေးကမ်းခြင်း၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

ရှင်ပေါလုက မိမိပြောပြထားသောအချက်ကို အထူးရှင်းလင်းဖော်ပြရန်အတွက် ထွက်မြောက်ရာ ၁၆း၁၈ ကိုအခန်းငယ် ၁၅တွင် ကိုးကားထားသည်။ ဤကျမ်းချက်သည် ကန္တာရတောအရပ်၌ ဣသရေလလူမျိုးများ မန္နမုန့်ကိုစုဆောင်းနေကြသည့်အချိန်ကို ပြောပြထားသည်။ လိုအပ်သည်ထက်ပိုလျှံစွာ စုဆောင်းခဲ့သောသူများက ထိုပိုလျှံသောမုန့်များပုပ်သိုးကြောင်းကို တွေ့မြင်ခဲ့ကြသည်။ ဘုရားသခင်က မိမိ၏လူမျိုးတို့အား လိုအပ်သည်ထက်ပို၍ မရှာကြံ

ဘဲ၊ ရှိနေသည့်အရာနှင့် တင်းတိမ်ရောင့်ရဲကြဖို့ သွန်သင်ပေးနေခဲ့သည်။ ဤအတွက်ကြောင့် သူတို့အလွန်အကျွံစုဆောင်းခဲ့သမျှသည် ပုပ်သိုးပျက်စီးသွားခဲ့ရခြင်းဖြစ်သည်။ ရှင်ပေါလု၏ စိန်ခေါ်ချက်မှာလည်း ကျွန်ုပ်တို့၏အရင်းအမြစ်များကို အခြားသူများက အသုံးပြုနိုင်သောအချိန်တွင် ကျွန်ုပ်တို့၌သိမ်းထားခြင်းဖြင့် ပုပ်သိုးမသွားစေဖို့ဖြစ်သည်။

*ပေးကမ်းဖို့အတွက် ကျွန်ုပ်တို့ကိုပေးထားခြင်းဖြစ်သည်*

အခန်းငယ် ၁၄ တွင်ရှင်ပေါလုက ကောရိန္သုအသင်းသားများအား အချို့သောသူများ၌ ပိုလျှံနေသောအရာကို အခြားသူများ၏လိုအပ်ချက်များအားကူညီရန် အသုံးပြုနိုင်ကြောင်း အသိပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့ပြန်လည်ပေးကမ်းနိုင်ဖို့ ကျွန်ုပ်တို့ကို ပေးအပ်ထားပါသည်။ ကျွန်ုပ်တို့အတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏အနာဂတ်လိုအပ်ချက်များအတွက်လည်းကောင်း အလွန်စူးစိုက်လွန်းသောကြောင့် ကျွန်ုပ်တို့၏အနီးတစ်ဝိုက်မှလူများ၏လက်ရှိလိုအပ်ချက်များကို သတိမထားမိရန်အလွန်လွယ်ကူသည်။ ခက်ခဲကျပ်တည်းသောအချိန်များအတွက် ငွေကြေးနှင့်အရင်းအမြစ်များကို သီးသန့်လျာထားခြင်းသည် အမြော်အမြင်ရှိသော လုပ်ရပ်ဖြစ်ကြောင်းမှန်ကန်ပါသည်။ သို့သော်လက်ရှိအချိန်၌ လိုအပ်ချက်များနှင့်ရှိနေသောသူများအားကူညီပေးခြင်းကို လျစ်လျူရှုမထားရန် ဂရုစိုက်ရမည်။ ဣသရေလလူမျိုးများကန္တာရတောအရပ်၌ မန္နမုန့်ကို ကောက်ယူစုဆောင်းကြခြင်းနှင့် စပ်လျဉ်း၍ထွက်မြောက်ရာ ၁၆း၁၈ ကို ရှင်ပေါလုက ရည်ညွှန်းကိုးကားထားသည်။ မန္နမုန့်မရှိသောသူများမရှိခဲ့ပါ။ လူတိုင်းပြည့်စုံခဲ့သည်။ ကိုယ်ခန္ဓာတော်၏လိုအပ်ချက်များကို ကျွန်ုပ်တို့အားဖြင့် ဖြည့်ဆည်းပေးဖို့ ဘုရားသခင်က ကျွန်ုပ်တို့၌ အရင်းအမြစ်များပေးအပ်ထားရခြင်းဖြစ်သည်။

ဤနေရာ၌ တစ်ဖန်ပြန်တွေ့ရသည့်အခြေခံစည်းမျဉ်းဥပဒေသမှာ မျှတမှုရှိခြင်းဖြစ်သည်။ သင့်အနေဖြင့် အမြောက်အမြားပိုင်ဆိုင်ထားပြီး၊ သင့်ရဲ့ညီအစ်ကိုဖြစ်သူ၌ လိုအပ်ချက်များရှိနေလျှင်၊ သင့်ကိုသင် "ငါ့ကိုဘာကြောင့် အများကြီးပေးထားရတာလဲ" ဟူသောမေးခွန်းကိုမေးပါ။ ဆင်းရဲမွဲတေခြင်း၌ ရှင်သန်နေရသော သူတစ်ယောက်ယောက်အား ကူညီမစနိုင်သောအခွင့် အရေးကို သင်ရရှိနိုင်ဖို့ ဘုရားသခင်က သင့်ကိုပိုလျှံစွာ ပေးထားခြင်းဖြစ် ကောင်းဖြစ်နိုင်ကြောင်းကို စဉ်းစားပါ။

*ကျွန်ုပ်တို့၌ ရှင်းလင်းချက်ပေးရန်တာဝန်ရှိသည်*

ဘုရားသခင်၏နိုင်ငံတော်၌ ငွေကြေးသုံးစွဲပုံ သုံးစွဲနည်းနှင့်ပတ်သက် လာလျှင် ပြဿနာများစွာရှိသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများ အားငွေကြေးအရင်းအမြစ်များကို အသုံးပြုပုံ၌လည်းကောင်း၊ စီမံခန့်ခွဲပုံ၌ လည်းကောင်း ဘုရားရှေ့၊ လူ့ရှေ့တွင် ရှင်းလင်းချက်ပေးရန်တာဝန်ယူတတ် ခြင်း၏ အရေးပါပုံကို အသိပေးခဲ့သည်။

ဤအခန်းကြီး၏ ကျမ်းဘောင်အသွားအလာကို အနည်းငယ်ပို၍ နားလည်သဘောပေါက်ထားရန် အရေးကြီးသည်။ အခန်းကြီး ၉တွင် ကောရိန္သုမြို့ရှိ အသင်းတော်သည် ပေးလှူခြင်းတစ်ခုကို ပြုလုပ်ဖို့ ကတိပြုခဲ့ ကြောင်း ကျွန်ုပ်တို့တွေ့ရပါလိမ့်မည် (၉း၅၊ ၁ကော ၁၆း၁-၃ ကိုကြည့်ပါ)။ သူတို့သည် ဤပေးလှူခြင်းကို ပြုလုပ်ဖို့ ကတိပေးခဲ့ကြသော်လည်း ထိုအလှူငွေ သည် ရည်ရွယ်ထားသည့်ပန်းတိုင်သို့မရောက်ရှိနိုင်ပဲ ဖြစ်နေပုံရသည်။ ကောရိန္သုအသင်းသားများသည် အလှူငွေကိုသိမ်းသန့်ခဲ့၍ လှူဒါန်းခဲ့ကြသော် လည်း ထိုအလှူငွေကို လိုအပ်နေသော သူများထံသို့ မပေးပို့ခဲ့ကြပါ။ ထို့ကြောင့် အသင်းတော်ကို ၄င်းတို့ ကတိပေးထားသည့်အတိုင်း အဆုံးတိုင်လုပ်ဆောင်

ကြဖို့ တိုက်တွန်းနှိုးဆော်ရန် ညီအစ်ကိုအချို့ကို စေလွှတ်ဖို့လိုအပ်ကြောင်း ရှင်ပေါလုခံစားခဲ့သည်။

အခန်းငယ် ၁၆ တွင်ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ကောရိန္သုမြို့ရှိအသင်းတော်သည် ပေးကမ်းခြင်းကျေးဇူးတော်၌ အလွန်ပြောင်မြောက်ကြသည်ကို တွေ့မြင်ရဖို့ဘုရားသခင်သည် တိတု၏စိတ်နှလုံး၌ ဝန်ထုပ်တစ်ခုကို တင်ထားခဲ့ကြောင်း ပြောပြခဲ့သည်။ သခင်ခရစ်တော်၏ ကိုယ်ခန္ဓာတော်တွင် စစ်မှန်သောလိုအပ်ချက်များ ရှိနေခဲ့ပါသည်။ ကောရိန္သုအသင်းတော်က သီးသန့်ခွဲ၍ပေးလှူထားသော အလှူငွေကို အခြားအသင်းတော်များက လိုအပ်နေခဲ့သည်။ ထိုအလှူငွေကို အမှန်တကယ်လိုအပ်နေသောသူများ၏ လက်ထဲသို့အရောက်ပို့ဆောင်ရန် တစ်စုံတစ်ခုကို ပြုလုပ်ရမည့်အချိန် ရောက်လာပါသည်။ တိတုက ထိုဝန်ထုပ်ကို မျှဝေခံစားခဲ့ရသည်။ ထို့ကြောင့် တိတုသည် ကောရိန္သုအသင်းတော်သို့ သွားရောက်လည်ပတ်၍ ၄င်းတို့ပေးထားသည့် ကတိကိုအသုံးတိုင် လုပ်ဆောင်ကြဖို့တိုက်တွန်းနှိုးဆော်ရန် ဆုံးဖြတ်ခဲ့သည်။

တိတုနှင့်အတူ သတင်းကောင်းတရားကို ဟောပြောခြင်းအမှုတော်၌ ကိုယ့်ကိုယ်ကိုသက်သေထူထားပြီးဖြစ်သော အခြားညီအစ်ကိုတစ်ယောက်ကိုလည်းစေလွှတ်ရန် သင့်လျော်သည်ဟု ရှင်ပေါလုမြင်တွေ့ခဲ့သည်။ ထိုညီအစ်ကိုမှာမည်သူမည်ဝါဖြစ်ကြောင်းကို ကျွန်ုပ်အားပြောမပြထားသော်လည်း၊ ထိုသူသည်ယုံကြည်သူအသိုင်းအဝိုင်း၌ ကြည်ညိုလေးစားခံရသောသူဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်ရသည်။ အခန်းငယ် ၁၉ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဤအမှုကိစ္စ၌ သခင်ဘုရားကို ၄င်းတို့ ဂုဏ်ကြီးစေနိုင်မည့်တစ်ခုတည်းသောနည်းလမ်းမှာ ပေးကမ်းဖို့အတွက် ၄င်းတို့ကတိပြုထားချက်ကို အဆုံးတိုင်လုပ်ဆောင်ချက်ပင် ဖြစ်ကြောင်းအသိပေးခဲ့သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ကတိပေးထားသော အလှူငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်ပေးရန် တာဝန်ခံစေခဲ့သည်။ ထို့အပြင် ထိုအလှူငွေကို စီမံခန့်ခွဲရာ၌လည်း ပြစ်တင်ဝေဖန်မှုကို ရှောင်လွှဲနိုင်ဖို့ ထိုအလှူငွေကိုရည်ရွယ်ထားသောနေရာဆီသို့ ပေးပို့ယူဆောင်သွားရာတွင် ယုံကြည်စိတ်ချရသော ညီအစ်ကိုနှစ်ယောက်ကို စေလွှတ်ခဲ့သည်။ ရှင်ပေါလုက ဘုရားသခင်၏ ရှေ့တွင်သာမက၊ လူတို့၏ရှေ့တွင်လည်း မှန်ကန်သင့်တင့်သောအရာကို လုပ်ဆောင်ဖို့ အထူးကြိုးစားအားထုတ်ခဲ့ရကြောင်း သူတို့ကို အသိပေးခဲ့သည်။ ရှင်ပေါလုသည် ဤအလှူငွေကို စီမံခန့်ခွဲရာ၌ မည်သူ့ကိုမျှ သံသယစိတ် မဖြစ်ပေါ်စေလိုခဲ့ပါ။ ထို့ကြောင့် လေးစားထိုက်သော ဤညီအစ်ကိုနှစ်ယောက်က ထိုအလှူငွေကိုမည်သို့စောင့်ရှောက်၍ မည်သို့စီမံခန့်ခွဲကြောင်းနှင့်စပ်လျဉ်းသော သံသယများကိုဖယ်ရှားပေးခဲ့ပါလိမ့်မည်။ အထူးသဖြင့်ဤကဲ့သို့သောပေးကမ်းလှူဒါန်းခြင်းနှင့် ၎င်းတို့ကို အသုံးပြုခြင်းကိစ္စမျိုးနှင့် စပ်လျဉ်း၍ အသင်းတော်၏ ဂုဏ်သိက္ခာကို လည်းကောင်း၊ ထိုအလှူငွေကို လိုအပ်နေသောသူများထံသို့ သယ်ဆောင်သွားသောသူများ၏ ဂုဏ်သိက္ခာကို လည်းကောင်း တစ်ဦးတစ်ယောက်က မေးခွန်းထုတ်မည့်အဖြစ်ကို ရှင်ပေါလု မလိုချင်ခဲ့ပါ။ ဤအတွက်ကြောင့် ရှင်ပေါလုက တိတုသည် ဘုရားသခင်၏ စစ်မှန်သော အစေခံဖြစ်ကြောင်းကို လည်းကောင်း၊ ဘုရားသခင်၏နာမတော်ကို ဘုန်းထင်ရှားစေသောသူ ဖြစ်ကြောင်းကို လည်းကောင်း ပြန်လည်အတည်ပြုခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလု သည် ကောရိန္သုမြို့ရှိအသင်းတော်အား ၎င်းတို့ထံသို့လာနေကြသော ဤညီအစ်ကိုနှစ်ယောက်ကို ချစ်ခြင်းမေတ္တာ၌ လက်ခံကြဖို့ ခွန်အားပေးခဲ့သည်။

ဤနေရာ၌ ကျွန်ုပ်တို့သိမြင်နားလည်ဖို့ လိုအပ်သောအရာမှာ

အသင်းတော်သည် ၎င်းတို့ကတိပြုထားသည့်အလှူငွေကိုပေးရန် တာဝန်ယူ တာဝန်ခံမှုရှိကြောင်းကို တွေ့မြင်ရဖို့ရှင်ပေါလု၏ ကြိုးစားအားထုတ်မှုများ ဖြစ်သည်။ ထို့အပြင် ဤအလှူငွေကို လိုအပ်နေသောသူများထံသို့ ဆောင်ယူ သွားသောသူများ၏ အကျင့်စာရိတ္တနှင့် ရိုးသားမှုသည်လည်း မေးခွန်းထုတ် စရာမလိုအောင် ရှင်ပေါလုကြိုးစားခဲ့ပါသည်။

အသင်းတော်ထဲ၌ ငွေကြေးကိစ္စကြောင့် ပြဿနာမည်မျှပေါ်ပေါက်ခဲ့ ရသနည်း။ ယုံကြည်သူများသည် ငွေကြေး၏စုံစမ်းနှောက်ယှက်ခြင်းကို အကြိမ် မည်မျှခံခဲ့ကြသနည်း။ နူးညံ့သိမ်မွေ့သော ဤပြဿနာကိုကိုင်တွယ်ဖြေရှင်းရန် ဂုဏ်သိက္ခာသမာဓိနှင့် ပြည့်စုံသောသူများကို ရှာဖွေခန့်အပ်ရန်အထူးကြိုးစား အားထုတ်မှုတစ်ခုကို ပြုလုပ်ခြင်းဖြင့် အသင်းတော်၏ဂုဏ်ပုဒ်ကို စောင့်ထိန်း ကာကွယ်ခြင်း၏ အရေးပါပုံကို ရှင်ပေါလုနားလည်ခဲ့သည်။ ကျွန်ုပ်တို့၏ ဂုဏ်ပုဒ်ကို မညှိုးငယ်စေဖို့ ထိုအတိုင်း ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ သာသနာလုပ်ငန်းများစွာသည် ငွေကြေးကိစ္စ၌ကျရှုံးခဲ့ကြသည်။ နိုင်ငံတော်၏ အရင်းအမြစ်များကို ကျွန်ုပ်တို့စီမံခန့်ခွဲနေကြသည်နှင့်အမျှ ဤကျမ်းပိုဒ်၌ ရှင်ပေါလုဖော်ပြထားသည့် အခြေခံစည်းမျဉ်းဥပဒေသများကို စိတ်နှလုံး၌ ရည်မှတ်ထားရန် ကျွန်ုပ်တို့ဂရုစိုက်ရမည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ပေးကမ်းလှူဒါန်းခြင်းအမှုကိစ္စတွင် ကျွန်ုပ်တို့၏စိတ်နေသဘောထား ကမည်သည့်အခန်းကဏ္ဍကို လုပ်ဆောင်သနည်း။
- ပေးလှူခြင်းတစ်ခုကို အဆုံးတိုင်ပြုလုပ်ဖို့ သင်ပျက်ကွက်ခဲ့ဖူးပါ သလား။
- ဤနေရာ၌ ရှင်ပေါလုပြောပြထားသည့် မှုတမှုရှိခြင်းစည်းမျဉ်း

ဥပဒေသကားအဘယ်နည်း။ ဤစည်းမျဉ်းဥပဒေသက ဘုရားသခင်သင့်ကိုပေးအပ်ထားသော အရင်းအမြစ်များကို အသုံးပြုပုံအပေါ်၌မည်သို့အကျိုးသက်ရောက်စေပါသနည်း။

- အသင်းတော်မှ ငွေကြေးကိစ္စနှင့် ပတ်သက်၍တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၏ အရေးပါပုံအကြောင်း ကျွန်ုပ်တို့မည်သို့ သင်ယူရပါသနည်း။ နိုင်ငံတော်ငွေကြေးကိစ္စများ၌ တာဝန်ယူမှု၊ တာဝန်ခံမှုသည်အဘယ့်ကြောင့်အရေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင့်အနီးရှိ သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်၏ လိုအပ်ချက်များဆီသို့ သင့်ရဲ့မျက်လုံးများကို ဖွင့်ပြပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ ပေးကမ်းလိုသော သင့်ရဲ့ဆန္ဒကိုအဆုံးတိုင် လုပ်ဆောင်နိုင်ရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။
- ကိုယ်ခန္ဓာတော်၏ ငွေကြေးကိစ္စရပ်များနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ပြဿနာများမှ သင့်တို့၏အသင်းတော်ကို ကာကွယ်စောင့်မပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- ယုံကြည်သူများအကြား၌ သာ၍ကြီးမားသောမျှတခြင်းကို ဆောင်ယူလာပေးဖို့နှင့် သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို လှုပ်ရှားတက်ကြွလာစေဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

၁၆

## စွန့်ကြဲပေးကမ်းခြင်း၏ကောင်းကြီးမင်္ဂလာများ

၂ကော ၉း၁-၁၅ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းအနည်းငယ်တွင် တမန်တော် ရှင်ပေါလုက ကောရိန္သုမြို့မှ ညီအစ်ကိုမောင်နှမများအား စွန့်ကြဲပေးကမ်းခြင်း ကျေးဇူးတော်၌ပြောင်မြောက်ကြဖို့ တိုက်တွန်းခဲ့သည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ ကြသည်။ စွန့်ကြဲပေးကမ်းခြင်းအတွက် လမ်းညွှန်အချို့တို့ကိုလည်း ချမှတ်ပေး ခဲ့သည်။ ယေရုရှလင်မြို့ရှိ ဆင်းရဲနွမ်းပါးသော အသင်းတော်အတွက် အလှူ ငွေပေးမည်ဟု ၎င်းတို့ကတိပြုထားချက်ကို ဖြည့်ဆည်းကြရန် တိုက်တွန်းခွန် အားပေးဖို့ ယုံကြည်စိတ်ချရသော ညီအစ်ကိုများကို ကောရိန္သုမြို့သို့ စေလွှတ် ထားကြောင်းကိုလည်း ၎င်းတို့အားပြောခဲ့သည်။

ဘုရားသခင်၏ နိုင်ငံတော်ချဲ့ထွင်ခြင်းအတွက် စွန့်ကြဲပေးကမ်းခြင်း လိုအပ်မှုနှင့် စပ်လျဉ်း၍ရှင်ပေါလုသည် ကောရိန္သုအသင်းသားများအပေါ်၌ လည်းကောင်း၊ ၎င်းတို့၏နားလည်သဘောပေါက်ထားမှုအပေါ်၌လည်း ကောင်း စိတ်ချလျက်ရှိနေခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ အမှု၏ အရေးပါပုံကို ကောရိန္သုအသင်းသားများကို အထူးသတိပြုမိခဲ့ကြသည်။ သူတို့ သည် ဆင်းရဲနွမ်းပါးသောသူတို့ကို ကူညီထောက်ပံ့ပေးရန် အလွန်အဆင်သင့် ဖြစ်နေကြကြောင်းကို ရှင်ပေါလုသိနေခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်း

သားများ၏စွန့်ကြဲပေးကမ်းလိုစိတ်ကို အခြားသူများထံ၌ပင် ဂုဏ်ယူဝါကြွား ခဲ့သည်။ ရှင်ပေါလုက ဤအရာကိုမာကေဒေါနိပြည်ရှိ ယုံကြည်သူများထံ၌ ဖေါ်ပြခဲ့ပြီး၊ ထိုအရာသည် ၎င်းတို့ကိုအလွန်ခွန်အားဖြစ်စေခဲ့သည် (ငယ် ၂)။

ရှင်ပေါလုသည် ကောရိန္ဒြအသင်းသားများ၏ စိတ်အားထက်သန်မှုကြောင့် ခွန်အားသစ်များရရှိခဲ့သော်လည်း ပေးထားသောကတိကို အဆုံးတိုင်ပြုလုပ်ကြရန် ၎င်းတို့ကိုတိုက်တွန်းခွန်အားပေးဖို့ ညီအစ်ကိုများကိုစေလွှတ်ရန်လိုအပ်ကြောင်းကိုလည်း နားလည်ခံစားခဲ့သည်။ သူတို့အပေါ်၌မိမိဂုဏ်ယူဝါကြွားထားမှုကို ရှင်ပေါလုအချည်းနှီးမဖြစ်လိုခဲ့ပါ (ငယ် ၃)။ သူတို့၏စွန့်ကြဲပေးကမ်းလိုစိတ်ကို အဆုံးတိုင်ဖြည့်ဆည်းလုပ်ဆောင်ကြသည်ကို ရှင်ပေါလုလိုချင်ခဲ့သည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ကျွန်ုပ်တို့၌စွန့်ကြဲပေးကမ်းဖို့ စိတ်ဆန္ဒရှိသော်လည်း ထိုစိတ်ဆန္ဒကိုအဆုံးတိုင်ဖြည့်ဆည်းလုပ်ဆောင်ခြင်းမပြုကြဖို့မှာ အဘယ်မျှလွယ်ကူသည်ကို ကျွန်ုပ်တို့ပြောဆိုခဲ့ကြသည်။ ဤအချင်းအရာအား ကောရိန္ဒြမြို့၌ဖြစ်ပျက်မည့်အရေးကို ရှင်ပေါလုအလိုမရှိခဲ့ပါ။

ကောရိန္ဒြအသင်းသားများထံသို့ ရှင်ပေါလုစေလွှတ်လိုက်သော ညီအစ်ကိုများသည် ကောရိန္ဒြအသင်းသားများက ကတိပေးထားသည့်အလှူငွေအတွက်စီစဉ်ပြင်ဆင်မှုများကို အဆုံးသတ်ပြုလုပ်သွားကြရန်ဖြစ်သည်။ ကောရိန္ဒြမြို့သို့ရောက်လာကြသော ညီအစ်ကိုများ၌တာဝန်သုံးရပ်ရှိသည်။ ပထမတာဝန်မှာ ကတိပြုထားသောအရင်းအမြစ်များကို စီမံခန့်ခွဲခြင်းတာဝန်သူတို့၌ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူတို့သည်အလှူငွေကောက်ခံစုဆောင်းခြင်းနှင့် ပေးဝေခြင်းလုပ်ငန်းစဉ်ကို ရိုးသားဖြောင့်မတ်၍ သိက္ခာသမာဓိရှိရှိဖြင့် သေသေချာချာပြီးဆုံးစေကြရန် တာဝန်ပေးခံထားရသည်။

ဤညီအစ်ကိုများ၏ ဒုတိယမြောက်တာဝန်ဝတ္တရားမှာ အဆုံးတိုင်ပြုလုပ်ကြဖို့ ခွန်အားပေးတိုက်တွန်းခြင်းနှင့် သက်ဆိုင်သည်။ ကောရိန္ဒြအသင်း

သားများက အလှူအတန်းတစ်ခုကို ပြုလုပ်ဖို့ကတိပေးခဲ့ကြသည်။ ထိုကတိကို အဆုံးတိုင်လုပ်ဆောင်သွားကြရန်မှာ ၎င်းတို့၏တာဝန်ဖြစ်သည်။ ကောရိန္သုမြို့သို့ရောက်ရှိလာသော ညီအစ်ကိုများအနေဖြင့် ဤအလှူအတန်းပြည့်စုံအထမြောက်လာခြင်းအတွက် ခွန်အားပေးတိုက်တွန်းရန်ဖြစ်သည်။ သူတို့သည် ကောရိန္သုအသင်းသားများအား ၎င်းတို့၏ကတိပေးထားချက်ကို တာဝန်ယူစေရန်အတွက်လည်းကောင်း၊ ထိုကတိကိုအဆုံးတိုင် လုပ်ဆောင်ကြဖို့ ကူညီပေးရန်အတွက်လည်းကောင်း လာခဲ့ခြင်းဖြစ်သည်။

ထိုညီအစ်ကိုများ၏ ကောရိန္သုမြို့၌ လုပ်ဆောင်ရမည့်အမှုတော်၏နောက်ဆုံးကဏ္ဍမှာ ထိုအလှူအတန်းကို သင့်တင့်လျောက်ပတ်သောစိတ်ထားဖြင့် ပေးကမ်းခြင်းကိုဖြစ်စေရန် ဖြစ်သည်။ ဤညီအစ်ကိုများရောက်လာသောကြောင့် ထိုအလှူငွေသည် ဆန္ဒမရှိဘဲပေးသောအလှူ (သို့) တိုင်တန်းညည်းတွားခြင်းနှင့်အတူပေးသော အလှူငွေမဟုတ်ဘဲ၊ စေတနာစိတ်နှင့်ပေးကမ်းသောအရာဖြစ်ရမည့်အကြောင်း အခန်းငယ် ၅ ကကျွန်ုပ်တို့ကို ပြောပြထားသည်။ ရှင်ပေါလုက စိတ်နေသဘောထားသည် ပေးကမ်းလှူဒါန်းခြင်း၏အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ခံယူထားသည်။ ပေးကမ်းခြင်းတွင် မှန်ကန်သောစိတ်ရင်းစိတ်ထားဖြင့် ပေးကမ်းကြဖို့ တိုက်တွန်းရန် ဤညီအစ်ကိုများကို ရှင်ပေါလုက စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ပေးကမ်းလှူဒါန်းခြင်းအမှုသည် ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ခြင်း၌ မရှိမဖြစ်အရေးပါသော အပိုင်းတစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားကြဖို့အပ်သည်။ စေတနာစိတ်နှင့် ဝမ်းပန်းတသာပေးကမ်းလှူဒါန်းသောသူများအားဖြင့် လိုအပ်သောငွေကြေးကို ရရှိထားသောကြောင့် ရှင်ပေါလုမှာ မိမိ၏အမှုတော်လုပ်ငန်းကို လုပ်ဆောင်နေနိုင်ခဲ့ခြင်းဖြစ်သည်။

ပေးကမ်းလှူဒါန်းခြင်းအမှုသည် အလွန်အရေးကြီးသောကြောင့် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မှန်ကန်သောစိတ်ရင်းစိတ်ထား၊ တာဝန်ယူတာဝန်ခံတတ်ခြင်းဖြင့် ပေးကမ်းသောသူများဖြစ်ကြဖို့ အထူးဂရုစိုက်ကြရန် စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ ရန်သူသည် နိုင်ငံတော်အတွက် ကြိုးစားအားထုတ်မှုများကို ဖျက်ဆီးရန် ငွေကြေးအားမည်သို့အသုံးပြုရမည်ကို သိရှိနေသည်။ ထိုငွေကို စီမံမည့်သူများအား စုံစမ်းနှောက်ယှက်ပါလိမ့်မည်။ ပေးကမ်းလှူဒါန်းသောသူများကိုလည်း မှားယွင်းသောစိတ်ရင်းစိတ်ထားများဖြင့် ပေးကမ်းလှူဒါန်းကြဖို့ လုပ်ဆောင်ပါလိမ့်မည်။ ထိုပေးကမ်းလှူဒါန်းခြင်းသည် ကျွန်ုပ်တို့၏အတွေး၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌မရှိတော့သည်အထိ ကျွန်ုပ်တို့ကို စုံစမ်းနှောက်ယှက်ပါလိမ့်မည်။

အခန်းငယ် ၆ နှင့် ၇ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ပေးကမ်းလှူဒါန်းခြင်း၏ ကောင်းကြီးမင်္ဂလာကိုပြန်လည်အသိပေးခဲ့သည်။ ဘုရားသခင်သည် စေတနာစိတ်နှင့်လှူသောသူများကို နှစ်သက်တော်မူကြောင်းပြောပြခဲ့သည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်၏အမှုတော်လုပ်ငန်းဆီသို့ စေတနာစိတ်နှင့်ပေးလှူသောအခါ ကျွန်ုပ်တို့သည်အသီးကို ဖော်ဆောင်ပေးမည့် မျိုးစေ့များကို ကြဲနေကြခြင်းဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုမြို့ရှိ ယုံကြည်သူတို့အား ၎င်းတို့သည် မျိုးစေ့များကိုအနည်းငယ်သာ ကြဲကြလျှင် အနည်းသာရိတ်သိမ်းကြရမည့်အကြောင်းကို အသိပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သူတို့သည်များစွာသော မျိုးစေ့များကိုမကြဲလျှင် များစွာသော ရိတ်သိမ်းခြင်းကို မမျှော်လင့်နိုင်ကြောင်းပြောခဲ့သည်။ ပေးကမ်းလှူဒါန်းခြင်းအမှုတွင်လည်း ဤနည်းလမ်းအတိုင်းဖြစ်ပျက်ပါသည်။ ဝမ်းမြောက်သောစိတ်နှင့် ကျွန်ုပ်တို့ပေးကမ်းကြလျှင် ဘုရားသခင်ကကျွန်ုပ်တို့ ပေးလှူသောအရာကို ဆတိုးပွါးများစေပါလိမ့်မည်။

ဘုရားသခင်သည် မိမိထံသို့ရောက်လာသော မည်သည့်အလှူအဒါန်းကိုမဆို အသုံးပြုနိုင်ကြောင်းမှာ မှန်ပါသော်လည်း၊ ဝမ်းမြောက်သောစိတ်နှင့် ပေးကမ်းသောအလှူအတန်းတို့၌ အထူးနှစ်သက်မွေ့လျော်ခြင်းရှိပါသည်။ ထိုအရာသည် ကျွန်ုပ်တို့အတွက်လည်း မှန်နေသည်မဟုတ်ပါလား။ ကျွန်ုပ်တို့အတွက်အလွန် အထူးတလည်ရှိလှသော လက်ဆောင်များရှိကြသည်မဟုတ်ပါလား။ ထိုလက်ဆောင်သည် ကျွန်ုပ်တို့ချစ်မြတ်နိုးရသောသူထံမှ ဖြစ်ကောင်းဖြစ်မည်။ ကျွန်ုပ်တို့၏သားသမီးတစ်ယောက်ယောက်က ခက်ခက်ခဲခဲနှင့် ကြိုးစားထားသော လက်ဆောင်ဖြစ်ကောင်းဖြစ်မည်။ ကျွန်ုပ်တို့သည် ထိုလက်ဆောင်များကို အမြတ်တနိုးထား၍ အထင်ကရဖြစ်သောနေရာတွင် ထားထားကြပါသည်။ ဘုရားသခင်လည်း ထိုအတိုင်းမဟုတ်ပါလား။ မေတ္တာစိတ်၊ ဝမ်းမြောက်သောစိတ်တို့နှင့် ပေးလှူသောအရာကို ဘုရားသခင်နှစ်သက်အားရနေမည် မဟုတ်ပါလား။ ထိုပေးလှူခြင်းများသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဘုရားသခင်သည် ၎င်းတို့ကို နိုင်ငံတော်၌ အထူးအထင်ကရဖြစ်သောနေရာကိုပေးမည်မဟုတ်ပါလား။

ဤအကြောင်းကြောင့် ရှင်ပေါလုသည် ကောရိန္သုအသင်းသားများအား ၎င်းတို့၏စိတ်နှလုံး၌ ဘုရားသခင်တင်ဆောင်ထားသည့် ပေးလှူခြင်းအမှုကို စေတနာစိတ်နှင့် ပေးလှူကြရန်စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် စေတနာစိတ်နှင့် ပေးလှူသောသူတို့ကို နှစ်သက်တော်မူကြောင်း ရှင်ပေါလုကသူတို့ကိုအသိပေးခဲ့သည်။ သူတို့သည် စေတနာစိတ်နှင့်လည်းကောင်း၊ မေတ္တာစိတ်နှင့်လည်းကောင်း ပေးလှူသောအခါ၌သာ ဘုရားသခင်ကို ဂုဏ်ကြီးစေရာရောက်၍ ဘုရားသခင်၏စိတ်တော်ကို သာယာစေနိုင်ကြပါလိမ့်မည်။ မလုပ်မနေလုပ်ရခြင်း (သို့) တာဝန်ရှိ၍လုပ်ရခြင်းတို့ကြောင့် အင်တင်တင်ဖြင့် ပေးလှူခြင်းတို့သည် ဘုရားသခင်ကို ဂုဏ်မကြီးစေပါ။

ဤအချင်းအရာသည် ကျွန်ုပ်တို့၏အသက်တာ၌လည်း မှန်ကန်ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ လူတို့ကကျွန်ုပ်တို့ကို တာဝန်ဝတ္တရားအရ လက်ဆောင်ပေးလာကြောင်းကို ကျွန်ုပ်တို့သိရှိခဲ့လျှင် ထိုလက်ဆောင်အပေါ်၌ ကျွန်ုပ်တို့မည်သို့ သဘောထားကြမည်နည်း။ ကျွန်ုပ်တို့ချစ်မြတ်နိုးသောသူတစ်ယောက်အား နာကျည်းခါးသီးစိတ်၊ မကျေမချမ်းစိတ်များနှင့် လက်ဆောင်ပေးခဲ့လျှင် ထိုသူကိုကျွန်ုပ်တို့ ဂုဏ်ယူလေးစားရာရောက်ပါသလား။ ပေးကမ်းစွန့်ကြဲသောအခါ ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် ဘုရားသခင်အတွက်လည်းကောင်း၊ အခြားသူများအတွက်လည်းကောင်း အရေးကြီးပါသည်။

အခန်းငယ် ၈ (မြန်မာကျမ်း ငယ် ၉)တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်သည်စေတနာစိတ်နှင့် ပေးလှူသောသူများအပေါ်၌မိမိ၏အမျိုးစုံသော မင်္ဂလာကျေးဇူးနှင့်အထူးသဖြင့်ပြည့်စုံစေနိုင်စွမ်းသည်ဟုပြောပြခဲ့သည်။ ကောရိန္သုအသင်းသားများသည် ပေးကမ်းလှူဒါန်းဖို့ လိုလိုလားလားရှိနေခဲ့ကြလျှင် ဘုရားသခင်ကငှင်းတို့ လိုအပ်သောအရာခပ်သိမ်းကိုထောက်ပံ့ပေးသနားခဲ့ပါလိမ့်မည်။ သူတို့သည် အခြားသူများကို ထောက်ပံ့ပေးသနားသကဲ့သို့ ဘုရားသခင်ကလည်း သူတို့ကိုထောက်ပံ့ပေးသနားပါလိမ့်မည်။ ဘုရားသခင်ကလူတို့ကို ၎င်းတို့ကအခြားသူများအား ကောင်းကြီးပေးသည့် အချိုးအစားတိုင်း ကောင်းကြီးပေးပါသည် (သုတ္တံ ၁၉း၁၇၊ လုကာ ၆း၃၈)။

အခန်းငယ် ၉ ၌ ရှင်ပေါလု ကိုးကားထားသည့်အရာကို သတိပြုပါ။ “သူသည်စွန့်ကြဲပြီ။ ဆင်းရဲသားတို့အား ပေးကမ်းပြီ။ သူ၏ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲတည်၏။” ဤကိုးကားချက်သည် ဆာလံ ၁၁၂း၉ မှဖြစ်သည်။ ဘုရားသခင်က မိမိ၏လူမျိုးတော်တို့အား ဆင်းရဲနွမ်းပါးသူများကို ဆီးကြို

လက်ခံ၍ ၄င်းတို့၏လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးသည့် ဖြောင့်မတ်သောသူများဖြစ်ကြဖို့ ဆင့်ခေါ်နေခဲ့ပါသည်။ ဘုရားသခင်၏ စိတ်တော်သည် ခက်ခဲကျပ်တည်းသောသူများအပေါ်တွင်ရှိနေသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏စိတ်နှလုံးသားရှိလျှင် ဘုရားသခင်၏ပုံဥပမာကို ကျင့်ကြံလိုက်လျှောက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှု၌ရှိနေခြင်း၏ အထောက်အထားကို ကျွန်ုပ်တို့၏အနီးတစ်ဝိုက်မှ လူများအား ကျွန်ုပ်တို့မည်သို့ပံ့ပိုးကူညီဖေးမကြသည်တွင်တွေ့မြင်ရသည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၄င်းတို့သည်ဖြောင့်မတ်ခြင်းကို ကြွယ်ဝစွာရိတ်သိမ်းနိုင်မည့်အကြောင်း ဘုရားသခင်က၄င်းတို့၏မျိုးစေ့များကို တိုးပွားပေးရန်လိုလားနေကြောင်း ရှင်းလင်းစွာပြောပြခဲ့သည် (၄ယ် ၁၀)။ ဤနေရာ၌ ကတိပြုထားသော ရိတ်သိမ်းခြင်းသည် ရုပ်ပိုင်းဆိုင်ရာရိတ်သိမ်းခြင်းမဟုတ်ကြောင်း၊ ဖြောင့်မတ်ခြင်းဟူသောဝိညာဉ်ရေးရာ ရိတ်သိမ်းခြင်းဖြစ်ကြောင်းကို သတိပြုပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာရိတ်သိမ်းခြင်းအတွက် မျိုးစေ့များကို ကြဲဖြန့်စိုက်ပျိုးနိုင်ဖို့ ဘုရားသခင်က လိုအပ်သောအရင်းအမြစ်များကို ထောက်ပံ့ပေးသနားပါသည်။

ဘုရားသခင်၏စိတ်ဆန္ဒမှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အကျိုးအမြတ်အတွက်ရုပ်ပိုင်းဆိုင်ရာနှင့် ဝတ္တုပစ္စည်းဆိုင်ရာရိတ်သိမ်းခြင်းကို ပေးသနားရန်ဖြစ်သည်ဟု သွန်သင်ပေးသောသူများရှိကြသည်။ ကျွန်ုပ်တို့၌ပို၍များသောကောင်းကြီးကို ခံစားရဖို့ပေးကမ်းလှူဒါန်းကြရန် ကျွန်ုပ်တို့ကိုတိုက်တွန်းကြသည်။ ထိုသူတို့သည် ဤနေရာ၌ရှင်ပေါလုသွန်သင်ထားသည့်အရာကို လွဲချော်ခဲ့ကြသည်။ ဤနေရာ၌တွေ့ရသော ရိတ်သိမ်းခြင်းသည် ဝိညာဉ်ရေးရာရိတ်သိမ်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့ပို၍ ပြန်လည်ရရှိဖို့ ပေးလှူကြသည်မဟုတ်၊

ဖြောင့်မတ်ခြင်းရိတ်သိမ်းခြင်းတစ်ခုရှိလာဖို့ ကျွန်ုပ်တို့ပေးလှူကြပါသည်။ မြေကြီးပေါ်၌ ဖြောင့်မတ်ခြင်းပေါက်ပွား ကြီးထွားလာ၍ လူများကကျွန်ုပ်တို့၏ ကယ်တင်ရှင်ထံ ရောက်လာကြမည့်အကြောင်း ကျွန်ုပ်တို့ပေးလှူကြရခြင်း ဖြစ်သည်။

အခန်းငယ် ၁၁ တွင် ရှင်ပေါလုက ဤအချက်ကိုပြန်လည်၍ အထူး ဖော်ပြခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့၏ စေတနာစိတ်နှင့် ပေးကမ်းစွန့်ကြဲခြင်းထဲမှ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းခြင်းထွက်ပေါ်လာမည့်အကြောင်း ၎င်းတို့၌ချမ်းသာကြွယ်ဝခြင်းကို ပေးခဲ့ကြောင်း ပြောပြခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ အခြားသူများအား ဖေးမကူညီပေးဖို့ ၎င်းတို့ကိုချမ်းသာကြွယ်ဝစေခဲ့ခြင်းဖြစ်ပြီး ထိုသို့ပြုလုပ်ခြင်း အားဖြင့် မြောက်မြားစွာသောလူတို့က ဘုရားသခင်ကိုချီးမွမ်းခဲ့ကြမည်ဖြစ် သည်။ ဤချမ်းသာကြွယ်ဝခြင်းသည် မိမိတို့၏ကိုယ်ပိုင်ရည်မှန်းချက်များ အတွက်အသုံးပြုဖို့မဟုတ်၊ အခြားသူများကို ကူညီဖေးမပေးဖို့နှင့် ဖြောင့်မတ် ခြင်းနိုင်ငံတော်ကို ချဲ့ထွင်ရာ၌ အသုံးပြုဖို့ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ နိုင်ငံတော်ကို ချဲ့ထွင်ရန်အတွက် ကျွန်ုပ်တို့ကိုရင့်ကျက်လာစေရန် ထိုသို့ပေး ကမ်းခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့မှာ ဘုရားသခင်၏ငွေကြေးနှင့် အရင်းအမြစ် များကို ထိန်းသိမ်းစောင့်ရှောက်နေကြသော ဘဏ္ဍာထိန်းမျှသာဖြစ်ကြသည်။

ကျွန်ုပ်တို့ပေးကမ်းစွန့်ကြဲသောအခါ၌ မြောက်မြားစွာသောအရာများ ဖြစ်ပျက်လာကြောင်းကို သတိပြုပါ။ အခန်းငယ် ၁၂ တွင် ရှင်ပေါလုက ကျွန်ုပ်တို့၏ပေးကမ်းစွန့်ကြဲခြင်းသည် ဘုရားသခင်၏လူများ၌ လိုအပ်လျက် ရှိနေသောအရာများကို ဖြည့်ဆည်းပံ့ပိုးပေးကြောင်း ကျွန်ုပ်တို့ကိုပြောပြထား သည်။ လိုအပ်ချက်များနှင့်ရှိနေသောသူများကို သခင်ယေရှု၏နာမတော်၌ ကူညီဖေးမကြရမည်။ ထိုသို့အားဖြင့် သူတို့သည် ၎င်းတို့၏ လေးလံသောဝန်

များမှ သက်သာခြင်းကိုရရှိ၍ မျှော်လင့်ချက်များရှိလာကြမည်ဖြစ်သည်။ ဤလိုအပ်ချက်များကို ကျွန်ုပ်တို့၏စွန့်ကြဲပေးကမ်းခြင်းဖြင့် ဖြည့်ဆည်းကြရသည်။

ထို့အပြင် အခန်းငယ် ၁၂တွင် ကျွန်ုပ်တို့ပေးကမ်းလှူဒါန်းလိုက်သော အလှူငွေသည် ဘုရားသခင်၏ကျေးဇူးတော်အား အလျှံပယ်ချီးမွမ်းခြင်းကို ဖြစ်စေကြောင်းကိုလည်း သတိပြုပါ။ သင်သည်အသက်တာ၌ ထိုကဲ့သို့သော စွန့်ကြဲပေးကမ်းခြင်းကို ရရှိခံစားခဲ့ရပေလိမ့်မည်။ သင့်အသက်တာ၌ အထူးလိုအပ်နေသောအရာတစ်ခုကို ဖြည့်ဆည်းပေးခဲ့သည့် သခင်ယေရှု၏နာမတော်၌သင့်အား ပေးကမ်းခဲ့သော လက်ဆောင်တစ်ခုကို သင်မည်သို့တုန့်ပြန်ခဲ့ပါသနည်း။ သင်သည်သခင်ဘုရားကို ချီးမွမ်း၍ကျေးဇူးတင်ခဲ့ပါသလား။ ဤအချင်းအရာကို သခင်ဘုရားက ကျွန်ုပ်၌ပေးအပ်ထားသည့် ဤစာအုပ်ရေးသားဖြန့်ချီခြင်းအမှုတော်၌ တွေ့မြင်နေရပါသည်။ *"ဘုရားသခင်ကို ကျွန်တော်ချီးမွမ်းပါတယ်"* ဟူသော စကားလုံးမျိုးဖြင့် အစပြုထားသော စာများကို ကမ္ဘာတစ်ဝှမ်းမှ ကျွန်ုပ်လက်ခံရရှိပါသည်။ ပထမတုံ့ပြန်ချက်သည် လိုအပ်နေသောအရာကို ပံ့ပိုးကူညီပေးဖို့ ယုံကြည်သူများ၏ စိတ်နှလုံးကို တို့ထိတော်မူသော ဘုရားသခင်အား ကျေးဇူးတင်ခြင်းဖြစ်သည်။ ပေးကမ်းစွန့်ကြဲခြင်းကို ကျွန်ုပ်တို့ပြုလုပ်သောအခါ ဂုဏ်ကြီးခြင်း၊ ဂုဏ်ပြုခြင်းကို ဘုရားသခင်လက်ခံရရှိသည်။ ပေးကမ်းစွန့်ကြဲခြင်းကို ကျွန်ုပ်တို့ပြုလုပ်သောအခါ အခြားသူများက ဘုရားသခင်ကို ကြီးသောအသံဖြင့်ချီးမွမ်းထောမနာပြုကြသည်။ ပေးကမ်းစွန့်ကြဲခြင်းသည် ဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်ခြင်းကို မြှင့်တင်အားပေးရန် အံ့ဖွယ်နည်းလမ်းတစ်ခုဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုပေးကမ်းစွန့်ကြဲခြင်းအားဖြင့် လက်တွေ့သက်သေပြခြင်းကို လူတို့ကတွေ့မြင်သောအခါ၊ ၎င်းတို့၏စိတ်နှလုံးများသည် ဘုရားသခင်ကို ကိုးကွယ်ချီးမွမ်းဖို့ တို့ထိခြင်းခံရသည်။

ဘုရားသခင်အား ကြီးမားအနက်ရှိုင်းဆုံးသော ကိုးကွယ်ချီးမွမ်းခြင်းအချို့သည် ညီအစ်ကိုမောင်နှမများက ဘုရားသခင်ကို နာခံ၍မိမိတို့၏ အိတ်ကပ်များနှိုက်ကာ ပေးကမ်းစွန့်ကြဲခြင်းအတွက် ဘုရားသခင်က ၎င်းတို့၏ စိတ်နှလုံးများကို တို့ထိတော်မူသည့်အတိုင်း ပေးကမ်းစွန့်ကြဲခဲ့ခြင်းများ၏ ရလာဒ်များဖြစ်ကြသည်။ အခန်းငယ် ၁၃တွင် ရှင်ပေါလုက ကောရိန္သုမြို့ရှိ ယုံကြည်သူတို့အား သခင်ခရစ်တော်ကို ၎င်းတို့၏ဝန်ခံအပ်နှံခြင်းနှင့် ဒွန်တွဲ၍ပါလာသောနာခံခြင်းကြောင့် လူအများကဘုရားသခင်ကို ချီးမွမ်းခဲ့ကြမည့်အကြောင်းအသိပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ယေရုရှလင်မြို့မှ ယုံကြည်သူများနှင့်အခြားအရပ်ဒေသမှယုံကြည်သူများက ကောရိန္သုယုံကြည်သူများသည် ပေးကမ်းစွန့်ကြဲခြင်းအတွက် ဘုရားသခင့်ဝိညာဉ်တော်၏စေ့ဆော်ခြင်းအား တုန့်ပြန်ခြင်းကို ကြားသိကြသောအခါ ၎င်းတို့သည် ကောရိန္သုယုံကြည်သူများ၏ယုံကြည်ခြင်းအားဖြင့် ခွန်အားသစ်များကိုရရှိ၍ ဘုရားသခင်ကို အသံမြှင့်၍ချီးမွမ်းကြပါလိမ့်မည်။

ပေးကမ်းစွန့်ကြဲခြင်းအမှု၏ နောက်ထပ်ရလာဒ်တစ်ခုရှိသေးသည်။ ဘုရားသခင်၏လူများသည် ပေးကမ်းစွန့်ကြဲသူကို ကိုယ်တော်ရှင်၏ မျက်မှောက်တော်သို့ ဆုတောင်းခြင်းဖြင့် ဆောင်ယူလာရန် တို့ထိခြင်းကိုခံကြရသည် (ငယ် ၁၄)။ တစ်ဖန်ဤအချင်းအရာကို ကျွန်ုပ်၏သာသနာလုပ်ငန်းတွင် မြင်တွေ့ရပါသည်။ စာတိုက်မှတစ်ဆင့် ကျွန်ုပ်၏စာအုပ်ကိုလက်ခံရရှိခဲ့ရသောကြောင့် ကျွန်ုပ်အတွက်ဆုတောင်းပေးနေကြသော ကမ္ဘာတစ်ဝှမ်းမှ ယုံကြည်သူများအတွက် ဘုရားသခင်ကို ကျွန်ုပ်ချီးမွမ်းမိပါသည်။ ဤဆုတောင်းချက်များက ဤအမှုတော်ကိုဆက်လက်လုပ်ဆောင်နိုင်ရန် ကျွန်ုပ်ကိုစွမ်းဆောင်ပေးကြပါသည်။ ဤဆုတောင်းချက်များ၏ သက်ရောက်မှုစွမ်းအားကို ကျွန်ုပ်ဤ

လောက၌ နေထိုင်စဉ်တွင် သိရလိမ့်မည်မဟုတ်ပါ။ စာအုပ်များကို ကျွန်ုပ်ဆက်လက်၍ရေးသားနေသည်နှင့်အမျှ ကျွန်ုပ်လိုအပ်နေသော ထိုးထွင်းသိမြင်နိုင်စွမ်းများကို ကျွန်ုပ်အားပေးသနားရန် ထိုဆုတောင်းချက်များက ဘုရားသခင်၏ဝိညာဉ်တော်ကို တို့ထိခဲ့ကြသည်။ ထို့အပြင် ထိုဆုတောင်းချက်များသည် အမှုတော်မြတ်၌ အပတ်တကုတ်ကြိုးစားအားထုတ်၍ အဆုံးတိုင်ဆက်လက်တည်မြဲနေရန် တို့ထိစေ့ဆော်ပေးပြီး၊ သာ၍ကြီးမားသောအခွင့်အရေးများကိုပေး၍ ဘုရားသခင်ထံမှထောက်ပံ့ပေးသနားခြင်းကို လက်ခံရရှိစေကြသည်ကို သံသယရှိစရာမရှိပါ။ သင်ပေးကမ်းစွန့်ကြဲသောအခါ သင့်အတွက်ဆုတောင်းပေးနေကြသော ဘုရားသခင့်လူတို့၏ ဆုတောင်းချက်များ၏အကျိုးကျေးဇူးကို သင်ခံစားရပါသည်။ သင့်ရဲ့ဖြောင့်မတ်ခြင်းရိတ်သိမ်းခြင်းမှာတိုးပွားလာရပါသည်။

အခန်းငယ် ၁၅ တွင် ရှင်ပေါလုကအောက်ပါစကားလုံးများဖြင့် ဤအခန်းကို နိဂုံးချုပ်ထားပါသည်။ "ပြော၍မကုန်နိုင်သော ဘုရားသခင်၏ ဆုကျေးဇူးတော်ကို အောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း။" ဤနေရာ၌ ပြောပြထားသောဆုကျေးဇူးဆိုသည်မှာ ပေးကမ်းစွန့်ကြဲခြင်းဆုကျေးဇူး ဖြစ်နိုင်ချေရှိသည်။ ထိုဆုကျေးဇူးသည် ပေးကမ်းစွန့်ကြဲသောသူများ၏ အသက်တာ၌လည်းကောင်း၊ လက်ခံရရှိသော သူတို့၏အသက်တာ၌လည်းကောင်း အံ့ဖွယ်ကောင်းကြီးမင်္ဂလာများအဖြစ် ပြောင်းလဲဖြစ်တည်ကြသည်။ သို့သော်ထိုဆုကျေးဇူးကို သခင်ယေရှု၏ဖြစ်တည်မှု၌ ပိုမို၍ပြည့်ဝစွာ မြင်တွေ့ရပါသည်။ ထိုသခင်သည် ကျွန်ုပ်တို့အား ပေးသနားထားသော ဆုကျေးဇူးများအနက်မှအကြီးမြတ်ဆုံးကျေးဇူးဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ပေးကမ်းစွန့်ကြဲခြင်းအမှုကို နောက်ကွယ်မှ တွန်းပို့စေ့ဆော်ပေးသောသူလည်းဖြစ်သည်။ သခင်ခရစ်တော်တည်း

ဟူသော အကြီးမြတ်ဆုံးဆုကျေးဇူးအတွက်လည်း ရှင်ပေါလုက ဘုရားသခင်ကို ချီးမွမ်းထောမနာပြုခဲ့ပါသည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဤအခန်းတွင် ဘုရားသခင်၏နိုင်ငံတော်အား ချဲ့ထွင်ခြင်းအမှု၌ ပေးကမ်းစွန့်ကြဲခြင်း ဆုကျေးဇူး၏အရေးပါပုံနှင့် ပတ်သက်၍ ကျွန်ုပ်တို့မည်သည့်အရာကို သင်ယူရပါသနည်း။
- ပေးကမ်းစွန့်ကြဲခြင်းတွင် သင့်ရဲ့စိတ်နေသဘောထားသည် အရေးကြီးပါသလား။ ရှင်းပြပါ။
- အသင်းတော်၌ ငွေကြေးကိစ္စများကို ဂရုတစ်စိုက်စီမံခန့်ခွဲခြင်း၏ အရေးပါပုံနှင့်စပ်လျှဉ်း၍ ရှင်ပေါလုက ယနေ့တွင်ကျွန်ုပ်တို့အား မည်သည့် အရာကို သွန်သင်ပေးပါသနည်း။ သင်တို့ရဲ့အသင်းတော်၌ ငွေကြေးကိစ္စများကို မည်သို့စီမံခန့်ခွဲကြပါသနည်း။
- ဘုရားသခင်၏ နိုင်ငံတော်၌ ကျွန်ုပ်တို့မျိုးစေ့ကြဲသောအခါ မည်သည့် အရာကို ရိတ်သိမ်းဖို့ ကျွန်ုပ်တို့ရှာကြံကြရမည်နည်း။
- ပေးကမ်းစွန့်ကြဲသောသူတစ်ဦးသည် ဝတ်ပြုကိုးကွယ်ခြင်းခေါင်းဆောင်တစ်ဦးဖြစ်ပါသည်ဟု ကျွန်ုပ်တို့မည်သို့ပြောနိုင်သနည်း။
- ပေးကမ်းစွန့်ကြဲခြင်း၏ ရလာဒ်ကားအဘယ်နည်း။ ပေးကမ်းစွန့်ကြဲခြင်းအမှုတော်အားဖြင့် ချီးမွမ်းခြင်းကို ဘုရားသခင်မည်သို့ လက်ခံရရှိ ရပါသနည်း။

**ဆုတောင်းရန်အချက်များ**

- ပေးကမ်းစွန့်ကြဲခြင်းအမှု၌ သင့်ရဲ့စိတ်နေသဘောထားကို ဆန်းစစ်ပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင့်အနီးတစ်ဝိုက်၌ရှိနေသော စေတနာစိတ်နှင့်လှူဒါန်းနိုင်မည့်အခွင့်အရေးများကို တွေ့မြင်နိုင်ဖို့ သင့်ရဲ့မျက်စိများကို ဖွင့်ဟပေးဖို့ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သင့်ရဲ့လိုအပ်ချက်များကို ကိုယ်ခန္ဓာတော်ရှိ အခြားသူများအားဖြင့် ထောက်ပံ့ပေးသနားခဲ့သည့်အချိန်များအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သင်လိုအပ်နေသောအချိန်၌ သင့်ကိုပေးကမ်းဖို့ ဘုရားသခင်၏ အသုံးပြုခြင်းကို ခံရသောသူများအတွက် ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။

## ၁၇
## ပေါလုလူကြောက်လား

၂ကော ၁၀း၁-၁၂ ကိုဖတ်ရှုပါ။

ရှင်ပေါလုနှင့်ကောရိန္သုအသင်းတော်မှ လူတစ်ချို့အကြား၌ ရှိနေခဲ့သောပြဿနာများ၏ အရိပ်အမြွက်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ရှင်ပေါလုတွင် ဆန့်ကျင်ပုတ်ခတ်သူများရှိနေခဲ့သည်။ ကောရိန္သုအသင်းတော်တွင်ရှင်ပေါလု၏ အမှုတော်လုပ်ငန်းကို မကြိုက်မနှစ်သက်၍ ရှင်ပေါလု၏ လုပ်ပိုင်ခွင့်အာဏာကို လျှော့ပါးထိခိုက်စေရန် ကြိုးစားနေသည့် မှားယွင်းသောဆရာများနှင့် လူတစ်ချို့ရှိခဲ့ကြသည်။ ရှင်ပေါလုက ဤပြဿနာကို အထူးသတိထားမိခဲ့ပြီး ဖြေရှင်းဖို့ကြိုးစားခဲ့သည်။

အခန်းငယ် ၁ တွင် ကောရိန္သုမြို့အသင်းတော်ထဲမှ လူတစ်ချို့က ရှင်ပေါလုက စာရေးရာတွင် လူစွာလုပ်သော်လည်း၊ လူချင်းမျက်နှာချင်းဆိုင်တွေ့သောအခါတွင် လူကြောက်ဖြစ်သည်ဟု ပြောဆိုနေကြကြောင်းကို သတိပြုပါ။ ဤပုဂ္ဂိုလ်များသည် ရှင်ပေါလုကို လူရှေ့တွင်တစ်မျိုး နောက်ကွယ်တွင်တစ်မျိုးဟု စွပ်စွဲပြောဆိုခြင်းဖြင့် ရှင်ပေါလုကို ရှုတ်ချဖို့ ကြိုးစားနေကြသည်ကို ကျွန်ုပ်တို့ သဘောပေါက်ဖို့လိုအပ်သည်။ ဤပုဂ္ဂိုလ်များက ရှင်ပေါလုသည် မိမိတို့နှင့် အဝေးတစ်နေရာ၌ရှိနေချိန်တွင် ရဲရင့်ပြတ်သားစွာဖြင့် စာရေးပေးပို့ခဲ့သော်လည်း မိမိတို့နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံချိန်တွင် သူပြောခဲ့သည့် အရာများကို ကျောထောက်နောက်ခံပြုပေးဖို့ သတ္တိမရှိဟု ပြောဆိုနေခဲ့ကြသည်။

တစ်စိတ်တစ်ပိုင်းအားဖြင့် ဤပုဂ္ဂိုလ်များသည် ၎င်းတို့၏အသင်းတော်၌ရှိနေသော ပြဿနာအချို့ကို ရှင်ပေါလုကထောက်ပြဖြေရှင်းပေးသည့်အနေဖြင့် ရေးသားခဲ့သည့်စာကို တုန့်ပြန်နေခဲ့ကြခြင်းဖြစ်သည်။ ဤစာစောင်၌ ရှင်ပေါလုပြောထားချက်များကို လက်မခံနိုင်ဖြစ်ခဲ့ကြပြီး၊ ရှင်ပေါလု၏လုပ်ပိုင်ခွင့်အာဏာကို ထိခိုက်လျော့ပါးသွားစေရန် ကြိုးစားအားထုတ်နေခဲ့ကြပါသည်။

ရှင်ပေါလုက မိမိကိုစွပ်စွဲပြောဆိုနေသောသူများအား သခင်ခရစ်တော်၏ နူးညံ့သိမ်မွေ့ဖြေးညှင်းတော်မူခြင်းအားဖြင့် တောင်းပန်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သူသည်ဒေါသထွက်ခြင်း၊ နားကျည်းခါးသီးခြင်းတို့ဖြင့် မတုန့်ပြန်ခဲ့ပါ။ သူသည်နူးညံ့သိမ်မွေ့ဖြေးညှင်းခြင်းစိတ်ဖြင့် တောင်းပန်ပြောဆိုခဲ့သည်။ ကျွန်ုပ်တို့ကိုပြစ်တင်ဝေဖန်ခြင်းအား အမျက်ဒေါသနှင့်တုန့်ပြန်ရန်မှာ မည်မျှလွယ်ကူကြောင်းကို ကျွန်ုပ်တို့အားလုံးသိထားကြပါသည်။ ဇာတိပကတိစိတ်သည် စကားဖြင့်လည်းကောင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းအားဖြင့်၎င်း ချက်ချင်းတိုက်ခိုက်၍၊ လက်စားချေမှုကို ပြုလုပ်လိုသည်။ ရှင်ပေါလုသည် ဤနေရာတွင် ဇာတိပကတိစိတ်ဖြင့် မပြုမူခဲ့ပါ။ သူသည်ဝိညာဉ်တော်၏လမ်းပြမှုအတိုင်းသာ ပြုမူခဲ့ပါသည်။ ပြစ်တင်စွပ်စွဲခြင်းများကို ရင်ဆိုင်ရာ၌ ရှင်ပေါလုသည် မိမိ၏နူးညံ့သိမ်မွေ့ဖြေးညှင်းခြင်းလက်နက်ကို ဆွဲကိုင်ခဲ့သည်။ ဤသည်မှာ ရှင်ပေါလုတိုက်ပွဲဝင်သည့်ပုံစံဖြစ်သည်။

ရှင်ပေါလုက သူသည်အမှုတော်လုပ်ငန်း၌ ရဲရဲဝံ့ဝံ့ရပ်တည်ဖို့လိုအပ်သည့်အချိန်များရှိနေခဲ့ကြောင်းကို ဝန်ခံခဲ့သည်။ သို့သော်အဖြစ်နိုင်ဆုံး နူးညံ့သိမ်မွေ့ခြင်းဖြင့် ပြုမူဖို့သူရွေးချယ်ခဲ့သည်။ အခန်းငယ် ၂ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိကောရိန္သုမြို့သို့မလာမီဤပြဿနာကို ဖြေရှင်းထားကြဖို့ တောင်းပန်ခဲ့သည်။ ထိုသို့အားဖြင့် ရှင်ပေါလုကောရိန္သုမြို့

ကိုလာရောက်လည်ပတ်သောအခါတွင် အသင်းသားများကို အတင်းအဓမ္မ တိုက်တွန်းဖို့ လိုမည်မဟုတ်တော့ပါ။

ရှင်ပေါလုနှင့် တမန်တော်ကြီးများသည် လောကီစံချိန်စံညွှန်းများဖြင့် နေထိုင်နေကြပါသည်ဟု ပြောဆိုနေသောသူများရှိခဲ့သည်။ ဤစွပ်စွဲပြောဆိုချက်များသည် ဘုရားသခင့်တပည့်တော်များ၏ အကျင့်စာရိတ္တကို ထိခိုက်ညှိုးနွမ်းစေသောကြောင့် ရှင်ပေါလုက ဤစွပ်စွဲပြောဆိုချက်များကို ပေါ့ပေါ့တန်တန်မထားခဲ့ပါ။ ဤစွပ်စွဲပြောဆိုချက်များသည် ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ခြင်းအမှုမှ အဓိကခေါင်းဆောင်များ၏ အသက်တာကို သံသယဖြစ်စေသောကြောင့် နိုင်ငံတော်ချဲ့ထွင်ခြင်းအမှုကို ဆီးတားနှောက်ယှက်နေပါသည်။ ဤရှုတ်ချဝေဖန်သူများသည် အသင်းတော်၌စိတ်ဝမ်းကွဲခြင်းကို ဖြစ်ပေါ်စေသောကြောင့် ၎င်းတို့၏ပါးစပ်များကို ပိတ်ပစ်ဖို့လိုအပ်ခဲ့သည်။ ရှင်ပေါလုသည် ကိုယ်တိုင်လာရောက်၍ ဤပုဂ္ဂိုလ်များနှင့် ထိပ်တိုက်ဖြေရှင်းချင်ခဲ့သည်။ မိမိမည်မျှရဲရင့်ပြတ်သားနိုင်ကြောင်းကို ဤပုဂ္ဂိုလ်များအား လက်တွေ့သက်သေပြလိုခဲ့သည်။ သို့သော်ရှင်ပေါလုသည် ၎င်းတို့ထံသို့ နူးညံ့သိမ်မွေ့ခြင်းနှင့်အတူရောက်လာရခြင်းကို ပို၍နှစ်သက်ခဲ့သည်။ ထို့ကြောင့် အသင်းတော်အား ဤပြဿနာကို မိမိတို့ဖာသာအမြန်ဆုံးဖြေရှင်းကြဖို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဘုရားသခင်၏ အစေခံများအား ဆန့်ကျင်ပုတ်ခတ်ပြောဆိုခြင်း၏ အန္တရာယ်ကို ကျွန်ုပ်တို့နားလည်ဖို့အရေးကြီးသည်။ အသင်းတော်ကို လမ်းမှားဆီသို့ဦးဆောင်နေသော ခေါင်းဆောင်တစ်ယောက်အား ကိုင်တွယ်ဖြေရှင်းခြင်းသည် တစ်မျိုးဖြစ်၍၊ ဘုရားသခင်၏လူတစ်ယောက်အား ၎င်း၏လုပ်နည်းလုပ်ဟန်ကို သဘောမကျ၍ ပြစ်တင်ရှုတ်ချကဲ့ရဲ့ခြင်းသည် တစ်မျိုးဖြစ်သည်။

ဤအခြေအနေနှစ်ခုလုံးတွင် ကျွန်ုပ်တို့အထူးသတိထားဖို့ လိုအပ်သည်။ ကျွန်ုပ်တို့၏ တည်ဆောက်စရာအဖို့လည်းကောင်း၊ ကျွန်ုပ်တို့၏ခွန်အားယူစရာအဖို့လည်းကောင်း သခင်ဘုရားက ကျွန်ုပ်တို့၏အလယ်၌ထားရှိထားသော လုပ်ပိုင်ခွင့်အာဏာရှိသူများအား ပြစ်တင်ရှုတ်ချသည့်အပြစ်ကို ကျွန်ုပ်တို့မကျူးလွန်သင့်ပါ။ ထိုသို့ပြစ်တင်ရှုတ်ချသည့်အပြစ်ကို ကျူးလွန်ခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်အံတုခြင်းသာဖြစ်သည်။

ဘုရားသခင်က မိမိတို့အပေါ်၌ ခန့်အပ်ထားသောလုပ်ပိုင်ခွင့်အာဏာရှိသူကို လေးစားဂုဏ်ပြုလိုစိတ်ရှိသောသူများတွင် ဒါဝိဒ်သည်ထင်ရှားသော ပုံဥပမာတစ်ခုဖြစ်သည်။ ရှောလုသည်ဒါဝိဒ်ကို လုပ်ကြံသတ်ဖြတ်ဖို့ရှာကြံခဲ့သော်လည်း ဒါဝိဒ်သည် ရှောလုကို နှုတ်အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း ဆက်လက်၍ရိုသေလေးစားခဲ့သည်။ ဒါဝိဒ်၏ ပုံဥပမာကို ကျွန်ုပ်တို့လိုက်လျှောက်ကျင့်ကြံကြဖို့ လိုအပ်သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ယုံကြည်သူတို့သည် ဤလောက၌ ရှင်သန်နေထိုင်ကြရသော်လည်း လောကီသားများကဲ့သို့ စစ်ကို မတိုက်ကြကြောင်းအသိပေးခဲ့သည်။ ဤကဲ့သို့သောအပြုအမူ၏ ထင်ရှားသော ပုံဥပမာကို ပထမဆုံးအခန်းငယ်၌ ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ ထိုအခန်းငယ်တွင် ရှင်ပေါလုသည် နူးညံ့သိမ်မွေ့ဖြည်းညှင်းခြင်းလက်နက်ကို အသုံး ပြုရန်ရွေးချယ်ခဲ့သည်။ လောကီသားများ၏နည်းလမ်းသည် တမူထူးခြားကြောင်းကို သူသိခဲ့ပါသည်။ လောကီသားများသည် လက်စားချေခြင်းကို ရှာကြံကြသည်။ နာကျည်းခါးသီးမှုများနှင့် ပြည့်၍မကျေမချမ်းဖြစ်ကြသည်။ ချက်ချင်းဆိုသလို ပြုမူတုန့်ပြန်တတ်ကြသည်။ အဆိုးကိုအဆိုးအားဖြင့် တုန့်ပြန်ချေပကြသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဤလက်နက်

များသည် ဘုရားသခင်ထံမှ မဟုတ်ကြသကဲ့သို့ အသင်းတော်၌လည်း နေရာ မရှိကြပါဟု ပြောပြခဲ့သည်။

ဝိညာဉ်တော်၏လက်နက်များသည် လောကီလက်နက်များထက်ပို၍ အစွမ်းထက်ကြသည်။ ဝိညာဉ်တော်၏လက်နက်များသည် မြို့ရိုး၊ မြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်များဖြစ်ကြသည်။ ချစ်ခြင်းမေတ္တာတရားသည် မုန်းတီးခြင်းတရားထက် အဆီးအတားများကို ပို၍ဖြိုဖျက်နိုင်စွမ်းသည်။ နူးညံ့ သိမ်မွေ့ခြင်းသည် ရန်သူ၏တန်ခိုးကို အောင်နိုင်ပြီး၊ မာန်မာနကြီးခြင်းသည် ၄င်း၏ဆုပ်ကိုင်ထားမှုကို ပို၍သာခိုင်မာစေပါသည်။ စိတ်ရှည်သည်းခံခြင်း သည် အောင်နိုင်ခြင်းကိုရရှိ၍ စိတ်မရှည်ခြင်းသည် ပြဿနာကိုပို၍သာ ဆိုးဝါး စေပါသည်။ ဤလက်နက်များအားလုံးသည် ကျွန်ုပ်တို့၏အသက်တာရှိ ဘုရား သခင့်ဝိညာဉ်တော်၏အသီးဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများနှင့် ဝိညာဉ်အသီးအားဖြင့် ရန်သူ၏တန်ခိုး အစွမ်းကိုဖြိုဖျက်ရန် ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့် လည်းကောင်း အလုပ်လုပ်တော်မူသည်။ သို့သော် ကျွန်ုပ်တို့သည် မကြာခဏ ဆိုသလို လောကီနည်းလမ်းများဆီသို့ ကိုင်းညွှတ်တတ်ကြသည်။ လောကီ လက်နက်များကို ကျွန်ုပ်တို့စွဲကိုင်အသုံးပြုလျှင် အလွန်ကြီးမားသော ပျက်စီး ခြင်းကို ပြုလုပ်မိနိုင်သည်။ ဘုရားသခင့်နိုင်ငံတော်၏ ကောင်းရာကောင်းကျိုး ကိုကျွန်ုပ်တို့ ရှာကြံနိုင်ပါသော်လည်း ထိုရှာကြံခြင်းကို ဇာတိပကတိအားဖြင့် လုပ်ဆောင်ရန်မှာလည်း ဖြစ်နိုင်သောအရာဖြစ်သည်။ အသင်းတော်များသည် ဇာတိပကတိစိတ်ဖြင့် အသင်းတော်စည်းကမ်းကို ပြဋ္ဌာန်းကျင့်သုံးနိုင်သည်။ တရားဟောဆရာများသည် ဇာတိပကတိမှလာသော တရားဒေသနာများကို ဟောပြောနိုင်ကြသည်။ ကောရိန္သုအသင်းတော်ရှိ မကောင်းမှုဒုစရိုက်ကို ပြတ် ပြတ်သားသား ရှုတ်ချပြစ်တင်ခြင်းလုပ်ရပ်သည် ရှင်ပေါလုအတွက်မှန်ကန်

ခဲ့ပါသည်။ သို့သော်သူသည် ဝိညာဉ်တော်၌ပြောဆိုခြင်း၊ ဝိညာဉ်တော်၌ လုပ်ဆောင်ခြင်းတို့အတွက် အထူးကြိုးစားအားထုတ်ခဲ့ပါသည်။

ဝိညာဉ်တော်၌လည်းကောင်း၊ ချစ်ခြင်းမေတ္တာ၌လည်းကောင်း ကျွန်ုပ်တို့လျှောက်လှမ်းရှင်သန်လျှင် ကျွန်ုပ်တို့သည် သူတစ်ပါးကိုပြင်းပြင်းထန်ထန်ဆက်ဆံပြုမူမည်မဟုတ် (သို့) ပြစ်တင်ရှုတ်ချကြမည်မဟုတ်ဟု ယုံကြည်ထားသောသူများရှိကြသည်။ ဤအချက်သည် မမှန်ကန်ပါ။ ဝိညာဉ်တော်၌အမျက်ဒေါသထွက်မိရန်မှာ ဖြစ်နိုင်ချေရှိသောအရာဖြစ်သည်။ ဗိမာန်တော်ထဲသို့ သခင်ယေရှုဝင်ရောက်သွားခဲ့၍ ငွေလဲလှယ်သူများကို တွေ့မြင်သောအခါ အမျက်ထွက်ခဲ့ပြီး ၄င်းတို့ကိုဗိမာန်တော်ထဲမှ နှင်ထုတ်ခဲ့သည်။ ဘုရားသခင်ကိုယ်၌ကပင် အပြစ်နှင့်မကောင်းမှုဒုစရိုက်ကို အလွန်မုန်းတီးရွံ့ရှာတော်မူသည်။ ထာဝရဒဏ်ခတ်စီရင်ခြင်းနေရာဖြစ်သည့် အပယ်ငရဲသည် ဘုရားသခင်၏ တရားမျှတစွာ စီရင်ခြင်းနှင့်ဘုရားသခင်၏ဖြောင့်မတ်သော အမျက်တော်တို့၏ သက်သေတစ်ခုဖြစ်ခဲ့ပါလိမ့်မည်။ သူတစ်ပါးကို ကျွန်ုပ်တို့စစ်မှန်စွာချစ်လျှင် ၄င်းတို့၏အပြစ်ကိုလက်ခံပေးကြလိမ့်မည်ဟု သွန်သင်ပေးသောသူများရှိသည်။ စစ်မှန်သောချစ်ခြင်းမေတ္တာသည် တစ်ခါတစ်ရံတွင် ပြင်းထန်ကျပ်တည်းသောဆုံးမသွန်သင်ပေးခြင်းကို မဖြစ်မနေပြဋ္ဌာန်းကြောင်း မိဘတိုင်းကသိထားကြသည်။ တစ်ခါတစ်ရံတွင် ချစ်ခြင်းမေတ္တာသည် အကျင့်စာရိတ္တကို တည်ဆောက်ပြုပြင်ပေးဖို့ ယာယီနာကျင်မှုကို ဖြစ်စေဖို့လိုအပ်သည်။

အခန်းငယ် ၅တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၄င်းတို့သည် ဘုရားသခင်အား သိကျွမ်းခြင်းကိုဆီးတားသော ရန်ဖြစ်ငြင်းခုံခြင်းအားလုံးနှင့် ခပ်သိမ်းသောဟန်ဆောင်ခြင်းများကို သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဖြိုဖျက်နိုင်ကြောင်း ပြောပြခဲ့သည်။ တစ်နည်း

အားဖြင့်ဆိုရလျှင် ယုံကြည်သူများအထဲ၌ ကိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်နှင့်ဘုရားသခင်၏ အကြံအစည်များကို ဆီးတားသော လောကီအတွေးအခေါ်များနှင့်နည်းလမ်းများကို ဝိညာဉ်လက်နက်များဖြင့် တိုက်ခိုက်ပါသည်။

ဤလောကကြီး၌ ယုံကြည်သူများပြုလုပ်ရမည့်အရာကို ပြဋ္ဌန်းပေးရန်အတွက်ရှင်ပေါလုသည် အလွန်လေးနက်ပြင်းထန်သော စကားလုံးများကို အသုံးပြုခဲ့သည်။ ကျွန်ုပ်တို့သည် ရန်သူ၏ခြေကုပ်များကို ဖြိုဖျက်နေကြပါသည်။ ကျွန်ုပ်တို့သည် မကောင်းသောလောကီအတွေးအခေါ်များကို တစ်စစီချိုးဖဲ့နေကြပါသည်။ ကျွန်ုပ်တို့သည် စာတန်တည်ဆောက်ထားသော စည်းရိုးများကို ဖြိုဖျက်ဖယ်ရှားနေကြပါသည်။ ကျွန်ုပ်တို့သည် လူတို့ကိုငှင်းတို့အားဖျက်ဆီးလိုနေသည့် မာန်မာန၏ချုပ်ကိုင်ဖမ်းဆီးခြင်းမှ ကယ်တင်ပေးနေကြပါသည်။

ဝိညာဉ်တော်၌ လျှောက်လှမ်းရှင်သန်၍ ဝိညာဉ်တော်၏လက်နက်များဖြင့် အမှုတော်ဆောင်သောသူများသည် အားနည်းချည့်နဲ့သောသူများ မဟုတ်ကြပါ။ သူတို့သည် ဘုရားသခင်၏ဘုန်းတော်အတွက် အာသီသပြင်းပြမှုများနှင့် ပြည့်ဝနေသောသူများသာဖြစ်ကြသည်။ သူတို့သည် ရန်သူကဖန်တီးဖြစ်ပေါ်စေခဲ့သော အပျက်အဆီးများကို မြင်တွေ့ခဲ့ကြရသည်။ ထို့အတွက်ကြောင့်ယုံကြည်သူများက စာတန်ကိုအနိုင်ယူဖို့ တိုက်ခိုက်နေကြပါသည်။ လောကီသားများ၏ ပြဿနာများအတွက်အဖြေမှာ ဘုရားသခင်ကိုသိကျွမ်းခြင်းနှင့်ဘုရားသခင်၏ ကယ်တင်ခြင်းသာဖြစ်ကြောင်းကို သူတို့သိထားကြသည်။ ဤအရာကို အကောင်အထည်ဖော်ဖို့ မိမိတို့၏အသက်ကိုပင် သူတို့စွန့်လွှတ်ကြပါလိမ့်မည်။ သူတို့သည် လောကီလက်နက်များဖြင့် တိုက်ပွဲကိုမနွဲကြပါ။ သူတို့သည် ပြင်းပြသောဆန္ဒများနှင့် ပြည့်နေ၍စာတန်နှင့် စာတန်၏

အစီအမံများကို ဆန့်ကျင်၍သန့်ရှင်းသော အမျက်ဒေါသနှင့်ပြည့်နေကြပါသည်။

တိုက်ပွဲအတွင်းသို့ ကျွန်ုပ်တို့ဝင်ရောက်သောအခါ ကျွန်ုပ်တို့၏ဇာတိပကတိ၌ သဘာဝအတိုင်း ထွက်ပေါ်လာသောလက်နက်များဖြင့် တိုက်ခိုက်ရန်မှ ကျွန်ုပ်တို့အတွက်အမှန်တကယ်ရှိနေသော စုံစမ်းနှောက်ယှက်ခြင်းဖြစ်သည်။ စိတ်ဆိုးဒေါသထွက်၍ နာကျည်းခါးသီးစိတ်များဖြစ်ပေါ်လာဖို့ စုံစမ်းနှောက်ယှက်ခံရပါလိမ့်မည်။ ရန်သူ၏လက်နက်ကိုစွဲကိုင်၍ ၎င်းကိုရင်ဆိုင်တိုက်ခိုက်ဖို့ စုံစမ်းနှောက်ယှက်ခြင်း ခံရပါလိမ့်မည်။ သို့သော် ဤအခန်းငယ် ၅ တွင် ရှင်ပေါလုက ကျွန်ုပ်တို့အားခပ်သိမ်းသော စိတ်တို့ကိုဖမ်းချုပ်ထိန်းသိမ်း၍ သခင်ယေရှုခရစ်တော်၏စကားကို နာခံကြဖို့အသိပေးခဲ့သည်။ ဤအချင်းအရာသည် ခရစ်ယာန်စစ်သူရဲများအတွက် ထိုဆိုးညစ်၍ လက်စားချေလိုစိတ်များနှင့် အမူအကျင့်များအား ဖမ်းချုပ်ထိန်းသိမ်းခြင်းကို ဆိုလိုသည်။ ထိုအရာသည် ဇာတိပကတိစိတ်၌ သဘာဝအတိုင်းဖြစ်ပေါ်လာသောအရာများ၌သေ၍ ဘုရားသခင်၏နည်းလမ်းဖြင့် ကျင့်ကြံလုပ်ဆောင်ခြင်းကိုဆိုလိုသည်။ ထိုအရာသည် နာကျည်းခါးသီးမှုများနှင့် မှားယွင်းသောစိတ်ထားများကို ကုစားပေးဖို့ သခင်ယေရှုထံသို့လာရောက်ခြင်းကိုဆိုလိုသည်။ ထိုအရာသည် ကျွန်ုပ်တို့ကို ထိခိုက်နာကျင်စေသောသူတို့အား ခွင့်လွှတ်ပေးခြင်းကိုဆိုလိုသည်။ ထိုအရာသည် မှားယွင်းသောစိတ်ရင်းစိတ်ထားများကို အသုံးပြု၍ တိုက်ပွဲဝင်ခြင်းအား ငြင်းဆန်ခြင်းကိုဆိုလိုသည်။ ဆိုးညစ်သောအတွေးများ (သို့) ခပ်သိမ်းသောလိမ်ညာပြောဆိုမှုများကို ရပ်တန့်၍ ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားဖြင့် ဖမ်းဆီးထိန်းချုပ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၏စိတ်နှလုံးအတွေးအခေါ်နှင့်အတူ ရန်သူ့ကိုရင်ဆိုင်ကြရပါမည်။

မိမိတို့၏အနီးတစ်ဝိုက်၌ရှိနေသောတိုက်ပွဲများကို ရင်ဆိုင်တိုက်လှန်ကြသော်လည်း စိတ်နှလုံးအတွင်းရှိ တိုက်ပွဲကိုမတိုက်သောသူများရှိကြသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို ချဲ့ထွင်ဖို့ကြိုးစားနေကြသော်လည်း သူတို့သည် စိတ်မကျေမချမ်းနှင့် ဖော်ရွေခင်မင်မှုမရှိဖြစ်နေကြသည်။ မနာလိုဝန်တိုခြင်းနှင့် လက်စားချေခြင်းလက်နက်ကို သူတို့စွဲကိုင်ကြသည်။ မိမိတို့၏အပြစ်ဒုစရိုက်များအား ဆန့်ကျင်တိုက်လှန်ခြင်းဟူသော အတွင်းတိုက်ပွဲကို သူတို့ရှုံးနိမ့်ခဲ့ကြသည်။ မိမိတို့၏အခြားညီအစ်ကို မောင်နှမများကဲ့သို့ပင် တူညီသောအခြေခံအကြောင်းအရာများအတွက် တိုက်ပွဲဝင်ကောင်းဝင်နေကြပါလိမ့်မည်။ သို့သော်သူတို့သည် လောကီလက်နက်များဖြင့် တိုက်ပွဲဝင်နေကြသည်။ ဤအချင်းအရာကို ကျွန်ုပ်တို့နားလည်သဘောပေါက်သောအခါ၌သာလျှင် သခင်ခရစ်တော်ကို ဆန့်ကျင်မည့်အစား သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့တိုက်ပွဲဝင်သင့်သည့်အတိုင်း တိုက်ပွဲဝင်နိုင်ကြမည်ဖြစ်သည်။

အခန်းငယ် ၆ တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူတို့အား သစ္စာနှင့်ပြည့်စုံသောသူတို့က ၄င်းတို့ကိုယ်ကို အပြစ်ဒုစရိုက်၌ ရှင်သန်နေကြသောသူများနှင့် သီးသန့်ခွဲထားပြီးနောက်တွင် မနာခံခြင်းလုပ်ရပ်များကို ဒဏ်ပေးဖို့ မိမိတို့အဆင်သင့်ရှိနေကြောင်း အသိပေးခဲ့သည်။ ရှင်ပေါလုက သူလာရောက်မလည်ပတ်မီတွင် ဤအဖွဲ့နှစ်ဖွဲ့ကြား၌ ရှင်းလင်းပြတ်သားသောစည်းများကို ရေးဆွဲစေလိုခဲ့သည်။ ငြင်းဆန်ပုန်ကန်နေသူများက နောင်တရဖို့ ငြင်းပယ်ခဲ့လျှင် စည်းမျဉ်းစည်းကမ်းဖြင့် ဆုံးမဖို့ရှင်ပေါလု အသင့်ရှိနေခဲ့ပါသည်။

အခန်းငယ် ၇ တွင်ရှင်ပေါလုက သူ့ကိုဆန့်ကျင်ပုတ်ခတ်ပြောဆိုနေသောသူများသည် အဖြစ်အပျက်အခြေအနေများကို အပေါ်ယံသာ သုံးသပ်ခဲ့ကြသောကြောင့်ဖြစ်သည်ဟု ပြောခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်

သူတို့သည် အချက်အလက်အကြောင်းအရာများအားလုံးကို ထည့်သွင်း စဉ်းစားသုံးသပ်ခြင်းမရှိခဲ့ကြပါ။ သူတို့သည် အချက်အလက်အကြောင်း အရာများကို မိမိတို့ရှုမြင်သုံးသပ်လိုသည့်အတိုင်းသာ ရှုမြင်သုံးသပ်ခဲ့ကြသည်။ ရှင်ပေါလုက သူတို့အား သခင်ယေရှုနှင့်၄င်းတို့ပတ်သက်စပ်ဆိုင်သလောက် မိမိလည်းသခင်ယေရှုနှင့်ပတ်သက်စပ်ဆိုင်ကြောင်း ပြောကြားအသိပေးခဲ့ သည်။ ရှင်ပေါလုက ၄င်းတို့ကို ၄င်းတို့၏ကယ်တင်ခြင်းနှင့် စပ်လျဉ်း၍ မေးခွန်း မထုတ်ခဲ့ကြောင်းကို သတိပြုပါ။ သူသည် ဤပုဂ္ဂိုလ်များအား သခင်ခရစ်တော် ၌ တည်သောမိမိ၏ ညီအစ်ကိုမောင်နှမများအဖြစ် မှတ်ယူခဲ့သည်။ သူတို့ကြား ၌ ဝိညာဉ်ရေး နှောင်ကြိုးရှိနေခဲ့သည်။ ရှင်ပေါလုက ဤပုဂ္ဂိုလ်များအား မိမိတို့ သည်တစ်ဖွဲ့တည်းသားချင်းများဖြစ်ကြောင်း ပြောပြနေခဲ့သည်။ ရန်သူကို ပစ်ခွင်းရမည့်အစား၊ မိမိတို့၏သေနတ်များကို မိမိတို့၏တပ်သားချင်းအပေါ် သို့ချိန်ရွယ်ပစ်ခတ်လျှင် တိုက်ပွဲကိုမည်သို့ အနိုင်တိုက်နိုင်မည့်အကြောင်း ကို သူတို့စဉ်းစား ချင့်ချိန်ဖို့လိုအပ်သည်။

ရန်သူကို နှိမ်နင်းအနိုင်ယူဖို့ မျှော်လင့်နေသော မည်သည့်စစ်တပ် သည် ၄င်း၏ခေါင်းဆောင်များ၏ အာဏာစက်ကိုထိခိုက်လျော့ပါးအောင် ကြိုးစားရာ၌ ၄င်းတို့၏အချိန်များကို အသုံးပြုလိမ့်မည်နည်း။ ကျွန်ုပ်တို့သည် တစ်ဖွဲ့သားချင်းများဖြစ်ကြလျှင် ကျွန်ုပ်တို့၏ဘုံရန်သူကို အတူတကွတိုက်ခိုက် ကြမည့်အစား အဘယ်ကြောင့်အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ငြင်းခုံ ဖို့အချိန်ဖြုန်းနေကြပါသနည်း။ ရန်သူသည်ကျွန်ုပ်တို့ကို ဘယ်နှစ်ကြိမ်ဘယ် နှစ်ခါသွေးခွဲနေခဲ့ပါသနည်း။ အသင်းတော်များစွာသည် အချင်းချင်းအကြား၌ ပြစ်တင်ကဲ့ရဲ့ခြင်း၊ ငြင်းခုံစကားများခြင်းများအတွက် အချိန်အားလုံးကို အသုံး ပြုနေခဲ့ကြသောကြောင့် ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ခြင်းအမှုကို ကြိုးစား အားထုတ်မှုများတွင် ရှုံးနိမ့်ကျဆင်းနေကြပါသည်။

ရှင်ပေါလုက ဤစွပ်စွဲသူညီအစ်ကိုများအား မိမိ၌ရှိသောအခွင့်အာဏာကိုလည်းကောင်း၊ မိမိ၏လုပ်ဖော်ကိုင်ဖက်တမန်တော်များ၌ရှိသော အခွင့်အာဏာကိုလည်းကောင်း သခင်ယေရှုကပေးခဲ့ကြောင်း ၎င်းတို့အနေဖြင့် နားလည်သဘောပေါက်ဖို့ လိုကြောင်းအသိပေးခဲ့သည်။ ဤအခွင့်အာဏာသည် အသင်းတော်ကို တစ်စစီဆွဲဖြဲဖို့ ပေးထားသည်မဟုတ်၊ အသင်းတော်ကို တည်ဆောက်ဖို့ ပေးထားခြင်းဖြစ်သည်။ သခင်ဘုရားက ရှင်ပေါလုကိုဆင့်ခေါ်၍လုပ်ဆောင်စေသောအမှုတော်ကို ဤစွပ်စွဲသူများက ဆန့်ကျင်ခဲ့ကြသည်။ သခင်ဘုရားသည် ရှင်ပေါလုကို ဤအမှုတော်အတွက် ရွေးချယ်ခွဲခန့်ခဲ့ပြီး ဤအမှုတော်အတွက် ပြင်ဆင်မွမ်းမံပေးခဲ့ပါသည်။ ဤအချက်ကို တမန်တော်ကြီးများအားလုံးနှင့် ကောရိန္သုအသင်းတော်ကိုယ်တိုင်ကပင် အတည်ပြုခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏အသင်းတော်ကို တည်ဆောက်ရန်တည်းဟူသော ရည်ရွယ်ချက်အတွက် ဘုရားသခင်၏လက်တော်သည် ရှင်ပေါလုအပေါ်၌ ရှိနေခဲ့ပါသည်။

အခန်းငယ် ၈ တွင် ရှင်ပေါလုက မိမိအားစွပ်စွဲပြောဆိုနေသောသူများထံ၌ မိမိသည်ဘုရားသခင်၏ရှေ့တော်၌ ရှက်ကြောက်စရာအကြောင်း မရှိဟုအသိပေးခဲ့သည်။ သူသည် ဘုရားသခင်ကပေးသနားတော်မူထားသော အခွင့်အာဏာ၌ ဩတ္တပ္ပစိတ်ကြည်လင်စွာဖြင့် ရှင်သန်၍အမှုတော်ဆောင်ခဲ့သည်။ ဤပုဂ္ဂိုလ်များသည် ရှင်ပေါလု၏သာသနာလုပ်ငန်းကို ထိုခိုက်လျော့ပါးလာအောင် မလုပ်ဆောင်မီတွင် ဘုရားသခင်၏သစ္စာနှင့် ပြည့်စုံသော အစေခံကို ခုခံတိုက်ခိုက်နေခဲ့ကြပါသည်။ ဤအခြေအနေရပ်တည်မှုသည် သူတို့အတွက် အလွန်အန္တရာယ်ရှိသော အခြေအနေတစ်ခုဖြစ်သည်။

အခန်းငယ် ၉ တွင်ရှင်ပေါလုက မိမိ၏ဤစာစောင်ဖြင့် ကောရိန္သုယုံကြည်သူများအား စိုးရိမ်ပူပန်စေရန်မှာ မိမိ၏ရည်ရွယ်ချက်မဟုတ်ကြောင်း

ဆက်လက်၍ ပြောပြခဲ့သည်။ ရှင်ပေါလု၏စာသည် လေးနက်ပြင်းထန်သော်လည်း ပြောလိုသောအရာများသည် အဓိပ္ပါယ်ကင်းမဲ့၍ အထင်ကြီးစရာမရှိဟု ပြောဆိုနေသောသူများရှိခဲ့သည်။ သို့သော် ရှင်ပေါလု၏ရည်ရွယ်ချက်မှာ မိမိ၏စာအားဖြင့်လည်းကောင်း၊ မိမိ၏ဟောပြောချက်အားဖြင့်လည်းကောင်း ဘုရားသခင်၏နိုင်ငံတော်ကို တည်ဆောက်ရန်ဖြစ်သည်။ အချို့ကိစ္စရပ်များ၌ ရှင်ပေါလုပြင်းပြင်းထန်ထန် ပြောဆိုဖို့လိုအပ်သည့် အချိန်များရှိသည်။ ရှင်ပေါလု၏ရည်ရွယ်ချက်မှာ လေးစားထိုက်၍ ရှင်ပေါလု၏စိတ်ဆန္ဒမှာ ကောရိန္သုမြို့၌ ဘုရားသခင်၏နိုင်ငံတော်ကို ချဲ့ထွင်ရန်ဖြစ်သည်။ ရှင်ပေါလုက မိမိအား စွပ်စွဲပြောဆိုနေသောသူများအား ၎င်းတို့ထံသို့ မိမိလာရောက်လည်ပတ်သောအခါတွင် မိမိ၏စာများကသာ ပြင်းထန်လေးနက်ကြသည် မဟုတ်၊ မိမိကိုယ်တိုင်ကပင်လေးနက်ပြင်းထန်ကြောင်းကို သက်သေပြမည်ဟု ပြောပြခဲ့သည်။ သူသည် ၎င်းတို့ကိုမျက်နှာချင်းဆိုင်ပြောဆိုဆုံးမဖို့ကို လည်းကောင်း၊ ဘုရားသခင်အား ၎င်းတို့ဆန့်ကျင်ပုန်ကန်နေခြင်းကို ကိုင်တွယ်ဖြေရှင်းရန် သင့်တင့်လျောက်ပတ်သော ဒဏ်ခတ်စီရင်ခြင်းကို ပြုလုပ်ဖို့ကို လည်းကောင်း တွန့်ဆုတ်တွေဝေနေခဲ့မည် မဟုတ်ပါ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေါလု၏ အမှုတော်လုပ်ငန်းကို လက်မခံခဲ့သောသူများရှိခဲ့ပါသည်။ သခင်ယေရှု၌လည်း ရန်သူများရှိခဲ့ပါသည်။ လူတိုင်းကကျွန်ုပ်တို့ကို ချစ်မြတ်နိုးကြလိမ့်မည်ဟု မျှော်လင့်သင့်ပါသလား။
- ဇာတိပကတိလက်နက်များကိုအသုံးပြု၍ ရန်သူကိုယှဉ်ပြိုင်တိုက်လှန်ဖို့ စုံစမ်းနှောက်ယှက်ခံရဖူးပါသလား။ ရှင်းပြပါ။ ဤလက်နက်များဖြင့် အောင်မြင်မှုကိုသင်ရရှိနိုင်ပါမည်လား။

- ယနေ့တွင် အသင်းတော်ထဲမှ ယုံကြည်သူများကို စိတ်ဝမ်းခွဲရာ၌ ရန်သူသည် မည်သည့်နည်းလမ်းများဖြင့် အောင်မြင်မှုရရှိနေပါသနည်း။
- သင့်အထက်၌ ခန့်အပ်ထားသော လုပ်ပိုင်ခွင့်အာဏာရှိပုဂ္ဂိုလ်များကို ဝေဖန်ပုတ်ခတ်ဖို့ စုံစမ်းနှောက်ယှက်ခံရဖူးပါသလား။ ဤသို့ဝေဖန်ပုတ်ခတ်ခြင်း၏အန္တရာယ်အကြောင်း ကျွန်ုပ်တို့မည်သို့သင်ယူခဲ့ရပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင်နှင့်သင့်ရဲ့မိတ်ဆွေ ယုံကြည်သူများကြားရှိ မတူကွဲပြားမှုများကို လက်ခံနိုင်ဖို့ သင့်ကိုကျေးဇူးတော်သွန်းလောင်းပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ကျွန်ုပ်တို့၏ ဖြစ်တည်နေမှုအတိုင်း ဘုရားသခင်ကကျွန်ုပ်တို့ကို အသုံးပြုသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ခရစ်တော်၌တည်သော အခြားယုံကြည်သူအပေါ်၌ထားရှိသော သင့်ရဲ့ မှားယွင်းသောစိတ်ထားများကို ဝန်ခံတောင်းပန်ရန်အချိန်အနည်းငယ်ယူပါ။ ခွန်အားပေးတိုက်တွန်းသူတစ်ဦးဖြစ်လာဖို့ သင့်ကိုစွမ်းဆောင်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သင့်အထက်၌ခွဲခန့်ထားသော လုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် ဆုတောင်းပေးရန် အချိန်အနည်းငယ်ယူပါ။ သူတို့ကိုကောင်းကြီးပေး၍ သူတို့သည်သခင်ဘုရားအပေါ်၌လည်းကောင်း၊ သခင်ဘုရား၏နှုတ်ကပတ်တော်အပေါ်၌လည်းကောင်း စစ်မှန်နေကြရန်စောင့်မပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။

၁၈

## သခင်ဘုရား၌ ဂုဏ်ယူဝါကြွားခြင်း

၂ကော ၁၀း၁၂-၁၈ ကိုဖတ်ရှုပါ။

ကောရိန္သုမြို့ရှိလူအချို့က ရှင်ပေါလု၏အမှုတော်လုပ်ငန်းကို မည်သို့ မေးခွန်းထုတ်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရှိခဲ့ပြီးဖြစ်သည်။ ဤပုဂ္ဂိုလ်များသည် ရှင်ပေါလု၏အကျင့်စာရိတ္တနှင့် လုပ်ပိုင်ခွင့်အာဏာကို မေးခွန်းထုတ်ခဲ့ကြပြီး ကောရိန္သုအသင်းတော်ထဲ၌ စိတ်ဝမ်းကွဲခြင်းကိုဖြစ်ပေါ်စေခဲ့ကြသည်။ ရှင်ပေါလုသည် ဤကိစ္စကိုကောရိန္သုအသင်းသားများထံ၌ မဖြစ်မနေပြောပြဖို့ ဖြစ်လာခဲ့သည်။ ရှင်ပေါလုပြောခဲ့သည့်အချို့သောအရာများကို ရှင်ပေါလု၏ ရန်သူများက ဂုဏ်ယူဝါကြွားမှုအဖြစ် တလွဲအဓိပ္ပါယ်ကောက်ခဲ့ကြသည်။ ဥပမာ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက မိမိသည်တမန်တော်တစ်ပါးအဖြစ်နှင့် အမှုတော်ဆောင်ရန်ဆင့်ခေါ်ခြင်းခံရ၍ ဘိသိက် ပေးခြင်းကိုခံခဲ့ရပြီး၊ ထိုအမှုတော်ကို ဂုဏ်အသရေညှိုးနွမ်းအောင် မည်သည့် အရာကိုမျှ မကျူးလွန်ခဲ့ကြောင်း ပြောပြခဲ့သည်။ ဤစကားလုံးများကို ရန်သူက မှောက်လှန်၍ ဝါကြွားမှုပုံစံမျိုးပေါ်အောင် ဖန်တီးခဲ့ကြသည်။

ဤအချက်က ရှင်ပေါလုကို ဝါကြွားခြင်းအကြောင်း ရေးသားဆွေးနွေးရန်ဖြစ်လာစေခဲ့သည်။ ဂုဏ်ယူဝါကြွားခြင်းဆိုသည်မှာ အရာတစ်ခုခု၌အထူး ဝမ်းမြောက်ကြည်နူးခြင်းဖြစ်သည်။ တစ်စုံတစ်ခု (သို့) တစ်စုံတစ်ယောက်၌ အကြီးအကျယ်ဝမ်းမြောက်ဝမ်းသာခြင်း (သို့) ဂုဏ်ယူခြင်းဖြစ်သည်။ ကျွန်ုပ်

တို့၏ဂုဏ်ယူဝါကြွားခြင်းသည် အကျိုးမဲ့သောအချိန်များရှိသကဲ့သို့ အပြစ်ပင်ထိုက်သည့်အချိန်များရှိပါသည်။ သို့သော် ဂုဏ်ယူဝါကြွားခြင်းအားလုံးကို တစ်ပုံစံတည်း မသုံးသပ်သင့်ပါ။ ဤနေရာ၌ ရှင်ပေါလုပြောဆိုထားသည့် ဂုဏ်ယူဝါကြွားခြင်းအကြောင်းကို စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

*မှားယွင်းသောစံချိန်စံညွှန်း၌ အခြေခံ၍ဂုဏ်ယူဝါကြွားခြင်း*

အခန်းငယ် ၁၂ တွင် ရှင်ပေါလုက ကောရိန္သုယုံကြည်သူများအား မိမိသည် ကိုယ့်ကိုယ်ကိုချီးမွမ်းပြောဆိုသောသူများနှင့် ရေတွက်ဝင်ခြင်း (သို့) ပြိုင်နိုင်းခြင်းကို မဝံ့ကြောင်းပြောပြခြင်းဖြင့် အစပြုခဲ့သည်။ အခြားသူများနှင့် ပြိုင်နိုင်းရန်မှာ ကျွန်ုပ်တို့အတွက် အဘယ်မျှလွယ်ကူပါသနည်း။ ကျွန်ုပ်တို့သည် သူတို့နှင့်တန်းတူညီတူဖြစ်သည်ဟူ၍လည်းကောင်း၊ သူတို့ထက်ပို၍ သာလွန်ကောင်းမြတ်သည်ဟူ၍လည်းကောင်း ထင်မှတ်လျှင် ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းအပေါ်၌ ဂုဏ်ယူဝါကြွား၍ ယုံကြည်စိတ်ချမှုရှိရန် အကြောင်းပြချက်ရှိပါသည်ဟု ထင်မှတ်ကြသည်။ ဤအချင်းအရာအမျိုးကို မိမိမလုပ်ဝံ့ကြောင်း ရှင်ပေါလုက ကောရိန္သုအသင်းသားများကို ပြောပြခဲ့သည်။ အကယ်စင်စစ်ကျွန်ုပ်တို့၏ အသက်တာစံချိန်စံညွှန်းကို အခြားသူများအားဖြင့် မတိုင်းတာပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်သာ တိုင်းတာရပါသည်။

ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုတိုင်းတာသတ်မှတ်ရန် အခြားသူများကို ပေတံအဖြစ် မကြာခဏဆိုသလိုအသုံးပြုကြပါသည်။ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို နှုတ်ကပတ်တော်ဖြင့် တိုင်းတာစစ်ဆေးမည့်အစား၊ လူ့စံချိန်စံညွှန်းဖြင့် တိုင်းတာစစ်ဆေးနေကြသည့်အဖြစ်ကို ရန်သူသည်အလွန်အားရကျေနပ်လျှက်ရှိသည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏ စံချိန်စံညွှန်းများကို လျစ်လျူရှု၍

မိမိတို့၏ ကိုယ်ပိုင်စံချိန်စံညွှန်းများဖြင့် ကိုယ့်ကိုယ်ကိုချီးမွမ်းနေကြသော သူများနှင့် ကိုယ့်ကိုယ်ကို မနှိုင်းဝံ့ကြောင်း ရှင်ပေါလုက ကောရိန္သုအသင်းသား များအား ပြောပြခဲ့သည်။

အသင်းတော်သမိုင်းတွင် လူတို့သည်ရန်သူ၏ ဤပရိယာယ်၌ သား ကောင်အဖြစ် အကြိမ်ကြိမ်ကျရောက်ခဲ့ကြရသည်။ ဏ္ဍသရေလလူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျော်ခိုင်း၍ မိမိတို့၏ကိုယ်ပိုင် စံချိန် စံညွှန်းများကို အမြဲလိုလိုသတ်မှတ်ဖန်တီးခဲ့ကြသည်။ ဘုရားသခင်က ကျွန်ုပ် တို့အတွက် သတ်မှတ်ပေးထားသော စံချိန်စံညွှန်းထက်နိမ့်ကျစွာ ရှင်သန် နေထိုင်ကြစဉ်၌ပင် ကျွန်ုပ်တို့သည်အခြားသူတစ်ယောက်ယောက်ထက် ပို၍ သာလွန်ကောင်းမြတ်ပါသည်ဟု ဂုဏ်ယူဝါကြွားနေရန်မှာ ဖြစ်နိုင်သောအရာ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုအခြားသူများနှင့် နှိုင်းယှဉ်၍မိမိတို့၏ကိုယ်ပိုင်စံချိန် စံညွှန်းများဖြင့် ကိုယ့်ကိုယ်ကိုတိုင်းတာသောသူများသည် အမြော်အမြင်မရှိ သောသူများဖြစ်ကြသည်။ အဆုံးတွင် ဘုရားသခင်၏တရားစီရင်ခြင်းသည် လူအချင်းချင်း နှိုင်းယှဉ်ချက်များ၌ အခြေခံခဲ့မည်မဟုတ်ပါ။ ဘုရားသခင်သည် စံချိန်စံညွှန်းတစ်ခုတည်းတွင်သာ အခြေခံ၍တရားစီရင်ပါလိမ့်မည်။ ထိုစံချိန် စံညွှန်းမှာ နှုတ်ကပတ်တော်ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် အခြားတစ်ဦး တစ်ယောက်မျှ ကောင်းမွန်ကောင်း ကောင်းမွန်နေပါလိမ့်မည် (သို့) ပို၍ပင် ကောင်းမွန်နေပါလိမ့်မည်။ သို့သော်ပျက်စီးခြင်းသို့ပင် ရောက်ရပေမည်။ ကျွန်ုပ်တို့၏ အမြင်များကိုမြှင့်တင်ဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ် ကိုနှုတ်ကပတ်တော် တစ်ပါးတည်းနှင့်သာ နှိုင်းယှဉ်ကြည့်ရှုဖို့ လိုအပ်သည်။

*ဘုရားသခင်ပေးအပ်ထားသောအရာ၌ ဂုဏ်ယူဝါကြွားခြင်း*

ဒုတိယအနေဖြင့် ရှင်ပေါလုကကောရိန္သုအသင်းသားများအား မိမိ၏ ဂုဏ်ယူဝါကြွားခြင်းသည် ဘုရားသခင်ကပေးအပ်ထားသောအရာများ၌သာ ကန့်သတ်ထားကြောင်း ပြောပြခဲ့သည် (ငယ် ၁၃)။ ရှင်ပေါလု၏ ဂုဏ်ယူဝါကြွားခြင်းသည် ဘုရားသခင်ကသူ့ကို ဆင့်ခေါ်၍လုပ်ဆောင်စေသောအရာ၌သာဖြစ်သည်။ ရှင်ပေါလုသည် မိမိ၏ဆင့်ခေါ်ခြင်းတွင် အားရကျေနပ်နေသည်။ သူသည် ရွေးချယ်ခြင်းခံ တမန်တော်တစ်ပါးဖြစ်၍ မရေတွက်နိုင်သောတပါးအမျိုးသားများကို သတင်းကောင်းတရားတော်ဖြင့် ရောက်ရှိရန် ဘုရားသခင်၏ အသုံးတော်ခံခြင်းအပေါ်၌ ဝမ်းမြောက်လျက်ရှိနေခဲ့သည်။ ရှင်ပေါလုက ဘုရားသခင်၏အစေခံဖြစ်နေရခြင်းကို ဂုဏ်ယူဝင့်ကြွားနေခဲ့သည်။

သင့်ကိုသင်တို့၏ နိုင်ငံတော်ခေါင်းဆောင်ကြီးက သူ(သို့)သူမ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ခဲ့လျှင်သင်သည် ထိုအရိုက်အရာအတွက် ကျေးဇူးတင်နေမည်မဟုတ်ပါလား။ သင်တို့ရဲ့ ဒေသန္တရအသင်းတော်က သင့်ကိုဘုရားသခင်၏ဘိသိက်ပေးခံ အစေခံအဖြစ် အသိအမှတ်ပြု၍ သတင်းကောင်းတရားအတွက် သီးသန့်ဆင့်ခေါ် ထားကြောင်းကို သဘောပေါက်ထားကြလျှင် သင်သည်ထိုဆင့်ခေါ်ခြင်းကို ထမ်းဆောင်ရာ၌ ဝမ်းမြောက်နေမည်မဟုတ်ပါလား။

ရှင်ပေါလုသည် အမှုတော်လုပ်ငန်း၌ ဘုရားသခင်၏အသုံးတော်ခံရခြင်းအတွက် ကျေးဇူးတင်ရှိနေပါသည်။ ဘုရားသခင်သည် မိမိအားဖြင့် နိုင်ငံတော်ထဲသို့ ဝိညာဉ်များစွာကို သွတ်သွင်းနေခဲ့ခြင်းကို ရှင်ပေါလုဝမ်းမြောက်ကြည်နူးနေခဲ့ပါသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ နှစ်သိမ့်ခြင်းနှင့်

ခွန်အားပေးတိုက်တွန်းခြင်းကို ယူဆောင်လာဖို့ ဘုရားသခင်ကသူ့ကို အသုံးပြုနေခြင်းအတွက် ရှင်ပေါလုဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပါသည်။ ရှင်ပေါလုသည် မိမိအထဲ၌လည်းကောင်း၊ မိမိအားဖြင့်လည်းကောင်း ဘုရားသခင်လုပ်ဆောင်နေသည့်အရာအတွက် မရှက်ခဲ့ပါ။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသည့် ဂုဏ်ယူဝါကြွားခြင်းသည် မိမိ၌မဟုတ်သကဲ့သို့ မိမိ၏ပင်ကိုအစွမ်းအစ၌လည်းမဟုတ်ခဲ့ပါ။ မိမိလုပ်ဆောင်နေသော အမှုတော်လုပ်ငန်း၌ အထမြောက်ပြည့်စုံခဲ့သည့် ကောင်းမြတ်သောအရာအားလုံးသည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဖြစ်ခဲ့ကြောင်းကို ရှင်ပေါလုသိနေခဲ့သည်။ ရှင်ပေါလု၏ဂုဏ်ယူဝါကြွားခြင်းသည် သခင်ဘုရား၌ဖြစ်သည်။ အစေခံတမျှအဖြစ်နှင့် သူ့အထဲ၌ ဘုရားသခင်လုပ်ဆောင်နေသောအရာ၌ ရှင်ပေါလုဂုဏ်ယူဝါကြွားခဲ့ပါသည်။

ဘုရားသခင်သည် သင့်ကိုမည်သည့်အရာပေးအပ်ထားပါသနည်း။ သင့်အသက်တာ၌ ဘုရားသခင်၏ဆင့်ခေါ်ခြင်းကား အဘယ်အရာနည်း။ ထိုဆင့်ခေါ်ခြင်းကို ကျေးဇူးသိတတ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့နှင့်အတူ လုပ်ဆောင်ပါ။ ခေါင်းမော့၍ကြည့်ပါ။ သင်သည် ဘုရားသခင်၏သားသမီးတစ်ယောက်ဖြစ်၍ ရွေးချယ်ခံအစေခံလည်းဖြစ်သည်။ သင့်ရဲ့ဝတ်စုံကို ဂုဏ်ယူစွာဖြင့် ဝတ်ဆင်ပါ။ သင့်ရဲ့အားနည်းချက်များနှင့် ထိုက်တန်မှုမရှိခြင်းကို သိမှတ်နားလည်၍ သင့်ကိုအသုံးပြုလိုသောဘုရားသခင်၏ စိတ်ဆန္ဒ၌ ဝမ်းမြောက်ပါ။ ဘုရားသခင်၏ အစေခံဖြစ်ရခြင်းအရာအားဖြင့် သင့်ရဲ့စိတ်နှလုံးကိုစိတ်လှုပ်ရှားပျော်ရွှင်စေ၍ ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝစေပါ။ သင့်ကိုရွေးချယ်ထားခြင်းနှင့် အသုံးပြုနေခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ဘုရားသခင်၌လည်းကောင်း၊ ဘုရားသခင်လုပ်ဆောင်နေခဲ့သောအရာ၌လည်းကောင်း

စူးစိုက်ထားပါ။ ကိုယ့်ကိုယ်ကို၌ မစူးစိုက်ထားပါနှင့်။ ရှင်ပေါလုသည် ဘုရားသခင်က သူ့အားပေးအပ်ထားသောအရာ၌ ဂုဏ်ယူဝါကြွားနေခဲ့သော်လည်း သူ့ရဲ့မထိုက်မတန်ဖြစ်နေမှုအခြေအနေကို မျက်ခြေမပြတ်စောင့်ကြည့်နေခဲ့ပါသည်။

မိမိတို့၏အမှုတော်လုပ်ငန်းများ၌ ဂုဏ်ယူဝါကြွား၍ ဘုရားသခင်က ရွေးချယ်ခဲ့ခြင်း၌ ဝမ်းသာအံ့အားသင့်ခြင်းမရှိတော့သောသူများရှိသည်။ ရှင်ပေါလုသည် အံ့ဩဝမ်းသာခြင်းစိတ်ကို ဘယ်သောအခါတွင်မျှ မပျောက်ဆုံးခဲ့ပါ။ ကျွန်ုပ်တို့၏ အရိုက်အရာ (သို့) ဆင့်ခေါ်ခြင်းနှင့် အတိုင်းအတာတစ်ခုအထိ ကျွန်ုပ်တို့ထိုက်တန်ပါသည်ဟု စတင်ခံစားမှတ်ယူသောအချိန်တွင် ကျွန်ုပ်တို့ဘောင်ကျော်သွားကြပြီဖြစ်ကြောင်း ကျွန်ုပ်တို့သိကြရမည်။ ကျွန်ုပ်တို့၏ဂုဏ်ယူဝါကြွားခြင်းသည် အခြားအနံ့အရသာတစ်မျိုးကို စတင်မြည်းစမ်းစားသုံးလာသည်။ ဘုရားသခင်၌ ဗဟိုပြုထားရမည့်အစား ကျွန်ုပ်တို့အပေါ်၌ ဗဟိုပြုလာကြသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့ခြင်းအတွက် ချီးမွမ်းချင်စိတ်များ လွင့်ပျောက်သွားကြသည်။ ကျွန်ုပ်တို့ခံစားရသောကောင်းကြီးမင်္ဂလာများကြောင့် ကိုယ့်ကိုယ်ကို အခြားသူများထက်ပို၍ ကောင်းမွန်သာလွန်သည်ဟုထင်မှတ်ရင်း မာန်မာနထောင်လွှားကြတော့သည်။ ရှင်ပေါလု၏ဂုဏ်ယူဝါကြွားခြင်းသည် ဘုရားသခင်လုပ်ဆောင်နေသောအရာ၌သာကန့်သတ်ထားပါသည်။

*အခြားသူများ၏အလုပ်၌ ဂုဏ်ယူဝါကြွားခြင်း*

အခန်းငယ် ၁၅ တွင်ရှင်ပေါလုက ကောရိန္သုမြို့ရှိ ယုံကြည်သူများအား မိမိ၏ဂုဏ်ယူဝါကြွားခြင်းသည် အခြားသူများလုပ်ဆောင်ပြီးမြောက်ထား

သောနေရာ၌ ဝင်ရောက်၍ဝါကြွားခြင်းမဟုတ်ကြောင်း အသိပေးခဲ့သည်။ အခြားသူတစ်ယောက်ယောက်က လုပ်ဆောင်သွားခဲ့သောအရာ၌ နာမည်ကောင်းယူချင်စိတ်မျိုး သင်ဖြစ်ခဲ့ဖူးပါသလား။ ရှင်ပေါလုသည် ကောရိန္သုအသင်းသားများအလယ်၌ အစွမ်းထက်သောအမှုတော်လုပ်ငန်းတစ်ခုကို လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့်ရှင်ပေါလု၏အမှုတော်လုပ်ငန်းအားဖြင့် သခင်ဘုရားထံသို့ လူအမြောက်အမြား ရောက်လာခဲ့ကြမည်မှာ သံသယပွားစရာမရှိပါ။ ရှင်ပေါလုအနေဖြင့် "ငါသာမလုပ်ခဲ့ရင်၊ ကောရိန္သုမြို့မှာ ဘာမှဖြစ်လာမှာမဟုတ်ဘူး" ဟု ပြောဆိုမိရန်မှာ အဘယ်မျှလွယ်ကူပါသနည်း။ ကောရိန္သုအသင်းသားများအလယ်၌ ခပ်သိမ်းသောဝိညာဉ်ရေးရာကြီးထွားမှုများအတွက် နာမည်ကောင်းကိုယူရန် ရှင်ပေါလုအတွက်အဘယ်မျှလွယ်ကူခဲ့လိမ့်မည်နည်း။

သင်သည် ဤရှင်းလင်းချက်စာအုပ်ကို ဖတ်ရှုလေ့လာသည်နှင့်အမျှ နှုတ်ကပတ်တော်၏ သွန်သင်ချက်များဖြင့် လွှမ်းမိုးခြင်းကိုခံကောင်း ခံရပေမည်။ ထို့နောက် ဤနေရာ၌သင်ယူခဲ့ရသောအရာကို အခြားသူ တစ်ယောက်ယောက်ထံ၌သွား၍ဝေငှကောင်း ဝေငှပေလိမ့်မည်။ ကျွန်ုပ်ရေးသားထားသောအရာများကို သင်ဝေငှပြောဆိုခဲ့ခြင်းကြောင့် ထိုပုဂ္ဂိုလ်မှာတို့ထိခံရပြီး အသက်တာပြောင်းလဲကောင်း ပြောင်းလဲပေလိမ့်မည်။ သင့်ရဲ့သက်သေဖြစ်ခြင်းအပေါ်၌ ကျွန်ုပ်နာမည်ကောင်းယူနိုင်ပါသလား။

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် အသုံးပြုခံရမှုကို အလွန်အမင်းလိုချင်ကြသောကြောင့် ကျွန်ုပ်တို့နာမည်ကောင်းယူနိုင်မည့်အရာအားလုံးကို ကြိုးစားရှာကြံတတ်ကြသည်။ ဤထောင်ချောက်၌ မသက်ဆင်းမိဖို့ ကျွန်ုပ်တို့ကို ဤနေရာတွင် ခွန်အားပေးတိုက်တွန်းထားပါသည်။ ကျွန်ုပ်တို့အခြားသူများ၏

အမှုတော်လုပ်ငန်းအပေါ်၌ နာမည်ကောင်းမယူကြပါ။ ကျွန်ုပ်တို့၏ ရိုးရှင်းသော အခန်းကဏ္ဍတွင် နှစ်ထောင်းအားရကျေနပ်ကြပါသည် (၁ကော ၃း၄-၇ ကိုကြည့်ပါ)။

ရှင်ပေါလု၏ စိတ်ဆန္ဒသည် ဝိညာဉ်အချို့ကို လှမ်းမီဖမ်းဆုပ်၍ ထိုသူတို့အား အမှုတော်ကိုဆောင်စေပြီး၊ မိမိမှာမူဇိမ်နှင့်ထိုင်၍ နာမည်ကောင်းကိုယူနေဖို့မဟုတ်ကြောင်း သတိပြုပါ။ ရှင်ပေါလု၏ စိတ်ဆန္ဒမှာ မိမိ၏ ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းဖြင့် အသီးကိုဆက်လက်သီးနေရန်ဖြစ်သည်။ အခန်းငယ် ၁၅ ရှိ ရှင်ပေါလု၏စိတ်ဆန္ဒမှာ ကောရိန္သုယုံကြည်သူများသည် ယုံကြည်ခြင်း၌ကြီးထွားရင့်ကျက်လာပြီး မိမိမှာအခြားနေရာ၌ သီတင်းကောင်းကို လွတ်လွတ်လပ်လပ်သွားရောက်ဟောပြောရန်ဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ကြီးထွားရင့်ကျက်လာကြ၍ ဘုရားသခင်က ၎င်းတို့၌ပေးအပ်ထားသောအရာ၌ ဝမ်းမြောက်ကြရန်အလိုရှိခဲ့သည်။ ဘုန်းကြီးခြင်းနှင့် အသီးသီးခြင်း၏ ဝမ်းမြောက်ခြင်းကို ဝေငှကြရန်သူတို့ကို အလိုရှိခဲ့သည်။

ရှင်ပေါလု၏ ဝမ်းမြောက်ခြင်းနှင့် ဂုဏ်ယူဝါကြွားခြင်းသည် ဘုရားသခင်၏အစေခံတစ်ပါးဖြစ်ရခြင်း အခွင့်ထူးတွင်ဖြစ်သည်။ သူသည်မိမိ၏ ကြိုးစားအားထုတ်အောင်မြင်မှုများ၌ ဂုဏ်ယူဝါကြွားခြင်းမရှိခဲ့။ သူ့အားဖြင့်သာ ဘုရားသခင်လုပ်ဆောင်နေသောအရာ၌ ဂုဏ်ယူဝါကြွားခဲ့သည်။

အခန်းငယ် ၁၈ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ကိုယ့်ကိုယ်ကို ချီးကျူးပြောဆိုခြင်းသည် အဓိပ္ပါယ်မရှိသောအရာဖြစ်ကြောင်း ပြောဆိုခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ ဘုရားသခင်သည် လူတို့၏အသက်တာကို စစ်မှန်သော စီရင်သူဖြစ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏အောင်မြင်ပြီးမြောက်ခြင်းများအတွက် ကိုယ့်ကိုယ်ကို ချီးမွမ်းခြင်းနှင့်အတူ ကိုယ့်ကိုယ်ကို

နှစ်သိမ့် အားပေးရန်ကြိုးစားခဲ့ကြပေမည်။ သို့သော် ကျွန်ုပ်တို့ထင်မြင်ချက်သည် အရေးမကြီးပါ။ အကြောင်းမှာ နောက်ဆုံးတွင် ဘုရားသခင် ထင်မြင်ချက်သည်သာ အရေးကြီးသောကြောင့်ဖြစ်သည်။ သခင်ခရစ်တော်တစ်ပါးတည်းကသာ ကျွန်ုပ်တို့၏အသက်တာကို စီရင်ဆုံးဖြတ်ပါလိမ့်မည် (၅း၁၀ ကိုလည်း ကြည့် ပါ)။

ဤအပိုင်း၌ ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြထားသည့်အရာကို အကျဉ်းချုပ်ကြည့်ကြပါစို့။ ရှင်ပေါလုက မှားယွင်းသောစံချိန်စံညွှန်း၌ အခြေခံ၍ ဂုဏ်ယူဝါကြွားနေသောသူများရှိကြောင်း ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ထိုသူတို့သည် ကိုယ့်ကိုယ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် မနှိုင်းယှဉ်ဘဲ၊ အခြားသူများနှင့် နှိုင်းယှဉ်ကြသည်။ ကျွန်ုပ်တို့၏ဂုဏ်ယူဝါကြွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်လုပ်ဆောင်နေသောအရာများ၌ ဖြစ်ရမည့်အကြောင်းကိုလည်း အသိပေးထားသည်။ ကျွန်ုပ်တို့ဂုဏ်ယူဝါကြွားခြင်းသည် ကျွန်ုပ်တို့၌ မဟုတ်လျှင်၊ ကျွန်ုပ်တို့ကို လူတို့ကအာရုံစိုက်လာအောင် လုပ်ဆောင်ခြင်းသည် မိုက်မဲသောလုပ်ရပ်သာဖြစ်သည်။ အာရုံစူးစိုက်မှုများနှင့်ချီးမွမ်းခြင်းများသည် ဘုရားသခင်ဆီသို့သာ ဦးတည်သွားနေကြရမည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏အစေခံများအဖြစ်နှင့် ဂုဏ်ယူစွာဖြင့် ဦးမော့ထား၍ ကျွန်ုပ်တို့ကိုအသုံးတော်ခံရန် ရွေးချယ်ထားခြင်း၌ ကျေနပ်အားရလျှက် နိုင်ငံတော်အတွက် ကျွန်ုပ်တို့၏အသက်တာကို ကျေးဇူးသိသိဖြင့် အသုံးပြုကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဂုဏ်ယူဝါကြွားခြင်း၏ စူးစိုက်မှုသည် ဘုရားသခင်၌လည်းကောင်း၊ ကျွန်ုပ်တို့အထဲ၌ရှိနေသော ဘုရားသခင်၏ အံ့ဖွယ်လုပ်ရပ်များ၌လည်းကောင်း ဖြစ်နေရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် နှိုင်းယှဉ်ကြည့်ရှုရမည့်အစား၊ အခြားသူများနှင့်နှိုင်းယှဉ်ကြည့်ရှုခြင်းသည် အဘယ့်ကြောင့် အလွန်အန္တရာယ်ရှိပါသနည်း။
- ဘုရားသခင်က သင့်အထဲ၌လုပ်ဆောင်နေသောအမှု၌ ကျေနပ်အားရခြင်းရှိပါသလား။ ထိုအမှုကားအဘယ်နည်း။
- မိမိကိုယ်၌ ဂုဏ်ယူဝါကြွားခြင်းနှင့် ဘုရားသခင်လုပ်ဆောင်နေသောအရာ၌ ဂုဏ်ယူဝါကြွားခြင်း၏ခြားနားချက်မှာ အဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်က သင့်ကိုပေးအပ်ထားသော အမှုတော်နှင့်စွမ်းရည်ဆုကျေးဇူးများအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်၏အစေခံအဖြစ်နှင့် သင်ခံစားကောင်း ခံစားခဲ့မည့်ရှက်ကြောက်ခြင်းအတွက် ခွင့်လွှတ်ပေးဖို့ တောင်းလျှောက်ပါ။ သင့်ကိုပေးအပ်ထားသောအမှုတော်၌ ကျေးဇူးသိသိနှင့်ဝမ်းမြောက်စွာရှင်သန်လျှောက်လှမ်းစေရန် တောင်းလျှောက်ပါ။
- ဘုရားသခင်၏ နှုတ်ကပတ်တော်တစ်ပါးတည်းသာ သင့်ရဲ့စံချိန်စံညွှန်းအဖြစ် သတ်မှတ်ထားရှိနိုင်ရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။
- သင့်ရဲ့ကိုယ်တိုင်ကြိုးစားအားထုတ်မှုများ၌ ဂုဏ်ယူဝါကြွားခြင်းမရှိဘဲ၊ သင့်အထဲ၌ လုပ်ဆောင်ဖို့ဘုရားသခင်ရွေးချယ်ထားသည့် အံ့ဖွယ်အမှု၌သာ ဂုဏ်ယူဝမ်းမြောက်ရန် ကူညီဖေးမပေးဖို့ တောင်းလျှောက်ပါ။

- ဘုရားသခင်က သင့်ကိုဂုဏ်ယူဝင့်ကြွားနေမည့်အသက်တာမျိုးဖြင့် ရှင်သန်နိုင်ရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။

၁၉

# အကြီးဆုံးသောတမန်တော်များ၏တိုက်ခိုက်ခြင်း

၂ကော ၁၀း၁၂-၁၈ ကိုဖတ်ရှုပါ။

ကောရိန္သုအသင်းတော်၌ ရှိနေသောပြဿနာများအနက်မှ တစ်ခုမှာ ၄င်းတို့အလယ်၌ တမန်တော်မဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကိုတမန်တော်ဟု ခေါ်ဆိုနေသောသူများရှိနေခြင်းဖြစ်သည်။ ဤပုဂ္ဂိုလ်များသည် ရှင်ပေါလုနှင့်အခြားတမန်တော်စစ်များ၏ လုပ်ပိုင်ခွင့်အာဏာကို ပုတ်ခတ်လျှော့ချနေခဲ့ကြသည်။ ရှင်ပေါလုသည် ဤပုဂ္ဂိုလ်များသွန်သင်ပေးနေသည့် အလိမ်အညာများကိုလည်းကောင်း၊ ဤပုဂ္ဂိုလ်များက ဘုရားသခင်၏လူတို့ကို လမ်းမှားသို့ဆောင်ယူသွားမည့်အဖြစ်ကိုလည်းကောင်း စိုးရိမ်ခဲ့သည်။ ဤအကြောင်းအရာကို အခန်းကြီး ၁၁တွင် လိပ်မူပြောဆိုခဲ့သည်။

ရှင်ပေါလုက အသင်းတော်အား သူ့ကိုသည်းခံကြဖို့တောင်းဆိုခြင်းဖြင့်အစပြုခဲ့သည်။ အခန်းငယ် ၁ တွင် "ငါ့ရဲ့မိုက်မဲမှုလေးကို ခဏလောက်သည်းခံပေးဖို့ ငါမျှော်လင့်တယ်" ဟုပြောခဲ့သည်။ ရှင်ပေါလုက မိမိပြောဆိုနေသောအရာများသည် မိုက်မဲမှုများအမှန်ဖြစ်သည်ဟု ယုံကြည်နေကြောင်း ဤကျမ်းပိုဒ်အားဖြင့် မဆိုလိုသင့်ပါ။ ဤနေရာ၌ ရှင်ပေါလုပြောပြနေသည့်အရာများသည် အခြားသူများအတွက် အရေးမပါသောအရာဖြစ်ကောင်းဖြစ်နေကြမည်ဖြစ်သော်လည်း ရှင်ပေါလုအတွက် အလွန်လေးနက်သောအရာများဖြစ်ခဲ့ကြသည်။ ဤစိုးရိမ်မှုများကို ရှင်ပေါလုက မိုက်မဲမှုဟု ပြောဆိုခဲ့

သည်။ အကြောင်းမှာ လူတိုင်းကထိုအရာများအပေါ်၌ ထားရှိသော ရှင်ပေါလု၏ပြင်းထန်သောစိတ်ခံစားချက်ကို နားမလည်ကြသောကြောင့်ဖြစ်သည်။

အလားတူစွာပင်၊ သင်ရဲ့အမှုတော်လုပ်ငန်းကိုလည်းကောင်း၊ သင့်ရဲ့အလေးထားစူးစိုက်သောအရာကိုလည်းကောင်း လူတိုင်းကနားလည်သဘောပေါက်ကြမည်မဟုတ်ပါ။ ဘုရားသခင်က သင့်စိတ်နှလုံးထဲ၌ထည့်ထားသောဝန်ထုပ်သည် အခြားသူများသယ်ပိုးနေသော ဝန်ထုပ်နှင့်တူမည်မဟုတ်ပါ။ ရှင်ပေါလု၏ စိတ်နှလုံးထဲ၌ ဘုရားသခင်ထည့်သွင်းပေးထားသော ဝန်ထုပ်ကို အသင်းတော်က နားမလည်သည့်အချိန်များရှိခဲ့ပါသည်။ ထိုဝန်ထုပ်သည် အလွန်ကြီးမားလေးလံသောကြောင့် ရှင်ပေါလုမှာ နှုတ်ဆိတ်၍မနေနိုင်ခဲ့ပါ။ ဤအရေးကိစ္စများသည် ရှင်ပေါလု၏ စိတ်နှလုံး၌ တောက်လောင်လျှက်ရှိနေကြသည်။ လူတို့က သူ့ကိုမိုက်မဲသောသူဟု ရှုမြင်ခဲ့ကြလျှင်ပင် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြပေးမှုအတိုင်း သူပြောဆိုဖို့လိုအပ်ခဲ့သည်။

ဤနေရာ၌တွေ့ရသည့် ရှင်ပေါလု၏ မိုက်မဲမှုမှာ ကောရိန္သုမြို့ရှိအသင်းတော်အတွက် သဝန်တိုခြင်းဖြစ်သည်။ ရှင်ပေါလု၏ သဝန်တိုခြင်းသည် ဘုရားအလိုတော်နှင့်ညီသော အမူအကျင့်တစ်ပါးဖြစ်သည်။ ကောရိန္သုအသင်းတော်သည် ရင့်ကျက်ခြင်း၌ကြီးထွား၍ သခင်ခရစ်တော်၏သန့်ရှင်းဖြူစင်သော သတို့သမီးကညာဖြစ်လာခြင်းကို မြင်တွေ့ရန်မှာ ရှင်ပေါလု၏စိတ်နှလုံးမှပြင်းပြသော ဆန္ဒဖြစ်သည်။ ရှင်ပေါလုက ဤအသင်းတော်ကို သခင်ယေရှုထံ၌အပ်နှံထားခဲ့ပြီး၊ ရှင်ပေါလု၏နက်နဲသောစိတ်ဆန္ဒမှာ အသင်းတော်ကိုခပ်သိမ်းသောအညစ်အကြေးနှင့် လွတ်ကင်း၍ သန့်ရှင်းဆေးကြောခံထားသည့်သန့်ရှင်းဖြူစင်သော သတို့သမီးကညာအဖြစ် သခင်ယေရှုထံဆက်သရန်ဖြစ်သည်။ ဤအချက်ကြောင့် ရှင်ပေါလု၏သဝန်တိုစိတ်မှာ အလွန်ကြီးမားခဲ့သောကြောင့် လူတို့ကသူ့တို အစွန်းရောက်လွန်းသူအဖြစ် ရှုမြင်ခဲ့ကြခြင်း

ဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် ရှင်ပေါလုက အသင်းတော်အား မိမိ၏ မိုက်မဲခြင်းကို သည်းခံပေးကြဖို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အသင်းတော်သန့်ရှင်းစင်ကြယ်ခြင်းအတွက် ထားရှိသော၍ပြင်းပြ သည့်စိတ်ဆန္ဒက ရှင်ပေါလုကိုအတိုင်းအတာတစ်ခုသို့ မောင်းနှင်တွန်းပို့ခဲ့ သည်။ ဘုရားသခင်၏အသင်းတော်သည် သခင်ယေရှုအတွက် သန့်ရှင်းစင် ကြယ်၍ အနာအဆာကင်းသော သတို့သမီးအဖြစ်မြင်တွေ့ရရန်ဟူသော ရှင်ပေါလု၏ နက်နဲသောဝန်တိုစိတ်သည် မြောက်မြားစွာသောစော်ကား ခြင်းနှင့် ငြင်းပယ်ခြင်းတို့ကို ရင်ဆိုင်ခံစားခဲ့ပါလိမ့်မည်။ ၎င်းပြင်းပြသော စိတ်ဆန္ဒကိုအကောင်အထည်ဖော်ဖို့ မိမိ၏အသက်ကိုပင် ရှင်ပေါလုစတေး ခဲ့ပါလိမ့်မည်။

အမှုတော်မြတ်၌ သင့်ရဲ့ပြင်းပြသော စိတ်ဆန္ဒမှာ အဘယ်အရာ နည်း။ ပြင်းပြသောစိတ်ဆန္ဒမရှိလျှင် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင် ရာတွင် ရှည်ရှည်ဝေးဝေးအထိသွားနိုင်မည်မဟုတ်ပါ။ ပြင်းပြသောစိတ်ဆန္ဒ မရှိလျှင် ကျွန်ုပ်တို့သည် အရာတစ်ခုမှအခြားအရာတစ်ခုဆီသို့ မတည်မငြိမ် ပြောင်းလဲနေကြပါလိမ့်မည်။ ပြင်းပြသောစိတ်ဆန္ဒက ကျွန်ုပ်တို့အား တွန်းအား နှင့်ကြိုးစားအားထုတ်လိုစိတ်ကို ပေးသည်။ ခက်ခဲသောအချိန်နှင့်အရာအား လုံးကကျွန်ုပ်တို့ကို ဆန့်ကျင်အန်တုနေသယောင် ထင်ရသောအချိန်များတွင် ပြင်းပြသောစိတ်ဆန္ဒက ကျွန်ုပ်တို့ကိုဆက်လက်၍ ရှေ့ဆက်နိုင်ရန် တွန်းပို့ပေး ပါသည်။ အခြားသူများ၏ ဝေဖန်သုံးသပ်ချက်များကို ဘေးဖယ်၍ရည်မှန်းချက် ပန်းတိုင်အပေါ်၌ စူးစိုက်နေရန်လည်း ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးပါသည်။ ရှင်ပေါလု၏ ပြင်းပြသောစိတ်ဆန္ဒမှာ အလွန်ကြည်လင်ပြတ်သားလှသည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဧဝသည် ဧဒင်ဥယျာဉ်ကြီးထဲတွင်စာတန်၏ လှည့်ဖြားခြင်းကိုခံခဲ့ရသကဲ့သို့

၄င်းတို့သည်လည်း လှည့်ဖြားခံရ၍ သခင်ခရစ်တော်အပေါ်၌ထားရှိသော ၄င်းတို့၏ ဆက်ကပ်အပ်နှံခြင်းမှ သွေဖယ်သွားမည်ကို မိမိစိုးရိမ်ကြောင်း ပြောပြခဲ့သည်။ ရှင်ပေါလုက "အကြွင်းမဲ့ချစ်သောစိတ်" ဟူသောစကားစုအား အသုံးပြုထားသည်ကို သတိပြုပါ။ အသင်းတော်သည် သခင်ယေရှုထံ၌ ကတိပေးအပ်နှံထားသည်မှာ ရှင်ပေါလု၏စိတ်၌ သံသယမရှိပါ။ သူတို့သည် သခင်ယေရှု၏နာမတော်၌ အတူတကွပုံမှန်စုရုံးကြ၍ သူတို့ကိုယ်သူတို့ခရစ်ယာန်များ (သို့) သခင်ယေရှု၏နောက်လိုက်များဟု ခေါ်ဆိုရန်ဝန်လေးတုံ့ဆိုင်း မနေကြပါ။ သို့သော်သူတို့၏ အကြွင်းမဲ့ချစ်သောစိတ် မဖြူမစင်ဖြစ်သွားမည်ကို ရှင်ပေါလုစိုးရိမ်ခဲ့သည်။ သခင်ယေရှုထံ၌ ၄င်းတို့ဆက်ကပ်အပ်နှံထားခြင်းသည် စူးစိုက်မှုနည်းပါးလာအောင် နှောက်ယှက်ခြင်းခံနေရသည်။ သူတို့သည် မိစ္ဆာဆရာများ၏ မှားယွင်းသောသွန်သင်ခြင်းများကိုယုံစား၍ သခင်ယေရှုအားအကြွင်းမဲ့ချစ်သောစိတ်ကို စွန့်လွှတ်နေခဲ့ကြပါသည်။

ရှင်ပေါလုဖြစ်စေလိုသောအရာမှာ သခင်ခရစ်တော်၏သတို့သမီးကညာသည် သခင်ခရစ်တော်ထံ၌ အကြွင်းမဲ့ဆက်ကပ်အပ်နှံထားရန်ဖြစ်သည်။ အသင်းတော်သည် သခင်ဘုရားအပေါ်၌ထားရှိသော ၄င်း၏ဆက်ကပ်အပ်နှံမှု၌ မစင်ကြယ်၊ မသန့်ရှင်းသမျှကာလပတ်လုံး ရှင်ပေါလုအနေဖြင့် ကျေနပ်ရောင့်ရဲခဲ့လိမ့်မည်မဟုတ်ပါ။ ဤအချက်သည် ရှင်ပေါလုကို ထိုခေတ်ကာလရှိ အခြားယုံကြည်သူများနှင့် ပြဿနာတက်စေသောအချက် ဖြစ်ကောင်းဖြစ်နိုင်သည်။ မိမိတို့၏ ခြေထောက်တစ်ဖက်ကို လောကီအရာ၌ချထား၍ အခြားတစ်ဖက်ကို ယုံကြည်ခြင်း၌ ချထားသည့်အသင်းတော်မျိုးကို ရှင်ပေါလုစိတ်မဝင်စားပါ။ သခင်ယေရှုထံ၌ အကြွင်းမဲ့ရောင်းစားခြင်းခံထားရသောအသင်းတော်မျိုးကို ရှင်ပေါလုမြင်တွေ့လိုခဲ့သည်။ ရှင်ပေါလုက သခင်ယေရှုကိုအကြွင်းမဲ့ချစ်မြတ်နိုး၍ အကြွင်းမဲ့သစ္စာရှိကာ၊ သခင်ယေရှုမှသခင်ယေရှုဖြစ်

နေသောအသင်းတော်တစ်ပါးကို သခင်ယေရှုထံ၌ဆက်သလိုခဲ့သည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုတွင် စိတ်မပါ့တပါဖြစ်နေရန် မှာအဘယ်မျှလွယ်ကူပါသနည်း။ ဘုရားသခင်ကိုချစ်ပါသည်ဟု ကျွန်ုပ်တို့ပြောဆိုနေကြချိန်တွင် ကျွန်ုပ်တို့သည် သူ့ထံ၌အကြွင်းမဲ့ ဆက်ကပ်အပ်နှံနေကြပါသလား။ ဤအခန်းငယ်သည် ကျွန်ုပ်တို့အတွက် အလွန်လေးနက်သော စိန်ခေါ်ချက်တစ်ခုမဟုတ်ပါလား။

ကောရိန္တုအသင်းတော်သည် အမှန်နှင့်အမှားကိုခွဲခြားသိမြင်နိုင်လောက်အောင် မရင့်ကျက်သေးကြောင်းကို ရှင်ပေါလုသတိပြုမိခဲ့သည်။ ဤယုံကြည်သူများအား ၎င်းတို့သည် စင်ကြယ်သောသတင်းကောင်းတရားကိုမဟောပြောသည့်သူများကို သည်းခံထားကြကြောင်း အသိပေးခဲ့သည်။ မိစ္ဆာတမန်တော်များသည် ရှင်ပေါလုဟောပြောခဲ့သော သခင်ခရစ်တော်ကို မဟောပြောကြသည့်အပြင် ကောရိန္တုအသင်းသားများကလည်း စာတန်၏ဤထိုးနှက်ချက်ကိုမငြင်းပယ်ခဲ့ကြပါ။ သူတို့သည် ထိုလိမ်လည်ဟောပြောမှုများကို ဖော်ထုတ်ခြင်းမပြုဘဲ၊ ဆက်လက်၍ခွင့်ပြုပေးခဲ့ကြသည်။ ဤလုပ်ရပ်က ရှင်ပေါလု၏သဝန်တိုစိတ်ကို ပို၍ပြင်းထန်တောက်လောင်စေခဲ့သည်။

အခန်းငယ် ၅ တွင် ရှင်ပေါလုက ဤပုဂ္ဂိုလ်များအား "အကြီးဆုံးသောတမန်တော်များ" ဟု ပြောဆိုခဲ့သည်။ ရှင်ပေါလုက ထိုသို့ပြောဆိုရခြင်းမှာ ၎င်းတို့၏ပြောဆိုသွန်သင်ချက်ကို သူယုံကြည်သောကြောင့်မဟုတ်၊ သူတို့ကို သူတို့ပြောဆိုနေပုံကြောင့်ဖြစ်သည်။ သူတို့သည် ကောရိန္တုအသင်းတော်ထဲသို့ ဝင်ရောက်လာကြပြီး၊ မိမိတို့၌သမ္မာတရားရှိသည်ဟု ကြည်ညိုလေးစားအောင် လုပ်ဆောင်ခဲ့ကြသည်။ သူတို့ကိုယ်သူတို့ စစ်မှန်သောတမန်တော်များအထက်၌ ချီးမြှောက်ရင်းရောက်လာခဲ့ကြသည်။ သူတို့သည် လေလုံးထွားသောအပြောအဆိုများနှင့်အတူ ရောက်လာခဲ့ကြပြီး၊ ရှင်ပေါလု၏လုပ်ပိုင်ခွင့်အာဏာနှင့်

သွန်သင်ချက်များကို အားနည်းလျော့ပါးအောင် ကြိုးစားခဲ့ကြသည်။

ရှင်ပေါလုက ကောရိန္သုမြို့ရှိအသင်းတော်အား မိမိသည် ဤအကြီးဆုံးသော တမန်တော်များကဲ့သို့ အဟောအပြော၌ ကျွမ်းကျင်တတ်မြောက်ထားသူမဟုတ်ကြောင်း အသိပေးခဲ့သည်။ ယုံကြည်လာအောင် စည်းရုံးဖျောင်းဖြနိုင်သော ဟောပြောသူတစ်ဦးသည် ထိုခေတ်ကာလ၏ယဉ်ကျေးမှုတွင် အလွန်လေးစားကြည်ညိုခံရသည်။ ရှင်ပေါလုသည် ထိုအကြီးဆုံးသောတမန်တော်များကဲ့သို့ အဟောအပြောမကောင်းလှသော်လည်း၊ သူသည်ဘုရားသခင်၏ဆင့်ခေါ်ခွဲခန့်ခြင်းကို ခံထားရသောကြောင့် ထိုပုဂ္ဂိုလ်များထက် မနိမ့်ကျခဲ့ပါ။ အခန်းငယ် ၆ တွင် ကောရိန္သုအသင်းသားများအား ၎င်းတို့ထံ၌ သမ္မာတရားကို အသိပေးဟောပြောခဲ့ကြောင်း ရှင်ပေါလုကအသိပေးခဲ့သည်။

လူတို့သည်အဟောအပြောကောင်းသူများ၏ အလွယ်တကူလှည့်ဖြားခြင်းကိုခံကြရသည်။ ဤပုဂ္ဂိုလ်များ၏ ဟောပြောချက်များသည် နားထောင်ရလွယ်ကူ၍ အာရုံကိုဆွဲဆောင်ဖြေဖျော်ပေးသည်။ သူတို့သည် အားနှင့်အင်နှင့်ဟောပြော၍ ပရိသတ်အားမည်သို့ တို့ထိရမည်ကိုသိကြသည်။ သူတို့သည် အလွယ်တကူစည်းရုံးသိမ်းသွင်းထားသော နောက်လိုက်တစ်အုပ်ကြီးရှိကြသည်။ ချိုချိုသာသာ၊ ချောချောမွေ့မွေ့ဖြင့် ပြောဆိုတတ်သောသူများသည် အမြဲတမ်းအမှန်တရားကို မပြောကြပါ။ ကောရိန္သုမြို့ရှိအသင်းတော်သည် သခင်ခရစ်တော်အကြောင်း သမ္မာတရားကို စိတ်ကိုဖြေဖျော်ပေးသောတရားဟောချက်များနှင့် အလဲအလှယ်လုပ်ခြင်းထောက်ချောက်၌ သက်ဆင်းခြင်းကို စွန့်စားရယူခဲ့သည်။

ရှင်ပေါလုအား ပြစ်တင်စွပ်စွဲသူများက ရှင်ပေါလုကိုဆန့်ကျင်တိုက်ခိုက်ရာ၌ အသုံးပြုခဲ့သောအခြားအရာရှိသည်။ ရှင်ပေါလုသည် အကြီးဆုံးသော တမန်တော်များကဲ့သို့ အဟောအပြော၌ ကျွမ်းကျင်တတ်မြောက်ထားသူ

မဟုတ်သည့်အပြင် သူသည်သတင်းကောင်းတရားတော်ကို အခမဲ့ဟောပြောပေးကမ်းခဲ့သည်။ ရှင်ပေါလုသည် အရပ်ဒေသတစ်ခုသို့ လာရောက်သောအခါ လူတို့ကသူ့ကိုအလုပ်အကျွေးပြုကြမည်ဟု မျှော်လင့်ရင်းရောက်မလာခဲ့ပါ။ တရားဟောပြောခြင်းအတွက် အဖိုးအခကိုလည်းမတောင်းခဲ့ပါ။ ကိုယ့်ကိုယ်ကိုထောက်ပံ့ရန်မိမိလက်ဖြင့် အလုပ်လုပ်ခဲ့သည်။ မိစ္ဆာတမန်တော်များကမူ မိမိတို့လက်ဖြင့်အလုပ်လုပ်ရခြင်းသည် မိမိတို့၏ဂုဏ်သိက္ခာနှင့် မထိုက်တန်ဟုခံယူခဲ့ကြသည်။ သူတို့၏လက်၌ ဂေါ်ပြား (သို့) တူကိုကိုင်၍ အလုပ်လုပ်နေကြသည်ကို ဘယ်တော့မျှတွေ့ရမည်မဟုတ်ပါ။ သူတို့သည် အထက်စီးဆန်၍ အပျင်းကြီးကာ ကြည်ညိုလေးစားမှုကို အတင်းတောင်းဆိုတတ်ကြသည်။ သူတို့ဟောပြောသောအရာအတွက် အဖိုးအခကိုပေးဖို့ လူတို့ထံမှမျှော်လင့်ထားကြသည်။

ရှင်ပေါလုမှာမူ စိတ်နှလုံးနှိမ့်ချ၍ မိမိ၏လက်ဖြင့်အလုပ်လုပ်ဖို့ အဆင်သင့်ဖြစ်နေခဲ့သည်။ သူသည်ငွေကြေးလိုအပ်သောအခါ မိမိ၏အမှုတော်လုပ်ငန်းကို ထောက်ပံ့ရန် တဲရှင်ဆောက်ခြင်းအလုပ်ကို လုပ်ခဲ့သည် (တမန်တော် ၁၈း၃ ကိုကြည့်ပါ)။ သူသည် မိမိအမှုတော်ဆောင်နေသည့် အသင်းတော်များထံမှ လစာမယူခဲ့ပါ။ ထိုသူတို့အလယ်၌ အခမဲ့အလုပ်လုပ်ခဲ့ပါသည်။ လူတို့က ရှင်ပေါလုကို ဟောင်းနွမ်း၍ညစ်ပတ်နေသောအလုပ်ဝတ်အင်္ကျီအဝတ်အစားများနှင့် မြင်တွေ့သောအခါ သူ့ကိုဝိညာဉ်ရေးခေါင်းဆောင်ကြီးတစ်ပါးအဖြစ် လေးစားကြည်ညိုရန်မှာ သူတို့အတွက်ခက်ခဲခဲ့ပေမည်။ သူသည်သာမန်လူများကဲ့သို့ စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲအလုပ်လုပ်နေလျှင် သူသည် ဘိသိက်သွန်းလောင်းခံတမန်တော်တစ်ပါး မည်သို့ဖြစ်ခဲ့နိုင်မည်နည်း။ လူတို့သည် အကြီးဆုံးသောတမန်တော်များ၏ အပြောအဆိုအားဖြင့်သာ လှည့်ဖြားခံရသည်မဟုတ်၊ ၎င်းတို့၏ဝတ်စားဆင်ယင်ပုံ၊ ပြုမူကျင့်ကြံပုံ၊ အခ

ကြေးတောင်းခံခြင်းတို့အားဖြင့်လည်း လှည့်ဖြားခံကြရပါသည်။

ထူးခြားဆန်းပြားတောက်ပြောင်သော ဝတ်စားဆင်ယဉ်မှုသည် ခေါင်းဆောင်ကောင်းတစ်ယောက်ကို မဖန်တီးပေးပါ။ အိမ်ကောင်း၊ ကားကောင်းရှိခြင်းသည် ဘုရားသခင်၏နိုင်ငံတော်၌ အောင်မြင်မှုကို ပုံမဆောင်ပါ။ သခင်ယေရှုသည် ဤအရာများကို ရှောင်ရှား၍ရိုးရှင်းသော သာမန်ဘဝဖြင့် ရှင်သန်နေထိုင်ခဲ့သည်။ ရှင်ပေါလုကလည်း သခင်ယေရှု၏ခြေရာကို လိုက်လျှောက်ခဲ့သည်။ သို့သော်အခြားတစ်ဖက်တွင် မိစ္ဆာတမန်တော်များသည် ကိုယ့်ကိုယ်ကို သာမန်လူတို့အဆင့်အတန်း၏အထက်၌ ချီးမြှောက်ကြ၍ လောကီဆန်သော လေးစားကြည်ညိုခြင်းကို တောင်းဆိုကြသည်။ သူတို့သည် ငွေကြေးချမ်းသာ၍ ထူးခြားဆန်းပြားသောအဝတ်အစားများကို ဝတ်စားဆင်ယဉ်ကြသောကြောင့် မြောက်များစွာသောလူတို့သည် သူတို့၏ထောက်ချောက်၌ကြော့မိပြီး သူတို့ကိုနာခံလိုက်လျှောက်ခဲ့ကြသည်။ လူတို့သည် အပြင်ပန်းအသွင်အပြင်၏ လှည့်စားခြင်းကိုခံခဲ့ကြသည်။ အကြီးမြတ်ဆုံးသော သူတော်စင်အချို့သည် ဟောင်းနွမ်း၍ ဆုတ်ပြဲနေသောအဝတ်အစားများကို ဝတ်ဆင်၍လောကီသားများ၏ အာရုံကိုမဆွဲဆောင်သော အသက်တာမျိုးဖြင့် ရှင်သန်နေထိုင်ခဲ့ကြပါသည်။

ရှင်ပေါလု၏ဝန်ထုပ်မှာ သတင်းကောင်းတရားတော်ကို အခကြေးမယူဘဲဟောပြောရန်ဖြစ်သည်။ ထိုသို့အားဖြင့် သူ၏စိတ်ရင်းကိုသန့်ရှင်းဖြူစင်သည်ဟု လူတို့ကတွေ့မြင်ခဲ့ကြမည်ဖြစ်သည်။ သို့သော် မိစ္ဆာတမန်တော်များက ရှင်ပေါလုကိုဆန့်ကျင်၍ ဤအချက်ကိုအသုံးပြုခဲ့ကြသည်။ သူတို့က ရှင်ပေါလုသည် အယောင်ဆောင်တမန်တော်ဖြစ်၍ အဖိုးအခပေးဖို့မထိုက်တန်ကြောင်း အကြံပြုခဲ့ကြသည်။ အခန်းငယ် ၇ တွင် ရှင်ပေါလုက မိမိအားစွပ်စွဲပြောဆိုနေသောသူတို့ကို မိမိသည်ကောရိန္သုအသင်းသားများအား

၎င်းတို့၏ အပြစ်နွံထဲမှဆွဲယူကယ်တင်ပေးဖို့ ကိုယ့်ကိုယ်ကိုနှိမ့်ချနေချိန်တွင် မိမိ၏အပြုအမူကို အပြစ်ဒုစရိုက်အဖြစ် မည်သို့မှားယွင်းစွာ အဓိပ္ပါယ်ကောက်လွဲနိုင်ခဲ့ကြသနည်းဟု မေးခဲ့သည်။ ကောရိန္သုအသင်းသားများက သတင်းကောင်းတရားတော်ကို အခမဲ့လက်ခံရရှိနိုင်မည့်အကြောင်း အခြားအသင်းတော်များမှာ ငွေရေးကြေးရေး၌ ဒုက္ခရောက်ခဲ့ကြရသည် (ငယ် ၈)။ အခြားယုံကြည်သူများ၏စေတနာအလှူအဒါန်းများကြောင့် ရှင်ပေါလုမှာ ကောရိန္သုအသင်းသားများထံ၌ ငွေကြေးတောင်းခံခြင်းမပြုဘဲ အမှုတော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည် (ငယ် ၉)။ ရှင်ပေါလုအနေဖြင့် ကောရိန္သုမြို့၌ဆက်လက်၍ သတင်းကောင်းတရားတော်ကိုဟောပြောနိုင်ဖို့ မာကေဒေါနိပြည်မှ ညီအစ်ကိုများသည် အလှူငွေနှင့်အတူ ရှင်ပေါလုထံလာရောက်ခဲ့ကြသည်။ တမန်တော်ပေါလုတွင် ငွေကြေးအခက်အခဲများရှိနေခဲ့ပါသည်။ သူသည်ချမ်းသာကြွယ်ဝသောသူမဟုတ်သော်လည်း သတင်းကောင်းတရားတော်ကို လက်ခံယုံကြည်မည့်သူတိုင်းထံ၌ အခကြေးမယူဘဲဟောပြောဝေငှခဲ့ပါသည်။

ရှင်ပေါလုက အမှုတော်လုပ်ငန်း၌ မည်သို့ထောက်ပံ့ခံရသည့်အကြောင်းကို ထုတ်ပြောရန်(သို့) ဂုဏ်ယူဝါကြွားရန် တုန့်ဆိုင်းမနေခဲ့ပါ။ သူသည်မိမိ၏နှိမ့်ချသောနည်းလမ်းများကို ကောရိန္သုမြို့ရှိမိစ္ဆာတမန်တော်များ၏ ထောင်လွှားသောအပြုအမူများနှင့် နှိုင်းယှဉ်ခဲ့သည်။ ကောရိန္သုအသင်းသားများပေါ်၌ထားရှိသော မိမိ၏နက်နဲသောချစ်ခြင်းမေတ္တာကြောင့်လည်းကောင်း၊ သခင်ခရစ်တော်နှင့် သတင်းကောင်းတရားအပေါ်၌ထားရှိသော ကောရိန္သုအသင်းသားများ၏ အကြွင်းမဲ့ချစ်သောစိတ်ကို အားသစ်လောင်းပေးရန်အတွက်လည်းကောင်း ရှင်ပေါလုထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သခင်ခရစ်တော်၏ပကတိသန့်ရှင်းစင်ကြယ်သော သတို့သမီးကညာဖြစ်ခြင်းနှင့် ၎င်းတို့ကိုဆီးတားမည့်

ထောင်ချောက်၌ ကြော့မိသွားသည့်အဖြစ်ကို မမြင်တွေ့လိုခဲ့ပါ။ မိစ္ဆာဆရာများသည် ကောင်းကောင်းပြော၊ ကောင်းကောင်းဝတ်စား၍ အခကြေးကိုလည်း မြင့်မြင့်တောင်းဆိုခဲ့ကြသည်။ ထိုအပြုအမူများအားလုံးသည် ထိုခေတ်ကာလယဉ်ကျေးမှုတွင် အလွန်လေးစားဖွယ်ဖြစ်ခဲ့သည်။ သို့သော်ဤပုဂ္ဂိုလ်များသည် အမှန်တကယ်တွင် အသင်းတော်၏ရန်သူများဖြစ်ခဲ့ကြသည်။

ရှင်ပေါလုက ဤရန်သူများ၏ဖြစ်တည်မှုအမှန်ကို ဖော်ထုတ်လိုခဲ့သည်။ သူတို့၏ဆိုးညစ်သောရည်ရွယ်ချက်များကို ထိခိုက်လျော့ပါးအောင် လုပ်ဖို့ သူတို့ကို ပြင်းပြင်းထန်ထန်ဆက်လက်၍ ဆန့်ကျင်ပြောဆိုခဲ့ပါလိမ့်မည်။ စစ်မှန်သောတမန်တော်တို့ခံရသော လေးစားကြည်ညိုခြင်းမျိုးကို သူတို့ဆက်မခံရဖို့ သူတို့ကိုဒေါက်ဖြုတ်လိုခဲ့သည် (ငယ် ၁၂)။ ကောရိန္သုအသင်းသားများထံမှ ငွေကြေးအကူအညီကိုလက်မခံခြင်းဖြင့် ရှင်ပေါလုသည်ကိုယ့်ကိုယ်ကို မိစ္ဆာဆရာများနှင့် ကင်းရှင်းအောင်နေခဲ့သည်။

အခန်းငယ် ၁၃ တွင်ရှင်ပေါလုက အသင်းတော်အား ဤပုဂ္ဂိုလ်များသည်အယောင်ဆောင်များဖြစ်ကြသည်ဟု ပြောပြခဲ့သည်။ သူတို့သည်တမန်တော်မျက်နှာဖုံးကို စွပ်ထားသည့်လူလိမ်များဖြစ်ကြသည်။ ရှင်ပေါလုက ထိုသူတို့ကိုဆန့်ကျင်၍ ပွင့်ပွင့်လင်းလင်းနှင့် ပြင်းပြင်းထန်ထန်ပြောဆိုခဲ့သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ထိုပုဂ္ဂိုလ်များသည် ဟန်ဆောင်လှည့်ဖြားခြင်းတို့၏အရှင် စာတန်၏ကိုယ်စားလှယ်များဖြစ်ကြသည်ဟု ပြောပြခဲ့သည်။ စာတန်သည် အမှန်တွင်မှောင်မိုက်၏ဖခင်ဖြစ်သော်လည်း လင်းသောကောင်းကင်တမန်ယောင်ဆောင်၍ လှုပ်ရှားသွားလာနေခဲ့သည်။ ဤသည်မှာ ဤအကြီးဆုံးသော တမန်တော်များလုပ်နေသောအရာပင်ဖြစ်သည်။ သူတို့သည်စိတ်နှလုံးကို ဖြေဖျော်ပေးသောတရားဒေသနာများနှင့် အဝတ်ကောင်း

စားကောင်းများ၏နောက်ကွယ်တွင် ပုန်းကွယ်နေခဲ့ကြသည်။ သို့သော် အပြင်ပန်းပြကွက်များ၏ အောက်ခြေတွင်မူသူတို့သည် ဝံပုလွေများဖြစ်ကြ၍ ကောရိန္သုမြို့ရှိ ဘုရားသခင်၏အမှုတော်ကို ဖျက်ဆီးရန်ရောက်ရှိလာသည့် စာတန်၏ကိုယ်စားလှယ်များ ဖြစ်ခဲ့ကြသည်။ စစ်မှန်သောတမန်တော်ကြီးက ကောရိန္သုအသင်းတော်အား ဤမိစ္ဆာတမန်တော်များသည် ၎င်းတို့၏အဖြစ်မှန်ကိုဖော်ထုတ်ခံရ၍ ၎င်းတို့နှင့်ထိုက်တန်သည့် အကျိုးအပြစ်ကိုခံရမည့်နေ့ရက်ရောက်လာမည့်အကြောင်းကို ပြောပြခဲ့သည် (ငယ် ၁၅)။

ဤအပိုင်းက ကျွန်ုပ်တို့၏အနီးတစ်ဝိုက်၌ ဖြစ်ပျက်နေသောအရာများအပေါ်၌ နိုးနိုးကြားကြားရှိနေကြဖို့ ကျွန်ုပ်တို့ကိုဆင့်ခေါ်ထားသည်။ စာတန်သည် ဖြောင့်မတ်ခြင်းတရားတော်၏အစေခံများသဖွယ် ဝတ်စားဆင်ယင်သော မိမိ၏ကိုယ်စားလှယ်များကို ကျွန်ုပ်တို့၏အသင်းတော်များထဲသို့ စေလွှတ်ရန် တုံ့ဆိုင်းနေမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ခေတ်ကာလရှိ အကြီးဆုံးသောတမန်တော်များ၏လှည့်ဖြားခြင်းကိုမခံရဖို့ ကျွန်ုပ်တို့အဘယ်မျှသတိထားကြဖို့လိုအပ်သနည်း။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဤကျမ်းချက်၌ ရှင်ပေါလုပြောပြနေသည့် အကြီးဆုံးသောတမန်တော်များမှာ မည်သူများဖြစ်ကြသနည်း။ သူတို့သည် ကိုယ့်ကိုယ်ကိုမည်သို့ ဟန်ဆောင်ဖုံးကွယ်နေခဲ့ကြသနည်း။
- ဤနေရာ၌တွေ့ရသည့် ရှင်ပေါလု၏ပြင်းပြသောစိတ်ဆန္ဒမှာ အသင်းတော်ကို သခင်ယေရှု၌ အကြွင်းမဲ့ချစ်သောစိတ်ရှိသော သတို့သမီးကညာအဖြစ် ဆက်သရန်ဖြစ်သည်။ အကြွင်းမဲ့ချစ်သောစိတ်ထက်လျော့နည်းသော ဆက်ကပ်အပ်နှံခြင်းမျိုးဖြင့် သင်ကျေနပ်

ရောင့်ရဲနေခဲ့ဖူးပါသလား။ ရှင်းပြပါ။

- သခင်ဘုရားက သင့်ကိုမည်ကဲ့သို့သောပြင်းပြသည့်စိတ်ဆန္ဒမျိုးကို ပေးထားသနည်း။ ထိုပြင်းပြသောစိတ်ဆန္ဒတွင် သင်သစ္စာရှိနေခဲ့ပါသလား။
- စာတန်သည် အသင်းတော်ကိုလှည့်ဖြား၍ လမ်းမှားသို့သွေးဆောင်ရန် မိမိ၏အကြီးဆုံးသောတမန်တော်များကို ဆက်လက်၍စေလွှတ်လျှက်ရှိသည်ဟု သင်ထင်ပါသလား။ ထိုပုဂ္ဂိုလ်များထံမှ သင့်ကိုသင်မည်သို့ကာကွယ်နိုင်မည်နည်း။

**ဆုတောင်းရန်အချက်များ**

- သင့်အထဲ၌ရှိစေလိုသည့် ပြင်းပြသောစိတ်ဆန္ဒဆီသို့ သင့်မျက်စိများကိုဖွင့်ပြပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။ ထိုပြင်းပြသောစိတ်ဆန္ဒ၌ အမှုတော်ဆောင်နိုင်ရန် ရဲရင့်ခြင်းကိုသင့်အားပေးသနားဖို့တောင်းလျှောက်ပါ။
- သခင်ဘုရားအပေါ်၌ထားရှိသော သင့်ရဲ့အကြွင်းမဲ့ချစ်သောစိတ်၌ရှိနေသော မသန့်ရှင်းမှုများကို ဖော်ပြပေးဖို့တောင်းလျှောက်ပါ။
- မိစ္ဆာတမန်တော်များသည် အသင်းတော်ကိုလှည့်ဖြား၍ လမ်းမှားသို့ဆက်လက်၍ မသွေးဆောင်နိုင်ဖို့ ထိုမိစ္ဆာတမန်တော်များကို ဖော်ထုတ်ဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- မှားယွင်းသောသွန်သင်ချက်များနှင့် အမှားများကိုဖော်ထုတ်နိုင်ဖို့ ထိုးထွင်းခွဲခြားသိမြင်နိုင်ခြင်း ဝိညာဉ်ဆုကျေးဇူးများကို ပို၍ပေးသနားရန် သခင်ဘုရားထံ၌တောင်းလျှောက်ပါ။

## ၂၀
## အနည်းငယ်သောလောကီဝါကြွားခြင်း

---

၂ကော ၁၁း၁၆-၃၃ ကိုဖတ်ရှုပါ။

ဤစာစောင်တွင် ရှင်ပေါလုသည်မိမိအား ဝေဖန်စွပ်စွဲသူများ၏ရှေ့၌ မိမိ၏ယုံကြည်စိတ်ချရလောက်သော အရည်အချင်းအထောက်အထားကို ရှင်းလင်းတင်ပြဖို့ တွန်းအားပေးခံရကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြပြီး ဖြစ်သည်။ ဘုရားသခင်၏အစေခံတစ်ပါးအဖြစ်နှင့် ရှင်ပေါလု၌ရှိသော လုပ်ပိုင်ခွင့်အာဏာကို မေးခွန်းထုတ်နေသောသူအချို့ ကောရိန္သုမြို့၌ ရှိခဲ့ကြသည်။ ဤပုဂ္ဂိုလ်များသည် ကိုယ့်ကိုယ်ကို ရှင်ပေါလု၏အထက်၌ချီးမြှောက်ရန်ကြိုးစားခဲ့ကြသည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ဤအကြီးဆုံးသောတမန်တော်များသည် အတုအယောင်တမန်တော်များ ဖြစ်ကြကြောင်းကိုလည်းကောင်း၊ သူတို့ကိုနားထောင်သူများထံမှ လေးစားမှုနှင့်ငွေကြေးကို တောင်းခံကြကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြရသည်။ သူတို့သည် ရှင်ပေါလုကဲ့သို့မဟုတ်၊ ကိုယ်လက်ဖြင့်အလုပ်လုပ်ခြင်းသည် မိမိ၏ဂုဏ်သိက္ခာနှင့် မကိုက်ညီဟုယုံကြည်ခဲ့ကြသည်။ မြောက်မြားစွာသောသူတို့သည် ဤမိစ္ဆာဆရာများ၏ အပြင်ပန်းအသွင်အပြင်အားဖြင့် လှည့်စားခြင်းကို ခံခဲ့ကြရသည်။

ကောရိန္သုအသင်းသားများကဲ့သို့ နုံအသောသူများကျွန်ုပ်တို့၏ခေတ်တွင်လည်းရှိပါသည်။ ကျွန်ုပ်တို့၏ခေတ်ကာလ၌ ပညာရေးဘွဲ့များနှင့် ရာထူးအဆင့်အတန်းအပေါ်၌ အလွန်အရေးပေးလာကြခြင်းကို တွေ့မြင်နေရသည်။ အလွန်စိတ်ပျက်ဖွယ်ကောင်းပါသည်။ ပညာရေးတစ်ခုကို အတိုင်းအတာတစ်ခုအထိ သင်ယူထားသူသည် ခေါင်းဆောင်ကောင်းဖြစ်လိမ့်မည်ဟု မှတ်ယူရန် ကျွန်ုပ်တို့မှာလှည့်ဖြားခံနေရပါသည်။ မြောက်မြားစွာသောအချိန်တွင် ကျွန်ုပ်တို့သည် လူတို့ကိုဘုရားသခင်၏ ပြင်းပြသောအစေခံများဖြစ်ကြခြင်းကြောင့် လေးစားကြသည်မဟုတ်၊ ပညာရေးကိုကောင်းကောင်းလိုက်စားနိုင်ဖို့ ငွေကြေးပြည့်စုံနေကြသောကြောင့် လေးစားကြခြင်းဖြစ်သည်။ အံ့ဖွယ်စွမ်းရည်ဆုကျေးဇူးရရှိထားသာသူများသည် ကျမ်းစာကျောင်းတစ်ခုခုမှ ဘွဲ့လက်မှတ် (သို့) သင်တန်းဆင်းလက်မှတ်တစ်ခုခုကို မရရှိထားသောကြောင့် ရာထူးနေရာများကို ရရှိခြင်းမှငြင်းပယ်ခံကြရသည်။ ကျွန်ုပ်၏ဆိုလိုရင်းကို ကျေးဇူးပြု၍ အထင်မလွဲပါနှင့်။ သင်းအုပ်များနှင့် ခရစ်ယာန်အမှုတော်ဆောင်များကို ကျွန်ုပ်တို့လေ့ကျင့်သင်ကြားပေးခြင်းမပြုသင့်ဟု မဆိုလိုပါ။ ကျွန်ုပ်၏အမှုတော်လုပ်ငန်းသည် ဤအရာအတွက်ပင် ဆက်ကပ်ထားပါသည်။ သို့သော် ကျွန်ုပ်ပြောကြားလိုသောအချက်မှာ အပြင်ပန်းကိုသာကြည့်တတ်သည့် ကျွန်ုပ်တို့၏အမူအကျင့်ကို အထူးသတိထားရန်ဖြစ်သည်။ မမာရိုးကျဆန်သော ပညာရေးကိုအထူးလိုက်စားခဲ့ခြင်းမရှိသည့် ဘုရားသခင်၏အံ့ဖွယ်အစေခံများစွာရှိကြပါသည်။ အချို့က အောက်ခြေအလုပ်များ၌ အမှုတော်ဆောင်နေကြသော်လည်း သူတို့သည်ဘုရားသခင်၏အစွမ်းထက်သော အစေခံများဖြစ်နေကြသည်။

လူတို့က မိမိ၏မဟုတ်မမှန်သတင်းကို ကောရိန္သုအသင်းတော်၌ ပြောနေခဲ့ကြကြောင်း ရှင်ပေါလုသိရှိခဲ့သည်။ လူအချို့က သူ့ကိုမိုက်မဲသောသူအဖြစ်

သုံးသပ်ခဲ့ကြကြောင်းကို ကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်သည်။ အခန်းငယ် ၁၆တွင် ရှင်ပေါလုက ဤကိစ္စကိုပွင့်ပွင့်လင်းလင်း လိပ်မူပြောဆိုခဲ့သည်။ “ငါ့ကိုသူရူး ဖြစ်သည်ဟု အဘယ်သူမျှမထင်စေနှင့်” ဟု သူတို့ကို ရှင်ပေါလုပြောခဲ့သည်။ အခြားသူများက မည်သို့ပင်ပြောဆိုနေကြပါစေ ရှင်ပေါလုသည် မိမိကိုဘုရား သခင်က ဆင့်ခေါ်၍လုပ်ဆောင်စေသော အမှုတော်အတွက်အရည်အချင်း ပြည့်မီကြောင်းကို သိနားလည်ခဲ့သည်။ ကောရိန္သုအသင်းသားများက မိမိ ကိုသူရူးကဲ့သို့သုံးသပ်ခဲ့လျှင်ပင် မိမိပြောကြားလိုသောအရာများအား နားထောင်ပေးကြဖို့ ရှင်ပေါလုကသူတို့ကိုတောင်းပန်ခဲ့သည်။ ကောရိန္သု အသင်းသားများက သူ့ကို သူရူးသဖွယ်ရှုမြင်ခဲ့ကြလျှင်ပင် ရှင်ပေါလုကသူတို့ကို သူရူးတစ်ယောင်အဖြစ် နှင့် ပြောကြားခဲ့ရပါလိမ့်မည်။ ကောရိန္သုအသင်းသား များက စိတ်ချယုံကြည်ထိုက်သော အရည်အချင်းအထောက်အထားများကို မရမကတောင်းဆိုနေခြင်းသည် မိုက်မဲသောလုပ်ရပ်အဖြစ် ရှင်ပေါလု မှတ်ယူခဲ့သော်လည်း၊ မိမိ၏စိတ်ချယုံကြည်ထိုက်သော အရည်အချင်း အထောက်အထားများကို သူတို့အားပြဖို့လိုအပ်လာခဲ့သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိ၏စိတ်ချယုံကြည် ထိုက်သော အရည်အချင်းအထောက်အထားအကြောင်းပြောဆိုဝါကြွားရာတွင် မိမိသည် သခင်ဘုရားပြောသကဲ့သို့ ပြောခြင်းမဟုတ်ဟုပြောခဲ့သည် (ငယ် ၁၇)။ ကောရိန္သုအသင်းသားများသည် လောကီအရည်အချင်း အထောက် အထားများကိုသာ အထင်ကြီးကြသောကြောင့် ရှင်ပေါလုအနေဖြင့် မိမိ၏ တမန်တော်ဖြစ်ခြင်းအရိုက်အရာကို သက်သေပြဖို့ ကောရိန္သုအသင်းသား များ၏ အဆင့်သို့ ကိုယ့်ကိုယ်ကို လျှော့ချကိုင်းညွှတ်ခဲ့ရသည်။ ရှင်ပေါလုက ကိုယ့်ကိုယ်ကိုချီးမွမ်း၍ ဝါကြွားခဲ့ခြင်းမဟုတ်ပါ။ ရှင်ပေါလုက မိမိနှင့်စပ်ဆိုင် ၍ပြောကြားမည့်အရာအားလုံးသည် လုပ်ပိုင်ခွင့်အာဏာကို လောကီ

ဆန်ဆန်ရှုမြင်သုံးသပ်မှု တစ်ခုသာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောပြထားသည်။ အရည်အချင်း အထောက်အထားများကို သခင်ဘုရားနားလည်သဘောပေါက်ထားပုံနှင့် လောကီသားများနားလည်သဘောပေါက်ထားပုံမှာ အလွန်ကွာခြားကြောင်း ရှင်ပေါလုသိရှိထားခဲ့သည်။

ကျွန်ုပ်၏ပညာရေးအတွက် ကျွန်ုပ်ကျေးဇူးတင်ပါသော်လည်း ကျွန်ုပ်၏ဓမ္မပညာဘွဲ့များသည် သခင်ဘုရား၏ရှေ့မှောက်တော်တွင် အချည်းနှီးအရာများသာဖြစ်ကြကြောင်း ကျွန်ုပ်နားလည်သဘောပေါက်လာခဲ့သည်။ ကျွန်ုပ်၏ပညာရေးသည် အလွန်အထောက်အကူဖြစ်ခဲ့ပါသည်။ ထိုပညာရေးသည် ဘုရားသခင်ကျွန်ုပ်အားပေးအပ်ထားသော သာသနာလုပ်ငန်းအတွက် ကျွန်ုပ်ကိုများစွာ မွမ်းမံပေးခဲ့သည်။ သို့သော် ကျွန်ုပ်၏ပညာရေးကို ကျွန်ုပ်အားမကိုးနိုင်ပါ။ ဘုရားသခင်၏ နိုင်ငံတော်ကိုချဲ့ထွင်ပေးမည့်အရာများသည် ကျွန်ုပ်၏ဓမ္မပညာဘွဲ့များမဟုတ်ကြပါ။ သင်တို့၏အိမ်နံရံ၌ချိတ်ထားဖို့သင့်တွင်ဘွဲ့ (သို့) သင်တန်းဆင်းလက်မှတ်တစ်ခုခုရှိချင်မှ ရှိပါလိမ့်မည်။ သင်သည် အဟောအပြောကောင်းသူ (သို့) ဆရာတစ်ယောက်ဖြစ်ချင်မှဖြစ်ပေမည်။ သို့သော် ဘုရားသခင်၏ဝိညာဉ်တော်က သင့်ကိုဆင့်ခေါ်၍ သင်ကလည်းနာခံခြင်းဖြင့် လိုက်လျှောက်လျှင် စိတ်ကူးဖြင့်ပင်သင်မယှဉ်နိုင်သောနည်းလမ်းများဖြင့် ဘုရားသခင်က သင့်ကိုအသုံးပြုပါလိမ့်မည်။ သခင်ယေရှုသည် လိုလားမှုနှင့်အတူ အဆင်သင့်ဖွင့်ထားသောစိတ်နှလုံးကို ရှာကြံနေပါသည်။ ရှင်ပေါလုက ဤအချင်းအရာကို နားလည်သဘောပေါက်ခဲ့သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့အလယ်ရှိ မိစ္ဆာတမန်တော်များဖြစ်ကြသည့် လူနှံ့လူအများကို မည်သို့နားထောင်နေခဲ့ကြကြောင်းကို အသိပေးခဲ့သည် (ငယ် ၁၉)။ သူတို့သည် ဤမိစ္ဆာတမန်တော်တို့အား သခင်ခရစ်တော်၌ ၎င်းတို့ရရှိထားသော လွတ်လပ်မှုကိုလည်းကောင်း၊

ငွေကြေးများကိုလည်းကောင်း လုယူသွားခွင့်ပြုခဲ့ကြသည်။ ကောရိန္သုအသင်းသားများသည် ၄င်းတို့ကိုဝိညာဉ်ရေးရာ၌ အနိုင်ကျင့်ဗိုလ်ကျနေသော အယောင် ဆောင်များကို သည်းခံနေခဲ့ကြသည်။ ကောရိန္သုအသင်းသားများသည် ဤမိစ္ဆာဝါဒနှင့် မခန့်လေးစားလုပ်ခံရမှုများကို ထွေးပိုက်ရယူခဲ့ကြသည်။

အခန်းငယ် ၂၁ တွင် ရှင်ပေါလုက ငေါ့တော့တော့ဖြင့် ကောရိန္သုအသင်းသားများအား သူသည်၄င်းတို့ကို ဤနည်းလမ်းများအားလုံးဖြင့် ဗိုလ်ကျစိုးမိုးရန် "အစွမ်းသတ္တိမရှိ" ဟု ပြောခဲ့သည်။ ရှင်ပေါလုဆိုလိုသောအချက်မှာ သူသည် မိမိ၏အကျိုးအမြတ်အတွက် ဘုရားသခင်၏လူတို့ကို ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ဖိညှစ်နင်းခြေခြင်းတို့ကို မလုပ်ခဲ့ဟူ၍ဖြစ်သည်။ လေးစားကြည်ညိုခံရဖို့ သူတို့မနင်းခြေခဲ့ပါ။ ဤမိစ္ဆာတမန်တော်များကဲ့သို့မဟုတ်၊ ရှင်ပေါလုသည် ကောရိန္သုအသင်းသားများအပေါ်၌ ကြီးမားသောချစ်ခြင်းနှင့် ဂရုစိုက်ခြင်းကို ပြသခဲ့သည်။ ဤအချင်းအရာက ကောရိန္သုအသင်းသားများ၏ အမြင်တွင် ရှင်ပေါလုကိုအစွမ်းသတ္တိမရှိသူဟု ထင်မြင်စေခဲ့သည်။ ကောရိန္သုအသင်းသားများသည် ဂရိယဉ်ကျေးမှု၏ခံယူချက်များနှင့် ကိုယ့်ကိုယ်ကိုမခွဲခြားထားခဲ့ကြသောကြောင့် သတင်းကောင်းတရားတော်၏ နှိမ့်ချသောတမန်တော်အစစ်များကို အထင်သေးလျှော့တွက်သော်လည်း လေးစားမှုကိုတောင်းဆိုနေကြသည့် ချမ်းသာသောအတုအယောင်အရာများအား ကြည်ညိုလေးစားခြင်း၌ လှည့်ဖြားခံခဲ့ကြရသည်။

ရှင်ပေါလုက လောကီဆန်သောဝါကြွားခြင်းအချို့ကို ပြုလုပ်ကြဖို့ အချိန်အနည်းငယ်ယူခဲ့သည်။ ယုံကြည်စိတ်ချရလောက်သော အရည်အချင်းအထောက်အထားများသည် သူ့အတွက်ဘာမျှမဟုတ်ကြကြောင်းကို ရှင်ပေါလုပြတ်ပြတ်သားသား ပြောခဲ့ပြီးဖြစ်သည်။ သို့သော်အမှုတော်မြတ်အတွက် သူရှိထားသော လောကီအရည်အချင်းများကို ပြောပြခြင်းဖြင့် သူသည်

ကောရိန္သုအသင်းသားများအား ၎င်းတို့ကိုလမ်းမှားသို့ ပို့ဆောင်နေကြသည့် ၎င်းတို့အလယ်၌ ရှိနေကြသောသူများထက် သူသည်ဝိညာဉ်ရေးရာခေါင်းဆောင်ခြင်းတွင် ပို၍အရည်အချင်းရှိကြောင်း ပြောဆိုပြသရန်ကြိုးစားခဲ့သည်။

အခန်းငယ် ၂၂ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဤသို့ပြောဆိုခြင်းဖြင့်အစပြုခဲ့သည်။ ရှင်ပေါလုက ဤအကြီးဆုံးသောတမန်တော်များသည် ဟေဗြဲလူမျိုးများဖြစ်ကြလျှင် မိမိသည်လည်း ဟေဗြဲလူမျိုးဖြစ်ကြောင်း၊ သူတို့သည် ဣသရေလလူမျိုးများဖြစ်ကြလျှင် မိမိသည်လည်း ဣသရေလလူမျိုးဖြစ်ကြောင်း ပြောခဲ့သည်။ ရှင်ပေါလုသည်လည်း အာဗြဟံ၏မျိုးနွယ်တစ်ယောက်ဖြစ်သည်။ ရှင်ပေါလု၏ မျိုးရိုးနှင့်ကြီးပြင်းလာပုံတွင် သူသည် မိစ္ဆာဆရာများကဲ့သို့ပင် သွေးမနှောသောသူတစ်ယောက်ဖြစ်သည်။

မိစ္ဆာတမန်တော်များက သူတို့ကိုသူတို့ သခင်ခရစ်တော်၏အစေခံများဟု အခိုင်အမာပြောဆိုခဲ့ကြသောကြောင့် ရှင်ပေါလုကလည်းသူ့ကိုယ်သူ အမှုတော်မြတ်၌ပို၍ မြင့်မြတ်သောသူဖြစ်ကြောင်း ပြသခဲ့ရသည်။ အခန်းငယ် ၂၃ တွင် ရှင်ပေါလုက ဤသို့ဝါကြွားရခြင်းကို မိမိတွန့်ဆုတ်ကြောင်း တစ်ဖန်ပြောဆိုခဲ့သည်။ “သူရူးကဲ့သို့ဆိုရ၏ - ဒီလိုပြောမိတာ ငါတော့ ရူးသွားပြီထင်တယ်။” သို့သော် ရှင်ပေါလုက မိမိ၏လုပ်ပိုင်ခွင့်အာဏာကို ကာကွယ်ရန် ဤသို့ပြုလုပ်ဖို့လိုအပ်ကြောင်း ယုံကြည်ခဲ့သည်။ ရှင်ပေါလုက မိမိ၏လောကီအောင်မြင်မှုများကို ဤနေရာတွင်ဖော်ပြမထားခဲ့ပါ။ မိမိ၏ပင်ပန်းဆင်းရဲခြင်းဒုက္ခများကိုသာ ဖေါ်ပြခဲ့သည်။ ရှင်ပေါလု၏ နည်းဗျူဟာမှာ ထိုမိစ္ဆာဆရာများသည် ဘုရားသခင်၏နိုင်ငံတော်အတွက် ကြီးစွာသောဆင်းရဲခြင်းဒုက္ခကို ကြုံတွေ့ခံစားခဲ့သည့် သခင်ခရစ်တော်ကဲ့သို့မဟုတ်ကြကြောင်းကို ပြသခြင်းဖြင့် ၎င်းတို့ကိုသိက္ခာချရန်ဖြစ်သည်။ ရှင်ပေါလုမှာမူ သခင်ခရစ်တော်ကဲ့သို့

ဆင်းရဲခြင်းဒုက္ခကို ကြုံတွေ့ခံစားခဲ့ရသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဤအယောင်ဆောင်များနှင့်နှိုင်းယှဉ်လျှင် မိမိသည်ပို၍ကြိုးစားခဲ့ကြောင်း၊ သူတို့ထက်ပို၍မကြာခဏထောင်နန်းစံရကြောင်း၊ သူတို့ထက်ပို၍ကြာပွတ်နှင့်ရိုက်နှက်ခံခဲ့ရကြောင်း၊ အသက်ဘေးကိုအကြိမ်များစွာ ကြုံခဲ့ရကြောင်းပြောခဲ့သည်။ သခင်ယေရှု၏အမှုတော်ကို ထမ်းဆောင်ရာတွင် ၄င်းတို့အလယ်မှ မိစ္ဆာတမန်တော်များထက်ပို၍ ဆင်းရဲဒုက္ခရောက်ခဲ့ရကြောင်း ပြောပြခဲ့သည်။

ရှင်ပေါလုသည် ယုဒလူများထံမှ ငါးကြိမ်တိုင်တိုင်ကြာပွတ်ဖြင့် အချက်ပေါင်းသုံးဆယ့်ကိုးချက်ရိုက်ခံခဲ့ရသည်။ မောရှေ၏ပညတ်ချက်တွင် အချက်လေးဆယ်ရိုက်ခွင့်ရှိသော်လည်း၊ တစ်စုံတစ်ယောက်ကို ဒဏ်ခတ်ရာ၌ ပညတ်တော်ကို မချိုးဖောက်မိဖို့ တစ်ချက်လျော့၍ရိုက်ခဲ့ကြခြင်းဖြစ်သည်။ ဤသည်မှာ သခင်ယေရှုအတွက် ရှင်ပေါလုဒုက္ခခံရခြင်း၏အဆုံးသတ်မဟုတ်ခဲ့ပါ။ သုံးကြိမ်တိုင်တိုင် ကြိမ်လုံးနှင့်ရိုက်ခြင်း၊ ကျောက်ခဲဖြင့်သုံးကြိမ်ပစ်ပေါက်ခံရခြင်း၊ သာသနာပြုခရီး၌ သင်္ဘောမြုပ်ခြင်းများကို ကြုံတွေ့ခံစားခဲ့ရသည်။ သူ့ကိုနစ်မြုပ်ဖို့ခြိမ်းခြောက်နေကြသည့် လှိုင်းတံပိုးများနှင့်အတူ ပင်လယ်ပြင်တွင် တစ်ရက်နှင့်တစ်ည မျောလွင့်နေခဲ့ရသည် (ငယ် ၂၅)။ သူသည် တစ်ချိန်လုံးအန္တရာယ်နှင့် လုံးပမ်းနေခဲ့ရသည်။ သူသည်မြစ်ကိုကူးရသော အန္တရာယ်ဘေး၊ ဓါးပြတို့၏ဘေးရန်၊ တစ်ပါးအမျိုးတို့၏ဘေးရန်အပြင် ညီအစ်ကိုချင်းပေးသောဘေးရန်တို့ကို ရင်ဆိုင်ခဲ့ရသည်။ သူသည်သွားလေရာမြို့ရွာများ၌ ညှင်းပန်းနှိပ်စက်ခြင်းကို ကြုံတွေ့ရသည့်အပြင် (ကောရိန္သုမြို့၌ရှိနေသောသူများကဲ့သို့) မိစ္ဆာဆရာများ၏ ဆန့်ကျင်တွန်းလှန်မှုကိုလည်း ဖြေရှင်းခဲ့ရသည်။

ဘုရားသခင်၏အစေခံတစ်ပါးအဖြစ်နှင့် ရှင်ပေါလုသည် အလုပ်ကြမ်းကိုလုပ်ခဲ့သည်။ ခက်ခဲပင်ပန်းစွာရုန်းကန်လုပ်ကိုင်ကြိုးစားခဲ့သည်။ အိပ်စက်ခြင်း မရှိ၊ အစားအစာမရှိ၊ သောက်စရာရေမရှိဖြင့် ခရီးနှင်ခဲ့ရသည်။ သူသည် ငတ်မွတ်ခြင်း၊ အေးခဲခြင်း၊ ဝတ်စရာအဝတ်အစားမရှိခြင်းတို့၏ အခြေအနေများကို ကောင်းကောင်းမြည်းစမ်းသိရှိခဲ့သည်။ ဤအခက်အခဲပြဿနာများအားလုံးအပြင် ရှင်ပေါလု၏စိတ်နှလုံးတွင် အသင်းတော်များအတွက် စိုးရိမ်ပူပန်ခြင်းများလည်း ရှိနေခဲ့သည်။ ဤတစ်ခုတည်းကိုပင် မြောက်မြားစွာသော လူတို့ကဖိအားတစ်ခုအဖြစ် မသယ်ယူမထမ်းပိုးလိုသောအရာဖြစ်ခဲ့ပေလိမ့်မည်။ အခန်းငယ် ၂၉ တွင် ရှင်ပေါလုက ကောရိန္နုအသင်းသားများအား "ငါမနွမ်းရိဘဲ အဘယ်သူနွမ်းရိသနည်း။ ငါသည်စိတ်မပူပန်ဘဲ ဘယ်သူဖောက် ပြန်သနည်း" ဟုပြောခဲ့သည်။

ဤနေရာ၌ ရှင်ပေါလုပြောနေသည့်အရာကို သင်မြင်ပါသလား။ ဤအသင်းတော်များမှ တစ်စုံတစ်ယောက်သည် အားနည်းနွမ်းရိ၍ ချွတ်ယွင်းနေလျှင် ရှင်ပေါလုက ထိုအားနည်းနွမ်းရိခြင်းကို မိမိခံစားရသကဲ့သို့ ခံစားမှတ်ယူခဲ့သည်။ တစ်စုံတစ်ယောက်အပြစ်ကျူးလွန်၍ ဖောက်ပြန်လျှင် ရှင်ပေါလု၏စိတ်နှလုံးမှ ဝမ်းနည်းပူဆွေးခြင်း၊ စင်ကြယ်သောအမျက်ဒေါသတို့နှင့်လောင်ကျွမ်းနေခဲ့ရသည်။ ဤအသင်းတော်များ၏ သင်းအုပ်တစ်ပါးဖြစ်သည့် အားလျော်စွာ ရှင်ပေါလုက သူတို့၏နာကျင်မှုများကို ကိုယ်တိုင်နက်နက်နဲနဲခံစားခဲ့သည်။ ဤသည်မှာ ဘုရားကိုသိသော သင်းအုပ်တစ်ပါး၏ နှလုံးသားဖြစ်သည်။ သင်းအုပ်တိုင်းသည် အသင်းတော်ရင်ဆိုင်ဖြတ်သန်းနေသောအရာကို ကိုယ်တိုင်ခံစားပေးရပါမည်။

အသင်းတော်တစ်ပါးကို စစ်မှန်စွာဂရုစိုက်စောင့်ရှောက်နိုင်ဖို့ သင်သည် ထိုအသင်းတော်၏ ဝမ်းနည်းကြေကွဲမှုများနှင့် ဝမ်းသာပျော်ရွှင်

မှုများကို ခံစားပေးဖို့လိုအပ်သည်။ ကိုယ်ကျင့်တရားချို့ယွင်းနေသူများ အတွက် သင်ဝမ်းနည်းပူဆွေးဖို့ လိုအပ်သည်။ စိတ်သောကရောက်၍ ပူပန်နေသော သူများနှင့်အတူ သင်ငိုကြွေးပေးဖို့လိုအပ်သည်။ ထိုအသင်းတော်ရှိ အသင်းဝင်များ၏ယုံကြည်ခြင်း၌ အားနည်းနွမ်းရိမှုကို ခံစားသိမြင်တတ်ဖို့လိုအပ်သည်။ သင်းအုပ်သည် သွန်သင်ပေးခြင်း သက်သက်ထက် ပို၍အသင်းတော်ရင်ဆိုင်ဖြတ်သန်းနေရသည့်အရာကို ခံစားချက်ရှိရှိဖြင့်အတူပါဝင်ပတ်သက်ရပါမည်။ ဤအတွက်ကြောင့် သင်းအုပ်၏အလုပ်သည် လူတိုင်းကလုပ်ဖို့ဆန္ဒမပြင်းပြသင့်သည့်အလုပ်ဖြစ်သည်။ ဘုရားသခင်က သင့်ရဲ့ကွပ်ကဲမှုအောက်၌ သွတ်သွင်းထားသောသူများကို မေတ္တာစိတ်နှင့်တကွ ထပ်တူပြုခံစားပေးနိုင်သော အစွမ်းအစမျိုးသင့်၌မရှိလျှင် သင်သည်စစ်မှန်သော သင်းအုပ်တစ်ပါးမဖြစ်နိုင်ပါ။ ဤအရာသည် မိမိ၏စစ်မှန်သော အစေခံ၏စိတ်နှလုံး၌လောင်ကျွမ်းနေသော သခင်ခရစ်တော်၏ သနားခြင်းဂရုဏာစိတ်ပင်ဖြစ်သည်။

မိမိရင်ဆိုင်ခံစားရသော အရှက်ကွဲခြင်းများနှင့် ပင်ပန်းဆင်းရဲခြင်း ဒုက္ခများ၌ ဂုဏ်ယူဝါကြွားခြင်းဖြင့် ရှင်ပေါလုသည် ဤခက်ခဲခြင်းကာလများ၌ မိမိအားစောင့်ရှောက်ပေးခဲ့သော ဘုရားသခင်၏ကျေးဇူးတော်ကို ထင်ရှားစေခဲ့သည်။ သူသည်မိစ္ဆာတမန်တော်များကဲ့သို့ အေးဆေး၍သက်တောင့်သက်သာရှိသောအသက်တာမျိုးဖြင့် မရှင်သန်ခဲ့ပါ။ ရှင်ပေါလု၏ ဘဝသည်အလွန်ခက်ခဲပင်ပန်းခဲ့ပြီး များစွာသောငြင်းပယ်ခြင်းနှင့် ချိုးနှိမ်စော်ကားခြင်းများကို ရင်ဆိုင်ခံစားခဲ့ရသည်။ ရှင်ပေါလု အမှန်တရားပြောနေကြောင်းကို ဘုရားသခင်က သိခဲ့သည် (ငယ် ၃၁)။ ဂရိလူမျိုးများ၏စိတ်တွင် ရှင်ပေါလုသည်အားနည်း၍ ကျဆုံးခဲ့သော်လည်း ခရစ်ယာန်တို့၏စိတ်တွင် အောင်မြင်သောအသက်တာကိုရှင်သန်ခဲ့ပါသည်။

ရှင်ပေါလု ဒမာသက်မြို့၌ရှိစဉ်တွင် အရေတမင်းကြီးသည်သူ့ကို ဖမ်းဆီးဖို့ တစ်မြို့လုံး၌အစောင့်များကို ချထားခဲ့သည် (၄ယ် ၃၂)။ ထိုမြို့ရှိ ခရစ်ယာန်များကသာ သူ့ကိုတောင်း၌ထည့်၍မြို့ရိုးပေါ်ကသာချမပေးခဲ့လျှင် ရှင်ပေါလုမှာ အဖမ်းခံရနိုင်၍ အသေပင်သတ်ကောင်းသတ်ခံခဲ့ရပါလိမ့်မည်။ သတင်းကောင်းတရားတော်ကို ရှေ့သို့ချီစေရာတွင် ရှင်ပေါလုသည်အသက် ဘေးနှင့်တချိန်လုံး ကြုံတွေ့ခဲ့ရသည်။ အခြားယုံကြည်သူများက သူ့ကိုအသက် ဘေးမှလွတ်မြောက်စေဖို့ ကူညီပေးခဲ့ကြချိန်တွင် တမန်တော်ကြီးမှာ နှိမ့်ချစွာ ဖြင့် တောင်းထဲ၌ပုန်းအောင်းနေခဲ့သည်။

ကောရိန္တုမြို့မှ မိစ္ဆာတမန်တော်များသည် စာတန်ထံမှထိုကဲ့သို့သော ဆန့်ကျင်ရန်ပြုခြင်းမျိုးကို မကြုံတွေ့ခဲ့ရပါ။ အကြောင်းမှာ သူတို့သည်စာတန် ၏ကိုယ်စားလှယ်များဖြစ်နေကြသောကြောင့်ဖြစ်သည်။ သူတို့သည် သက် တောင့်သက်တာဖြင့် ချမ်းသာစည်းစိမ်ကို ခံစား၍အပူအပင်ကင်းစွာ ရှင်သန် ခဲ့ကြရသည်။ နောက်တစ်နပ်စာအတွက်လည်းကောင်း၊ အိပ်စက်အနားယူရ မည့်နေရာအတွက်လည်းကောင်း စိုးရိမ်ပူပန်နေဖို့မလိုခဲ့ပါ။ ဝတ်စရာအဝတ် အစားမရှိ၍ အဝတ်ဗလာဖြင့် သွားလာဖို့မလိုခဲ့ပါ။ သူတို့သည် ဇိမ်ရှိလှသော အိပ်ယာများ၌ လုံခြုံစွာဖြင့် အိပ်စက်ခဲ့ကြရသည်။ ဤလောကီအောင်မြင်မှု များကြောင့် ကောရိန္တုမြို့မှလူတို့က သူတို့ကိုရိုသေလေးစားခဲ့ကြခြင်းဖြစ်သည်။

အခြားတစ်ဖက်တွင် ရှင်ပေါလုမှာမူ ရန်သူနှင့်ထိပ်တိုက်ရင်ဆိုင်ရင်း တိုက်ပွဲ၏ရှေ့တန်းစစ်မျက်နှာတွင်ရှိနေခဲ့သည်။ သူသည်ရန်သူဘက်မှ ပစ်နိုင် သမျှသော ဗုံးသီးများအားလုံးဖြင့် ဖောက်ခွဲခြင်းကိုခံခဲ့ရသော်လည်း ဘုရား သခင်၏အံ့ဖွယ်ကျေးဇူးတော်အားဖြင့် အောင်အောင်မြင်မြင်ဖြင့် အဆုံးတိုင် တည်ကြည်ခဲ့သည်။ ကျွန်ုပ်တို့၏ ခေတ်ယဉ်ကျေးမှုကြီး၏ ဘုရားကိုမသိသော

စံနှုန်းခံယူချက်များကို ငြင်းပယ်ရန်အတွက်လည်းကောင်း၊ အဖိုးအခမည်သို့ပင် ပေးဆပ်ရပါစေ နိုင်ငံတော်ချဲ့ထွင်ခြင်းအတွက် ကောင်းသောတိုက်လှန်ခြင်း ကိုပြုနိုင်ဖို့ရန်အတွက်လည်းကောင်း ဘုရားသခင်သည်ကျွန်ုပ်တို့ကို ကူညီမစပါ စေသော်. . .။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- မိမိတို့၏ခေါင်းဆောင်များကို ရှုမြင်သုံးသပ်ပုံနှင့်စပ်လျဉ်း၍ ကောရိန္သုအသင်းတော်၌ တွေ့ရသည့်ပြဿနာအကြောင်းကို ဤအပိုင်းက ကျွန်ုပ်တို့အားမည်သို့ သင်ပေးထားသနည်း။ အလားတူ ထောင်ချောက်၌ ကျွန်ုပ်တို့ယနေ့တွင် ကြော့မိနိုင်ပါသလား။
- ယနေ့တွင် ခေါင်းဆောင်များအပေါ်၌ မည်သည့်အရာများကို ကျွန်ုပ်တို့ကြည့်ရှုကြသနည်း။ ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းကို လောကီဆန်ဆန် ကြည့်ရှုသုံးသပ်ပုံနှင့် သခင်ဘုရား၏ကြည့်ရှုသုံးသပ်ပုံတို့ကြားရှိ ကွာခြားချက်ကားအဘယ်နည်း။
- ဘုရားသခင်၏နိုင်ငံတော်ကိုချဲ့ထွင်ရာ၌ လိုအပ်သောလေ့ကျင့်သင်ကြားခြင်းပညာရေးကိုရယူခြင်းသည် အရေးကြီးသော်လည်း ထိုလေ့ကျင့်သင်ကြားခြင်းနှင့် ပညာရေးတစ်ခုကိုသာ ယုံကြည်အားထားနေခြင်းသည် အဘယ့်ကြောင့်မှားယွင်းသနည်း။ ကျွန်ုပ်တို့ မည်သည့်အရာ၌ ယုံကြည်ကိုးစားကြရမည်နည်း။

**ဆုတောင်းရန်အချက်များ**

- ဘုရားသခင်သည် အမှုတော်မြတ်၌ ကျွန်ုပ်တို့ကိုပြင်ဆင်မွမ်းမံ၍ လုပ်နိုင်စွမ်းကိုပေးရန် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ အထဲ၌ သွတ်သွင်းပေးတော်မူသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့ပညာရေးနှင့် သင်တန်းများကြောင့် လေးစားခံထိုက်သည်ဟု ထင်မှတ်သောစုံစမ်းနှောက်ယှက်ခြင်းမှ သင့်ကိုလွတ်မြောက်စေဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ မိုက်မဲသောလုပ်ရပ်ကို သိမြင်နိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- အဆုံးတိုင်တည်ကြည်နိုင်ဖို့ ရှင်ပေါလု၏ရဲရင့်သတ္တိမျိုးကို သင့်အား ပေးသနားရန် သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင့်ရဲ့ဖြစ်တည်နေမှုအတိုင်း သင့်ကိုသခင်ဘုရားက အသုံးပြုနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ အထံတော်၌ အသုံးတော်ခံရန် သင့်ရဲ့အသက်တာကို အသစ်တစ်ဖန်ဆက်ကပ်ပါ။

## ၂၁
## ကိုယ်၌စူးသောဆူး

၂ကော ၁၂း၁-၁၀ ကိုဖတ်ရှုပါ။

ကောရိန္သုအသင်းတော်၌ ရှင်ပေါလုနှင့် ရှင်ပေါလု၏နည်းလမ်းများကို သဘောမကျသောသူများရှိခဲ့သည်။ မိစ္ဆာတမန်တော်များသည် အသင်းတော်ထဲသို့ ဝင်ရောက်လာကြပြီး မိမိတို့၏နောက်လိုက်များကို ရှင်ပေါလုအား အာခံစေခံခဲ့ကြသည်။ ရှင်ပေါလုမှာ ကောရိန္သုအသင်းသားများထံ၌ မိမိ၏ ဝိညာဉ်ရေးခေါင်းဆောင်အရာကို ခုခံကာကွယ်ဖို့ တွန်းအားပေးခံခဲ့ရသည်။ ဤအချင်းအရာကို ပြုလုပ်ရာ၌ ရှင်ပေါလုက တမန်တော်တစ်ပါးအဖြစ်နှင့် မိမိ၏အရည်အချင်းများကို ဖေါ်ပြခဲ့သည်။

အခန်းငယ် ၁ မှ ၇ အထိတွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများထံ၌ မိမိ၏အတွေ့အကြုံများနှင့် အရည်အချင်းများကို ဆက်လက်၍ ပြောပြခဲ့သည်။ ရှင်ပေါလုသည် ဤအရည်အချင်းများအားလုံးအပေါ်၌ ကြီးကြီးမားမားတန်ဖိုးမထားခဲ့ပါ။ ဤအရာသည် ကောရိန္သုအသင်းသားများ၏ လောကီဆန်သော စံနှုန်းသတ်မှတ်ချက်များကို အာသီသပြေစေသောကြောင့်သာ ရှင်ပေါလုကသူတို့ထံ၌ ပြောပြခဲ့ခြင်းဖြစ်သည်။ သို့သော် ရှင်ပေါလုသည် မိမိ၏လုပ်ပိုင်ခွင့်အာဏာကို မိမိ၏ပညာရေးနှင့်အတွေ့အကြုံများ၌ အခြေခံမည် မဟုတ်ပါ။ ရှင်ပေါလု၏ ရည်ရွယ်ချက်မှာ မိစ္ဆာဆရာများကဲ့သို့

ကိုယ့်ကိုယ်ကို မြှင့်တင်ရန်မဟုတ်ပါ။ သခင်ခရစ်တော်ကို မြှင့်တင်ရန်ဖြစ်သည်။ ဤအကြောင်းအရာများ၌ကြွေးမိခြင်းမျိုးကို ရှင်ပေါလုမလိုချင်ခဲ့သော်လည်း သခင်ခရစ်တော်၏အစေခံတစ်ပါးအဖြစ်နှင့် မိမိ၏လောကီအရည်အချင်းများကိုဆက်လက်၍ ပြောပြခဲ့သည်။ ကောရိန္ဒုအသင်းသားများအဖို့နှင့် မိမိနှင့်၎င်းတို့၏ ဆက်ဆံရေးအဖို့အလို့ငှါသာ ဤအရာကိုရှင်ပေါလုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မိမိ၏အရည်အချင်းများကိုဖော်ပြခြင်းဖြင့် ရှင်ပေါလုက မိမိတမန်တော်တစ်ပါးဖြစ်ခြင်း၏ ယုံကြည်စိတ်ချဖွယ်အထောက်အထားများကို သံသယပွါးနေကြသော ကောရိန္ဒုအသင်းသားများရှေ့မှောက်၌ အခိုင်အမာဖြစ်စေခဲ့သည်။

အခန်းငယ် ၁ တွင် ရှင်ပေါလုက မိမိ၏ရူပါရုံအကြောင်းကို ပြောပြခဲ့သည်။ ဤအရာသည် ရှင်ပေါလုအတွက်အလွန်အရေးပါခဲ့သည်။ အကြောင်းမှာ ဤရူပါရုံများက ရှင်ပေါလု၏အသက်တာကို အစွမ်းထက်ထက်ဖြင့် သက်ရောက်မှုပြုခဲ့ကြသောကြောင့်ဖြစ်သည်။ တမန်တော်ဝတ္ထုတွင် ရှင်ပေါလု၏ ရူပါရုံခြောက်ပါးကို မှတ်တမ်းတင်ထားပြီး ဂလာတိနှင့်ဧဖက်သြဝါဒစာများကလည်း ရှင်ပေါလုလက်ခံရရှိခဲ့သည့် နောက်ထပ်ဗျာဒိတ်တော်များအကြောင်းကိုပြောထားကြသည်။

အခန်းငယ် ၂ တွင် ရှင်ပေါလုက ကောရိန္ဒုအသင်းသားများထံ၌ လွန်ခဲ့သောတစ်ဆယ့်လေးနှစ်၌ တတိယကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံရသောသခင်ခရစ်တော်၏ တပည့်တော်တစ်ယောက်ကို မိမိသိရှိခဲ့ကြောင်း ပြောပြခဲ့သည်။ ဤနေရာ၌ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့ လိုအပ်သောအရာအချို့ရှိသည်။

ရှင်ပေါလုက သူသိကျွမ်းခဲ့သောသူတစ်ယောက်အကြောင်း ပြောပြနေသည်ကို ပထမအနေဖြင့်သတိပြုပါ။ ကျမ်းစာရှင်းလင်းချက်ရေးသားသူများ

က ထိုပုဂ္ဂိုလ်သည် တမန်တော်ရှင်ပေါလုကိုယ်တိုင်ပင်ဖြစ်သည်ဟု ယုံကြည်သဘောတူထားကြသည်။ ရှင်ပေါလုက ကိုယ့်ကိုယ်ကို ဤအဖြစ်ပျက်မျိုးနှင့် ကင်းကင်းကွာကွာနေလိုသည်ဟု ထင်မှတ်ရသည်။ ဝါကြွားခြင်းကို နည်းသထက်နည်းအောင်လျှော့ချ၍ ထိုသို့သောချီးမြှောက်ဂုဏ်ပြုခြင်းမျိုးနှင့် မိမိမထိုက်တန်မှုကို အလေးအနက်ထားရန် ရှင်ပေါလုကထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပေမည်။

ရှင်ပေါလု တတိယကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံရကြောင်းကို ဒုတိယအနေဖြင့် သတိပြုပါ။ ယုဒလူမျိုးက ကောင်းကင်သုံးဘုံရှိသည်ဟု ယုံကြည်ခဲ့ကြသည်။ ပထမဘုံမှာ မိုးကောင်းကင်ဖြစ်၍၊ ကျေးငှက်များ ပျံသန်းသွားလာသောနေရာဖြစ်သည်။ ထိုဘုံသည် ကျွန်ုပ်တို့သိထားကြသည့်အတိုင်း ကမ္ဘာကိုပတ်ရံထားသည်။ ဒုတိယကောင်းကင်ဘုံမှာ နေ၊ လ၊ ကြယ်များရှိရာနေရာဖြစ်သည်။ အပြင်ဘက်ဟင်းလင်းပြင်ဟု ကျွန်ုပ်တို့ခေါ်ဆိုကြသည်။ ယုဒလူမျိုးများ၏အယူအဆ၌ရှိသော တတိယကောင်းကင်ဘုံမှာ ဘုရားသခင်စံပါယ်တော်မူရာနေရာဖြစ်သည်။

အခန်းငယ် ၂ တွင် ရှင်ပေါလုက ဤရူပါရုံသည် သူ့အတွက်အလွန်စစ်မှန်ကြောင်းကို ကောရိန္သုအသင်းသားများအား ပြောပြခဲ့သည်။ သူသည် ကောင်းကင်ဘုံသို့ ကိုယ်ခန္ဓာအားဖြင့် ချီဆောင်ခြင်းခံရခြင်းလား။ စိတ်ဝိညာဉ်အားဖြင့် ချီဆောင်ခြင်းခံရခြင်းလားကို ယနေ့ထက်တိုင်သူမသိကြောင်းပြောပြခဲ့သည်။ သူသည် ဘုရားသခင်၏မျက်မှောက်တော်၌ ရုပ်ခန္ဓာအားဖြင့်ရှိနေခဲ့သည်ဟု ခံစားရလောက်သည်အထိ ရူပါရုံမှာ အမှန်တကယ်ဖြစ်ခဲ့ပါသည်။ ရူပါရုံမှာ အလွန်ကြီးကျယ်ခမ်းနား၍ အစွမ်းထက်လှသောကြောင့် ထိုရူပါရုံကို မိမိကြုံတွေ့ခံစားခဲ့ရသည်ကို ယခုထက်တိုင်စိတ်ကူး၌ပင် မတွေးနိုင်ဖြစ်ခဲ့ရသည်။ ဤအတွက်ကြောင့် ထိုအဖြစ်အပျက်သည် “လူတစ်ယောက်”

ထံ၌ ဖြစ်ပျက်ခဲ့သည့်အလား ပြောခဲ့ပြီး၊ ထိုအရာသည် မိမိ၏ကိုယ်တွေ့ အဖြစ်အပျက်ဖြစ်ခဲ့သော်လည်း ကိုယ်တွေ့အဖြစ်အပျက်တစ်ခုအဖြစ် အလွယ်တကူမပြောဆိုခဲ့ခြင်းဖြစ်သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည်ပရဒိသုဘုံသို့ ချီဆောင်ခြင်းခံခဲ့ရကြောင်း ပြောပြခဲ့ပြီး (ငယ် ၄)၊ သူ့ကိုထုတ်မပြောဖို့တားမြစ်ထားသည့် လူ့အနေဖြင့်ဖော်ပြ၍မရနိုင်သောအရာများကို ကြားသိခဲ့ကြောင်း ပြောပြခဲ့သည်။ ဘုရားသခင်သည် ရှင်ပေါလုအား အရာတစ်ချို့ကို ဖော်ထုတ်ပြသခဲ့သော်လည်း၊ ထိုအရာများကို အခြားမည်သူထံ၌မျှ ပြန်ပြောပြခွင့်မရှိခဲ့ပါ။ အခြားသူများထံ၌ ပြန်၍ပြောပြခွင့်မရှိသောအရာများကို ဘုရားသခင်က ရှင်ပေါလုကိုအဘယ်ကြောင့် ထုတ်ဖော်ပြသခဲ့ပါသနည်း။ အကြောင်းအရင်းအမျိုးမျိုးရှိနိုင်ပါသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့်ဆိုရလျှင် ဘုရားသခင်သည် ရှင်ပေါလုနှင့်ရှင်ပေါလု၏သာသနာလုပ်ငန်းကို အရာထင်စေလိုသောကြောင့် ထိုသို့ပြုလုပ်ခဲ့ဟန်ရှိသည်။ ထိုရူပါရုံသည် ရှင်ပေါလုအား အလွန်အစွမ်းထက်သောအရာများကို အသိပေးပြောကြားခဲ့ပေလိမ့်မည်။ အမှုတော်လုပ်ငန်းကို အသစ်သောထက်သန်မှု၊ ဇွဲ့လုံ့လတို့ဖြင့် ရှေ့ဆက်လုပ်ဆောင်ရန် ထိုရူပါရုံက ရှင်ပေါလုကတွန်းအားနှင့်ပြင်းပြသောဆန္ဒများပေးခဲ့ပါလိမ့်မည်။ ဘုရားသခင်က မိမိနှင့်ရှင်ပေါလု၏နက်နဲသောချစ်ကြည်ရင်းနှီးမှုကို အသိပေးပြောကြားလိုသောကြောင့်လည်း ဤအရာအားလုံးကို ရှင်ပေါလုအား ဖော်ပြခဲ့ခြင်းဖြစ်နိုင်သည်။ ကနဦး၌ ခရစ်ယာန်အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သူတစ်ဦးဖြစ်ခဲ့သည့်အားလျော်စွာ ရှင်ပေါလုသည် ဤနက်နဲသောချစ်ကြည်ရင်းနှီးမှုကိုလည်းကောင်း၊ ထူးခြားသောနည်းလမ်းဖြင့် မိမိအားဆင့်ခေါ်ခဲ့မှုကိုလည်းကောင်း သိရှိနေဖို့လိုအပ်ခဲ့သည်။

လူအချို့ထံ၌သာ ကျွန်ုပ်တို့ပြောပြဝေငှသော အကြောင်းအရာများ ရှိသည်။ ထိုပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့အတွက်အထူးပုဂ္ဂိုလ်များဖြစ်ကြသည်။ ဥပမာ၊ သင်သည်အိမ်ထောင်ပြုထားသူဖြစ်လျှင် အခြားမည်သူတစ်ဦးတစ်ယောက်ထံ၌မျှ မပြောပြဘဲ၊ သင့်ရဲ့ဇနီး (သို့) ခင်ပွန်းထံ၌သာ ပြောပြသော အရာများရှိသည်။ ဘုရားသခင်က အခြားသူများအား မပြောပြသောအရာများကို ရှင်ပေါလုထံ၌ပြောပြခဲ့သည်။ ဤနှစ်ကိုယ်ကြားအရာများကို ရှင်ပေါလုကမည်သူ့ထံ၌မျှ ပြန်မပြောခဲ့ပါ။ ဤအတွေ့အကြုံအားဖြင့် ဘုရားသခင်သည် ရှင်ပေါလုအား များစွာသောပင်ပန်းဆင်းရဲခြင်းကို သည်းခံကျော်လွှားနိုင်ဖို့ ယုံကြည်ခြင်း၌ ခွန်အားများသွန်းလောင်းပေးခဲ့ပြီး၊ ရှင်ပေါလု၏အသက်တာအတွက် ဘုရားသခင်ထားရှိထားသော အကြံအစည်ကိုအဆုံးတိုင် တည်ကြည်နိုင်ဖို့ ခွန်အားသစ်များပေးခဲ့သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည်ထိုပုဂ္ဂိုလ်၌ ဂုဏ်ယူဝါကြွား၍ မိမိ၏အားနည်းနွမ်းရိခြင်းမှတစ်ပါး ကိုယ့်ကိုယ်ကို မဝါကြွားဟုပြောပြခဲ့သည်။ ဤနေရာ၌ရှင်ပေါလုပြောပြထားသောပုဂ္ဂိုလ်သည် ဘုရားသခင်၏မျက်မှောက်တော်၌ အမှန်ရောက်ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ဘုရားသခင်လျှို့ဝှက်ထားသောအရာများကို သိခွင့်ရ၍ဘုရားသခင်ကို အခြားမည်သူကမျှ မကြုံတွေ့နိုင်သည့်နည်းလမ်းဖြင့် ကြုံတွေ့ခဲ့ရလောက်အောင် ဘုရားသခင်နှင့်အလွန် နက်နဲသောချစ်ကြည်ရင်းနှီးမှု၌ ရှိနေခဲ့ပါသည်။ ဤကဲ့သို့သောပုဂ္ဂိုလ်အတွက် ရှင်ပေါလုဂုဏ်ယူဝါကြွားနိုင်ခဲ့သော်လည်း၊ ထိုအရာသည် လက်ရှိသူရင်ဆိုင်ကြုံတွေ့နေရသော အရာမဟုတ်ခဲ့ပါ။ ရှင်ပေါလုက မိမိ၏ ဤခန္ဓာ၌ ဘုရားသခင်နှင့်ဤအဆင့်အနေအထားဖြင့် ချစ်ကြည်ရင်းနှီးရန်မှာ အလွန်ဝေးကွာလျှက်ရှိကြောင်း သိနေခဲ့သည်။

ထိုနေ့၌ ရှင်ပေါလုကြုံတွေ့ခဲ့သောအရာသည် သူ့ကိုနှိမ့်ချစေခဲ့သည်။ မိမိ၏ထိုအတွေ့အကြုံကို လုံးဝမမေ့ပျောက်နိုင်ခဲ့ပါ။ သို့သော်ယခုလက်ရှိအချိန်တွင်သူသည် ထိုအတွေ့အကြုံနှင့် မည်မျှကွာလှမ်းနေသည်ကိုလည်းသတိပြုမိနေပါသည်။ ရှင်ပေါလုသည် ဘုရားသခင်၏အထင်ကရတမန်တော်တစ်ပါးဖြစ်ခဲ့ပါသည်။ မယုံနိုင်သောနည်းလမ်းများဖြင့် ဘုရားသခင်ကလည်းသူ့ကိုအသုံးပြုခဲ့ပါသည်။ သို့သော်ရှင်ပေါလု၏ရူပါရုံက ရှင်ပေါလုအား ဤအသက်တာ၌ဘဝ၌ မည်မျှပင်ချီးမြှောက်ခြင်းခံရနေစေကာမူ၊ ဘုရားသခင်၏မျက်မှောက်တော်ရှိ ထိုရူပါရုံ၌ကြုံတွေ့ခံစားခဲ့ရသောအရာများနှင့် နှိုင်းယှဉ်လျှင် အချည်းနှီးသာဖြစ်ကြကြောင်းကို ဖော်ပြပေးခဲ့သည်။ ထိုအတွေ့အကြုံကို တွေ့ကြုံရပြီးနောက်တွင် ရှင်ပေါလုသည် မိမိ၌လည်းကောင်း၊ မိမိ၏အောင်မြင်မှုများ၌လည်းကောင်း မဝါကြွားနိုင်ကြောင်းကို သိရှိခဲ့သည်။ ထို့ကြောင့် မိမိ၏အားနည်းနွမ်းရိခြင်း၌လည်းကောင်း၊ ဤအားနည်းချက်များရှိနေလင့်ကစား ဘုရားသခင်ကသူ့ကိုမည်သို့အသုံးပြုနေပုံ၌လည်းကောင်းဝါကြွားဖို့ ရွေးချယ်ခဲ့သည် (ငယ် ၅)။

ကျွန်ုပ်တို့၏ဝါကြွားခြင်းသည် အမှန်ဆိုရလျှင်အလွန်အားနည်း၍မိုက်မဲသောလုပ်ရပ်မဟုတ်ပါလား။ ကမ္ဘာကျော်သင်္ချာပညာရှင်ကြီးတစ်ယောက်က မိမိသည်အမြှောက်ဆတိုးကိန်းဇယားကို သိခဲ့ကြောင်းဝါကြွားနေသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ ဆရာဝန်တစ်ယောက်က မိမိသည်ဒဏ်ရာကိုပတ်တီးစည်းတတ်ကြောင်း ဝါကြွားနေသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ နာမည်ကျော်မာရသွန်အပြေးသမားတစ်ယောက်က နောက်တစ်အိမ်၌နေထိုင်သောမိမိ၏သူငယ်ချင်းထံသို့ မောပန်းခြင်းမရှိဘဲ ပြေးသွားနိုင်ကြောင်းဝါကြွားနေသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ လောကီဝါကြွားခြင်းများအားလုံးသည်

ရှင်ပေါလုအတွက် အထက်ပါဝါကြွားခြင်းများနှင့်တူသည်။ အလွန်စဉ်းစားဉာဏ်ကင်းမဲ့၍ အနှစ်သာရမရှိအခွံသက်သက်သာဖြစ်ကြသည်။ အထက်ကောင်းကင်အရာများကို တွေ့မြင်ခဲ့ရခြင်းက ရှင်ပေါလုထံမှလောကီအောင်မြင်မှုများအတွက် ဝါကြွားလိုစိတ်များကို ချွတ်ယူသွားခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည်လည်း အလားတူရူပါရုံကို တွေ့မြင်ဖို့လိုကောင်းလိုပါလိမ့်မည်။

ကောင်းကင်အရာများအကြောင်း ပြောဆိုခြင်းမှပြောင်း၍ လောကီအရာများအကြောင်းပြောဆိုရာတွင် ရှင်ပေါလုကဇာတိပကတိ၌လည်း ဝါကြွားစရာလောကီဆန်သောအကြောင်းအရင်းများ မိမိရှိနေကြောင်းကို သိနေခဲ့သည် (ငယ် ၆)။ လူသားဆန်ဆန်ပြောရလျှင်၊ ရှင်ပေါလုသည် လူတိုင်းထက်ပို၍အောင်မြင်ခဲ့ပါသည်။ သူသည်လူတိုင်းထက်လည်းပိုပြီး ဒုက္ခကြုံတွေ့ခဲ့ရပြီး၊ လူတိုင်းထက်လည်းပို၍ မြင်တွေ့ခဲ့ပါသည်။ မိမိဖြစ်တည်နေမှုထက်ပို၍လူတို့ကထင်မြင်ကြမည်ကို စိုးရိမ်သောကြောင့် ဤအရာများအကြောင်းကို ရှင်ပေါလုမပြောပြလိုခဲ့ပါ။ သူသည်ကိုယ့်ကိုယ်ကို အခြားသူများကဲ့သို့ သာမန်လူတစ်ယောက်သာဖြစ်ကြောင်းကို သိနေခဲ့သည်။ မိမိ၏အပြစ်ရှိ သော ဇာတိပကတိ၏အားနည်းချက်ကိုလည်း သိနေခဲ့သည်။ သူသည်အခြားသူများ ကဲ့သို့ပင် မိမိ၏အောင်မြင်မှုများ၌ ဂုဏ်ယူဝင့်ကြွားဖို့ စုံစမ်းနှောက်ယှက်ခြင်းကို ခံခဲ့ရပါသည်။

အခန်းငယ် ၇ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဘုရားသခင်သည် မိမိကိုထောင်လွှားမောက်မာခြင်းနှင့် ဘဝင်မြင့်ခြင်းမရှိလာဖို့ကိုယ်၌ဆူးသောစူးကို ပေးထားကြောင်းပြောပြခဲ့သည်။ ထိုကိုယ်၌ဆူးသောစူးမှာ မည်သည့်အရာဖြစ်ကြောင်းကို ပြောပြမထားပါ။ ရှင်ပေါလုကထိုအရာကို မိမိအားဒဏ်ခတ်ဖို့ ရောက်လာသော "စာတန်၏တမန်" ဟု ဖော်ညွှန်းခဲ့

သည်။ အချို့က ဤဆူးကိုရှင်ပေါလု၏အမြင်အာရုံအားနည်းလာခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ထင်မြင်ထားကြသည်။ သို့သော်ဤအချက်ကို ရှင်းရှင်းလင်းလင်းဖော်ပြမထားပါ။

ဤအခန်းငယ် ၇ တွင် ကျွန်ုပ်တို့သင်ယူဖို့လိုအပ်သော အရေးကြီး သင်ခန်းစာတစ်ခုရှိသည်။ ဤစာတန်၏တမန်ကို ရှင်ပေါလု၏အသက်တာ၌ သတ်သတ်မှတ်မှတ်ရှိသော အကြောင်းအရင်းတစ်ခုအတွက်ပေးခဲ့သည်။ ထိုအရာမှာ မာနထောင်လွှားလာခြင်းမှ ဆီးတားရန်အတွက်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် စာတန်သည် ယောဘကိုဒုက္ခပေးဖို့ ခွင့်ပြုချက်ရရှိခဲ့ပြီး ဘုရားသခင်သည် ထိုညှင်းပန်းခြင်းကို မိမိ၏ရည်ရွယ်ချက်များ အထမြောက် လာဖို့ အသုံးပြုခဲ့သည်။ ကျွန်ုပ်တို့ကို ပို၍ထိရောက်စွာအသုံးပြုနိုင်ဖို့ ဘုရား သခင်က ဆင်းရဲဒုက္ခများကို ခွဲခန့်ခဲ့သည့်အချိန်များရှိသည်။ ရှင်ပေါလု၏ ရူပါရုံနှင့်ဗျာဒိတ်တော်များသည် သာမန်အားဖြင့် သူ့အတွက် ကိုင်တွယ်ဖို့ အလွန်ခက်ခဲခဲ့ပါလိမ့်မည်။ မာနထောင်လွှားခြင်းများဖြစ်လာ၍ ရှင်ပေါလု၏ သာသနာလုပ်ငန်းသည် ဒုက္ခရောက်သွားနိုင်သကဲ့သို့ ပြိုကွဲပျက်စီးသွားနိုင် ခဲ့ပါသည်။

အခန်းငယ် ၈တွင် ရှင်ပေါလုက ဤဆူးကိုဖယ်ရှားပေးဖို့ သခင်ဘုရား ထံ၌ သုံးကြိမ်တိုင်တိုင်တောင်းပန်ခဲ့သော်လည်း သခင်ဘုရားကမဖယ်ရှားပေး ခဲ့ပါ။ ထိုအစား၊ ဘုရားသခင်က ရှင်ပေါလုအား ထိုကဏ္ဍ၌ အားနည်းစေလို ကြောင်းပြောခဲ့သည်။ ထိုသို့အားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် ရှင် ပေါလု၏အားနည်းခြင်း၌ သက်သေထင်ရှားခဲ့မည်ဖြစ်သည်။ မောရှေသည် အသက်တာ၌ အထွဋ်အထိပ်သို့ရောက်ခဲ့ချိန်တွင် ဘုရားသခင်ကကန္တရတော အရပ်သို့ သူ့ကိုစေလွှတ်ခဲ့သည်။ နှစ်ပေါင်းလေးဆယ်ကျော် ထိုကန္တရတော

အရပ်၌နေစဉ်တွင် ဘုရားသခင်သည် မောရှေ၏မာနကို ရိုက်ချိုးခဲ့သည်။ ဘုရားသခင်ကသူ့ကို သာမန်သိုးထိန်းအဖြစ် အလုပ်ပေးခဲ့သည်။ ဤသည်မှာ နှစ်ပေါင်းလေးဆယ်ကျော် မောရှေသယ်ပိုးခံစားခဲ့သည့် ဆူးဖြစ်သည်။

ရှင်ပေါလုမှာ နာကျင်ဒုက္ခကိုသယ်ပိုးရန်ပြောဆိုခံခဲ့ရသည်။ သူ့ကို ညှင်းပန်းဒုက္ခပေးသော စာတန်၏တမန်ကို ကြိတ်မှိတ်ခံစားဖို့ပြောခံခဲ့ရသည်။ ဤတမန်အပေါ်၌ ရှင်ပေါလု၏အောင်နိုင်ခြင်းသည် ထိုတမန်ကိုဖယ်ရှားပစ်ခြင်းမှ ရောက်လာခဲ့မည်မဟုတ်ပါ။ ဤတမန်ကတစ်ချိန်လုံးကိုက်ခဲထားချိန် ရှင်ပေါလုအဆုံးတိုင်တည်ကြည်နိုင်ဖို့ လိုအပ်သောကျေးဇူးတော်ကိုဘုရားသခင်ကပေးသနားခြင်းမှသာ ရောက်လာပါလိမ့်မည်။ နာကျင်ဒုက္ခကို ကျွန်ုပ်ထံမှ ဖယ်ရှားပေးခြင်းဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအောင်နိုင်ခြင်းပေးနိုင်သကဲ့သို့ ထိုနာကျင်ဝေဒနာကို ကြိတ်မှိတ်သည်းခံနိုင်ရန် ခွန်အားပေးခြင်းအားဖြင့်လည်း အောင်နိုင်ခြင်းကို ပေးနိုင်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဆင်းရဲခြင်းဒုက္ခနှင့် ကင်းလွတ်လိုကြသော်လည်း တစ်ခါတစ်ရံတွင် ဘုရားသခင်သည် ရန်သူကိုထိပ်တိုက်ရင်ဆိုင်စေ၍ အဆုံးတိုင်လုံးထွေးသတ်ပုတ်ဖို့ ကျွန်ုပ်တို့ကိုဆင့်ခေါ်ထားပါသည်။

ကျွန်ုပ်၏သားငယ်ရွယ်စဉ်အခါက သူသည်ဘေ့(စ်)ဘော(လ်)အသင်းတစ်သင်းတွင် ပါဝင်ကစားခဲ့သည်။ သူတို့၏အသင်းသည် ပြိုင်ဖက်အသင်းမှအသင်းသားများ လူစုံမပါဝင်နိုင်သောကြောင့် ပြိုင်ပွဲကိုအနိုင်ရခဲ့သည့်အချိန်များရှိသည်။ ထိုသို့ဖြစ်ခဲ့သောအချိန်များတွင် သူတို့သည်ပြိုင်ပွဲကို ကစားစရာပင်မလိုပဲအနိုင်ရခဲ့ကြသည်။ ဘဝပြိုင်ပွဲများတွင်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကိုရန်သူနှင့် ယှဉ်ပြိုင်တိုက်လှန်စရာမလိုပဲ အနိုင်ပေးခဲ့သောအချိန်များရှိသည်။ သို့သော် အခြားအချိန်များတွင် ဘုရားသခင်သည်ကျွန်ုပ်တို့ကို

ပြိုင်ပွဲဝင်ဖို့အတွက်လည်းကောင်း၊ တိုက်ပွဲဆင်နွှဲဖို့အတွက်လည်းကောင်း ဆင့်ခေါ်ပါလိမ့်မည်။ အထက်မှမည်သည့်အခြေနေတွင် ဖြစ်နေပါစေအောင်ခြင်းမှာ သူတို့အတွက် သေချာခွဲခန့်ပြီးသားဖြစ်သည်။

ဘုရားသခင်သည် ရှင်ပေါလုကိုရန်သူအား ထိပ်တိုက်ရင်ဆိုင်ဖို့ ဆင့်ခေါ်ခဲ့သည်။ ဘုရားသခင်သည် ရှင်ပေါလုကိုအပတ်တကုတ်ကြိုးစားအားထုတ်ရန်အတွက်လည်းကောင်း၊ ဆူးစူးသည့်ဒဏ်နှင့်အတူ အဆုံးတိုင်လုံးပန်းဖို့ ဆင့်ခေါ်ပြောဆိုခဲ့သည်။ ရှင်ပေါလုကလည်း ထိုအတိုင်းရှင်သန်ခဲ့သည်။ ရှင်ပေါလုသည် မိမိ၏အားနည်းချက်များကို ဂုဏ်ယူစွာပြောပြခဲ့သည်။ အကြောင်းမှာ ထိုအားနည်းချက်၌ သခင်ခရစ်တော်၏တန်ခိုးတော်ကို တွေ့မြင်ခဲ့ရသောကြောင့်ဖြစ်သည်။ ထိုအောင်မြင်ခြင်းနှင့် သစ္စာရှိတည်ကြည်ခြင်း အသက်တာသည် မိမိ၏ပင်ကိုခွန်အားအစွမ်းဖြင့်မဟုတ်၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်ခဲ့ကြောင်းကို ရှင်ပေါလုသိခဲ့သည်။ ထို့ကြောင့် ဘုန်းကြီးခြင်းအလုံးစုံသည် ဘုရားသခင်ထံသို့ရောက်ရှိသွားခဲ့သည်။ ရှင်ပေါလုအတွက် အခက်အခဲဒုက္ခပေါင်းမြောက်များစွာ ရှိခဲ့ပါသည်။ သူသည် ရန်သူနှင့် အမြဲလိုလို ရင်ဆိုင်တိုက်ခိုက်ခဲ့ရပြီး၊ ထိုတိုက်ပွဲကိုအနိုင်ရရန် အပြင်းအထန်ကြိုးစားအားထုတ်ခဲ့ရသည်။ သူ့ကိုတစ်ချိန်လုံး ညှဉ်းပန်းဒုက္ခပေးနေသော စာတန်၏တမန်နှင့်လည်း ထိုအတိုင်းပင်ပြုလုပ်ခဲ့ရသည်။ ဤဆင်းရဲခြင်းဒုက္ခအားဖြင့် ရှင်ပေါလုသည် ဘုရားသခင်၏ကျေးဇူးတော်၌ အကြွင်းမဲ့မှီခိုအားထားခြင်းကို သင်ယူခဲ့ပါသည်။ ကျွန်ုပ်တို့၏အားနည်းချက်ကို ပို၍နားလည်သဘောပေါက်လေလေ ပတ်ဝန်းကျင်အခြေအနေများအားလုံးကို ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက် လည်းကောင်း၊ မိမိ၏ဘုန်းတော်အတွက်လည်းကောင်း အသုံးပြုသည့်ဘုရားသခင်၏တန်ခိုးကြီးသောကျေးဇူးတော်ကို နားလည်

သဘောပေါက်လေလေ ဖြစ်လိမ့်မည်။

သင့်ကိုယ်၌ စူးနေသောဆူးမှာ မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်မသိပါ။ ကျွန်ုပ်သည် စိတ်ဓါတ်ကျဆင်းခြင်းနှင့် နှစ်ပေါင်းများစွာလုံးပန်းခဲ့ရသည်။ ဤအရာကို ကျွန်ုပ်ကျော်ဖြတ်နိုင်ပါ့မလားဟု ကိုယ့်ကိုယ်ကိုမေးခွန်းထုတ်ခဲ့သောအချိန်များတွင် ကျွန်ုပ်သည်သခင်ဘုရား၏အောင်နိုင်ခြင်းကို အမြဲမြင်တွေ့ခဲ့ရသည်။ ဘုရားသခင်က ဤအချင်းအရာကိုလုံးလုံးလျားလျားဖယ်ရှားပေးနိုင်ကြောင်းကိုကျွန်ုပ်သိနေသော်လည်း ဘုရားသခင်ကကျွန်ုပ်အားစာတန်၏ဤတမန်ကိုအဆုံးတိုင် တိုက်ခိုက်တွန်းလှန်ဖို့ ကျွန်ုပ်ကိုဆင့်ခေါ်ရန်ရွေးချယ်လျှင်လည်း ထိုအောင်နိုင်ခြင်းအတွက် ကျွန်ုပ်လိုအပ်သောခွန်အားအစွမ်းအစများကို ဘုရားသခင်က ပေးသနားမည့်အကြောင်းကို ကျွန်ုပ်သိနေပါသည်။ ဘုရားသခင်သည် ဤအချင်းအရာကို ကျွန်ုပ်အားအသက်တာ၌နှိမ့်ချစွာနေရန်အတွက် အသုံးပြုမည့်အကြောင်းကိုလည်းကောင်း၊ ဤအရာအားဖြင့် အခြားသူများထံ၌ထိရောက်စွာ အမှုတော်ဆောင်နိုင်ဖို့ စွမ်းဆောင်ပေးမည့်အကြောင်းကိုလည်းကောင်း ကျွန်ုပ်သိရှိနေပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေါလုတွေ့ရှိခဲ့သောရူပါရုံသည် သူ့ကိုအမှုတော်မြတ်၌မည်သို့ကူညီပံ့ပိုးပေးခဲ့ပါသနည်း။ အထက်ကောင်းကင်နှင့်ဆိုင်သော ရှုမြင်သုံးသပ်ပုံသည် ကျွန်ုပ်တို့၏အောင်မြင်မှုအပေါ်၌ ထောင်လွှားတတ်ခြင်းမှ မည်သို့ကာကွယ်ပေးပါသနည်း။
- ရှင်ပေါလု၏ကိုယ်၌စူးနေသောဆူး၏ ရည်ရွယ်ချက်မှာအဘယ်နည်း။ သင့်တွင်ကိုယ်၌ စူးနေသောဆူးရှိပါသလား။ ထိုဆူးကို ဘုရားသခင်

ကသင့်အသက်တာ၌ မည်သို့အသုံးပြုနေခဲ့ပါသနည်း။

- အသက်တာ၌ ရင်ဆိုင်နေရသော ဆင်းရဲဒုက္ခများအလယ်၌ သင့်ရဲ့ အောင်နိုင်ခြင်းက သခင်ခရစ်တော်၏ကျေးဇူးတော်နှင့် အထောက် အကူစွမ်းဆောင်ပေးခြင်းတို့ကို မည်သို့သက်သေခံနေသနည်း။

## ဆုတောင်းရန်အချက်များ

- ကျွန်ုပ်တို့၏ဒုက္ခဝေဒနာများကို ကျွန်ုပ်တို့သည်းခံသယ်ဆောင်နိုင်ဖို့ စွမ်းဆောင်ပေးခြင်းဖြင့် ကျွန်ုပ်တို့အားအောင်နိုင်ခြင်းကိုသခင် ဘုရားက ပေးသနားနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ကိုယ်၌စူးနေသောဆူးရှိ၍ဘုရားသခင်ကဖယ်ရှားဖို့ မရွေးချယ် ခဲ့လျှင် အဆုံးတိုင်တည်ကြည်ခြင်းဖြင့် ထိုအရာကိုအနိုင်ယူဖို့ ကိုယ့် ကိုယ်ကို ဆက်ကပ်အပ်နှံပါ။
- ဘုရားသခင်၏နိုင်ငံတော်အတွက် ပို၍ထိရောက်စွာအမှုတော်ထမ်း ဆောင်နိုင်ဖို့ စွမ်းဆောင်ပေးရန် သင့်ရဲ့ဒုက္ခဝေဒနာကိုအသုံးပြုဖို့ ဘုရားသခင်အား တောင်းလျှောက်ပါ။
- လူ့အရည်အချင်းများ၌ ဝါကြွားဂုဏ်ယူခြင်း၏ မိုက်မဲမှုကိုတွေ့မြင် နိုင်ရန် သင့်ကိုကူညီပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။ ထိုသို့ ဂုဏ်ယူဝါကြွားမည့်အစား သင့်အသက်တာရှိ ဘုရားသခင်၏ ကြီးမြတ်လှသော ကျေးဇူးတော်နှင့် ဂရုဏာတော်အတွက်ကျေးဇူး တင်ချီးမွမ်းပါ။

## ၂၂
## သင်တို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်လို

၂ကော ၁၂း၁၁-၂၁ ကိုဖတ်ရှုပါ။

ဤအခန်းကြီး၏ပထမတစ်ဝက်တွင် တမန်တော်ရှင်ပေါလုက မိမိ၏ကိုယ်၌စူးသောဆူးအကြောင်းကို ပြောပြခဲ့သည်။ ဤအခန်းကြီး၏ဒုတိယတစ်ဝက်တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည် ၎င်းတို့၏ကိုယ်၌ စူးသောဆူး (သို့) ၎င်းတို့အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်လာဖို့ မရည်ရွယ်ခဲ့ကြောင်းပြောပြခဲ့သည်။ ထိုအစား မိမိသည် ၎င်းတို့ကိုအလွန်ချစ်မြတ်နိုးသောကြောင့် မိမိ၏လုပ်ဆောင်မှုများအားလုံးသည် ၎င်းတို့၏အကျိုးအမြတ်နှင့်ကောင်းကြီးမင်္ဂလာအတွက် ဖြစ်ကြောင်းကိုပြသလိုခဲ့သည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့သည်သူ့ကို သူရူးကဲ့သို့ဖြစ်ကြောင်း အတင်းအကျပ်ပြုမူစေခဲ့သောကြောင့် ကိုယ့်ကိုကိုယ် သူရူးကဲ့သို့ ဖန်တီးခဲ့ရကြောင်း အသိပေးခဲ့သည်။ ရှင်ပေါလုက ဤသူရူးဖြစ်ခြင်းအရာကို မိမိ၏လောကီအရည်အချင်းများအပေါ်၌ ဂုဏ်ယူဝါကြွားပြခြင်းဖြင့်ပြုလုပ်ခဲ့သည်။ ထို့အပြင်သခင်ခရစ်တော်အပေါ်၌လည်းကောင်း၊ သခင်ခရစ်တော်အမှုကိစ္စအတွက်လည်းကောင်း ထားရှိသောရှင်ပေါလု၏ ပြင်းထန်လေးနက်မှုနှင့် ဆက်ကပ်အပ်နှံမှုတို့ကြောင့်လည်း သူ့ကိုသူရူးအဖြစ် သုံးသပ်ခဲ့ကြသည်။ သူသည် မိမိ၏အရှင်သခင်နှင့် မိမိအလုပ်အကျွေးပြုနေသောသူများအတွက် အသက်ကိုပင်စတေးရန် လိုလိုလားလားရှိနေခဲ့သည်။ ဤအရာ

ကြောင့် သူသည်များစွာသော ဒုက္ခဝေဒနာနှင့် ဆင်းရဲပင်ပန်းခြင်းကို ခံစားခဲ့ရသည်။ သို့သော် သူအရှုံးမပေးခဲ့ပါ။ ဤလုပ်ရပ်သည် လောကီသားများ၏အမြင်၌ အလွန်မိုက်မဲသော လုပ်ရပ်ဖြစ်ခဲ့သည်။

ကောရိန္သုမြို့တွင် လူတစ်ချို့ကသူတို့ကိုယ်သူတို့ တမန်တော်များအဖြစ်ပြောဆိုခဲ့ကြသည်။ ဤပုဂ္ဂိုလ်များသည် ကိုယ့်ကိုယ်ကို ကြွားဝါ၍ ၎င်းတို့၏ဟောပြောခြင်းများအတွက် ရိုသေလေးစားမှုနှင့်ငွေကြေးကို တောင်းဆိုခဲ့ကြသည်။ သူတို့သည် ကိုယ့်ကိုယ်ကိုလက်ဖြင့်လုပ်ရသော အလုပ်များနှင့်မညစ်ညူစေလိုသောသူများဖြစ်ကြသည်။ သူတို့သည် လူထုကြားသို့ ဝင်ရောက်လာပြီး ၎င်းတို့၏လိုအပ်ချက်များကို လူထုကထောက်ပံ့ပေးကြဖို့မျှော်လင့်ထားခဲ့ကြသည်။ သူတို့သည် အဝတ်ကောင်း အစားကောင်းများဆင်မြန်းကြပြီး လူတို့ကသူတို့ကိုအထင်ကြီးကြသည်။ ရှင်ပေါလုမှာ ဤပုဂ္ဂိုလ်များကဲ့သို့ မဟုတ်ခဲ့ပါ။ သူသည်လူအုပ်ထဲ၌ အလွယ်တကူသတိပြုနိုင်သည့်ပုံစံမျိုးဖြင့် ထ၍ဟောပြောခဲ့လိမ့်မည်မဟုတ်ပါ။ သူသည်အခြားသူများတမျှအလုပ်ကိုကြိုးကြိုးစားစားလုပ်သော ရိုးသားသည့်သာမန်လူတစ်ယောက်ဖြစ်ခဲ့သည်။ သူသည်မိမိသွားရောက်ရသည့် နေရာတိုင်း၌အဖိုးအခမယူဘဲ တရားကိုဟောပြောနိုင်ဖို့ မိမိ၏လက်ဖြင့်ကိုယ်တိုင်အလုပ်လုပ်၍ မိမိ၏အမှုတော်လုပ်ငန်းကိုထောက်ပံ့ခဲ့သည်။ သူသည် မိမိဟောပြောသော တရားဒေသနာကြောင့် ဆင်းရဲဒုက္ခတွေ့ခဲ့ရပြီး၊ အမြဲလိုလိုငြင်းပယ်ခံရ၍၊ ထိုးကြိတ်ရိုက်နှက်ခံရကာ အသက်ကိုပင် ခြိမ်းခြောက်ခံခဲ့ရသည်။ ဤအချင်းအရာကြောင့် သူ့ကိုသူရူးဟု မှတ်ယူသုံးသပ်ခဲ့ကြသည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ဝိညာဉ်ရေးရာ၌ မိမိ၏လုပ်ပိုင်ခွင့်အာဏာကို သက်သေထူသောနည်းလမ်းတစ်ခုအဖြစ်နှင့် ဤဒုက္ခဝေဒနာများအားလုံးအားရှင်းပြသည့် ဤမိုက်မဲသောလုပ်ရပ်ကို မိမိအားလုပ်

ဆောင်စေသောသူများမှာ ၎င်းတို့ပင်ဖြစ်ကြောင်း မည်သို့ပြောပြခဲ့သည်ကို သတိပြုပါ။ ရှင်ပေါလု၏ယုံကြည်ရလောက်သော အရည်အချင်းအထောက် အထားများထဲမှအကောင်းဆုံးမှာ သူသာသနာပြုခဲ့သော ကောရိန္သုအသင်း သား များ ၏ အသက်တာပြောင်းလဲခြင်းများဖြစ်သည်။ မြောက်မြားစွာသော လူတို့မှာ ကယ်တင်ခြင်းကိုရရှိခဲ့ကြပြီး အသင်းတော်တစ်ပါးကိုလည်း ရပ်တည်နိုင်ခဲ့သည်။ ဤကောရိန္သုအသင်းသားများက နှုတ်ဆိတ်နေခဲ့ကြသော ကြောင့်ရှင်ပေါလုကိုကိုယ်တိုင် ရှင်းပြစေရသည့် အခြေအနေသို့ရောက်ရှိလာခဲ့ ရခြင်းဖြစ်သည်။ အမှန်တွင် ၎င်းတို့ကိုယ်တိုင်က ရှင်ပေါလုအတွက်ရပ်တည်၍ ပြောဆိုရှင်းပြပေးခဲ့သင့်ပါသည် (ငယ် ၁၁)။ သူသည်အခြားသူများထက် ထူးကဲ သောကြောင့် တမန်တော်အရိုက်အရာကို ရရှိခဲ့ခြင်းမဟုတ်၊ ကျေးဇူးတော် သက်သက်ကြောင့်သာရရှိခဲ့ခြင်းဖြစ်သည်။ သူသည်အလွန်ကွဲပြားသောနည်း လမ်းဖြင့် အမှုတော်ကိုဆောင်ခဲ့သော်လည်း ကောရိန္သုမြို့ရှိ မိစ္ဆာဆရာများ ထက်မည်သို့မျှ နိမ့်ကျသောသူမဟုတ်ခဲ့ပါ။ စစ်မှန်သောတမန် တော်တစ်ပါး၏ အမှတ်လက္ခဏာများအားလုံးကို ရှင်ပေါလု၏အသက်တာတွင် အထင်အရှား တွေ့မြင်ရပါသည် (ငယ် ၁၂)။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား စစ်မှန်သောတမန် တော်တစ်ပါး၏ အမှတ်လက္ခဏာများမှာ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှု၊ ထူးဆန်းသောတန်ခိုးများဖြစ်သည်ဟု ပြောခဲ့သည်။ ဤအမှတ်လက္ခဏာများကို တမန်တော်များကသာ သက်သေပြကြသည်ဟုမဆိုလိုပါ။ တမန်တော်မဟုတ် သော်လည်း ဤစွမ်းရည်ဆုကျေးဇူးများကို ရရှိထားသည့်အခြားသူများလည်း ရှိကြောင်းကို တွေ့ရပါသည်။ (သတေဖန် - တမန်တော် ၆း၈၊ ဖိလိပ္ပု-တမန် တော် ၈း၁၃)။

သခင်ယေရှုက ယောဟန် ၁၀း၃၈ တွင် မိမိပြုလုပ်သောနိမိတ်လက္ခ

ဏာများနောက်ကွယ်တွင် သနားခြင်းဂရုဏာနှင့်ပြည့်သောရည်ရွယ်ချက်များ ရှိရုံသာမဟုတ်၊ နိမိတ်လက္ခဏာများအားဖြင့် မိမိသည်ဘုရားသခင်ထံမှ လာသောသူဖြစ်ကြောင်းကို သက်သေထူရန်အတွက် ရည်ရွယ်ခဲ့ကြောင်း ကျွန်ုပ်တို့ကိုပြောပြထားသည်။

> ပြုလျှင်ငါ့ကို မယုံသော်လည်း ထိုအမှုတို့ကိုယုံကြလော့။ ထိုသို့ယုံလျှင် ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုငှင်း၊ ငါသည်ခမည်းတော်၌ ရှိသည်ကိုငှင်း၊ ယုံကြည်၍ သိမှတ်ကြလိမ့်မည်။

တမန်တော်တို့မှာလည်း ထိုအတိုင်းပင်ဖြစ်သည်။ ဤတမန်တော်များ သည်အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုလုပ်နိုင်စွမ်းသောနည်းလမ်းဖြင့် ဘုရား သခင်၏ဘိသိက်လောင်းခွဲခန့်ခြင်းကို ခံထားကြသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ လူတို့ကတမန်တော်များ၏ ပြောဆိုချက်များကို ယုံကြည်ကြဖို့ဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည်ငှင်းတို့၏အလယ်တွင် မိစ္ဆာတမန်တော်များကဲ့သို့ မဝတ်ဆင်ခဲ့သော်လည်း၊ မိမိသည်စစ်မှန်သော တမန်တော်တစ်ပါးဖြစ်ကြောင်း အသိပေးခဲ့သည်။ သူ့အားဖြင့်ဘုရားသခင် ပြုလုပ်ခဲ့သည့် ထူးဆန်းသောတန်ခိုးများနှင့် အံ့ဖွယ်သောအမှုများသည် ရှင်ပေါလု၏ စစ်မှန်သောဝိညာဉ်ရေးရာလုပ်ပိုင်ခွင့် အာဏာကိုပြသသော ဘုရားသခင်ထံမှလာသည့် လက္ခဏာများဖြစ်ကြသည်။

ကောရိန္သုမြို့၌ရှိစဉ်တွင် ရှင်ပေါလုသည်အကြီးဆုံးသောတမန်တော် များပြုသကဲ့သို့မဟုတ်ဘဲ၊ ကောရိန္သုအသင်းသားများအတွက် ဝန်ထုပ်ဝန်ပိုး ဖို့ ရွေးချယ်ခဲ့သည် (ငယ် ၁၃)။ သူတို့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ခဲ့ခြင်း အတွက် သူ့ကိုခွင့်လွှတ်ပေးကြဖို့ ပြောဆိုခဲ့ရာတွင် ရှင်ပေါလုက ထေ့ငေါ့၍ ပြောခဲ့ခြင်း ဖြစ်သည်။ အခြေအနေအမှန်ကိုဆိုရလျှင် ကောရိန္သု အသင်းတော်

၌ အထက်စီးဆန်၍ မရမနေတောင်းတတ်သောသူများကိုမှ ရိုသေလေးစား သယောင် ထင်ရသော သူများရှိခဲ့သည်။ ဤမိစ္ဆာဆရာများသည် လူထုထံမှ တောင်းလေလေ ပို၍များများရလေလေပင်ဖြစ်သည်။ ရှင်ပေါလုမှာ မိမိ အမှုတော်ဆောင်နေသောသူများထံမှ ငွေကြေးကိုမတောင်းခံသောကြောင့် ၄င်းတို့က ရှင်ပေါလုကိုငွေကြေးအမြောက်အမြားတောင်းသောသူများကို လေးစားသကဲ့သို့ မလေးစားခဲ့ကြပါ။ ရှင်ပေါလုမည်သည့်အမှားကိုမျှ မပြုလုပ် ခဲ့ပါ။ သူသည် ကိုယ့်ကိုယ်ကိုကောရိန္သုအသင်းသားများထံ၌ အခမဲ့ပေးအပ် ခဲ့သော်လည်း ဤစေတနာတရားသည် ကောရိန္သုအသင်းသားများ၏ ဝေဖန်မှု ကိုသာ ရယူပေးနိုင်ခဲ့သည်။ အလကားရသောအရာများကို လူတို့ကအမြဲလိုလို တန်ဖိုးမထားကြပါ။

အခန်းငယ် ၁၄ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိသည် ၄င်းတို့ထံသို့ တတိယအကြိမ်လာရောက်လည်ပတ်ရန် အသင့်ဖြစ်နေ ကြောင်းကို ပြောပြခဲ့သည်။ ဤတစ်ကြိမ်တွင်လည်း သူသည်မည်သည့် အပြောင်းအလဲကိုမျှ ပြုလုပ်ခဲ့လိမ့်မည်မဟုတ်ပါ။ သူသည် ကောရိန္သုအသင်း သားများကိုသာ စိတ်ဝင်စားပြီး၊ ၄င်းတို့၏ပစ္စည်းဥစ္စာများ၌ စိတ်မဝင်စား သောကြောင့် ၄င်းတို့ထံမှ ငွေကြေးတောင်းခံခဲ့လိမ့်မည်မဟုတ်ပါ။ ရှင်ပေါလု၏ စိတ်ဆန္ဒမှာ သူတို့ကိုပေးရန်ဖြစ်သည်။ သူတို့ထံမှရယူရန်မဟုတ်ခဲ့ပါ။ ရှင်ပေါလု ကကိုယ့်ကိုယ်ကို ကောရိန္သုအသင်းသားများ၏ ဝိညာဉ်ရေးဖခင်အဖြစ် ရှုမြင် ခဲ့ပြီး၊ ဖခင်တစ်ယောက်အနေဖြင့် ရှင်ပေါလု၏တာဝန်ဝတ္တရားမှာ မိမိ၏ သားသမီးများကို ပေးကမ်းထောက်ပံ့ရန်ဖြစ်သည်။ ကောရိန္သုအသင်းသားများ ကိုဖခင်ကဲ့သို့ချစ်သောစိတ်ကြောင့် မိမိပေးနိုင်သမျှသောအရာကိုပေးရန်မှာ ရှင်ပေါလု၏ ကြီးမားသောကြည်နူးဝမ်းမြောက်ခြင်းဖြစ်သည်။ သူသည်

ကောရိန္သုအသင်းသားများကို မိမိ၏သားသမီးအရင်းများပမာ ချစ်မြတ်နိုး၍ ဂရုစိုက်ခဲ့ပါလိမ့်မည်။ ဤအတွက်ကြောင့် သူသည်မိမိ၌ရှိသမျှကို သူတို့အတွက် ဝမ်းပန်းတသာအသုံးပြုခဲ့ပါလိမ့်မည်။

ရှင်ပေါလု၏စိတ်ရင်းကို မေးခွန်းထုတ်စရာမရှိခဲ့ပါ။ အသင်းတော်တစ်ပါး (သို့) နေရာဒေသတစ်ခုမှ မိမိတို့ရရှိမည့်အကျိုးအမြတ်ပေါ်၌ အခြေခံ၍ ထိုအသင်းတော် (သို့) နေရာဒေသသို့ သွားရောက်၍အမှုတော်ဆောင်သင့်/မဆောင်သင့်ကို ဆုံးဖြတ်ထားသောသူများအား ကျွန်ုပ်ကြုံဖူးသည်။ အဖိုးအခမယူဘဲ အမှုတော်ဆောင်ရန်တွန်းပို့ခဲ့သည့်အရာမှာ ရှင်ပေါလု၏ ချစ်ခြင်းမေတ္တာဖြစ်သည်။ ဤကဲ့သို့သောအသက်တာသည် လောကီသားများက နားမလည်နိုင်သောအသက်တာဖြစ်သည် (ငယ် ၁၅)။

အခန်းငယ် ၁၆တွင် ရှင်ပေါလုက မိမိ၏သတိစိတ်၌ပေါ်လာသော ပြဿနာတစ်ခုကိုဖြေရှင်းထားသည်။ ရှင်ပေါလုကို မယုံကြည်သောသူများရှိခဲ့ကြသည်။ ထိုသူတို့က ရှင်ပေါလုသည် ၎င်းတို့ကိုလှည့်စားနေခဲ့ပြီး၊ ၎င်းတို့ထံမှ ငွေကြေးကိုရရှိဖို့ မလိုမ့်တပတ်လုပ်နေသည်ဟု ပြောဆိုနေခဲ့ကြသည်။ ရှင်ပေါလုသည် မည်သူ့ထံ၌မျှ အခွင့်ကောင်းကိုမယူဘဲ အမှုတော်ဆောင်ခဲ့ပါသည်။ သူသည် တစ်စုံတစ်ခုကို အပြန်အလှန်အားဖြင့် ပြန်လည်ရရှိဖို့ ရှာကြံနေခြင်းမရှိဘဲ အမှုတော်ကိုထမ်းဆောင်ခဲ့ပါသည်။

လူတို့အနေဖြင့် ဤအရာကိုနားလည်သဘောပေါက်ဖို့ အလွန်ခက်ခဲခဲ့သည်။ ရှင်ပေါလုသည် မိမိအဖို့တစ်စုံတစ်ခုကို အတိုင်းအတာတစ်ခုအထိ ရှာကြံနေလိမ့်မည်ဟု သူတို့ယုံကြည်ခဲ့ကြသည်။ တစ်စုံတစ်ယောက်က အဘယ်ကြောင့် ဤမျှစေတနာရှိနေရသနည်း။ တစ်စုံတစ်ယောက်က အဘယ့်ကြောင့် ဤနည်းလမ်းဖြင့် တစိုက်မတ်မတ်အမှုတော်ဆောင်နေရပါသနည်း။ ယေရှု

ရှလင်မြို့ရှိ သန့်ရှင်းသူများအတွက် တိတု၏အလှူငွေကောက်ခံခြင်းသည် ရှင်ပေါလုအတွက်ငွေကြေးရရှိဖို့ မရိုးသားသောအစီအမံတစ်ခုဖြစ်သည်ဟု အချို့ကထင်မှတ်နေဖို့မှာ သံသယဖြစ်စရာမရှိပါ။

ကောရိန္သုအသင်းသားများ၏ စိတ်ထဲ၌ရှိနေသော ဤမေးခွန်းများကို သိရှိနေခြင်းနှင့်အတူ ရှင်ပေါလုကငှင်း၏အမှုတော်လုပ်ငန်းနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ၏ အမှုတော်လုပ်ငန်းကို စစ်ဆေးကြဖို့ ကောရိန္သုအသင်းသားများကို ဖိတ်ခေါ်ခဲ့သည်။ အခန်းငယ် ၁၇တွင် ရှင်ပေါလုက မိမိ၏လုပ်ဖော်ဆောင်ဖက်တစ်ယောက်ယောက်အားဖြင့် ၎င်းတို့အပေါ်၌အခွင့်ကောင်းယူခဲ့ခြင်းရှိ၊ မရှိကို စစ်ဆေးကြဖို့ ကောရိန္သုအသင်းသားများကို မေးခဲ့သည်။ ရှင်ပေါလုကတိတုကို ကောရိန္သုအသင်းသားများထံသို့ စေလွှတ်ခဲ့ပြီး၊ တိတုကို အမည်မဖော်ထားသော ညီအစ်ကိုတစ်ယောက်က အဖော်ပြုပေးခဲ့သည် (ငယ် ၁၈)။ ဤညီအစ်ကိုသည် ရှင်ပေါလုနှင့်သာသိကျွမ်းသည်မဟုတ်၊ ကောရိန္သုအသင်းသားများနှင့်ပါ သိကျွမ်းသူဖြစ်သည်ဟူသောအချက်မှတစ်ပါး ဤညီအစ်ကိုအကြောင်းကို ကျွန်ုပ်တို့မသိရပါ။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား တိတုငှင်းတို့နှင့်အတူရှိခဲ့သောအချိန်ကို ပြန်လည်အမှတ်ရဖို့ကိုလည်းကောင်း၊ တိတု၏နည်းလမ်းများကို ပြန်လည်ဆန်းစစ်ဖို့ကိုလည်းကောင်း ပြောခဲ့သည်။ ရှင်ပေါလုက မိမိနှင့် တိတုတို့သည် စိတ်သဘောချင်းတူကြကြောင်းကို သိနေခဲ့သည်။ ကောရိန္သုအသင်းသားများ၏ ဝိညာဉ်ရေးရာရင့်ကျက်ခြင်းအတွက် ထားရှိသောမိမိ၏ စိတ်ဆန္ဒသည် တိတု၏စိတ်ဆန္ဒနှင့်တစ်သားတည်းဖြစ်ကြောင်းကို ရှင်ပေါလုသိနေခဲ့သည်။ တိတုသည်လည်း ကောရိန္သုအသင်းသားများအပေါ်၌ အခွင့်ကောင်းယူခဲ့လိမ့်မဟုတ်ပါ။ သူသည်ရှင်ပေါလုကဲ့သို့ပင် ကောရိန္သုအသင်းသား

များထံ၌ သိက္ခာသမာဓိရှိရှိဖြင့် အမှုတော်ဆောင်ခဲ့ပါလိမ့်မည်။ ရှင်ပေါလု ဖြစ်စေ၊ ရှင်ပေါလု၏လုပ်ဖော်ဆောင်ဖက်များဖြစ်စေ ကောရိန္သုအသင်းသား များကို လိမ်လည်လှည့်ဖြားဖို့ (သို့) မတရားအသုံးချဖို့ မကြိုးစားခဲ့ကြပါ။ ဤသည်မှာ ကောရိန္သုမြို့ရှိ မိစ္ဆာတမန်တော်နှင့် သိသိသာသာကွဲပြားသော အချက်ဖြစ်သည်။

အခန်းငယ် ၁၉ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့ထံ၌ မိမိပြောခဲ့သောအရာများသည် ဘုရားသခင်၏ရှေ့တော်၌ ဟုတ် မှန်သောအရာဖြစ်ကြောင်း အာမခံခဲ့သည်။ သူသည်သူ့ကိုစွပ်စွဲပြောဆိုနေ သောသူများထံ၌ ရှင်းလင်းချက်ပေးရန်တာဝန်မရှိခဲ့၊ ဘုရားသခင်အပေါ်၌ သာ အကြွင်းမဲ့တာဝန်ရှိခဲ့သည်။ မိမိ၏တမန်တော်အခွင့်အာဏာနှင့် စပ်လျဉ်း၍၎င်းတို့ထံ၌ပြောပြခဲ့သော အရာများအတွက် မရှက်ခဲ့ပါ (၁၀း၁၊ ၁၂း၈)။ မိမိ၏အမှုတော်လုပ်ငန်းကို ရိုးသားသောစိတ်ဖြင့် ဆန်းစစ်သောသူတို့က မိမိသည် ကောရိန္သုအသင်းသားများကို သူတော်ကောင်းဟန်ဆောင်ခြင်းမရှိဘဲ အလုပ်အကျွေးပြုခဲ့ကြောင်းကို တွေ့မြင်ကြလိမ့်မည်ဟူသော စိတ်ချမှုတစ်ခု ရှင်ပေါလု၌ရှိနေခဲ့ပါသည်။

ဤနေရာ၌ ရှင်ပေါလုက ကျွန်ုပ်တို့အား အလွန်အစွမ်းထက်သော ပုံဥပမာတစ်ခုကို ပေးထားသည်မဟုတ်ပါလား။ ကျွန်ုပ်တို့ပြောဆိုသောအရာ များကို ကျွန်ုပ်တို့မည်မျှရှက်မိပါသနည်း။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဘုရား သခင်၏ရှေ့တော်၌ရပ်၍ ကျွန်ုပ်တို့၏စကားလုံးများနှင့် စိတ်ရင်းစိတ်ထား များကို ဆန်းစစ်ခွင့်ကိုပေးရဲပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့ တော်၌ရပ်၍ ကျွန်ုပ်တို့အမှုတော်ဆောင်ရခြင်း၏ သဘောထားနှင့် ရည်ရွယ် ချက်တို့ကို ဆန်းစစ်ခွင့်ပြုရဲပါသလား။ ကျွန်ုပ်တို့အမှုတော်ဆောင်ပုံ၌ ကျွန်ုပ်တို့ သစ္စာရှိခဲ့ကြပါသလား။ လုပ်ဆောင်ခဲ့သမျှသောအရာအားလုံးသည် သခင်

ခရစ်တော်၏ ကိုယ်ခန္ဓာတော်အား အားသစ်လောင်းပေးဖို့ ဟုတ်ခဲ့ပါသလား။

အခန်းငယ် ၂၀ တွင်ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့ထံသို့လာရောက်လည်ပတ်သောအခါ ဘုရားသခင်သည် မိမိကိုနှိမ့်ချတော်မူမည်ကို စိုးရိမ်ကြောင်းပြောခဲ့သည်။ ဤနှိမ့်ချခြင်းဆိုသည်မှာ ကောရိန္သုအသင်းသားများကို ၎င်းတို့၏အပြစ်ဒုစရိုက်၌ ဆက်လက်၍ရှင်သန်နေကြသည်ကို မြင်ရသည့်ပုံစံမျိုး၌ ဖြစ်ခဲ့ပါလိမ့်မည်။ သူတို့ကိုသွန်သင်ဆုံးမပေးနေသည့်ကြားမှာပင် သူတို့သည်ဗရုန်းသုန်းကားအခြေအနေနှင့် စာရိတ္တဖောက်ပြန်ခြင်း၌ ဆက်လက်၍ရှိနေကြမည်ကို ရှင်ပေါလုစိုးရိမ်ခဲ့သည်။ သူတို့သည်ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ သူ့အသရေကိုရှုတ်ချခြင်း၊ ချောစားခြင်း၊ မာနထောင်လွှားခြင်း၊ အချင်းချင်းအမှုလုပ်ခြင်းတို့၌ ဆက်လက်၍ရှိနေကြမည်ကို စိုးရိမ်ခဲ့သည်။ ၎င်းတို့၏အလယ်၌ရှိသော ကိလေသာလွန်ကျူးခြင်းအပြစ်များကို ဝန်ခံခြင်းမပြု ဖယ်ရှားခြင်းမပြုခြင်းဖြင့် မိမိအားဝမ်းနည်းကြေကွဲစေကြမည်ကို ရှင်ပေါလုစိုးရိမ်ခဲ့သည်။ ရှင်ပေါလုက ဤအပြစ်ဒုစရိုက်များကို ကောရိန္သုဩဝါဒစာပထမစောင်တွင် လိပ်မူခဲ့ပြီးဖြစ်သည် (၁ကော ၅း၁-၁၃၊ ၁၆း၁၃-၁၇ ကိုကြည့်ပါ)။ သူတို့သည် သခင်ဘုရား၌ ကြီးထွားရင့်ကျက်ကြသည့်အတိုင်း မရင့်ကျက်ခဲ့ကြမည်ကို ရှင်ပေါလုအထူးစိုးရိမ်ခဲ့သည်။

ကောရိန္သုအသင်းသားများက ရှင်ပေါလုကို မနာခံခဲ့လျှင် ထိုအချင်းအရာသည် ရှင်ပေါလုမကြိုးစားခဲ့သောကြောင့် ဖြစ်ခဲ့မည်မဟုတ်ပါ။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့အကောင်းဆုံးကြိုးစားထားခဲ့သောအရာများသည် အရာထင်ချင်မှထင်ပါလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်ရင်းစိတ်ထားမှာ မည်သို့ပင်ဖြူစင်၍ သန့်ရှင်းခဲ့သည်ဖြစ်စေ ကျွန်ုပ်တို့၏အမှုတော်ကို လူတိုင်းက လက်ခံပေးကြမည်မဟုတ်ပါ။ တမန်တော်ကြီးသည် ကိုယ့်ကိုယ်ကို သခင်ဘုရား၏

အမှုတော်မြတ်၌ အကြွင်းမဲ့ပေးအပ်ခဲ့သော်လည်း လူတို့ကမည်သို့တုန့်ပြန်ကြမည်ကို အာမမခံနိုင်ခဲ့ပါ။ ကျွန်ုပ်တို့၏တရားဒေသနာကို ကြားရသောလူတိုင်းက မိမိတို့အဖို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရပါလိမ့်မည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ကောရိန္သုမြို့၌ ရှင်ပေါလုအမှုတော်ဆောင်ပုံနှင့် မိစ္ဆာတမန်တော်များ၏ အမှုတော်ဆောင်ပုံတို့ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။
- အတ္တစိတ်ကို အခြေခံသောစိတ်ရင်းစိတ်ထားများနှင့် အမှုတော်မြတ်၌သင့်ကိုသင် ရုန်းကန်နေခဲ့ရသည်ကို သင်ကြုံတွေ့ရဖူးပါသလား။ ထိုအရာများမှာ မည်သည့်အရာများဖြစ်ကြသနည်း။ ရှင်းပြပါ။
- အမှုတော်မြတ်၌ အဖြေရလာဒ်ကို ကျွန်ုပ်တို့အာမခံနိုင်ကြပါသလား။ ကျွန်ုပ်တို့၌ မှန်ကန်သောစိတ်ရင်းသဘောထားများရှိသော်လည်း အဖြေရလာဒ်ကို မတွေ့မြင်ရသည့်အခြေအနေမျိုးမှာ ဖြစ်နိုင်ပါသလား။

**ဆုတောင်းရန်အချက်များ**

- အမှုတော်မြတ်၌ ရှိနေသောသင့်ရဲ့စိတ်ရင်းစိတ်ထားကို ဆန်းစစ်ပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- နာမတော်မြတ်ကို ဂုဏ်မကြီးစေသည့် အပြောအဆိုများမှ သင့်နှုတ်ခမ်းများကို တားဆီးကာကွယ်ပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- အမှုတော်မြတ်၌ ရှင်ပေါလု၏စိတ်ရင်းသဘောထားမျိုးကို သင့်အားပေးသနား ဖို့သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

၂၇

## စုံလင်ခြင်းအတွက်ရည်မှန်းခြင်း

---

၂ကော ၁၃ ကိုဖတ်ရှုပါ။

ဤနောက်ဆုံးအခန်းကြီးကိုရေးသားရာ၌ ရှင်ပေါလုတွင်အဓိက ရည်ရွယ်ချက်ကြီးနှစ်ခု ရှိခဲ့သည်ဟု မှတ်ယူရသည်။ ပထမရည်ရွယ်ချက်မှာ သူသည် ၎င်းတို့ထံသို့လာရောက်လည်ပတ်မည်ဖြစ်သောကြောင့် ၎င်းတို့၏ အပြစ်များကို ကိုင်တွယ်ဖြေရှင်းထားကြဖို့ ကောရိန္သုအသင်းသားများကို အသိပေးရန် အလိုရှိခဲ့သည်။ ဒုတိယရည်ရွယ်ချက်မှာ ကောရိန္သုအသင်းသားများအား သခင်ဘုရားနှင့် ၎င်းတို့အတူလျှောက်လှမ်းရာတွင် စုံလင်ခြင်းအတွက် အပတ်တကုတ်ကြိုးစားအားထုတ်ကြဖို့ ခွန်အားပေးတိုက်တွန်းရန် ဖြစ်သည်။

အခန်းငယ် ၁ တွင် ရှင်ပေါလုကကောရိန္သုအသင်းသားများအား ၎င်းတို့ထံသို့ တတိယအကြိမ်လာရောက်လည်ပတ်ရန်မှာ မိမိ၏ရည်ရွယ်ချက် ဖြစ်ကြောင်း အသိပေးခြင်းဖြင့် အစပြုခဲ့သည်။ သူလာရောက်လည်ပတ်ချိန်တွင်ပြဿနာအားလုံးကို သက်သေခံနှစ်ဦး၊ သုံးဦးအားဖြင့်တည်ရမည့် အကြောင်းသိပေးခဲ့သည်ကို ဤကျမ်းပိုဒ်၌သတိပြုပါ။ ဤအရာကို ရှင်ပေါလု ပြောပြချိန်တွင် သူသည်တရားဟောရာကျမ်း ၁၉း၁၅၌ မှတ်တမ်းတင်ထားသော ဘုရားသခင့်ပညတ်တော်၏ သမ္မာတရားကိုဖော်ပြနေခြင်းဖြစ်သည်။

၍အချက်ကို ကောရိန္သုအသင်းသားများအား အသိပေးရာတွင်ရှင်ပေါလုက မိမိသည် သူတို့ကိုတရားစီရင်ဖို့ ရောက်လာခြင်းဖြစ်ကြောင်းကို ပြောပြနေခဲ့သည်ဟုထင်မှတ်ရသည်။ ကောရိန္သုအသင်းတော်၌မဖြေရှင်းရသေးသည့် ပြဿနာများစွာရှိနေခဲ့ပြီး၊ ရှင်ပေါလုက ၎င်းအရာများကိုပြင်ပေးဖို့ ရောက်လာမည်ဖြစ်သည်။ သူသည်အမှန်တရားကို ရှာဖွေခဲ့ပါလိမ့်မည်။ သူသည်အသင်းတော်ထဲ၌ ပြုလုပ်ခဲ့ကြသည့်အမှားများအတွက် သက်သေများကို ရှာကြံ၍ သခင်ဘုရားက ပြဋ္ဌာန်းထားသည့်အတိုင်း အပြစ်ဒုစရိုက်၌ ရှင်သန်နေထိုင်နေသူများကို အပြစ်ပေးစီရင်ခဲ့ပါလိမ့်မည်။

အသင်းတော်ထဲ၌ အဆင့်ဆင့်ပျံ့နှံ့နေသော သတင်းအကြောင်းအရာများစွာရှိခဲ့သည်။ အချို့သောသတင်းအကြောင်းအရာများမှာ မှားယွင်းကြသည်။ အခြားသတင်းအကြောင်းအရာများမှာ ပြင်ဖို့လိုအပ်သောအမှန်ဖြစ်နေသည့် ဒုစရိုက်အပြစ်များအကြောင်းဖြစ်ခဲ့ကြသည်။ ယနေ့ကျွန်ုပ်တို့၏ခေတ်ကာလရှိ မည်သည့်အသင်းတော်က ထိုအရာများကို မကြုံတွေ့ရဘဲရှိနေသနည်း။ ရှင်ပေါလုရောက်လာသောအခါ ၎င်းအရေးကိစ္စများနှင့် စပ်လျဉ်း၍ အမှန်တရားကို သက်သေနှစ်ဦး၊ သုံးဦး၌ အခြေခံ၍ဖော်ထုတ်ခဲ့ပါလိမ့်မည်။

ရှင်ပေါလု ကောရိန္သုအသင်းသားများကို ဒုတိယအကြိမ်လာရောက်လည်ပတ်ခဲ့စဉ်တွင် အသင်းတော်အားအမှန်တရားကို ရှာဖွေ၍၎င်းတို့၏အလယ်မှ အပြစ်သားများကို ကိုင်တွယ်ဖြေရှင်းကြဖို့ စိန်ခေါ်ခဲ့သည်။ ထိုအရာကိုအသင်းတော်က မလုပ်ဆောင်ခဲ့သောကြောင့် တမန်တော်ကြီးကို ဝမ်းနည်းကြေကွဲစေခဲ့သည်။

ကျွန်ုပ်တို့၏ အသင်းတော်များ၌ အပြစ်ဒုစရိုက်ကို အကြိမ်မည်၍မည်မျှလျစ်လျူရှုနေခဲ့ကြပါသနည်း။ လူတို့ကိုအားနာကြောက်ရွံ့ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကို ကြိုးစားရှာကြံခြင်းမှ ကျွန်ုပ်တို့ကိုမည်သို့ ဆီးတား

နေခဲ့ပါသနည်း။ ဤသည်မှာ ကောရိန္သုမြို့၌ဖြစ်ပျက်ခဲ့သောအရာဖြစ်သည်။ ဤအရာအတွက် တစ်စုံတစ်ခုကိုပြုလုပ်ကြဖို့ ရှင်ပေါလုကကောရိန္သုအသင်းသားများကို စိန်ခေါ်ခဲ့ပါသည်။ ဤပြဿနာများကို သူတို့ကိုယ်တိုင်မဖြေရှင်းကြလျှင် ရှင်ပေါလုက မိမိကိုယ်တိုင်လာရောက်၍ ၎င်းတို့ကိုအရေးယူအပြစ်ပေးမည်ဟု ကောရိန္သုအသင်းသားများအား စိန်ခေါ်ခဲ့သည်။ ဖရိုဖရဲနှင့်စာရိတ္တဖောက်ပြန်ခြင်းအခြေအနေ၌ ရှိနေသောအသင်းတော်ကိုတွေ့မြင်နေရခြင်းသည် ရှင်ပေါလု၏နှလုံးသားကို ကြေကွဲစေခဲ့သည်။ ရှင်ပေါလု၏အမြင်တွင် ဘုရားသခင်၏ဘုန်းတော်မှာ အလွန်ထိခိုက်နိုင်သည့် အခြေအနေတွင်ရှိနေခဲ့သည်။ ဤအသင်းတော်သည် ဤအပြစ်ဒုစရိုက်များကို စစ်ဆေးအရေးယူခြင်းမရှိဘဲ ဆက်လက်၍နေခဲ့သောကြောင့် မိမိတို့၏ကြီးထွားရင့်ကျက်ခြင်းကိုကိုယ်တိုင်ဟန့်တားနေခဲ့ကြပါသည်။ ဤသည်မှာ လက်မခံနိုင်ဖွယ်ဖြစ်ခဲ့သည်။

ကောရိန္သုမြို့မှလူအချို့က ရှင်ပေါလု၏လုပ်ပိုင်ခွင့်အာဏာကို မေးခွန်းထုတ်ခဲ့ကြသည်။ သခင်ခရစ်တော်သည် သူ့အားဖြင့်အမှန်တကယ်စကားပြောတော်မူခြင်းကို သက်သေပြရန်တောင်းဆိုခဲ့ကြသည်။ ရှင်ပေါလုကို အားနည်းသူအဖြစ် စွပ်စွဲပြောဆိုခဲ့ကြသည်။ ဤသည်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ရှင်ပေါလု၏အမှုတော်ဆောင်ပုံကြောင့် ဖြစ်ခဲ့သည်။ သူသည်ထိုနေ့ရက်ကာလမှ မိစ္ဆာတမန်တော်များကဲ့သို့ အမှုတော်မဆောင်ခဲ့ပါ။ သူသည် အဝတ်အကောင်းစားများကို ဝတ်ဆင်၍ကြီးကျယ်သောစကားလုံးများဖြင့် မလာခဲ့ပါ။ မိမိ၏အမှုတော်ဆောင်ခအဖြစ် အသင်းတော်ထံ၌လည်း ငွေကြေးမတောင်းခံခဲ့ပါ။ ထိုအစား မိမိ၏ဝန်ဆောင်မှုများကို အခမဲ့လိုလိုလားလားပေးကမ်းလိုခဲ့သည်။ သူသည် ကောရိန္သုအသင်းသားများထံမှ မည်သည့်အခကြေးငွေကိုမျှမယူဘဲ၊ ကိုယ်တိုင်အလုပ်လုပ်၍ မိမိ၏အမှုတော်လုပ်ငန်းကို ထောက်ပံ့

ခဲ့သည်။ ဤအချင်းအရာကို ကောရိန္သုအသင်းသားများက နားမလည်ခဲ့ကြပါ။

အခန်းငယ် ၃ နှင့် ၄ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၄င်းတို့၏အထဲ၌ရှိနေသော သခင်ယေရှု၏တန်ခိုးတော်နှင့်ကယ်တင်ခြင်းအမှုအကြောင်းကို အသိပေးခဲ့သည်။ သခင်ယေရှုသည်လည်း ဆဲရေးစော်ကားခံရ၍ ပြက်ရယ်ပြုခံရကာ ငြင်းပယ်ခံရပြီး ကားတိုင်၌တင်သတ်ခြင်းကို ခံခဲ့ရကြောင်းသူတို့ကို အသိပေးခဲ့သည်။ သခင်ယေရှုသည် ပကာသနကင်းသောအသက်တာဖြင့် ရှင်သန်ခဲ့၍တစ်ခါတစ်ရံအိပ်စက်ဖို့ နေရာပင်မရှိခဲ့ပါ။ သူသည် တော်ဝင်ဝတ်ရုံများကိုမဝတ်ဆင်ခဲ့၊ သာမန်လူတစ်ဦးကဲ့သို့သာ ဝတ်စားခဲ့သည်။ သူသည်အသိုင်းအဝိုင်းထဲမှ အဆင့်အတန်းအနိမ့်ဆုံးပုဂ္ဂိုလ်နှင့်တန်းတူတစ်သားတည်းဖြစ်ခြင်းအတွက်လည်းကောင်း၊ ထိတွေ့ရန်အတွက်လည်းကောင်း မတုန့်ဆိုင်းခဲ့ပါ။ ကားတိုင်၌တင်သတ်ခံရသောအခါ၌ လောကီသားများကသူ့ကို အားနည်းသူအဖြစ်ပြက်ရယ်ပြုခဲ့ကြသည်။ သို့သော်သူသည် ခမည်းတော်၏အလိုတော်ကို အစွမ်းတန်ခိုးကြီးစွာ နာခံခဲ့ပါသည်။ အလားတူပင်၊ ရှင်ပေါလုသည်လည်း လောကီသားများ၏အယူအဆနှင့် စံချိန်စံညွှန်းအရအားနည်းသူအဖြစ် ထင်မှတ်ခဲ့ရသည်။ သို့သော် သူကောရိန္သုမြို့သို့ ရောက်လာခဲ့ချိန်၌ အပြစ်ကျူးလွန်ထားသူများကို အပြစ်ပေးအရေးယူရာတွင် လူတိုင်းကဘုရားသခင်၏ တန်ခိုးတော်ကို ရှင်ပေါလု၌ တွေ့မြင်ခဲ့ကြပါလိမ့်မည်။

ဤလောက၏စံချိန်စံညွှန်းများဖြင့် ကျွန်ုပ်တို့၏ခေါင်းဆောင်များကို တိုင်းတာသတ်မှတ်ရန်မှာ အဘယ်မျှလွယ်ကူပါသနည်း။ အစွမ်းအစနှင့် လုပ်ပိုင်ခွင့်အာဏာတို့သည် လူတို့ဝတ်ဆင်သောအဝတ်အစား၊ ပိုင်ဆိုင်သောငွေကြေးပမာဏ၊ လေးစားကြည်ညိုဖို့တောင်းဆိုသော အတိုင်းအတာအားဖြင့် သက်သေ ထင်ရှားပြသရသည်ဟု ယုံမှတ်ခြင်းထောင်ချောက်၌ ကြော့မိရန်မှာ

အဘယ်မျှ လွယ်ကူပါသနည်း။ သခင်ယေရှုသည် လူထုအလယ်တွင်အလွယ်တကူသတိပြု မိခံရအောင်မနေထိုင်ခဲ့ပါ။ သူသည် ငွေကြေး (သို့) ဥစ္စာစည်းစိမ် မရှိခဲ့သကဲ့သို့ လူတို့၏လေးစားမှုကိုမခံရသော်လည်း ဘုရားသခင်၏သားတော်ဖြစ်မြဲဖြစ်ခဲ့ပါသည်။ သခင်ယေရှု၏တန်ခိုးတော်သည် နှိမ့်ချခြင်းဖြင့် ဆင်မြန်းလွှမ်းခြုံထားပါသည်။

လုပ်ပိုင်ခွင့်အာဏာသည် အလွန်အန္တရာယ်ရှိသောအရာဖြစ်သည်။ မြောက်မြားစွာသောသူတို့သည် လုပ်ပိုင်ခွင့်အာဏာ၏ ဖျက်ဆီးခြင်းကိုခံခဲ့ကြရသည်။ များစွာသောသူတို့က ဤအရာကိုတလွဲအသုံးပြုခဲ့ကြပြီး၊ ဘုရားသခင့်လူတို့၏ အသင်းတော်တစ်ခုလုံးကို ဖျက်ဆီးခဲ့ကြသည်။ ဤလုပ်ပိုင်ခွင့်အာဏာကိုကျွန်ုပ်တို့ကိုင်တွယ်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ ၎င်းကိုနှိမ့်ချခြင်းအိတ်၌ ထည့်၍သယ်ဆောင်ခြင်းဖြစ်သည်။ စစ်မှန်စွာနှိမ့်ချသောသူများကသာလျှင် ဘုရားသခင်၏လုပ်ပိုင်ခွင့်အာဏာကို ရိုးသားဖြောင့်မတ်စွာသယ်ဆောင်နိုင်မည်ဖြစ်သည်။ ဤသည်မှာ သခင်ယေရှုလုပ်ဆောင်ခဲ့သောနည်းလမ်းဖြစ်သကဲ့သို့ ရှင်ပေါလု၏နည်းလမ်းလည်းဖြစ်ခဲ့သည်။ သူတို့သည် ဘုရားသခင်၏လုပ်ပိုင်ခွင့်အာဏာကို နှိမ့်ချခြင်းအိတ်၌ ထည့်၍သယ်ဆောင်ခဲ့ကြသည်။ သင်သည်အမှုတော်မြတ်၌ လုပ်ပိုင်ခွင့်အာဏာကိုရရှိလိုလျှင်ထိုအရာကိုကိုင်တွယ်ဖို့ နှိမ့်ချခြင်းကို သင့်အားဦးစွာပေးသနားရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။ ကောရိန္သုမြို့ရှိအသင်းတော်သည် ဤအယူအဆကိုနားမလည်နိုင်ခဲ့ပါ။

အခန်းငယ် ၅ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့အထဲ၌ သခင်ခရစ်တော်ရှိ၊ မရှိကိုသိမြင်ကြဖို့ ကိုယ့်ကိုယ်ကိုစစ်ဆေးကြရန်စိန်ခေါ်ခဲ့သည်။ သူတို့၏အထဲ၌ သခင်ခရစ်တော်ရှိခဲ့လျှင် ထိုခရစ်

တော်သည် ရှင်ပေါလုအထဲ၌လည်းရှိ၍ ရှင်ပေါလုအားဖြင့်စကားပြောတော်မူသည်ကို ယုံကြည်ဖို့အဘယ်ကြောင့် အလွန်ခက်ခဲနေရပါသနည်း။ ဤသို့ပြောဆိုရာ၌ ရှင်ပေါလုက သူတို့ကိုအပြင်ပန်းသဏ္ဌာန်၏အခြားတစ်ဖက်ဆီသို့ကျော်၍ ကြည့်ရှုကြရန် စိန်ခေါ်ခဲ့ပါသည်။ သူတို့သည် မိစ္ဆာတမန်တော်များ၏အဝတ်ကောင်း အစာကောင်းများနှင့် ငွေကြေးပိုင်ဆိုင်မှုများကိုသာ ကြည့်ခဲ့ကြပြီး၊ ဤပုဂ္ဂိုလ်များကသာလျှင် လေးစားဖို့ထိုက်သည်ဟု မှတ်ယူခဲ့ကြသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများ အဝတ်အစားများကိုကျော်လွန်၍ နှလုံးသားကိုကြည့်ကြဖို့ စိန်ခေါ်ခဲ့သည်။ ရှင်ပေါလုက သူတို့ကိုမေးခွန်းတစ်ခုမေးကြဖို့စိန်ခေါ်ခဲ့သည်။ “ဒီလူရဲ့အသက်တာမှာ သခင်ခရစ်တော်ရဲ့မျက်မှောက်ပြုခြင်းဟာထင်ရှားနေပါသလား။” ထင်ရှားနေခဲ့လျှင် ထိုသူသည်၄င်းတို့၏ လေးစားမှုနှင့် ထိုက်တန်သောသူဖြစ်သည်။

ကုတ်အင်္ကျီနှင့်လည်စီးတို့၏ လှည့်ဖြားခြင်းကိုမခံပါနှင့်။ အလှအဆန်းချယ်သထားသော နေအိမ်များနှင့်ကားများ၏လှည့်ဖြားမှုကိုမခံပါနှင့်။ ထိုအရာများသည် လုပ်ပိုင်ခွင့်အာဏာကိုပေးသော အရာများမဟုတ်ကြပါ။ သခင်ခရစ်တော်၏မျက်မှောက်ပြုခြင်းကသာ ဘုရားသခင်၏လုပ်ပိုင်ခွင့်အာဏာကို ပေးပါသည်။ သခင်ခရစ်တော်၏ လုပ်ပိုင်ခွင့်အာဏာကို သယ်ဆောင်ထားသောသူများသည် နှိမ့်ချခြင်းအိတ်၌ထည့်၍သယ်ဆောင်ထားကြပါသည်။

ကောရိန္သုအသင်းသားများသည် အပြင်ပန်းအရာများ၏တစ်ဖက်အကျော်ကိုကြည့်၍ မိမိ၌သခင်ခရစ်တော် ထင်ရှားနေသည်ကို တွေ့မြင်နိုင်ကြမည့်အကြောင်း ရှင်ပေါလုမျှော်လင့်ထားသည်။ မိမိ၏ဝတ်စားဆင်ယဉ်ပုံ၊ မိမိ၏ငွေကြေးချမ်းသာမှုတို့ကြောင့် မိမိဟောပြောသောအရာကို သူတို့နားထောင်သည့် အဖြစ်မျိုးကို ရှင်ပေါလုမလိုချင်ခဲ့ပါ။ မိမိဟောပြောသော

အရာ၌ ထင်ရှားနေသည့် သခင်ခရစ်တော်၏ မျက်မှောက်ပြုခြင်းဆီသို့သာ သူတို့ကို ရှင်ပေါလုဆွဲခေါ်လိုခဲ့သည်။

ကောရိန္သုအသင်းသားများ ကောင်းမွန်စွာကျင့်ကြံကြမည်အကြောင်းမှာ ရှင်ပေါလု၏မျှော်လင့်ချက်နှင့်ဆုတောင်းချက်ဖြစ်သည် (ငယ် ၇)။ ပထမနှစ်ကြိမ်လာရောက်လည်ပတ်ခဲ့ချိန်တွင် ကောရိန္သုအသင်းသားများသည် ဤအပြစ်ဒုစရိုက်များ၌ နောင်တမရခဲ့ကြကြောင်းကို ရှင်ပေါလုတွေ့မြင်ခဲ့ရသည်ဟု ထင်မှတ်ရသည်။ မိမိပျက်ကွက်ခဲ့သည်ဟု ထင်ရသော ဤအမှုကိစ္စ၌ ကောရိန္သုအသင်းသားများ အောင်မြင်ခဲ့ကြလိမ့်မည်ဟု ရှင်ပေါလုမျှော်လင့်နေခဲ့သည်။ ကောရိန္သု အသင်းသားများ၌ အသက်တာပြောင်းလဲခြင်းကို ဖန်တီးရမည့်သူမှာ မိမိသာဖြစ်သည်ဟူသော စေ့ဆော်မှုမျိုးအား မခံစားရခြင်းတွင် ရှင်ပေါလု၏စိတ်နှလုံးနှိမ့်ချခြင်း အထောက်အထားကိုတွေ့ရသည်။ အောင်မြင်ခြင်းနှင့် သခင်ခရစ်တော်၌ အသက်တာပြောင်းလဲခြင်းများအတွက် နာမည်ကောင်းနှင့် လူတို့၏ချီးမွမ်းခြင်းကို ကျွန်ုပ်တို့ချည်းသာ မည်၍မည်မျှလိုချင်ခဲ့ကြပါသနည်း။ ရှင်ပေါလုသည် မိမိ၏အခန်းကဏ္ဍကို လုပ်ဆောင်ခဲ့ချိန်တွင် အသီးအပွင့်ကိုတွေ့မြင်ရမည့်သူမှာ မိမိသာဖြစ်သည်ဟူသောအချက်မှာ သူ့အတွက်အရေးမပါခဲ့တော့ပေ။ ဘုရားသခင်၏နိုင်ငံတော် ချဲ့ထွင်ခြင်းခံနေရသမျှကာလပတ်လုံး ရှင်ပေါလုသည် ကိုယ့်ကိုယ်ကိုဘေးဖယ်ထား၍ အခြားသူများအား ရိတ်သိမ်းခြင်းကို ပြုလုပ်စေဖို့လိုလိုလားလားရှိနေခဲ့ပါသည်။

အခန်းငယ် ၈ တွင် ရှင်ပေါလုသည် သမ္မာတရားကိုဆန့်ကျင်၍ မတိုက်ခိုက်လိုကြောင်း၊ သမ္မာတရားအတွက်သာ အလုပ်လုပ်လိုခဲ့ကြောင်းကို သတိပြုပါ။ ရိတ်သိမ်းခြင်းကို ပြုလုပ်သောသူတစ်ဦးဖြစ်လာဖို့ ရှင်ပေါလု တိုက်ပွဲ

ဝင်ခဲ့လျှင် သူသည်မှားယွင်းသောတိုက်ပွဲကို ဆင်နွှဲနေခြင်းသာဖြစ်ခဲ့ပါလိမ့်မည်။ မြောက်မြားစွာသောအချိန်တွင် ကျွန်ုပ်တို့သည် ထင်ပေါ်ကျော်ကြားခြင်းကို မိမိတို့ဖာသာကြိုးစားအားထုတ်ခြင်းဖြင့် သမ္မာတရားကို ဆန့်ကျင်တိုက်ခိုက်နေနိုင်ကြပါသည်။ နောက်ဆုံးအောင်နိုင်ခြင်းကို ယူဆောင်လာသောသူ တစ်ဦးအဖြစ်နှင့် ဂုဏ်ပြုခံခြင်းကို ကျွန်ုပ်တို့လိုချင်ကြသည်။ ကျွန်ုပ်တို့နာမည်များကို အောင်မြင်ခြင်းများနှင့် ယှဉ်တွဲဖော်ပြခြင်းကို လိုချင်ကြသည်။ သို့သော် သမ္မာတရားအတွက်တိုက်ပွဲဝင်ခြင်းတွင် ကျွန်ုပ်တို့သည်နာမည်ကောင်းအတွက် အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် မတိုက်ခိုက်သင့်ပါ။ ဤသို့ပြုလုပ်ခြင်းသည် နိုင်ငံတော်ချဲ့ထွင်ခြင်းကို ဟန့်တားနှောက်ယှက်ပါလိမ့်မည်။

အခန်းငယ် ၉ တွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများအား မိမိနှင့်မိမိ၏လုပ်ဖော်ဆောင်ဖက်များသည် အားနည်းသည်ဟု ထင်မှတ်ခံရ၍ ကောရိန္သုအသင်းသားများမှာ အားကြီးသည်ဟုထင်မှတ်ခံရခြင်းသည် မိမိအတွက် အရေးမပါကြောင်း ပြောပြခဲ့သည်။ ကောရိန္သုအသင်းသားများသည် သမ္မာတရား၌ သန်မာအားကြီးကြ၍ ထိုသမ္မာတရား၌ ရှင်သန်နေထိုင်နေကြသည်ကို သူမြင်တွေ့ခဲ့ရလျှင် သူသည်အားနည်းခြင်း၌ ဆက်လက်ရှိနေရခြင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့လိမ့်မည်ဖြစ်ပြီး၊ ကောရိန္သုအသင်းသားများကိုပြင်းပြင်းထန်ထန် အပြစ်မပေး၊ အရေးမယူရသောကြောင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပါလိမ့်မည်။ ရှင်ပေါလု အဖြစ်ချင်ဆုံးအရာမှာ ကောရိန္သုအသင်းသားများ သမ္မာတရား၌ခွန်အားသစ် သွန်းလောင်းခံရခြင်းကိုဖြစ်သည်။ ရှင်ပေါလုအလေးထားသောအရာမှာ သမ္မာတရားရှေ့သို့ချီတက်တိုးပွားသွားရေးဖြစ်သည်။ မိမိ၏ပုဂ္ဂလတိုးပွားရေးမဟုတ်ခဲ့ပါ။

သင်တို့၏မြို့ရှိ သမ္မာကျမ်းစာကိုယုံကြည်ကိုင်ဆွဲသောအခြား အသင်း

တော်တစ်ပါးသည် သင်တို့၏အသင်းတော်ထက် အသင်းဝင်ပိုများလျှင် အဘယ့်ကြောင့် ရေးကြီးခွင်ကျယ်လုပ်နေရမည်နည်း။ အခြားသင်းအုပ်တစ်ပါးသည် သခင်ခရစ်တော်၌ အသက်တာပြောင်းလဲခြင်းများကို သင့်ထက်ပို၍ မြင်တွေ့နေလျှင် အဘယ့်ကြောင့်ရေးကြီးခွင်ကျယ်လုပ်နေရမည်နည်း။ လူတို့က သင့်ရဲ့ဟောပြောခြင်းထက် အခြားတစ်ဦးတစ်ယောက်၏ ဟောပြောခြင်းကိုပို၍ တုန့်ပြန်နေကြလျှင် အဘယ့်ကြောင့်ရေးကြီးခွင်ကျယ်လုပ်နေရမည်နည်း။ အရေးကြီးသောအရာမှာ ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ခံရခြင်းဖြစ်သည်။ ကျွန်ုပ်တို့အလေးထားရမည့်အရာမှာ ကျွန်ုပ်တို့အတွက်ထင်ပေါ်ခြင်းနှင့်အသိအမှတ်ပြုခံရခြင်းကို လက်ခံရရှိခြင်း၌မဟုတ်၊ ဘုရားသခင်သည် ဘုန်းတော်ထင်ရှား၍ နိုင်ငံတော် တိုးတက်ချဲ့ထွင်ခံရခြင်း၌ ဖြစ်ရပေမည်။

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့အလယ်၌ရှိနေသော ပြဿနာများကိုဖြေရှင်းထားကြဖို့ တိုက်တွန်းရန်အတွက်ကြိုတင်ရေးသားအကြောင်းကြားခဲ့သည်။ ထိုသို့အားဖြင့် သူလာရောက်လည်ပတ်သောအခါတွင် ၎င်းတို့နှင့်ထိပ်တိုက် ဖြေရှင်းစရာလိုတော့မည်မဟုတ်ခဲ့ပါ (ငယ် ၁၀)။ သူသည် ကောရိန္သုအသင်းသားများထံ ရောက်လာသောအခါ၌ မိမိ၏လုပ်ပိုင်ခွင့်အာဏာကိုအသုံးပြု၍ သူတို့ကိုပြင်းပြင်းထန်ထန်ဆုံးမရသည်ထက် ခွန်အားပေးတိုက်တွန်းခြင်း၊ ကောင်းကြီးမင်္ဂလာတို့နှင့်အတူ သူတို့ထံလာရောက်လည်ပတ်ရသည်ကို ပို၍နှစ်သက်ခဲ့သည်။

ကောရိန္သုအသင်းသားများအား နောက်ဆုံးစိန်ခေါ်မှုအနေဖြင့် ရှင်ပေါလုက ၎င်းတို့ကိုဝိညာဉ်ရေးရာ လျှောက်လှမ်းခြင်း၌စုံလင်ခြင်းကို ရည်မှန်းကြဖို့ ပြောခဲ့သည် (ငယ် ၁၁)။ ဤအချင်းအရာကို သူတို့ပြုလုပ်ဖို့ဆိုလျှင် သူတို့သည်ရှင်ပေါလုပြောပြနေသောအရာများကို နားထောင်ခဲ့ကြရ

ပါလိမ့်မည်။ သူတို့သည်အပြစ်ဒုစရိုက်အပေါ်၌ ပြင်းထန်ကြ၍ ၎င်းတို့ကို ဖြတ်တောက်ရပ်တန့်ကြရပေမည်။ သူတို့သည် အချင်းချင်းအသင့်အတင့် နေကြ၍ရှင်ပေါလုနှင့်လည်း သင့်တင့်စွာနေကြရလိမ့်မည်။ ယုံကြည်သူများကို စိတ်ဝမ်းကွဲစေသော ပြဿနာများအားလုံးကို ဖြေရှင်းကြဖို့လိုအပ်ပါသည်။

အပြစ်ဒုစရိုက်ကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆက်ဆံရင်းနှီးမှုများ ကိုပြန်လည်တည်ဆောက်မွမ်းမံခြင်းရလာဒ်သည် ငြိမ်သက်ချမ်းသာခြင်းကို ပေးသောဘုရားသခင် သူတို့နှင့်အတူရှိခြင်းဖြစ်သည်။ မြောက်မြားစွာ သောအချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုငြိမ်သက်ချမ်းသာခြင်းနှင့် လည်းကောင်း၊ တန်ခိုးကြီးခြင်းနှင့်လည်းကောင်း ကျွန်ုပ်တို့နှင့်အတူရှိနေပေးဖို့ လိုချင်ကြသော်လည်း၊ ထိုအရာများကိုမတွေ့ကြုံမခံစားရအောင် ဆီးတားနေ သည့်အရာများကိုမူ ကိုင်တွယ်ဖြေရှင်းခြင်းမလုပ်လိုကြပါ။ ကျွန်ုပ်တို့အား အစွမ်းထက်စွာအသုံးပြုဖို့ရာ ဘုရားသခင်ကိုကျွန်ုပ်တို့အလိုရှိကြသော်လည်း ကျိုးပဲ့ကြေမွနေသော ဆက်ဆံရင်းနှီးမှုများကိုမူ ကျွန်ုပ်တို့မကိုင်တွယ် မဖြေ ရှင်းချင်ကြပါ။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၎င်းတို့၏အပြစ် ဒုစရိုက်နှင့် ကျိုးပဲ့ကြေမွနေသောဆက်ဆံရင်းနှီးမှုများကို ကိုင်တွယ်ဖြေရှင်း ခြင်းဖြင့် ရှေးဦးစွာဖြင့် စုံလင်ခြင်းကို အပတ်တကုတ်ကြိုးစားအားထုတ်ကြရန် စိန်ခေါ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ပြီးမှသာ ဘုရားသခင်၏ငြိမ်သက်ချမ်းသာ ခြင်း၌ နေထိုင်ရခြင်းကိုသူတို့ မျှော်လင့်နိုင်ပါသည်။

နိဂုံးချုပ်ခြင်းတွင် ရှင်ပေါလုက ယုံကြည်သူတို့အား အချင်းချင်းတစ် ယောက်ကိုတစ်ယောက် သန့်ရှင်းသောအနမ်းဖြင့် နှုတ်ဆက်ကြရန်ဆင့်ခေါ် ခဲ့သည်။ ဤအထူးသီးသန့်ရည်ရွယ်သော နှုတ်ဆက်ခြင်းသည်၎င်းတို့နှင့် အလွန် နီးစပ်ကျွမ်းဝင်သောသူများအတွက်သာ ဖြစ်သည်။ ရှင်ပေါလုက ယုံကြည်သူ များကြားတွင် အလွန်နီးစပ်ကျွမ်းဝင်သော ဆက်ဆံရင်းနှီးမှုမျိုးကို မြင်တွေ့

လိုခဲ့သည်။ သခင်ဘုရားကို အလုပ်အကျွေးပြုရာ၌လည်းကောင်း၊ သခင်ဘုရားကိုဂုဏ်ကြီးစေရာ၌လည်းကောင်း၊ ၎င်းတို့ချည်းသာမဟုတ်ကြောင်းကို ရှင်ပေါလုက အသိပေးခဲ့သည်။ အခြားသန့်ရှင်းသူတို့ကလည်း ၎င်းတို့၏ နှုတ်ဆက်ခြင်းကို ပေးပို့ခဲ့ကြသည်။ သူတို့သည် တလောကလုံး၌ ပျံ့နှံ့နေသော သခင်ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကြီး၏ အစိတ်အပိုင်းဖြစ်ခဲ့ကြပါသည်။

ရှင်ပေါလု၏ ဆုတောင်းချက်မှာ သခင်ခရစ်တော်၏ကျေးဇူးတော် (မထိုက်မတန်ဘဲရသော မျက်နှာသာပေးမှု)သည်လည်းကောင်း၊ ခမည်းတော်ဘုရား၏ မေတ္တာတော်သည်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အံ့ဖွယ်မိဿဟာယတော်သည်လည်းကောင်း၊ ကောရိန္သုအသင်းသားများအဖို့ ဖြစ်ခဲ့လိမ့်မည့်အကြောင်းဖြစ်သည်။ ဤဝိညာဉ်ရေးရာ၌ ခက်ခဲလုံးထွေးရချိန်တွင် ၎င်းတို့အပေါ်၌ စိတ်ရှည်သည်းခံခြင်းကိုဖြစ်စေခဲ့သောအရာမှာ ဤကျေးဇူးတော် နှင့်မေတ္တာတော်ဖြစ်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ မိဿဟာယဖွဲ့ခြင်းသည် ဘုရားသခင်က သူတို့ကိုဆင့်ခေါ်၍ ရှင်သန်စေသော အသက်တာ၌ဆက်လက်ရှင်သန်ရန်မစ၍ အစွမ်းပေးမည့်အရာဖြစ်သည်။ ရှင်ပေါလု က ကောရိန္သုအသင်းသားများကို ဘုရားသခင်၏ဤကျေးဇူးတော်၊ မေတ္တာတော်၊ မိဿဟာယဖွဲ့တော်၌ ဆက်ကပ်အပ်နှံခဲ့ပါသည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဝိညာဉ်ရေးရာ၌ လုပ်ပိုင်ခွင့်အာဏာရှိခြင်းကို ရှင်ပေါလုနားလည်ထားပုံနှင့် ကောရိန္သုအသင်းသားများနှင့် မိစ္ဆာတမန်တော်တို့၏ နားလည်ထားပုံတို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။
- လုပ်ပိုင်ခွင့်အာဏာရှိခြင်းတွင် စိတ်နှလုံးနှိမ့်ချခြင်း၏ အခန်းကဏ္ဍ

မှာအဘယ်နည်း။

- ကောရိန္သုအသင်းတော်ထဲတွင်ရှိနေသောအပြစ်ဒုစရိုက်အပေါ်၌ ထားရှိသော ရှင်ပေါလု၏စိတ်နေသဘောထားနှင့် ထိုအသင်းတော်မှ ခေါင်းဆောင်များ၏ စိတ်နေသဘောထားတို့ကို နှိုင်းယှဉ်ကြည့်ပါ။ မည်သို့ကွဲပြားခြားနားကြပါသနည်း။
- ယနေ့တွင် သင်တို့၏အသင်းတော်သည် မည်သည့်ဝိညာဉ်ရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းဖို့ ရှိနေပါသနည်း။ သင့်ကိုယ်တိုင်တွင်လည်း မည်သည့်ပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ရှိနေပါသနည်း။
- ဘုရားသခင်၏မျက်မှောက်ပြုခြင်းကို ကျွန်ုပ်တို့၏အသင်းတော်များ၌လည်းကောင်း၊ ကျွန်ုပ်တို့၏ပုဂ္ဂလအသက်တာ၌လည်းကောင်း တိုး၍မြင်တွေ့နိုင်ရန်အတွက် ဖြစ်ပျက်ဖို့လိုအပ်သော အရာများနှင့် စပ်လျဉ်း၍ ဤအခန်းကြီးက ကျွန်ုပ်တို့ကိုမည်သို့ သွန်သင်ပေးထားပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင်သည် သခင်ဘုရားနှင့်ပို၍နီးကပ်လာဖို့ သင့်အသက်တာ၌ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်သောအစိတ်အပိုင်းများကို ဖော်ပြပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ဤအခန်းကြီး၌ ရှင်ပေါလုအထင်အရှားသက်သေပြခဲ့သော နှိမ့်ချသည့်စိတ်ထားနှင့် အလားတူသောစိတ်ထားမျိုးကို သင့်အား ပေးသနားဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- အပြစ်ဒုစရိုက်အပေါ်၌ထားရှိသော ရှင်ပေါလု၏စိတ်ထားမျိုးကို

သင့်အားပေးသနားဖို့ တောင်းလျှောက်ပါ။ အပြစ်ဒုစရိုက်ကို ဖြတ်တောက်ရပ်တန့်ရမည့်အစား၊ ထိုအပြစ်ဒုစရိုက်၌ ရှင်သန်နေထိုင်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။